www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

[illegible]

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၃၊ ဩဂုတ်။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၁)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၃၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မယ်ခိုင် ၈၉၅.၈၃
အချစ်ဆုံးရန်သူ / မယ်ခိုင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၃၀၄ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) အချစ်ဆုံးရန်သူ

BURMESE CLASSIC .com

# မယ်ခိုင်

# အချစ်ဆုံးရန်သူ

www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

BURMESE CLASSIC .com

## အခန်း (၁)

တံတိုင်းသဖွယ်မြင့်မားသော အုတ်နံရံကြီးကို ပိုပြီးခမ်းနားစေတာကတော့ ပန်းကနုတ်များနှင့် စီခြယ်မွမ်းမံထားသော နီညိုရောင်ကျွန်းတံခါးကြီးပဲဖြစ်ပါသည်။ ပျဉ်တံခါးချပ်ကြီးမှာ ထူထဲခိုင်ခံ့လွန်း၍ ကျက်သရေထူးနေသည်ဟု ဆိုနိုင်ပေလိမ့်မည်။

ထိုကျွန်းတံခါးချပ်ကြီးကို ပိုမို၍ခန့်ငြားထည်ဝါစေသည်က ကျွန်းတံခါးချပ်ကြီးကို မိုးထားသော နီညိုရောင်အမိုးတစ်ခုဖြစ်ပါသည်။ ထိုအမိုး၏ရှေ့တွင် ကိန္နရီမောင်နှံက ကြည်နူး၍နေပြီး ထိုကိန္နရီမောင်နှံ၏အောက်ခြေတွင်မူ 'ဂန္ဓာရစံအိမ်' ဟူသော ကြက်သွေးနီရောင်စာလုံးကြီးကိုတွေ့ရပေလိမ့်မည်။

တံခါးချပ်ကြီးကို ဖွင့်လိုက်သည်နှင့် ကျောက်ခင်းကျ



www.burmeseclassic.com

www.burmeseclassic.com



ကရစ်လမ်းလေးက ပဥ္စလက်ဆန်စွာ ပေါ်လာခဲ့ပါ၏။ ထိုကျောက်ခင်းကွန်ကရစ်လမ်းလေး၏ လက်ဝဲဘက်တွင်မူ ဖန်တီးပြုလုပ်ထားသော ရေတံခွန်ငယ်နှင့် မြက်ခင်းစိမ်းတို့ရှိနေပြီး လက်ယာဘက်တွင်မူ သစ်ခွ၊ နှင်းဆီအစရှိသော ပန်းမျိုးစုံတို့ ဥယျာဉ်တစ်ခုတည်း လူးလွန့်၍နေခဲ့ပါသည်။

တံခါးဝကိုကျော်လွန်ပြီးတာနဲ့ အေးချမ်းတိတ်ဆိတ်ခြင်းရန့်ကို ရှူလိုက်ရပေမယ့် ထိုအေးချမ်းခြင်းနောက်ကွယ်မှ အိမ်နီကြီးကို ဘွားခနဲမြင်တွေ့ရပါလျှင် စိုးရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ မဝံ့မရဲဖြစ်ခြင်းတို့က ရင်ထဲ၌ တစ်သီကြီးပေါ်သွားနိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နန်းတော်တိုင်လုံးတမျှ ခမ်းနားလှသည့်ကျွန်းတိုင်လုံးများနှင့်စီတန်းကာ အိမ်ဦးဝင်ဝကျက်သရေကို ခမ်းခမ်းနားနားယူထား၍ပဲဖြစ်ပါသည်။ ထိုတိုင်လုံးများ၏နောက်ကွယ်တွင် ကနုတ်များ ခပ်နိုပ်ထားသည့်ကျွန်းတံခါးချပ်ကြီး။

ထိုကျွန်းတံခါးချပ်ကို ကျော်လွန်ပါက ပထမဆုံးမြင်တွေ့ရမည့်အရာမှာ ခမ်းနားသက်ဝင်နေသော နှစ်ဖက်ဆုံလှေကားကြီးဖြစ်ပါသည်။ လှေကားထစ်များကို နီညိုရောင်ကတ္တီပါခင်းထားကာ လက်ရန်းများပေါ်တွင် ဥဒေါင်းကြီးပုံသဏ္ဌာန်ကနုတ်ဆင်ထားပုံမှာ သာမန်လူအနေနှင့် လှေကားပေါ် ခြေမချဝံ့အောင်ပင်





ဖြစ်ရပေလိမ့်မည်။ ထိုလှေကားနှစ်စင်းဆုံရာ နံရံတွင် ခမ်းနားသောဇာမဏီငှက်ပုံပန်းချီကားက သေသေသပ်သပ်နေရာယူထားပြန်ပါသည်။ ထိုပန်းချီကားထဲမှ ဇာမဏီငှက်သည် တောင်ပံခတ်၍ အမြင့်သို့ပျံတက်နေသည်ဆိုတာ သိသာလွန်းနေခဲ့ပါ၏။

လက်ဝဲဘက်လှေကားခြေရင်းနှင့် ခပ်လှမ်းလှမ်းတွင်မူ ရွှေရောင်ကွပ်ထားသော ကနုတ်ဘောင်စီခြယ် ထိုင်ခုံကြီးများကို တန်းစီ၍ နှစ်ဖက်ဆင့်ထားသည်ကိုတွေ့ရပြီး ခုံအားလုံးထက်ပို၍ခမ်းနားကာ တစ်မူကွဲထွက်နေသော နောက်မှီရှည်ခုံမြင့်ကြီးကို ခုံများတို့သခင်အဖြစ် တွေ့ရပြန်ပါသည်။

လက်ယာဘက်လှေကားခြေရင်းမှာတော့ တံခါးချပ်ကြီးကိုသာ တွေ့ရပြီး အခြားဘာကိုမှ ထူးထူးဆန်းဆန်းမတွေ့ရဘဲ ထိုတံခါးချပ်ကြီးဘေးမှ လူပုံသဏ္ဌာန်သစ်သားရုပ်ထုကြီးကသာလျှင် အဓိပ္ပာယ်များစွာပါသောမျက်နှာနှင့် ရှိနေခဲ့ပါသည်။

ခေါင်းပေါင်းစကို ဟန်ပါပါပေါင်းထားပြီး တောင်ရှည်ပုဆိုးစကို လက်ဝဲလက်နှင့်မြှောက်ကိုင်ကာ ဟန်ပါပါကြည့်နေသော ထိုအကြည့်က တစ်စုံတစ်ဦးကို အမိန့်ပေးနေဟန်လည်း ရှိသလိုနားလည်ခွင့်လွှတ်တတ်ဟန်လည်း ရှိနေပြန်ပါသည်။ သို့သော် ထိုအပြုံးက ဘာအဓိပ္ပာယ်လဲ။ နာကြည်းမုန်းတီးနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာသနားနေတာလား။ စိတ်ပျက်အားလျော့နေတာလား။ ခွင့်လွှတ်နေတာလား ဒါမှမဟုတ် အရာရာကို ရင်ဆိုင်ဖို့ အသင့်ပဲဆိုသည့်သဘောလား။

"ဥယျာဉ်တော်ထဲ ဆင်းတော်မမူပါနဲ့ ထိပ်ထားလေးဖုရား။ မယ်မယ်ကြီး ပြန်လာရန်အချိန်သင့်ပြီမို့ စံအိမ်တော်ထဲမှာသာ စံစားလှည့်ပါ ထိပ်ထားလေးဖုရား"

"အို. . . သအိုစာရယ်၊ ငါ စန္ဒြမာတုလျှာက ကကြိုးရှုပ်တဲ့လား။ စံအိမ်တော်ထဲမြန်းရသည်မှာ ခြေလက်တွေ မအီမသာရှိလှပါရဲ့"

"ထိပ်ထားလေး ညောင်းညာကိုက်ခဲလျှင် သအိုစာက နှိပ်နယ်ပေးပါ့မယ် ထိပ်ထားလေးဖုရား"

"မကြာပါဘူး သအိုစာရယ်၊ ခဏပါ"

ဟုဆိုပြီး ကတ္တီပါပုံဖောက်ဖိနပ်ရွှေညိုစိမ်းရောင်နှင့် ခြေဖဝါးလှလှတို့က နီညိုရောင်ကတ္တီပါလှေကားကို တစ်ထစ်ချင်းနင်း၍ဆင်းလာခဲ့ပါသည်၊ ထိုခြေလှမ်းတိုင်းက ညင်သာလွန်းနေပြီး ရွှေညိုစိမ်းရောင်ကတ္တီပါဖိနပ်များပေါ်မှ ခြေချောင်းဖောင်းဖောင်းအိအိလေးများမှာ ဝင်းဝါဖူးကြွ၍နေလေတော့သည်၊ ထိုခြေချောင်းဖောင်းဖောင်းလေးများကို ထမ်းပိုးထားရသည့်ခြေဖဝါးပြင်မှာလည်း





ခြေထောက်လေးတစ်ဖက်ကို မြှောက်လိုက်တိုင်း သွေးခြည်ဥနေသည့်အလား ရဲရဲရို၍နေလေတော့၏။

ထိုသို့ခြေလှမ်းတိုင်းတွင် လှုပ်ခါသွားသည့် သွေးသွယ်သောခါးကျဉ်းလေးမှာလည်း ဖွင့်ကားသောတင်လုံးလေးထက်တွင် ယိမ်းနွဲ့၍နေခဲ့ပါသည်၊ ရွှေညိုစိမ်းရောင်ချိတ်ထဘီကို ရွှေညိုစိမ်းရောင်နီဝင်လွန်ပါးဖြင့် ချုပ်ထားသောရင်ဖုံးလက်ရှည်ကလေးဖြင့် တွဲဖက်ဝတ်ဆင်ထားသည်မှာ လေအလာတွင် လူးလွန့်သွားသည့် ပင်ဖျားမှ ငှက်ပျောရွက်ငယ်လေးလို ပေါ့ပါးတည်ကြည်၍နေပါတော့၏၊ ခေါင်းလောင်းလက်ပွအကျီ၌ လက်ကောက်ဝတ်ဝှမ်းဖွေးနားလေး ကွပ်ထားသည်မှာ မပဟာဆန်ပြီး လှချင်တိုင်းလှနေပါတော့သည်။

"ထိပ်ထားလေး ခဏပဲနော်"

ဟုနောက်ဆုံးတွင် သံခင့်အလိုကျ သအိုစာမှာ လိုက်လျောပြန်တော့လည်း သခင့်အနားတွင် အပါးတော်မြဲအဖြစ်နှင့် အလိုတူအလိုပါ ကပ်ပါဖြစ်ပြန်ပါတော့သည်။

'ထိပ်ထားလေး ဘယ်များကြွမြန်းမလို့လဲ"

ဟု လာက်ယာဘက်လှေကားရင်းရှိ တံခါးရွက်ကိုဖွင့်ပြီး မေးလာသူက စန္ဒြမာတုလျှာ၏နောက်၌ ရပ်နေသော သအိုစာ



www.burmeseclassic.com

www.burmeseclassic.com

ကို အဓိပ္ပာယ်ပါပါကြည့်လိုက်ပါသည်၊ ထိုအကြည့်မှာ အောက်ထပ်ကိုဆင်းလာသည့် ထိပ်ထားလေးကြောင့် အများကြီးဆက်နွယ်နေပေလိမ့်မည်။ ထိုအရာကို ထိပ်ထားလေးကလည်း သိနေသည့်သဘောနှင့်. . .

"ဥယျာဉ်တော်ထဲ ခဏလမ်းလျှောက်ခဲ့လို့ပါ ဘရဏရဲ့ စိတ်မပူပါနဲ့"

"ကျွန်တော်မျိုးလိုက်၍ နောက်ပါးခြံ ခစားခွင့်ပြုပါ ထိပ်ထားလေး"

"ရတယ် ရတယ် ဘရဏာ၊ လုပ်စရာရှိတာလုပ်ပါ၊ ဒါနဲ့ ဖခမည်းတော်နဲ့မယ်တော်တို့ ဘယ်အချိန်ပြန်ရောက်မလဲ"

"အထောက်တော်ခံက ပုန်းဝင်လာခဲ့တာတော့ နောက်တစ်နာရီလောက်ဆို ပြန်ရောက်မယ်ပြောပါတယ် ထိပ်ထားလေး"

ဟု ဘရဏကဆိုသဖြင့် ဘရဏကိုပြတ်ကျော်ဟန်ပြုတော့ ဘရဏက ကြီးမားကျယ်ပြန့်သောနွှာကြီးကို ကျုံ့ပေးလိုက်ပါသည်။

"သင်လုပ်စရာရှိသည်ကို လုပ်ပါ ဘရဏာ၊ ထိပ်ထားရဲ့ဘေးမှာ သအိုစာက ရှိနေပြီမို့ ထိပ်ထားအတွက် ပြည့်စုံပါတယ်"

ဟုဆိုပြန်၍ ရွှေတိုးချင်နေသောခြေလှမ်းများက အမိန့်





များအောက်တွင် ငြိမ်သက်သွားပြန်ပါသည်။

ကတ္တီပါပိုနယ်ရှည်ဘိနပ်ရောင်လေးမှာ ကြွကြွလေးပင် ခပ်မှန်မှန်လှမ်းလာခဲ့ပြီးမှ ပန်းများနှင့်ဝေဆာနေသောဥယျာဉ်တော်တွင်း ဝင်ရောက်သွားခဲ့ပါသည်။ စိုက်ပျိုးထားသောမြက်ခင်းပြင်မှာ စိမ်းဖန့်ဖန့်လေး စိုလွင်နေသည်မို့ ထိုမြက်ခင်းပြင်ပေါ်မှ သူမက ကီနွှဲရိုတစ်ပါးနှယ် သက်ဝင်၍နေခဲ့လေသည်။ ထိပ်ထားလေးဆိုသည့်သူမက အဖြူရောင်ဒါန်းလေးအပေါ် ညင်သာစွာထိုင်ချလိုက်တော့ သအိုစာက အလိုက်သိစွာပင် ဒါန်းလေးကို ညင်သာစွာ လှုပ်ရှမ်းလိုက်ပါသေးသည်။

"မနက်ဘက် နေခြည်သာလေးကိုခံစားရပြီး ညနေခင်း ရှုရတဲ့နေဝင်းခဲ့ လေးနက်ခြင်းကိုမြင်ရတာ ကြာသွားခဲ့ပြီ သအိုစာရယ်"

ဟု ကျနေဇော်ရုံးရှုရသောအပူရှိန်ကို ရည်ညွှန်းပြီးပြောလျှင် သအိုစာက ဂန္ဓာရစ်အိမ်ဓော်လှထိပ်ခေါင်တင် မင်းသမီးလေးကို ကြင်နာစွာကြည့်နေမိပါသည်။ ထိုအကြည့်ထဲတွင် သနားကြင်နာခြင်းတို့က အပြည့်အဝပျော်ဝင်နေခဲ့ပါသည်။ လှပတဲ့မိန်းမပျိုလေး ဖြစ်ပေမယ့် စံအိမ်မှာပဲ ဘဝကိုအကျဉ်းချခံထားရသည့် ထိပ်ထားလေးက လောကဓံဆိုတာလည်း ဘာမှန်းမသိ။ လူသားဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှန်းမသိ၊ ဘာခေါ်သလည်း ဘာနာမည်းမသိပါဘဲ ရှောင်အိမ်ထဲ ပိတ်မိနေသောငှက်ငယ်တစ်ကောင်နှင့် တူလှပါသည်။

''ခမည်းတော်နဲ့မယ်တော်တို့က ဒီနေ့မှ ဘာဖြစ်လို့ အတူတူထွက်သွားကြတာလဲ။ မျိုးနွယ်စုအစည်းအဝေးက လိုသေးတာယ် မဟုတ်လား''

''ရွှေလထဲမှ မျိုးနွယ်စုစည်းဝေးပွဲ ရှိပါ၊ သခင်မလေးသိသလောက်တော့ တိုင်းရေးပြည်ရာနဲ့ စီးပွားရေးရာတို့နဲ့ပတ်သက်တဲ့ညစာစားပွဲ တက်ရောက်တယ်လို့ ဆိုပါတယ်''

''သြော်. . . သြော်. . . အင်း. . . ဘာလိုလိုနဲ့ အစ်မတော်ဖုရား လွှန်သွားတာတောင် သယ်မိုးကျနေတော့မယ်''

''စိတ်ကိုဖြေပါ ထိပ်ထားလေး၊ သတင်းဒါတစ်ခုကတော့ ခုပေါ့။ သေသောသူက အနိုင်ရှား ရှင်သူတွေက နုကြွတဲ့''

''အင်း. . . သေသောသူ ကြာရင်မေ့ဆိုပေမယ့် ထိပ်ထားရင်ထဲမှာတော့ တစ်နေ့မှမမေ့ရခဲ့ပါဘူး သခင်မလေး''

''ထိပ်ထားလေးက တစ်စုံတစ်ခုကို အာရုံစိုက်သွားရင်တော့ မေ့သွားနိုင်မှာပါ''

''ဆိုစမ်းပါဦး သခင်မလေး''

''ရွှေချည်ထိုးလက်မှုပညာ၊ ယွန်းအတတ်နဲ့ အချုပ်





အလုပ်ပညာတစ်ခုခုပေါ့''

''ဟုတ်ပါရဲ့၊ မဖြစ်သေးပါဘူး. . . ဒီကိစ္စ ခမည်းတော်နဲ့မယ်တော်တို့ လျှောက်တင်ဦးမှပဲ။ အတီးအမှုတ်က ထိပ်ထားနဲ့ ယဉ်ပါးလာတာ ကြာပေါ့''

လေအဝှေ့တွင် သင်းပျံ့လာသောရနံ့တစ်ခုကို စန္ဒြမာ တုသျှာ ရှူရှိုက်မိသွားကာ. . .

''သခင်မ၊ အသင်းရနံ့လေးတစ်ခု မရမိဘူးလား''

ဟုဆိုသော် သခင်မက အနံ့ကိုရှူရှိုက်ရင်း. . .

''မွှေးတယ် ထိပ်ထားလေး''

''ဒီရနံ့မျိုး ထိပ်ထား သိပ်နှစ်သက်တာပဲ၊ အဲဒီရနံ့က ဘယ်ကလာတဲ့ရနံ့ဖြစ်မယ်လို့ သခင်မ ထင်သလဲ''

''ရေမွှေးတစ်မျိုးဖြစ်လိမ့်မယ် ထိပ်ထားလေး''

''ရေမွှေး! အဲဒါက မွှေးသောရေမဟုတ်လား၊ ပုလင်းငယ်လေးနဲ့ ထည့်သိမ်းထားတဲ့အရာလေ။ ဟွန်း. . . ကောင်းလိုက်တာ၊ မွှေးကြိုင်တဲ့ပန်း ပန်စရာမလို၊ နံ့သာကို အချိန်ကုန်ခံပြီး သွေးစရာမလိုတော့ဘူး။ အင်း. . . ပြောသာပြောရတယ်၊ ထိပ်ထားမှာက အချိန်များစွာ ပိုနေပါတယ်လေ''

''ထိပ်ထား အဲဒီရနံ့ကိုကြိုက်ရင် သခင်မ ဈေးမှာရှာ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးမယ်လေ”

“နေပါစေတော့လား သအိုစာရယ်၊ ရှိစေတော့၊ ဒီလို ကြာညိုရနံ့ဆိုတာမျိုးက မင်းယောက်ျားတွေနဲ့သာ လိုက်ဖက်ညီ လှပါတယ်။ ထိင်ဝတားအတွက်တော့ မလိုအပ်တဲ့အရာမို့ ရှိပါစေ တော့ သအိုစာ။ ဟဲဟဲ. . . မယ်တော်နဲ့ခမည်းတော်တို့ ပြန် ရောက်ချိန် နီးကပ်လာပြီမို့ စံအိမ်ထံ ပြန်နှင့်ကြစို့လား”

ဟုဆိုရင်း ညင်သာစွာထရင်တော့ ဒါန်းဖြူလေးမှာ မသိ မသာလှုပ်ရမ်းရင်း ကျန်ရစ်နေခဲ့၏။

“ပြင်ပလေကို ရှူလိုက်ရလို့လားမသိဘူး၊ သအိုစာရယ်၊ ပေါ့ပါးလန်းဆန်းသွားတယ်”

ဟုဆိုရင်း ဥယျာဉ်တော်ထဲမှ ထွက်ခွာလာခဲ့သည်တွင် ဝင်လာသောအဖြူရောင်ကားတစ်စီးနှင့် တန်းတိုးပါ၏။

ဒါက မယ်တော်နှင့်ခမည်းတော်တို့ စီးနင်းသည့်ယာဉ် မို့ စန္ဒြမာတုလျာနှင့်သအိုစာတို့က ဒူးညွှတ်ကာ အရိုအသေပြု လိုက်သည်တွင် ကားလေးမှာ သူတို့ရှေ့ လျှောခနဲထိုးရပ်သွား ရပါသည်။ ထို့နောက် ကားတံခါးလေးမှာ ကလစ်ခနဲပွင့်သွားပြီး ယာဉ်မောင်းဦးဒီပက ရှေ့ခန်းမှပြေးဆင်းလာကာ တံခါးရွက်ကို ဖွင့်ပေးလိုက်သည်တွင် နောက်ခန်းထဲမှ အနီရောင်ကတ္တီပါဖိနပ်





နှင့် လှပသောခြေထောက်တစ်စုံက ဦးစွာ မြေပြင်ပေါ်သို့ သက် ဆင်းလာခဲ့ပါ၏၊ ပြီးနောက် တံခါးရွက်နောက်ကွယ်မှ အင်မတန် ကျက်သရေရှိပြီး မာန်တစ်မျိုးထင်းနေသော အမျိုးသမီးကြီးတစ် ယောက်။ သူက စန္ဒြမာတုလျာ၏မယ်တော် သတ္တဒေဝီသခင်မ ပြစ်၏

“သမီးတော်က ဘာကြောင့် ဒီနေရာရောက်နေခဲ့လဲ သအိုစာ”

ဟု အမိန့်ဆန်ဆန်ပင် ပြစ်တင်ပြောဆိုတော့ သအိုစာ မှာ ခေါင်းပင်မဖော်ဝံ့တော့ချေ။ ထို့ကြောင့် စန္ဒြမာတုလျာကပဲ,

“လေကောင်းလေသန့်ရှူတာပါ မယ်မယ်”

“သမီးတော်ရဲ့အခန်းဆောင်က အနံ့အသက်မကောင်း ညစ်ညမ်းများနေပါသလား”

“မဟုတ်ရပါ မယ်မယ်ဖုရား”

“ဘရဏ ဘယ်ရောက်နေလဲ”

မယ်တော်က အသံမြှင့်ပြောတော့ ဘရဏက ကြီးမား ကြံ့ခိုင်သောခန္ဓာကြီးနှင့်မလိုက်ဖက်စွာ ထိတ်ထိတ်လန့်လန့်ပြေး ထွက်လာပြီး ခေါင်းငုံ့ကာ ကျုံ့ကျုံ့လေး ရပ်နေခဲ့ပါသည်။

“ရှိပါတယ် သခင်မဖုရား”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသော ဘရေအာထံသို့ သတ္တုအဝေါ်အကြည့်များက မြားတစ်စင်းနှယ် ရောက်ရှိသွားပြီး. . .

"ဘရေအာလည်း သိပ်ကိုပျော်ပျော်နေပြီနော်"

မယ်တော်က အခေစ်းများကိုပြောဆိုလေတော့ အပြစ်မကင်းသည့်စန္ဒြမာတုလျာမှာ အနေခက်ရပါသည်။ ထို့ကြောင့်

"သမီးတော်ကြောင့်ပါ မယ်မယ်ဖုရား၊ ဒီကိစ္စ ဒီလောက်နဲ့ပဲပြီးပါစေတော့။ သမီးတော့ ကတိပြုပါတယ်၊ နောင်များ အမိန့်မပါဘဲ ဘယ်တော့မှ ဥယျာဉ်ထဲမဆင်းတော့ပါဘူး"

ဟု မိမိနှုတ်မှ ကတိပြုလေတော့မှ တင်းထန်နေသော မယ်တော်၏မျက်နှာမှာ လျော့ကျသွားပြီး ဘရေအာထံကြည့်ကာ. . .

"နောက်တစ်နာရီကြာမှ မင်းတို့သခင်ကြီး ရောက်လိမ့်မယ်။ ရေချိုးစိမ်ဖို့ အဆင်သင့်ပြင်ပေး ဘရေအာ"

"အမိန့်တော်အတိုင်း နာခံပါ့မယ် သခင်မဖုရား"

ဟုဆိုကာ ဘရေအာက နောက်ဆုတ်ထွက်ခွာသွားတော့မှ မယ်တော်က သူမကို မေတ္တာမပါသောမျက်လုံးစိမ်းမျိုးနှင့် ကြည့်ကာ ကျော့ကျော့လေးပင် စံအိမ်တော်ထဲ ဝင်သွားခဲ့ပါ၏။

"သအိုစာရယ်၊ ဘာမှန်းမသိပါဘဲ ထိပ်ထားရင်ထဲ ဝမ်းနည်းမိပါတယ်"

"ထိပ်ထားလေးရယ်"

"ငှက်ကလေးတစ်ကောင်လို တောင်ပံတွေသာ လိုချင်မိပါတော့တယ်။ မယ်တော်ရဲ့မေတ္တာတွေက ထိပ်ထားကို အကျဉ်းချထားသလားလို့ ထိပ်ထားထင်မိပါရဲ့"

"မဟုတ်ရပါဘူး ထိပ်ထားလေးရယ်၊ ထိပ်ထားလေးရဲ့ နှလုံးက နူးညံ့လွန်းလို့ ပြင်ပလေကြမ်းဒဏ်ကို သခင်မဖုရားက ကြိုတင်ကာကွယ်ခြင်းမည်သလိမ့်မယ်။ ကဲကဲ. . . အိမ်ထဲဝင်ကြစို့ ထိပ်ထားရယ်။ ဥသုက အေးမြလာပြီ၊ ထိပ်ထားလေးက လေစိမ်းဒဏ်ကြာကြာခံလို့ဖြစ်တာမဟုတ်ဘူး"

ဟုဆိုရင်း သေးသွယ်သောခန္ဓာလေးကို သအိုစာက ထိန်းမပေးနေရပါသည်။ နုလုံးသားနုသလို ခန္ဓာလည်း လေအဝေ့မခံနိုင်သည့် ယုယသောမိန်းကလေးကို သအိုစာကြည့်ရင်း သက်ပြင်းချရသည်မှာ အကြိမ်ကြိမ်အခါခါဖြစ်တော့၏။ အစေခံနှင့် အရှင်သခင်ဆိုသည်မှာ ဘဝချင်းခြားလှသဖြင့် သအိုစာမှာ သက်ပြင်းချရုံမှတစ်ပါး အခြားခတတ်နိုင်ပါချေ။ သအိုစာကိုသာ ကံကြမ္မာက မျက်နှာသာပေးပြီး အရှင်သခင်မျိုးနွယ်ဖြစ်စေပါကမူ နန်းမြင့်စံသည့် မြေမနန်းမင်းသမီးလေး စန္ဒြမာတုလျာကို လွတ်







www.burmeseclassic.com

www.burmeseclassic.com



လပ်စွာ ပျံသန်းခွင့်အရေး ကြိုးပမ်းမည်မှာ မလွဲကောင်ဖြစ်တော့ ၏။ သို့သော် ကြမ္မာမလှသည့်သဒ္ဒိုစာက အစေခံမျိုးနွယ်မှ ဘာ ဆိုဘာမှ မတတ်နိုင်ခဲ့ချေပြီတကား။



## အခန်း (၂)

ပြတင်းတံခါးရွက်နား ပျံဝဲလာသော နှံပြည်စုတ်ငှက် ကလေးကိုငေးကာ . . .

"ဒီစံအိမ်ကြီးရဲ့ပြင်ပမှာ လူတွေ ဘယ်လိုနေထိုင်ကြ သလဲမသိဘူးနော်"

တူမြည်တမ်းသံလေးနှင့် ခပ်တိုးတိုးဆိုတော့ အိပ်ရာခင်း များကို အသစ်အဟောင်းလဲနေသူ သဒ္ဒိုစာက စန္ဒြမာတုလျာကို စောင်းငဲ့ကြည့်ကာ. . .

"ထိပ်သားလေးက ထူးထူးဆန်းဆန်းမေးခွန်းတွေ ထုတ် နေပါရောလား"

"လူတွေအားလုံးက ထိပ်တန်းတို့လိုပဲ အမြဲနေပုံမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ထိပ်ထားလေးရဲ့ လူတစ်ယောက် ဘဝတစ်မျိုးနဲ့ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လုပ်ရှားသွားလာနေကြရတယ်"

"တစ်ခါကျားဆိုရင် မျိုးနွယ်စုစည်းဝေးပွဲကို ထိပ်ထားမြန်းတုန်းက လူတွေပြေးသွားနေကြတာ ခွေးသံရွှဲရွှဲနဲ့ ထိပ်ထားတွေ့လိုက်ပါရဲ့။ ဟွန်း. . . ဘာကြောင့်ပြေးသွားနေသလဲဆိုတာစိတ်ဝင်စားပါလျက်ကယ်နဲ့ ကားကောမောင်းထွက်လာတော့ ထပ်မတွေ့ရတော့ဘူး"

"ထိပ်ထားလေးက မျိုးရိုးမြင့်မြတ်သူမို့ ခုလို အသားကိုနေမခါ၊ လေမတိုးဘဲ စံအိမ်ထဲမြန်းနေနိုင်ပေမယ့် ပြင်ပလောကမှ တိုင်းသူပြည်သားတွေတော့ ဒီလိုမဟုတ်ဘူး ထိပ်ထားလေးရယ်။ ငွေဆိုတဲ့အရာကို အသက်ရင်းပြီး ရှာကြရတယ်"

"ငွေ. . . ဟုတ်လား"

"ထိပ်ထားလေး နားလည်အောင်ပြောရမယ်ဆိုရင်တော့ အသပြာပေါ့ ထိပ်ထားလေးရယ်"

"ဘာကြောင့် သူတို့က အသပြာကို အသက်ပေးရှာဖွေနေကြတာလဲ"

"စားဝတ်နေရေးကြောင့်ပေ့ါ"

"ထိပ်ထားတော့ စားဝတ်နေရေးကြောင့်နဲ့တော့ အသပြာအတွက် အသက်မပေးနိုင်ပါဘူး။ နေဖို့အတွက် တောထဲသွားပြီး သစ်ခုတ်ဝါးခုတ်ပြီး အိမ်ဆောက်မယ်၊ စားဖို့အတွက် လယ်ယာစိုက်ပျိုးမယ်၊ ဝတ်ဖို့အတွက်တော့ ပိုးထည် ဝါဖတ်မယ်လေ။ ဘာလဲ. . . တိုင်းသူပြည်သားတွေက ပိုးထည် ဝါဖတ်မတတ်ကြဘူးလား"

"ဒီအကြောင်း ထိပ်ထားလေး နားလည်အောင်ရှင်းရရင် အရှမ်းကိုရှည်သွားပေမ့်မယ်။ ပြီးတော့ သအိုစာက စာပေကျမ်းဂန်မှာ ထိပ်ထားလေးလောက် မနှံ့စပ်သူမို့ ထိပ်ထားလေးကို ရှင်းပြနိုင်မှာမဟုတ်ပါဘူး"

"သအိုစာ ရှင်းမပြနိုင်လောက်တဲ့အထိ ပြင်ပလောကက ရှုပ်ထွေးနေသလား"

"ရှုပ်တာပေါ့ ထိပ်ထားလေးရယ်၊ ရံဖန်ရံခါ မယ်ပ နေမကောင်းလို့ သအိုစာက ဈေးသွားပေးရရင်တောင် အသွင်ဆန်းတွေ မြင်နေရတယ်"

"ဘယ်လိုအသွင်ဆန်းမျိုးလဲ သအိုစာ"

"ယောကျ်ားနဲ့မိန်းမတာ ပသီပနံနေကြတယ်လေ"

"ဘယ်လိုမျိုးလဲ သအိုစာ၊ ထိပ်ထားရှင်းအောင်ပြောပါဦး"







www.burmeseclassic.com

''နေကြာသူတွေက ဘယ်လိုမှန်းမသိပေမယ့် ပြောရရင် တောင် ရှက်ပါရဲ့ ထိပ်ထားလေးရယ်။ ဒီလိုထိပ်ထားရဲ့ ယောက်ျား နဲ့မိန်းမက လူတွေရှေ့မှာ ပက်ပက်နမ်းနမ်းရယ်''

''အို! နားရှက်လိုက်တာ''

ယောက်ျားပျိုဆို၍ မျက်လုံးချင်းဆတောင် မဆုံခဲ့ဖူးသော စန္ဒြမာတုလျာ၏ပါးအိုးလေးများမှာ ရဲတက်၍သွားခဲ့ပါပြီ၊

''ခေတ်ကာလကြီးက မကောင်းပါဘူး ထိပ်ထားလေး ရယ်၊ ဒါကြောင့် ပြင်ပလောကကို စိတ်မဝင်စားပါနဲ့။ ရှေးတုန်း ကများဆို ယောက်ျားနဲ့မိန်းမ ကြမ်းတစ်ပြေးတည်းတောင် အတူ ထိုင်ရန်ခက်တဲ့ခေတ်။ ခုများနဲ့တော့ ကွာခြားလွန်းပါတယ်''

''ဒါဆို ပြင်ပလောကကြီးက ဣန္ဒြေမရှိ ပျက်ပြားကုန် ပြီပေါ့''

''အားလုံးတော့ မဟုတ်ပါဘူး ထိပ်ထားလေးရယ်၊ လူ ကောင်းလူမွန် လူရည်သန့်မျိုးတွေလည်း ရှိကြပါတယ်''

ဟုဆိုပြီး သအိုစာ၏မျက်လုံးခံတွင်းမှာ လှုပ်ရှားသွားရပါ၏။ သအိုစာနားထဲ ခြေသံတီးတိုးကို သဲ့သဲ့လေးကြားနေရ၍ဖြစ် ပါသည်။

''သခင်မဖုရား အခဆောင်တော်ဘက် မြန်းလာပြီထင်





တယ်''

ဟုဆိုကာ စန္ဒြမာတုလျာနှင့်စကားလက်ဆုံကျနေရာမှ နံရံဘက် တိုးရပ်ကာ ကိုယ်ခန္ဓာကိုကျုံ့ထားလိုက်ပါသည်။ စန္ဒြ မာတုလျာကလည်း ပြင်ပကို ငေးမောနေရာမှ ဣန္ဒြေဆည်ကာ ဟန်မပျက်နေခဲ့ပါသည်၊ ဘာလို့လဲဆိုတော့ အစေခံများနှင့် ရော နှောနေသည်ကို မယ်တော်က သဘောမတွေ့လှကြောင်း သိနေ လို့ပဲဖြစ်၏။

နားသိပ်ပါးသော သအိုစာ၏ယူဆချက်က သိပ်ကိုမှန် ကန်နေခဲ့ပါသည်။ အကြောင်းမှာ သူမ၏မြင်ကွင်းထဲသို့ ကျက် သရေအပေါင်းတို့နှင့်ပြည့်စုံသည့် အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးက ရောက်ရှိပေ၍ပဲဖြစ်ပါသည်။

ထိုအမျိုးသမီးကြီးက သအိုစာအား အကြည့်စူးစူးပေး လိုက်သည်ဆိုလျှင်ပဲ သအိုစာက ခေါင်းလေးငုံ့ ခါးကုန်းကာ ခန်း ဆောင်အပြင်ဘက်သို့ ထွက်သွားခဲ့ပါသည်။ မယ်တော်ခေါ် မယ် မယ်ဖုရား သတ္တဒေဝီက သူမဘေးတွင် ဝင်ထိုင်ပါသည်။

''မယ်တော်က မလာဖူးအလာထူးလို့ အဘယ်အရေး ကိစ္စများ ပါလာခဲ့ပါသလဲ''

ဟုဆိုကာ ကိုယ်ခန္ဓာကိုကျုံ့ပေးတော့ ဒေါ်သတ္တဒေဝီ

www.burmeseclassic.com



က သင့်တော်သောနေရာတွင် ဝင်ထိုင်ပြီး . . .

"သမီးတော် ယခုအသက်ဘယ်လောက်ရှိပြီလဲ"

"နှတ်တော်လဆန်းကိုရောက်ဆိုရင် နှစ်ဆယ့်သုံး ပြည့်ပါပြီ"

"သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားအတိုင်း မယ်မယ်တို့ဘက်ကလည်း စီစဉ်စရာရှိတာကို စီစဉ်နေရပြီ"

သူမအံ့ဩသွားရပါသည်။ တစ်နေ့တော့ အိမ်ထောင်ပြုရမည်ကို သိနေခဲ့ပေမယ့် ယခုလိုဆိုင်းမဆင့်ဗုံမဆင့် မယ်တော့်နှုတ်မှထွက်လာသည်ကို မိမိနားနှင့်တိုက်ရိုက်ကြားရပြန်တော့ ရင်ထဲ၌ ဟာတာတာဖြစ်ရပါသည်။

"ခမည်းတော်မျိုးတော်တွေဘက်ကလည်း ဒါကိုသဘောတူပေးလာပြီလေ။ မယ်မယ်တို့လိုမျိုးရိုးမြင့်မြတ်သူတွေက မျိုးရိုးဂုဏ်ကိုထိန်းသိမ်းစောင့်ရှောက်ရမှာက တာဝန်ကြီးတစ်ခုနည်းတယ် သမီးတော်"

ဝမ်းနည်းသည်၊ ဝမ်းသာသည်ဆိုတာ သူမ စိုးစိမှျ ခွန်းတုံ့မပြန်မိပါချေ။ သူမရင်ထဲ၌ ဝမ်းနည်းနေတာလား ဝမ်းသာနေတာလားဆိုတာမျိုးတွေက ခွေခွဲရခက်နေသောကြောင့်ပါ။

"အဘိုးတော် ရုက္ခဒေဝ မကွယ်လွန်ခင် သမီးတော်တို့ရဲ့ ဘဝိသိက်မင်္ဂလာကို မြင်သွားချင်တယ်လို့ ဆိုလာပါတယ်"

ဟုတ်ပေသားပါ။ ခမည်းတော်မျိုးတော်တို့၏အကြီးအကဲ အဘိုးတော် ရုက္ခဒေဝဟာ ခုဆိုလျှင် အသက်ကိုးဆယ်ကျော်ခဲ့ပြီလေ။

"သမီးတော်ကို ဇမ္ဗူဒ္ဒရစ်အိမ်မျိုးဆက် ရာဇလက္ခဏာမင်းသားနဲ့ ထိမ်းမြားပေးလိုတယ်"

"ရာဇလက္ခဏာ! ဟုတ်လား မယ်တော်။ ဒါ သမီးတော်မကြားဖူးပါလား"

စံအိမ်ထဲမှ မြေပေါ်သို့ပင် ခြေမချသည့်သူမက မျိုးဆက်နွယ်စာအုပ်ကြီးမှတစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို နှံ့စပ်၍ အနွယ်ဝင်များကိုတော့ စေ့စေ့စပ်စပ်သိနေခဲ့သော်လည်း ရာဇလက္ခဏာကိုတော့ မသိတာအမှန်ပါ။ ပြီးတော့ ဇမ္ဗူဒ္ဒရစ်ဆိုသည့် စံအိမ်၊ ဒါက ဘာလဲ။

"ဟုတ်တယ် သမီးတော်။ အဲဒီဇမ္ဗူဒ္ဒရစ်ဆိုတဲ့မျိုးဆက်ကို ရှာတွေ့တာသိပ်မကြာသေးဘူး။ မျိုးရိုးဂုဏ်သိက္ခာတွေထိန်းရင်း မျိုးဆက်ပြတ်တော့မယ်လို့ ထင်နေတဲ့နောက်ဆုံးမျိုးဆက် ရာဇလက္ခဏာက ကံကောင်းခြင်းနဲ့လည်း အဘိုးတော်နဲ့ချိတ်ဆက်မိခဲ့တယ်"







www.burmeseclassic.com

www.burmeseclassic.com



''သူတို့ကရော သမီးတော်တို့လို ကာန်းဘောင်နန်းဆက် နွယ်ဝင်တွေပဲလား''

''ဒါပေါ့၊ ဇန္ဒတ္တရအမတ်မင်းက ကုန်းဘောင်မင်းသားကြီးရဲ့အဆွေတော်ပဲ။ ကုန်းဘောင်မင်းသားကြီးလွန်ချိန်က မဲခေါင်ဘက် ခရီးလွန်နေခဲ့တယ်၊ ကုန်းဘောင်မင်းသားကြီးသတင်းကိုလည်းကြားရော မဲခေါင်မှာ ဇာတိမြေပြန်နေထိုင်ခဲ့လို့ ခုလိုတွေ ကွင်းဆက်ပြတ်ကုန်ရတာပဲ''

''ဒါဆို သူက မင်းဆွေမင်းမျိုးတော့မဟုတ်ဘူးပေါ့''

''အမတ်မျိုးနွယ်လေ၊ ဇန္ဒတ္တရဆိုတဲ့အမတ်မင်းက သိပ်ကို ပညာဉာဏ်ကြီးမားတာ။ ဇန္ဒတ္တရအမတ်မင်းရဲ့အဆွေကိုဆက်ခံတာကတော့ ရာဇလက္ခဏာမင်းသားပဲ။ နိုင်ငံခြားမှာ ပညာတော်သင်ပြီးပြန်ရောက်တာ ရှေ့လဆန်းပိုင်းကပဲ၊ အဘိုးတော်က ရာဇလက္ခဏာသာလျှင် သမီးတော်ရဲ့အိမ်ဦးနတ်ဖြစ်သင့်သူလို့ သတ်မှတ်လိုက်တယ်။ ဒါကြောင့် မင်းသားနဲ့သမီးတော်ကိုတွေ့ဆုံပေးဖို့ အနွယ်တော်တွေက အားလုံးစီစဉ်ပြီးနေပြီ''

သူမရင်ထဲ နွေးခနဲဖြစ်သွားပါ၏၊ ရှက်တာလားကြောက်တာလားဆိုတာ ဘီတီကျကျမသိသော်လည်း အကျနပ်မှုမျိုးတော့ မရှိပါ။





''ကဲကဲ. . . သမီးတော်လည်း နားပါဦး၊ သမီးတော်သိအောင် မယ်မယ်က ကြိုပြောထားတာပဲသဘောပါ။ တွေ့ဖို့က လိုပါသေးတယ်။ အနွယ်တော်တွေစုံညီဆုံမှာမို့ အချိန်ယူပြီး စီစဉ်ရမယ်။ အခုက လဆန်းဆိုတော့ လပြည့်ကျော်ပါးရက်လောက်မှ ဖြစ်လာမှာပါ။ အဲဒီနေ့ သမီးတော်ဝတ်ဖို့ဝတ်စုံကို မယ်မယ်ကိုယ်တိုင် ရက်လုပ်မှာမို့ ဒီကြားထဲ မယ်မယ် သမီးတော်ထံလာနိုင်မှာမဟုတ်ဘူး''

ဟုဆိုကာ ထရပ်ပြီး ထွက်သွားတော့ သူမ ဘာစကားမှ ထပ်မဆိုလိုက်တော့သလို အဆောင်ထိပ်ရောက်သည်ထိလည်း မယ်တော်အား မပို့ဆောင်နိုင်ပါတော့ချေ။

''ထိပ်ထားလေး''

မယ်တော်ထွက်သွားပြီးသည်နှင့် တစ်ပြိုက်နက် အပြေးတစ်ပိုင်းဝင်လာသူ သအိုစာအား မျှော်တော့ကြည့်ပြီး. . .

''ရင်ထဲမှာ မချိဘူး သအိုစာရယ်''

''စားပွဲဆောင်မှာ ကြားခဲ့တဲ့သတင်းက မှန်နေပြီထင်တယ်''

''တစ်နေ့ကြုံတွေ့ရမှာပဲလို့ ကြိုတွေးထားခဲ့ပေမယ့် အဲဒီနေ့ကိုရောက်လာတော့ ရင်ထဲခံနိုင်ရည်မရှိသလိုပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဇန္ဒုတ္တရမျိုးဆက်ဆို"

"အင်း"

"အနွယ်တော်တွေထဲမှာ တော်တော်အထင်ကရရှိနေသူပဲ"

"ဘယ်လို! သအိုဇာ"

မိမိက ဇန္ဒုတ္တရကိုမသိပေမယ့် သအိုဇာက ထိုမျိုးဆက်ကို ကြိုသိနှင့်သယောင်ပြောနေ၍ မိမိရင်ထဲ မအံ့သြဘဲ မနေနိုင်ပါတော့ချေ။

"ဇန္ဒုတ္တရထက် ရာဇလက္ခဏာက ပိုနာမည်ကြီးတာပေါ့ ထိပ်ထားလေးရဲ့၊ လာမယ့်ခွေတော်မျိုးတော်အစည်းအဝေးပွဲမှာတောင် မင်းသားရာဇလက္ခဏာက အကြီးတော်ရာထူး ဆက်ခံရမယ်လို့ အနံ့တွေထွက်နေတာ"

"ဘယ်လို! ရာဇလက္ခဏာက အကြီးတော်ရာထူးရမယ်ဟုတ်လား"

အကြီးတော်ဆိုသည်မှာ ခွေတော်မျိုးတော်များ၏ခေါင်းဆောင်အဖြစ် တင်မြှောက်ခံရသူဖြစ်ပါသည်။

"မျိုးနွယ်ခဉ်ဆက်မှာတော့ ရာဇလက္ခဏာမင်းသားသာ အကြီးတော်ဖြစ်လို့ကတော့ အသက်အငယ်ဆုံးအကြီးတော်ပဲ"





"သူက အသက်မကြီးသေးဘူးလား"

"လွန်ခဲ့တဲ့လက နှစ်ဆယ့်ခုနစ်နှစ်ပြည့်ပြီးခဲ့တာလို့ ဆိုတာပဲ။ ဟွန်း! ထိပ်ထားလေးက မင်းမျိုးနွယ်ဆိုတော့ ထိပ်ထားလေးနဲ့သာ ရာဇလက္ခဏာမင်းသားလေးတို့ လက်ဆက်ရရင် မင်းသားက ကျိန်းသေပေါက် အကြီးတော်ဖြစ်မှာပဲ။ အဘေးတော်က ဒါကြောင့်ထင်ပါရဲ့၊ မင်းသားလေးကိုလည်း မြှောက်စားချင်လို့ ထိပ်ထားနဲ့ထိမ်းမြားပေးချင်တာဖြစ်လိမ့်မယ်။ ထိပ်ထားလေးသဘောတွေ့မှာပါ။ အချင်းငါ့က အဆင်းပါ ပြည့်စုံသူလို့နာမည်ကြီးလှပါတယ်"

သအိုဇာက ခုလိုဆိုပြန်တော့လည်း ချက်ချင်းဆိုသလိုပင် သူ့မရင်ထဲ သာယာသွားပါ၏။ မိန်းကလေးမို့ ဣန္ဒြေဆောင်နေရပါသော်လည်း ရာဇလက္ခဏာအား တွေ့ဖူးချင်မိပါသည်။ ရာဇလက္ခဏာက သူ့မ၏အိပ်မက်မင်းသားလေးဖြစ်ပါစေဟု အကြိမ်ကြိမ်ပင် ရင်ထဲ၌ဆုတောင်းနေမိပါသည်။ ထိုသို့ဆုတောင်းသမျှပြုမိတော့ ပါးအိုလေးများ ရဲတက်၍သွားခဲ့ပါပြီ။

ဘာကြောင့်လဲဆိုတော့ သူ့မရဲ့အိပ်စက်ချိန်တိုင်းတွင် နိုရဲ့မြေပြစ်သောနှုတ်ခမ်းတစ်သွယ်က ပေါ်လာတတ်လို့ပါ။ ပြီးတော့ ကြင်နာနွေးထွေးသော လက်တစ်စုံနှင့် သူ့မက ရွှေလက်တွဲ



www.burmeseclassic.com

www.burmeseclassic.com

ပန်းဥယျာဉ်ထဲ ပြေးသွားခဲ့ဖူးသည်လော၊ သူမ သိပ်ကြည်နူးရပါသည်။ ထိုသို့မြင်မက်သည့်နေ့များဆိုလျှင် အိပ်ရာထက်မှ မနိုးထချင်မိသည်က သူမဇာတ်ဆန္ဒဖြစ်ပါသည်၊

အိပ်မက်ထဲ သူမကိုပြုံးစားနေသူက ရာဇလကျွဏ်များလား. . .

ဂျူဂျူဂျူ



အခန်း (၃)

"မောနင်း မာမိ"

"မောနင်း မိုင်ဆန်း"

ဟု သားအမိနှစ်ဦးမှာ ပါးချင်းအပ်ကာ အပြန်အလှန် နှုတ်ခွန်းဆက်ပြီးမှ သူက မာမီ့မျက်နှာချင်းဆိုင်ခုံတွင်ထိုင်ကာ ကရားအိုးထဲမှကော်ဖီကို ခွက်ထဲငှဲ့လိုက်ပါ၏၊

ဒေါ်စန္ဒီချိုက စားပွဲဝိုင်းအလယ်ရှိ ပန်းကန်ပြားထဲမှ ပေါင်မုန့်တစ်ချပ်ကိုဆွဲယူကာ ချိစ်သုတ်ပေးပြီးမှ ပေါင်မုန့်နှစ်ချပ်ကိုကပ်ကာ သားဖြစ်သူကို ကမ်းပေးပါ၏၊ ဤသည်ကို ကွန်းပလေးက ဆွဲယူပြီး ကော်ဖီနှင့်အတူရောနှောစားရင်း. . .

"မာမီ ဘယ်တော့ပြန်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်မေးတာလဲ"

"စိတ်မရှိပါနဲ့၊ ဟိုမှာ မာမီမရှိရင် ဒက်ဒီတစ်ယောက်တည်း ပျင်းနေလိမ့်မယ်"

"သူ့မှာ ပျင်းဖို့အချိန်မရှိပါဘူး။ မနက်အိပ်ရာထ ကိုယ်လက်သန့်ရှင်းပြီး မနက်စာစား၊ အလုပ်သွား၊ ညနေမိုးချုပ်မှပြန်လာ ညစာစား၊ စာကြည့်။ မပြီးသေးတဲ့အလုပ်တွေလုပ်။ အိပ်ရာဝင်။ သူ့အချိန်တွေက အပိုအလိုမရှိဘူး"

"မာမီနဲ့ဒက်ဒီရဲ့ဘဝက ပျင်းဖို့ကောင်းလိုက်တာ၊ အိမ်ထောင်ရေးအနှစ်သာရလည်း မမြင်ဘူး"

ဟု သူက ဘာမှမခံစားရသလိုပြောနေပေမယ့် မာမီ့ရဲ့အကြည့်တစ်ခုကိုတော့ လက်ခံရရှိလိုက်ပါသည်။ ထိုအကြည့်က စူးစမ်းမှုအပြည့်ပါနေ၍ သူ့အနေခက်သွားပါသည်။

"ဘာမှားလို့လဲ မာမီ"

"ကွန်းပလေးက မြန်မာပြည်ပြန်လာတာ ငါးနှစ်ပဲရှိသေးတယ်။ မြန်မာဂန့်ခတွေ ထွက်လာပါလား"

"သားက မြန်မာလူမျိုးလေ"

"ခံယူတာက မြန်လူမျိုးလား။ သားဒက်ဒီက အင်္ဂလန်နိုင်ငံသားအစစ်ကြီးနော်"





"မာမီက မြန်မာပဲ၊ ပြီးတော့ သားက မြန်မာလူမျိုးဖြစ်ချင်တယ်။ မြန်မာပြည်က အဘိုးအဘွားက ကောင်းတယ်"

"မြန်မာမလေးကိုယူဖို့များ စိတ်ကူးနေပြီလား မိုင်ခန်း"

"ခုထိတော့ ဘယ်လိုမှမတွေးထားသေးဘူး။ တွေ့ခဲ့ရင်လည်း ယူမှာပေါ့။ သူတို့လေ့လေးကိုကြိုက်တယ်၊ အခု သားပါဠိစာပေတွေသင်နေတာ၊ ပြီးတော့လည်း မသိသေးတဲ့ယဉ်ကျေးမှုအကြောင်းတွေ လေ့လာနေတယ်"

"မြန်မာပြည်မှာ နေဖို့များစိတ်ကူးထားသလားကွယ်"

"ဒီမှာနေရတာကိုကြိုက်တယ်"

"သားဒက်ဒီတော့ သားကိုလွမ်းနေတော့မှာပဲ"

"ပိတ်ရက်ကျတော့ ဒက်ဒီနဲ့မာမီ ဒီကိုအတူလာလည်ကြဦးလေ။ သားက မြန်မာ့ယဉ်ကျေးမှု အနုပညာနဲ့ စာပေတွေ သမိုင်းတွေအကြောင်း ရှင်းပြမယ်လေ"

"အချိန်တိုတိုလေးအတွင်းမှာ အများကြီးလေ့လာထားခဲ့တာပဲ။ အင်း. . . မာမီမှားသွားပြီလားမသိဘူး။ အစကတည်းက သားကို မြန်မာစကားနဲ့မြန်မာစာ မသင်ပေးခဲ့ရင် ခုဆို မိသားစုသုံးယောက်သုံး အင်္ဂလန်မှာ တစ်စုတည်းနေကြရမှာ"

"မာမီက မြန်မာမိန်းကလေးမို့ထင်တယ် အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com



က အန်းတစ်ဖြစ်တယ်။ ဒါပေမဲ့ အဲဒါကို သားကြိုက်ပါတယ်''

''သားတို့သီချင်းဆိုနေတယ်ဆို၊ အဲဒီကိစ္စရော''

''မာမီကလည်း အဲဒါတော့ မြန်မာမဆန်ပြန်တော့ဘူး။ အခု သားက အဆိုတော်တောင်ဖြစ်နေပြီ''

''အိုး! မိုင်ဂေါ့''

''သုံးယောက်အဖွဲ့မှာ သားက ခေါင်းဆောင်ပဲ''

''အောင်မြင်ရဲ့လား''

''မာမီသတိပြုမိလို့တဲ့ ဖြစ်ပါလိမ့်မယ်၊ မီးပွိုင့်တွေတော်တော်များများမှာ သားတို့သုံးယောက်ပုံက တော်တော်လွှမ်းမိုးနေတယ်လေ''

''မာမီညွှန်းမှန်း သားနဲ့မှပဲသိတော့တယ်၊ ဟိုရောက်ရင်တော့ သားဒက်ဒီကိုကြွားရအောင်လုံး ရအောင်ပေါ့။ ဒါနဲ့ မြန်မာနိုင်ငံတင်ပဲလား''

''မကဘူး အများကြီးလုပ်ဖို့ကြိုးစားနေပြီ''

''အဘိုးအဘွားတို့ရော ဘာပြောသလဲ''

''တရားသမားတွေပဲ၊ ဘာမှမပြောဘူး''

''အဘိုးနဲ့အဘွား ရိုးသွားကတွက်လာရင် မာမီပြန်တော့မယ်''





''ဒါဆို နောက်နှစ်ရက်တည်း လိုတော့တာပဲ''

''အင်း... လေယာဉ်လက်မှတ်တောင် ဘွတ်ကင်လုပ်ပြီးနေပြီ''

''သားအချိန်ရရင် သူငယ်ချင်းတွေနဲ့အတူ လာခဲ့ပါဦးမယ်။ သူတို့နှစ်ယောက်က ဘောလုံးပွဲသိပ်ကြိုက်တာလေ''

''မာမီမျှော်နေပါမယ်''

''မာမီ ဒီနေ့အပြင်ထွက်ဦးမှာလား''

''နေ့လယ်မှပါ''

''ဒါဆို သားအရင်သွားပြီနော်''

ဟုဆိုကာ လက်ကျန်ကော်ဖီကိုမော့ချကာ အိတ်ဆွဲပြီး ထွက်လာခဲ့တော့ အိမ်ဖော်မိန်းကလေးက သူစီးရန်ဖိနပ် ချပေးပါသည်၊ ထိုသို့ချပေးထားသောဖိနပ်ကို သူက ကောက်ယူကာ စင်ပေါ်သို့ပြန်တင်လိုက်ပြီးမှ...

''နောက်ဆို အဲဒီလိုတွေမလုပ်ပေးပါနဲ့၊ တခြားကိစ္စတွေပဲလုပ်ပါ။ အိမ်သန့်ရှင်းရေး ဝရန်းချက် အဝတ်လျှော်...ဟုတ်လား၊ ဒါတွေက ကိုယ်တာသားလုပ်လို့ရတဲ့အလုပ်တွေပါ။ ပြီးတော့ လူ့ချင်းနှိမ့်ချဆက်ဆံတဲ့ခေတ်က ကုန်သွားပြီ။ သဘောပေါက်တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူ့ထက်အသက်အနည်းငယ်ကြီးပုံရသော မိန်းကလေးက ဟုတ်ကဲ့ဟု သူ့အား တလေးတစားပြောနေပြန်သော သူ့အတွက် နေဝိုင်ရအဆင်မပြေဖြစ်ရသည်မှာအမှန်ပါ။

သူက သူ၏ပြိုင်ကားအပြာရောင်လေးပေါ် ခုန်တက်ပြီး ကားစက်နှိုးက တာမှလွတ်သည့်ကားတစ်စီးနှယ် ရွှတ်ခနဲမောင်းထွက်လာခဲ့ပါသည်။ သူဦးတည်လိုက်သည်မှာ သူတို့စုဝေးနေကျ Studio သို့ဖြစ်ပါသည်။ အဲဒီမှာ သံစဉ်တွေကိုရှာကြမည်။ သီချင်းတွေကို ရေးကြမည်။ ပြီးတော့ တကွက်ဆန်းအမျိုးမျိုးကို တီးထွင်ကြံဆရင်း သမိုင်းနှင့်ပတ်သက်တာတွေ၊ ယဉ်ကျေးမှုနှင့်ပတ်သက်တာတွေနှင့် ယခုလူနေမှုအဆင့်အမျိုးမျိုးတွေကိုပြောရင်း ဝေဖန်ကြမည်။ စကားတွေထဲကမှ စာသားတွေကိုနိုက်ဆွတ်ရင်း သီချင်းဖန်တီးကြမည်၊

ပြီးတော့ စိတ်ကူးပေါက်ရင်ပေါက်သလို လွတ်လွတ်လပ်လပ်ခရီးထွက်ကြမည်။ ဒါကလွဲ၍ ဘာအကြောင်းအရာကမှ ဘယ်လိုပုံစံမျိုးနှင့်မှ ရှုပ်ယှက်ခတ်အောင် ဝင်မလာကြပေ။ ဒါက နာမည်ကြီးတဲ့သူတို့အဖွဲ့၏ လျို့ဝှက်ချက်လားဆိုတာ မည်သူမှမသိနိုင်ပါချေ။





ကောင်ချောလေး သုံးယောက် ဖွဲ့ထားသော Blue Boy ဆိုလျှင်ပင် ကောင်မလေးတွေ သည်းသည်းလှုပ်နေကြသည်ထိ သူတို့အဖွဲ့က အောင်မြင်မှုရနေခဲ့ပါပြီ။ အောင်မြင်နေသောသူတို့အနားကို အချို့သောကောင်မလေးတွေက ကပ်လာကြပေမယ့် အနေတည်ပြီး လိမ္မာပါးနပ်စွာ ရှောင်ကွင်းတတ်၍ အရှုပ်အရှင်းကင်းလှပါသည်။

ပြီးတော့ သူတို့အဖွဲ့မန်နေဂျာမပုံက တော်တာကြောင့်လည်း ပါပေလိမ့်မည်။ မပုံက အချိုးသမီးပေမယ့် ကိုယ်ရံတော်ကောင်းတမျှ အားကိုးရပါသည်။ မြူဇစ်ကို ခံစားနိုင်စွမ်းမြင့်သည်။ ဒီနိုင်းကို ဝေဖန်စွမ်းအားရှိသည်။ ကကွက်များကို မြင်နိုင်စွမ်းလည်းရှိသည်။ လူမှုရေးကောင်းမွန်ဂျူမို အသက်သုံးဆယ်ကျော်အရွယ် မပုံက သူတို့၏မိခင်နှင့်မခြား အားကိုးရသူဖြစ်ပါသည်။

သူတို့ကလည်း မပုံ၏ဦးဆောင်မှုအတိုင်း လိုက်လာခဲ့ရာမှ ခုလိုအချိန်တိုတိုအတွင်း အောင်မြင်လာခြင်းဖြစ်ပါသည်။ သူတို့က အနုပညာသမားများဖြစ်တာကြောင့် ငွေကြေးကိစ္စကို မပြောလိုကြပေ။ သူတို့နှင့်မပုံက သိပ်လိုက်ဖက်ညီပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့မကိုင်တွယ်လိုသည့်ငွေကြေးကိစ္စကို မပုံက တာဝန်ယူထား၍ မပုံက မန်နေဂျာဖြစ်သလို ဘဏ္ဍာရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



လည်းမည်ပေ၏။ မယုံရိုနေ၍သာ သူတို့ အပြင်ကိစ္စတို့စိတ်မရောက်ဖြစ်တော့ဘဲ အနုပညာအလုပ်ကို ကောင်းကောင်းလုပ်နိုင်နေသည်ဟု ယုံကြည်ပါသည်။ သူတို့ရဲ့ Blue Boy အဖွဲ့အတွက်တော့ မယုံဟာ ဘုရားပေးတဲ့လက်ဆောင်ဟု ဆိုရပေလိမ့်မည်။

သူ Studio သို့ရောက်သွားချိန်တွင် မယုံနှင့်အဝင်အထွက်ဆုံပါသည်။

"မောင်မင်းကြီးသား နောက်ကျလှချည်လား"

သူက မယုံရှေ့မှာပင် ကားကိုရပ်ကာ ကားပေါ်မှခုန်ဆင်းလိုက်ပြီး. . .

"မယုံ ဒီနေ့ ဒီမှာမနေဘူးလား"

"ရှူးများသွားပြီလား ကွန်းဖြေသေးရယ်။ နောက်သုံးရက်နေရင် ရှိုးပွဲရှိတယ်လေ။ အဲဒါ စင်အနေအထားကို ဒီနေ့ကြည့်မှ ဖြစ်မယ်လေ"

"ဪ. . . ဟုတ်သားပဲ ဟိုကောင်တွေရော ရောက်ကြပြီလား"

"မင်းတစ်ယောက်ကသာ နောက်အကျဆုံးပါ။ ထရော်နီရယ် နဝင်းရယ်က သီချင်းကိုနှစ်ကျော့လောက် ပြန်ပြီးနေပြီ"

"ဒီကောင်တွေက မီဒီယာရှိလာပါလား"





"ကဲကဲ. . . သွားတော့"

ဟုဆိုလျှင် သူက မှန်ချပ်ကိုတွန်းဝင်လိုက်ပါသည်။

"ဒီနေ့ မင်းကို လာမယ်တောင်မထင်ဘူး"

သူ့ကိုမြင်မြင်ချင်း နဝင်းကပြောလျှင် သူက အိတ်ကို စားပွဲပေါ်ပစ်တင်ကာ အပေါ်ဝတ်အင်္ကျီကိုချွတ်လိုက်ပြီးမှ. . .

"ဘာကိစ္စကြောင့်လောရမှာလဲ ခေါင်းကိုလည်း ကျည်ဆန်မှန်ထားဘဲနဲ့"

"မင်းရဲ့မားသားကြီး မပြန်သေးဘူးလား"

"နောက်နှစ်ရက်"

ဟုဆိုပြီး ဓာတ်ပြားတစ်ခုကိုယူကာ စက်ထဲထည့်လိုက်ပါသည်။ ခဏအတွင်းမှာပင် သီချင်းသံက အခန်းထဲ ညံသွားရ၏။ သုံးယောက်သားမှာ ဘာစကားမှမဆိုဖြစ်တော့ပါဘဲ သီချင်းတွင်သာ စီးမျောနေကြပါသည်။ ဤတွင် ကွန်းပလေးက ချက်ချင်း စက်ကိုပိတ်ပစ်လိုက်သည်။

"ဘာလို့လဲ"

"ငါတို့ မိန်းကလေးတစ်ယောက်ရဲ့အလှကိုဖွဲ့တဲ့သီချင်းမျိုးရေးရင် မကောင်းဘူးလား"

"ဘယ်လိုစိတ်ကူးရသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ကူးထဲ သံစဉ်တစ်ခုရှိနေတာကြာပြီ၊ သူက ငြိမ့်ညောင်းတယ်"

"ငါက အဲဒီလိုမဖွဲ့တတ်ဘူး မိန်းမတွေရဲ့အလှကို မခံစားတတ်ဘူး။ ခံစားတတ်အောင်လည်း ပတ်ဝန်းကျင်က မိန်းမလှတွေက မခွဲခဲ့ဆောင်နိုင်ဘူး"

ဟု နဝင်းကပြောလျှင် သူက နံရံတွင်ကပ်ထောင်ထားသော ပန်းပုရုပ်ကလေးကိုကြည့်ကာ. . .

"အဲဒီလိုမိန်းကလေးမျိုးဆိုရင်တော့ ငါကိုဆွဲခဲ့ဆောင်နိုင်မလားမသိဘူး"

ဟုဆိုလျှင် ကျန်နှစ်ယောက်လုံးပါ ထိုပန်းပုရုပ်ကိုကြည့်လိုက်ကြပြီး. . .

"ရူးများသွားပြီလား ကွန်းပလေးရယ်၊ ဒီလိုမိန်းကလေးက ဘယ်လိုကြောင့် အပြင်မှာရှိနိုင်မှာလဲ"

ဟု ခွမ်းတော်အုပ်ကိုငိုက်ပြီး သိမ်မွေ့စွာ ရပ်နေသော ပန်းပုရုပ်အား ညွှန်ပြလျှင်. . .

"မိန်းကလေးတွေ ဘာကြောင့် အဲလိုမသတ်ကြတာလဲ။ ဆံပင်ရှည်ကြီးတို့ အဲလိုထုံးဖွဲ့ထားရင် လုရဲ့သားနဲ့ ဘာကြောင့် ကောဝိုင်လေးမှ ကြိုက်နေကြတာလဲ၊ အဲဒီလိုလေးဝတ်ရင်လည်း





လှရဲ့သားနဲ့၊ ဘာကြောင့်များ"

"ခေတ်. . . ကွန်းပလေး ခေတ်၊ ဖုံးကွယ်လွန်းရင် ဆွဲဆောင်မှုမရှိဘူးဆိုတဲ့ခေတ်ကို ရောက်နေပြီလေ"

"အဲဒါတွေက ခန္ဓာပြစားသူတွေအတွက်ပါကွာ၊ အဲဒီစကားက အခြားသူတွေအတွက် လက်ခံနိုင်ကောင်းလက်ခံနိုင်လိမ့်မယ်၊ ဒါပေမဲ့ ငါ့ရဲ့အယူအဆကတော့ အရှက်ကိုလုံအောင်ဖုံးသင့်တယ်ထင်တယ်"

"အခြားသူတွေသာကြားရင် မင်းကို မြန်မာပြည်ဖွားအစင်ကြီးလို့ ထင်သွားပါဦးမယ်။ မင်းကိုတော့ တကယ်စံတင်တယ် ကွန်းပလေးရာ"

"နေစမ်းပါဦး ကွန်းပလေး၊ မင်းက ဘာကြောင့် မြန်မာပြည်မှာ နေချင်ရတာလဲ။ ပြီးတော့ ဘာကြောင့် ခေတ်နောက်ပြန်ဆွဲတဲ့အတွေးတွေ ရှိရတာလဲ။ အဲဒါ အကြောင်းအရင်းတော့ ရှိရမယ်"

"မရေရာတဲ့အဖြေကိုပဲ ပေးရမှာပဲ၊ စိတ်ပေါ့၊ ငါက မြန်မာရန့်ကိုကြိုက်တယ်၊ ပြီးတော့ အသိုးနဲ့အတူ ဘုန်းကြီးကျောင်းသွားရတာလည်း ကြိုက်တယ်။ လေလှကိုကြိုက်တယ်၊ နွေးထွေးတယ်။ အိမ်ထောင်ပြုမယ်ဆိုရင်တောင် မြန်မာမလေးကိုပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကူးထားတယ်''

''အဲဒီလောက်စိတ်ကူးရှင့်သန့်နေမှတော့ ရည်းစားလေး တစ်ယောက်လောက် ထားကြည့်ပါလား''

''ခံစားဘတ်သို့ အနုပညာခရီးကို လျှောက်လှမ်းနေမှ တော့ ရင်ထဲဝင်လာမှ လက်ခံလို့ရမှာပေါ့''

''ရှင်မခုန့်သေးဘူးလား၊ သက်နှင်းတို့ ကောသွယ်တို့ရော ကွာ။ သူတို့ မင်းကိုကြွေပုံရတယ်၊ သက်နှင်းက စူပါမော်ဒယ်လ် နော်၊ စိတ်ကူးမလွဲနဲ့။ ကေသွယ်ကလည်း ဒီနိုင်းလောကမှာ ဆရာ ကြီးပဲ''

''သူတို့က ငါ့စိတ်ကူးထဲက ပုံစံမျိုးမဟုတ်ဘူး၊ တော် ပြီကွာ၊ ဒီအကြောင်းရပ်ကြတို့။ ဆက်ပြောရင် မိန်းကလေးတွေရဲ့ သိက္ခာကိုထိခိုက်လာနိုင်တယ်''

''မင်းနဲ့သူငယ်ချင်းဖြစ်တဲ့အချိန်ကာလလို့ ငါတို့လည်း ယဉ် ကျေးလာရတော့တာပဲ''

''မင်းရင်ထဲကမိန်းကလေးပုံက ဘယ်လိုပုံမျိုးလဲ''

''ငါပြောချင်တာ အဲဒါပဲ၊ ငါတို့ ကိုယ့်ကိုယ်ကို မေးရမယ်၊ ငါတို့တွေရင်ထဲမှာ မိန်းကလေးက ဘယ်လိုပုံမျိုး ခိုကပ်နေသလဲ ဆိုတာကို ဆန်းစစ်ရမယ်။ ပြီးတော့ ရင်ထဲရှိတဲ့အတိုင်း မကျည့်





တဲ့စာသားမျိုးထည့်ပြီး ငါ့ဆီမှာရှိနှင့်ပြီးသားသံစဉ်နဲ့ပေါင်းမယ်''

''ကောင်းတယ်၊ အဲဒီ့စိတ်ကူး ကောင်းတယ်''

နုဝင်းကဆိုတော့ ရပ်နေရာမှ ကီးဘုတ်ရှေ့ ခုန်ဝင်လိုက် ပြီး လက်ကလေးများကို ပေါ့ပါးစွာပင် ပြေးလွှားလှုပ်ရှားလိုက် တော့ လှပသောသံစဉ်လေးများ ဖြစ်ပေါ်လာရပါသည်။

အချိန်ရလျှင် စာဖတ်ခြင်းဖြင့်သာ အချိန်ကိုကုန်ဆုံးစေ သည့်ကွန်းပလေးက ဂီတနှင့်ပတ်သက်သည့်တူရိယာအတော်များ များတွင်လည်း ဆရာကျသူမို့ ကွန်းပလေးကို နုဝင်းနှင့် ထရော နီတို့က မသိမသာ ဆရာတင်ထားရှိပါသည်။

ထိုသို့ ဘဝကို ပေါ့ပေါ့ပါးပါးနေသော ကွန်းပလေးထံ တွင် အပူဆိုတာလည်းမရှိသလို ပြဿနာဆိုတာလည်း မရှိခဲ့၍ ကွန်းပလေး၏ဘဝက တန်ချေပြင်အလား တည်ငြိမ်၍ပင် နေခဲ့ပါ သည်။

ဂုဂုဂု



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

တစ်ပတ်လျှိုဆံထုံးလေးကိုထုံး၍ ပိုနေသောဆံပင်အဖျား ပိုင်းလေးကို ရှေ့သို့ပို့ကာ သဇင်ပန်းသုံးခက်ကို ဆံထုံးနောက် မြီးတွင် ပန်ဆင်လိုက်သည်ဆိုလျှင်ပဲ မှန်ထဲတွင် ကျက်သရေရှိ သော အလှတစ်ခုက ပေါ်လွင်၍နေခဲ့ပါပြီ။

''ထိပ်ထားလေးကို ဆင်းလာခဲ့လို့ သခင်မကြီးအမိန့်ရှိ လိုက်ပါတယ်''

မယ်ပကာပြောလာတော့မှ တင်းထားသောစိတ်ကို ဖြေ လျှော့ကာ ထိုင်နေရာမှ ထရပ်လိုက်ပါသည်။

အဖြူရောင်ခေါင်းလောင်းလက်ရှည်လေးကို အဖြူပေါ် အစိမ်းဘောင်သည့်ကြိုးကြီးချိတ်နှင့် တွဲဖက်ဝတ်ဆင်ထားသည့်အပြီ



www.burmeseclassic.com

www.burmeseclassic.com



အလှက မဟာဆန်စွာပင် မှန်ထဲ၌ ကျက်သရေရှိနေခဲ့ပါသည်။

နီနှစ်ရောင်ကတ္တီပါပုံတော်ဖိနပ်လေးကိုစီးကာ ကျောက်စိမ်းဘယက်ကလေး ဆင်မြန်းလိုက်သည်ဆိုလျှင်ပဲ မျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့သူမှန်း သိပ်ကိုသိသာသွားရပါပြီ။

လက်ယာဘက်လှေကားအလယ်မှတစ်ဆင့် လှေကားထစ်များအား တစ်ထစ်ချင်းနင်း၍ ဆင်းခဲ့သည်တွင် လူအများ၏အာရုံစိုက်ခြင်းကို ခံခဲ့ရပါသည်။ အဘေးတော်ဘုရားနှင့် အနွယ်ဝင်အကြီးအကဲများအားလုံး စုံညီနေချိန်မို့ ခြေလှမ်းများကို သတိထားလျှောက်လှမ်းနေရပါသော်လည်း အပျိုစင်လေး၏ရင်ထဲ၌ နှလုံးစည်းချက်များတော့ မမှန်ချင်ပါ။ ဘာကြောင့်လဲဆိုတော့ ထိုထိုများပြားသောမျက်လုံးများထဲတွင် သူမနှင့် ဘိသိက်ခံမည့် ရာဇလက္ခဏာမင်းသားရော ပါနေသည်မဟုတ်လော။

သူက ကြွရောက်လာကြသောလူကြီးမင်းများအား အရိုအသေပြုကာ ဗိမ္မိထိုင်ရန် သတ်မှတ်ထားသည့်ခုံတွင် ဝင်ထိုင်လိုက်ချိန်အထိ သူမ ခေါင်းမဖော်ဝံ့တော့ပါချေ။ ဘာကြောင့်လဲဆိုတော့ သူမနှင့်မျက်နှာချင်းဆိုင်အရပ်တွင် ရာဇလက္ခဏာက တည့်တည့်ကြီးရှိနေမည်ကို အတတ်သိနေ၍ဖြစ်ပါသည်။

ဣန္ဒြေဆောင်သည့်ဒိန်းပျိုလေးမှ ယောက်ျားပျိုတစ်





ယောက်ျား၏မျက်နှာကို ရဲရဲကြည့်ဝံ့ပါချေ။ ကြင်ယာလောင်းမို့ တွေ့ချင်မြင်ချင်စိတ်လေးရှိပေမယ့် သူမကြည့်ဝံ့ပါချေ။ မျက်လုံးချင်းလည်း မဆုံဝံ့ပါချေ။

"စန္ဒြပဟာဘုရင်ကိုမတွေ့တာ တစ်နှစ်ကြာသွားခဲ့ပြီပဲ"

ဒါက ဘေးတော်ဘုရား မြည်တမ်းပြောဆိုလိုက်တာပါလားဆိုတာ သိလိုက်သော်လည်း လူကြီးသူမကို ရှိသေရင်းစွဲရှိသည့်သူမက ခွန်းတုံ့မပြန်မိပါချေ။

"ကဲ! ဒီနေ့ပွဲကတော့ အားလုံးသိပြီးဖြစ်လို့ ရှည်ရှည်ဝေးဝေးမပြောလိုတော့ဘူး။ ဒီပွဲကျင်းပရတဲ့အကြောင်းရင်းက နံပါတ်တစ် အနွယ်တော်တွေ မျက်နှာစုံညီချင်လို့၊ နံပါတ်နှစ် ထိပ်ထားလေးစန္ဒြမာတုလျှာနဲ့ မကြာသေးခင်ကမှ ချိတ်ဆက်မိခဲ့တဲ့ ဇမ္ဗူရအမတ်မင်းအနွယ်ဝင် ရာဇလက္ခဏာမင်းသားတို့ကို တွေ့ဆုံပေးချင်လို့ပဲ။ ကျုပ်မကွယ်လွန်မီမှာ အချင်းရှိတဲ့ နှလုံးရည်လက်ရုံးရည်နဲ့ပြည့်စုံတဲ့ ရာဇလက္ခဏာကို အကြီးတော်ရာထူးလွှဲပေးပြီး စန္ဒြမာတုလျှာမင်းသမီးနဲ့ ထိမ်းမြားပေးသွားချင်ပါတယ်။ အဲဒီအတွက် ခုလိုမျက်နှာစုံညီခေါ်ပြီး အားလုံးရဲ့ဆန္ဒကို အလေးထားတောင်းခံဖို့ပါ။ ကျုပ်အဆိုကို ကန့်ကွက်မယ့်လူရှိရင် ကန့်ကွက်နိုင်ပါတယ်၊ အေး. . . မကန့်ကွက်ခင် တစ်ခုထပ်ပြီးပြောချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အနွယ်ဝင်တွေထဲမှာ ရာဇလက္ခဏာထက် အချင်းရှိတဲ့လူ ရှိတယ်ဆိုမှ ကန့်ကွက်ကြပါ"

ပညာဉာဏ်ကြီးမားထက်မြက်လွန်းသည့် အဘေးတော် စကားအဆုံးမှာ ခန်းဆောင်တစ်ခုလုံးတွင် အင်ကျသံမျှကြားရ အောင်ပင် တိတ်ဆိတ်သွားပါသည်။ ထိုတိတ်ဆိတ်မှုက အတန် ကြာနေရာသွားပြီးနောက်. . .

"ကဲ! ကန့်ကွက်မယ့်လူမရှိရင် အတည်ပြုမယ်"

ဟု အဘေးတော်ဘုရားက ဩဇာသံအပြည့်ပါဝင်သော အသံဝါကြီးနှင့်ဆိုတော့ သူမ၏နှလုံးခုန်နှုန်းမှာ စံနှုန်းထက်ပိုခုန် လာရပါသည်။ တကယ်ပဲ ဘယ်သူမှမကန့်ကွက်တော့ဘူးလား။ အဲဒါဆိုရင် သူမက ဇော်မင်းနဲ့ ရာဇလက္ခဏာဆိုသူကို လက်ထပ် ရတော့မှာပေါ့။

"အနွယ်တော်တွေအားလုံးက မကန့်ကွက်ဘူးဆိုတော့ ဒါအားလုံးသဘောတူပါတယ်ဆိုတဲ့အဓိပ္ပာယ်ပဲ။ ကဲ! အခုမေးမှာ က ကာယကံရှင်တွေရဲ့ဆန္ဒပဲ။ ဆန္ဒဆိုသည့်တိုင် တစ်ခုကြိုပြီး ပြောထားမယ်၊ ဒါက အနွယ်တော်တွေရဲ့ဆန္ဒကြီးမို့ ကာယကံရှင် တွေက အလေးထားကြပါ။ နို့မဟုတ်လို့တော့ ဒါက အနွယ်တော် ကို အလေးမထားတော့ မလေးစားတာပဲ။ ကဲ! ရာဇလက္ခဏာက





အရင်ပြောပါ"

သူမ၏နှလုံးခုန်သံတွေမှာ တဒိန်းဒိန်းနှင့် ဆူညံ၍နေခဲ့ ပါသည်။ ရာဇလက္ခဏာ၏ဖြေသံကို မကြားရသေးခင် သူမနှလုံး များ ပွင့်ထွက်တော့မည်ထင်ပါရဲ့။

"မင်းသမီးစန္ဒြာတုလျာအား ငြင်းပယ်ရန်မဝံ့ပါဘူး။ မင်း သမီးနဲ့ ဘိသိက်တော်ဝင်ရမည့်အရေးကို ဝမ်းမြောက်မိကြောင်း ပါ"

အစဉ်အလာများကိုထိန်းသိမ်းပြီး လေယူလေသိမ်းမှန် မှန်နှင့် စကားလုံးက ထွက်ကျလာတော့ သူမအနေနှင့် ရာဇလက္ခ ဏာအား မကြည့်ဘဲမနေနိုင်တော့၍ သူမက ငုံ့နေသောခေါင်းကို မော့ကြည့်မိလိုက်ရာ သားနားသန့်ပြန့်သောရုပ်သွင်တစ်ခုကို တွေ့ လိုက်ရပါသည်။ နဖူးပြင်ကျယ်ကြီးကိုဖော်လှစ်စေရန် အပြောင် သိမ်းထားသောဆံပင်ပုံက သူ့ကိုခန့်ငြားစေခဲ့သည်ထင်ပါရဲ့။

ပြီးတော့ ကြည့်ပါဦး။ သူမကိုကြည့်နေလိုက်တာများ သူ့အကြည့်တွေက စွန်ရဲတစ်ကောင်လို စူးရဲတောက်ပနေသည်။ သူ့နှုတ်ခမ်းက ပြုံးနေတာလား တည်တင်းနေတာလား။

"ကဲ! ရာဇလက္ခဏာရဲ့ပြတ်ပြတ်သားသား မင်းဖယောက်ျား စကားကိုကြားပြီးပြီဆိုတော့ မင်းသမီးစန္ဒြာတုလျာရဲ့နှုတ်မှအသံ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကြားချင်ပါတယ်''

သူမ ဘာပြောနိုင်မှာမို့လဲ။ ချည့်ပြိုဆုပ်ပြီးပြောလာတဲ့ အဘေးတော်ရဲ့စကားကို သူမက ဘယ်လိုအင်အားမျိုးနှင့် မိုက်ရူးရဲဆန်ဆန် အံတုဝံ့မှာလဲ၊

''သမီးတော်''

မိခင်ဖြစ်သူကတော့ သတိပေးသည့်သဘောနှင့် ဝင်ပြီး ထောက်နေပါ၏။ သူမကတော့ အနွယ်တော်များ၏ သစ်ယောက်ချင်းစီမျက်နှာအား ဖြံ့ငုံကြည့်နေမိပြီး ရာဇလက္ခဏာထံ အကြည့်တို့က ရပ်သွားခဲ့ပါသည်။

တကယ်တော့ ငြင်းမယ်ဆိုလျှင်တောင် ရာဇလက္ခဏာအား အပြစ်ရှာစရာမရှိပါချေ၊ ဆင်းယောက်ျားတို့၏ ပြီးပြည့်စုံသော အရည်အချင်းများကို ရာဇလက္ခဏာ၏မျက်လုံးတွင် အသင်းသား တွေ့မြင်နေရပါသည်၊

''အဘေးတော်တို့ ဆန္ဒရှိသလိုစီစဉ်ပါ''

ဟူသော စကားလုံးလေးနှင့် ဖြေကြားလိုက်ပါ၏။ သူမ၏ ဖြေသံအဆုံးတွင် သက်ပြင်းချသံများက မသိမသာဆိုသလိုပင် ဟိန်းထွက်လာခဲ့ပါ၏။ သူမသဘောခေါက်လိုက်ပါပြီ။ သူမနှင့် ရာဇလက္ခဏာတို့လက်ဆက်ဖို့အရေး အနွယ်ဝင်အားလုံးက သိ





လာနေကြပါသည်ဆိုတာပေါ့။

''ကဲကဲ. . . အသာမြောက်သွားပြီမို့ အစီအစဉ်တွေဆွဲကြရအောင်၊ အဲဒီတော့ ကျုပ်က ရှင်းရှင်းပဲပြောမယ်။ ရာဇလက္ခဏာနဲ့ စန္ဒြမာဘုလျှာတို့က ခမ္မဆုံဖူးကြတာမို့ ရင်းနှီးမှုတော့လိုလိမ့်မယ်၊ အခြွေအရံတွေမပါဘဲ ဥယျာဉ်တော်ထဲစကားပြောနိုင်ရန် စီစဉ်ပေးကြစမ်း''

ဟူသော အဘေးတော်၏အမိန့်အောက်တွင် သူမနှင့် ရာဇလက္ခဏာတို့က ဥယျာဉ်တော်ထဲ စကားပြောဖို့ဖြစ်လာကြပါသည်။ အဘေးတော်ကိုလည်းကောင်း ရာဇလက္ခဏာအားလည်းကောင်း သူမကျေးဇူးတင်မိပါသည်၊ ဘာကြောင့်လဲဆိုတော့ မြေကြီးပေါ်ခြေချဖို့ခဲယဉ်းလွန်းသည့် သူမရဲ့ခြေထောက်များက မြေပေါ်နင်းရပြီမို့ပါ။

အပါးတော်မြဲဖြစ်သော သအိုဇာက နောက်ပါးတွင် ပါမလာခဲ့သည်မို့ သူမအဖို့တော့ ဟာတာတာကြီးခံစားနေရပါသည်။ ပြီးတော့ ယောက်ျားပျိုတစ်ယောက်၏ရှေ့မှာမို့လည်း အနေခက်လှပါသည်။ သူဟာ မိမိ၏ကြင်ယာလောင်းဆိုတာ သိနေပေမယ့် စိတ်ထဲ၌ မဝံ့မရဲရှိလှသည်။ လေအဝေ့အခွင့် သူမနှစ်သက်သော မွှေးရနံ့မျိုးက သူ့ထံမှလွင့်ပါးလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



တာ စန္ဒြရင်မှာ တစ်ချိုးပဲ''

"အပြင်ထွက်ရတာကို နှစ်သက်သလား"

"နှစ်သက်ပေမယ့် . . . ''

သူမ၏နှုတ်ဖျားက မည်သို့သောအကြောင်းတစ်ခုံတစ်ရာမှ ထွက်မလာတော့ပေမယ့် သူသဘောပေါက်လိုက်ပါသည်။ အမျိုးဂုဏ်ကိုထိန်းသိမ်းတယ်ဆိုတဲ့ခေါင်းစဉ်အောက်မှာ စန္ဒြမာတုလျာက အကျဉ်းသားဖြစ်နေရပါလားဆိုတာ သူသဘောပေါက်သွားမိပါသည်။

စန္ဒြမာတုလျာအား သနားကြင်နာမိပါသည်၊

''ဆက်ပြောပါ စန္ဒြမာတုလျာ"

''မခံ့ပါဘူး၊ အဘေးတော်ကာရှားက ကြင်ယာဘက်လို့ သတ်မှတ်လိုက်ပေမယ့် စန္ဒြရင်ထဲ ခုချိန်ထိ မခံ့ရဲသေးပါဘူး"

''စန္ဒြမာတုလျာရဲ့အကြောင်းအရာတချို့ကို ကိုယ်သိထားပါတယ်။ ထို့အတူပဲ ကိုယ့်အကြောင်းအချို့ကိုလည်း စန္ဒြသိလိမ့်မယ်လို့ ယူဆပါတယ်''

"ဟုတ်ကဲ့၊ နည်းနည်းပြောပြထားပါတယ်''

"စန္ဒြက လျှောင်အိမ်ထဲပိတ်မိနေတဲ့ ယုန်သူငယ်လေးလိုပါပဲ''





"'စန္ဒြ မရှင်းဘူးဆိုပေမယ့် ထပ်မမေးတော့ပါဘူး''

"'ကိုယ့်ရင်ထဲကို တစ်ခဏအတွင်း စေတနာတွေ ဝင်လာစေတယ်''

"ရှင်! ''

"ဟုတ်တယ်၊ ကိုယ်က ကိုယ့်ကိုစွမဟုတ်ရင် စိတ်မဝင်စားတတ်တဲ့လူစားမျိုးပါ။ ပြီးတော့ သူတစ်ပါးအကြောင်းကို ဆင့်ပွားတွေးခေါ်ဖို့ဆို ဝေးရောပေါ့။ ဒါပေမဲ့ စန္ဒြမာတုလျာကိုတော့ စိတ်ဝင်စားမိတယ်။ ပြီးတော့ စေတနာထားနေမိတယ်။ ဒါကြောင့် ကိုယ့်စေတနာကို အသိအမှတ်ပြုပါလား''

ဟုဆိုနေသော ရာဇလက္ခဏာအား နားမလည်နိုင်စွာပင် ကြည့်နေမိပါသည်၊ ရာဇလက္ခဏာက ဘာတွေပြောနေတာလဲ၊ ဘာကိုရည်ညွှန်းနေတာလဲ။ ဘာအဓိပ္ပာယ်နဲ့လဲ။

"'ကျွယ်ပြောလုတဲ့လောကကြီးကို မြင်အောင်ပြသချင်တယ်''

"ကျွယ်ပြောလှတဲ့လောကကြီး''

"ဟုတ်တယ်၊ တကယ်တမ်း လက်ရှိလောက,က စန္ဒြမာတုလျာနေနေရတဲ့စာအုပ်ထဲကလို မဟုတ်တော့ဘူး။ အရာရာပြောင်းလဲနေပြီး လူနေမှုအဆင့်တွေလည်း စာအုပ်ကြီးနဲ့ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တော့ဘူး"

စိတ်အားထက်သန်စွာ ဆိုလာသောရာဇဝင်ကျောအား အားကိုးတကြီးနှင့်ကြည့်ကာ. . .

"စန္ဒြာလည်းစိတ်ကူးရှိပေမယ့် မယ်တော်က ဆန္ဒရှိမှာ မဟုတ်ပါဘူး"

"ကိုယ်အများကြီးကူညီနိုင်မယ်ဆိုရင်ရော"

"ဒီက ရာဇဝင်ကျောက်မင်းသားကို တွေးဖူးတင်မှာပါ"

"ကိုယ့်ကို စည်းကမ်းကြီးနဲ့မခေါ်ပါနဲ့လား စန္ဒြာတုလျာ၊ ဘာလို့လဲဆိုတော့ ကိုယ်တို့က ကြင်ယာဖက်တွေလေ။ အများရှေ့မှာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဒီလိုနှစ်ဦးချင်းရှေ့မှာတော့ စိမ်းနေသလိုဖြစ်တယ်"

"ကောင်းပါပြီ မောင်တော်ဖုရား၊ အဲ. . . မောင်ကြီးလို့ ခေါ်ပါရစေ"

"ဘာလို့လဲ"

"ခဏအတွင်းမှာ အစ်ကိုတော်တစ်ယောက် ရောက်ရှိလာသလိုခံစားရလို့ပါ"

"ကောင်းပါပြီလေ၊ ကိုယ်ကလည်း စန္ဒြာတုလျာကို နှမလို့ခေါ်ပါ့မယ်"





"မောင်ကြီး သဘောကျပါ"

ပါးအိုးလေး ရဲတက်အောင် လှပါသောစန္ဒြာတုလျာကို အမှတ်တမဲ့ငေးနေမိပါသည်။ ပြစ်မျိုးမဲ့ထင်အလှမျိုးဆိုတာ စန္ဒြာတုလျာကိုများရည်ညွှန်းပြီး ပြောခဲ့လေသလားဟုထင်မှတ်မိပါသည်။

စန္ဒြာတုလျာက အံကြမ်းဖျဉ်းကြည့်လျှင်ပင် နေမထိုးလေမခသော အသားအရေဖွေးဖွေးဖြူကို ထင်းခနဲတွေ့မြင်ရပါသည်။ မျက်နှာတွင် သနပ်ခါးရေကျဲအား ခပ်မှန်မှန်လူးထားရုံမှတစ်ပါး အေးမေကူသောနှုတ်ခမ်းတစ်လျှာက နီရဲစိုရွှဲ၍ သဘာဝအတိုင်း ဖူးဖူးနုနုလေး လှနေခဲ့ပါသည်၊

ဖြောင့်စင်းသောပီတုန်းရောင် ကေသာကလည်း ထူထဲပြီး မျက်နှာနှင့်လိုက်ဖက်အောင် ကျက်သရေရှိနေခဲ့ပါသည်။ ဘဲဥပုံမျက်နှာကျလေးနှင့်လိုက်ဖက်အောင် ကိုယ်ခန္ဓာမှာ သေးသေးသွယ်သွယ်လေး လှနေပါ၏။ မြန်မာဆန်စွာ သိမ်မွေ့လွန်းသော အလှတွင် သုနှစ်မျော၍နေမိပါသည်။

စန္ဒြာတုလျာအား မြင်မြင်ချင်းနှစ်သက်ခဲ့သောသူက စန္ဒြာတုလျာ၏ရိုးရှင်းသောဘဝဖြတ်ကျော်မှုများကို သိလိုက်ရမှတော့ တစ်ခဏအတွင်းမှာပင် ချစ်မိသွားခဲ့ပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ခုလို စန္ဒြမာတာလျာနှင့် အတူရှိနေခြင်းအပေါ် ကျေနပ်ပီတိဖြစ်နေခဲ့ပါပြီ၊ ပြီးတော့ ခုလိုပဲ စန္ဒြမာတာလျာနှင့် အချိန်တိုင်း အတူရှိချင်မိပါပြီ။

သူ လောဘများကြီးသွားလေပြီလား...

ဂျူဂျူဂျူ



အခန်း-(၅)

“မင်းနဲ့ခင်ချင်လို့တဲ့ ငါ့နားချည်းကပ်လာတယ်။ ပေါ်တင်ပြောပြီး ပေါ်တင်ဝင်လာတာ။ ကွန်းပလေး၊ ငါဘာလုပ်ရမှာလဲ”

“ဒီနှီးကလေးမဟုတ်လား”

“သီလုချည်လား”

“အရှင်းကြီးပဲ၊ ဘာမှမသိစရာအကြောင်းမရှိဘူး”

ဟုဆိုကာ စားပွဲပေါ် ခြေထောက်တင်ပြီး ထိုင်ခုံပေါ် လျော့လျဲလဲ့မှီချလိုက်ပါသည်။

“ခွန်းခြွေတဲ့... ချစ်ခွန်းခြွေတဲ့”

“မော်ဒယ်လ်အသစ်လေး မဟုတ်လား၊ ဟော့ကောင် ကွန်းပလေး၊ စိတ်ကူးမယှဉ်နဲ့နော်။ သူက အရမ်းကိုအပုံစားထဲ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ''

''တစ်ခါတစ်ရံမှာ လူ့လောကကြီးက စည်းချဉ်းစည်းကမ်းတွေကို ငါမုန်းမိတယ်။ နာမည်ကြီးချင်တဲ့ဘက်သစ်စတွေက နာမည်ကြီးနေတဲ့လူတွေနား ချဉ်းကပ်တယ်၊ အဲဒါက အလွယ်ဆုံးနည်းလမ်းပဲလေ။ ပေါ်ပြူလာနဲ့ဘာလို့လိုဆို အလိုလိုပေါ်ပြူလာဖြစ်ပြီးသားပဲ။ ငါက အဲဒီလို သူများအနင်းခံ လှေကားတစ်စင်းမဖြစ်ချင်ဘူး။ ပြီးတော့ ငါကိုယ်တိုင်ကလည်း ဘယ်သူ့အပေါ်မှ တက်မနင်းချင်ဘူး။ စစ်မှန်တဲ့နဲ့ကြိုးစားစမ်းပါ။ ကိုယ်နဲ့ထိုက်တန်မှုက အဆင်သင့်စောင့်ကြိုနေပါတယ်''

''အမှန်တော့ ကွန်းပလေး, မင်းဟာ စာရေးဆရာလုပ်သင့်တာ''

''လုပ်ဖို့ရည်ရွယ်ထားပါတယ်၊ ငါက မြန်မာစာကို အခြေခံပညာကအစ မသင်ခဲ့ရလို့ အများကြီးလေ့လာနေရတာ။ နို့မဟုတ်လို့တော့ ဒီအချိန် စာအုပ်ထောင် ဖြန့်ပြီးနေပြီ''

''အရှုံးပေးပါတယ်ကွာ''

ဟု ထဝေ့နီက လက်မြှောက်ပြလာသော သူက နှုတ်ခမ်းတွန့်ရုံ တစ်ချက်ပြုံးလိုက်မိပါသည်။

''ဒီနေ့တစ်နေကုန် မပုံရဲ့အရိပ်ကိုမတွေ့ရသေးပါလား''





''မပုံတော့ ဘာတွေအကျက်ရွေ့နေပြန်ပြီလဲမသိဘူး''

ဟု သူတို့က မပုံကို ဝေဖန်ရေးဆင်းနည်းဟု ကြံရွယ်ဆိုက် အခန်းဘံခါးမှာ ဝုန်းခနဲပွင့်သွားရကာ မပုံ ဝင်လာခဲ့ပါသည်။

''အသက်ရှူညဉ်ဦးမယ်''

''ဘာတွေကို မဟုတ်ကဟုတ်က ပြောနေကြလို့လဲ''

ဟုဆိုကာ လွယ်ထားသောအိတ်ကြီးကို ခုံပေါ်ပစ်တင်ပြီး ကုတင်တစ်ဘူးကို ဖွင့်သောက်လိုက်ပါသည်။

''ဘယ်တွေသွားနေတာလဲ၊ ကျွန်တော်တို့ ခုထိနေ့လယ်စာမစားရသေးဘူး''

''ကွန်းပလေးရဲ့အရှုပ်ပော့၊ အဲဒါလိုက်ရှင်းနေရတာ''

''ကျွန်တော့်အရှုပ်ဟုတ်လား။ ကျွန်တော်က ဘာတွေရှုပ်ထားလို့လဲ''

''မင်းမရှုပ်ပေမယ့် ဟိုက လိုက်ရှုပ်နေဘယ်ပော့''

''ဘယ်သူလဲ''

''ချစ်ခွန်းခြွေလေ''

ဟုဆိုတော့ သူတို့သုံးယောက်လုံးမှာ မျက်ခုံးတွေ ပင့်ကုန်ကြပါသည်။ ဒါကိုပဲ မပုံက တအံ့တသြလုပ်ကာ. . .

''မင်းတို့က ချစ်ခွန်းခြွေအကြောင်းပြောနေကြတာလား''



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ"

"ဒီတစ်ခေါက်ကတော့ တောက်တဲ့ရှုံးလောက်တယ် ကွန်းပလေးရယ်။ မရှုပ်တာ အကောင်းဆုံးပဲ"

"ဘာလို့လဲ"

"ဘာရမှာလဲဟဲ့၊ ခုလည်း ဖါ်ကိုအတင်းဆင်ရောနေလို့ ငါမနည်းရှင်းထုတ်ခဲ့ရတယ်။ အခုမှအချိန်ယူပြီး ပျိုသန်းခါစဖြစ်တဲ့ ငါတို့ Blue Boy ကို ကောလာဟလအထွက်မခံနိုင်ဘူးလေ။ ကောင်လေးတွေနော်၊ ယောက်ျားပီပီ ကျခြေသိက္ခာနဲ့နေနိုင်ပါမှ တန်ကာကျမယ်။ ခုခေတ်ကောင်မလေးတွေက လွယ်တာမဟုတ်ဘူး။ ကိုရီးယားကားတွေကြည့်ပြီး အချစ်သူရဲကောင်းလုပ်ချင်နေကြတာ။ ဟွန်း. . . တော်တော်မလွယ်ဘူးဘဲ"

"ဘာတွေကို အဲဒီလောက်ထိ မောနေရတာလဲ မပုံ့ရာ"

"ဟဲ့! တော်ရုံဆို ဒီလောက်မောပါ့မလား။ အခုဟာက တော်ရုံမဟုတ်ဘူးဟဲ့"

"ဟာဗျာ. . .ဒီကိစ္စမျိုး ခုမှကြုံဖူးတာကျလို့ ကိုယ့်ဘက်က အနေရှင်းရင် အားလုံးအေးအေးဆေးဆေးပါ။ ကွန်းပလေးက ရေခဲတုံးကြီးဆိုတာ မပုံ့သိသားနဲ့"

"သိလို့ခက်နေတာပေါ့။ ခုချိန်ရည်းစားရှိရင် ရှေ့ထွက်





ပြဲ။ အဲဒါဆို ပြသနာက ရှင်းပြီ"

"ဘာလဲ၊ မပုံ့က ချစ်ခွန်းခြွေနဲ့သဘောမတူလို့လား"

"တူစရာလား၊ ကွန်းပလေးရဲ့အနေအထိုင်ကို ငါတို့အကုန်သိ။ အဲဒီချစ်ခွန်းခြွေဆိုတဲ့မော်ဒယ်လေးက ရုပ်ကလေးသာ စက်စက်ယိုအောင် လှပေမယ့် သတင်းတွေက လောက်ထက်နေပြီ၊ ဒါကိုသဘောတူစရာလား။ ခုတောင် အရှက်မရှိ ကွန်းပလေးက သူ့ရဲ့အိပ်မက်မင်းသားပါလို့ ဂျာနယ်ထဲ အင်တာဗျူးဖြေထားလို့"

"ဗျာ!"

"မဗျာနဲ့၊ ဒီကိစ္စက ငါ့ခေါင်းပေါ် မြွေရောက်နေပြီ။ ဘယ်အချိန် ပေါက်အသတ်ခံရမလဲမသိဘူး"

"လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်ဆိုတဲ့အခြေအနေကို ရောက်နေပြီ ကွန်းပလေး"

"တံဆိပ်ဘုံးမရိုက်ရုံတမယ်ပေါ့၊ ဘာထူးသေးလို့လဲ"

"သတ္တိကတော့ လက်လန်တယ်"

ထရော်နီနှင့်နဝင်းက အမျိုးမျိုးပြောဆိုနေကြပါသော်လည်း ကွန်းပလေးကတော့ ငြိမ်သက်၍နေခဲ့ပါသည်။

"ဟော့ကောင်! ဘာဖြစ်သွားတာလဲ၊ ဆွံ့အသွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩလွန်းလို့ပါ၊ မှန်နန်းဆောင်မှာ ငါဖတ်ခဲ့ရတဲ့ မြန်မာမိန်းကလေးတွေနဲ့ အခုလက်ရှိတွေ့က ခြားနားလွန်းတာကို တွေ့ကြည့်မိတာပါ"

"ရာဇဝင်တွေကို ခေါက်ထား သူငယ်ချင်း၊ ဒီကိစ္စကို မင်းဘက်က ဘာထပ်ပြောမလဲ"

"ဟုတ်တယ်၊ သဘင်သမားတွေက မကြာခင် မင်းဆီ ရောက်လာကြမှာပဲ"

"ကျွန်တော့်ရင်ထဲကို ချစ်ခွန်းခြွေမဝင်နိုင်ပါဘူး။ ဒါမှ မဟုတ် ကျွန်တော်က ချစ်ခွန်းခြွေကိုမကြိုက်ပါဘူး။ ဒါမှမဟုတ် ချစ်ခွန်းခြွေက ကျွန်တော့်ရဲ့အိပ်မက်နတ်သမီးမဖြစ်နိုင်ပါဘူး။ ငါက အဲဒီလိုဖြေရမှာလား"

"ဖြေသင့်ဖြေရမှာပေါ့၊ မဖြေလို့ ခေါင်းငုံ့ခံနေရင် မင်းက တိုင်းသိပြည်သိ ချစ်ခွန်းခြွေရဲ့ချစ်သူဖြစ်သွားမှာပေါ့"

"အဲဒီလိုဖြေလိုက်တော့ရော ဘာတွေကောင်းလာရော ရှိလာနိုင်မှာလဲ၊ ချစ်ခွန်းခြွေလည်း ဒီလောကထဲ အများကြီးကို လျှောက်လှမ်းရဦးမှာပဲ။ ငါက သူ့ခြေထောက်တွေကို ရိုက်ချိုး မပစ်ချင်ဘူး။ ပြီးတော့ သူဟာ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေး လေ။ သူ့ရဲ့ဘဝရပ်တည်မှုနဲ့သိက္ခာကို ငါစဉ်းစားရလိမ့်မယ်"





"အဲဒီတော့ မင်းက ဘာလုပ်မှာလဲ"

"ခဏတော့ ခရီးထွက်ရင်း ရှောင်နေလိုက်မယ်။ သွေးအေးသွားတော့ နည်းလမ်းကောင်းတွေ ထွက်လာမှာပေါ့"

ဟု သူဟာဆိုတော့ အားလုံးမှာ ခေတ္တငြိမ်ကျသွားရပြီး မပုံ့က လက်ဖြောက်တစ်ချက်တီးကာ. . .

"ကောင်းတယ်၊ အဲဒါကောင်းတယ်။ မင်းတို့လည်း ပွဲပမ်းတော့ အနားယူသင့်တယ်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့။ ပြီးတော့ ဘုရားဖူးရင်း လိပ်ဥတူးဆိုသလို ပုဂံဘက် ဘုရားဖူး သွားကြပါလား။ အဲဒီမှာက ဆုံညံ့သံကင်းဝေးတယ်လေ၊ အလျှဉ်း သင့်ရင် ဘီချင်းကောင်းလေးတွေ ဖါချင်ပါလာမှာ"

မပုံ့က အကြံပြုတော့ နဝင်းက မပုံ့ကိုကြည့်ကာ. . .

"မပုံ့ရော မလိုက်ဘူးလား"

"ငါက အခြေအနေကြည့်ရမယ်လေ၊ စိတ်မပူပါနဲ့၊ အားလုံးအဆင်ပြေရပါစေမယ်။ ဟိုတယ်ကို ဘွတ်ကင်လုပ်ပေးမယ်။ အနေအထိုင် အစားအသောက် အသွားအလာ ဘာမှအခက်အခဲ မရှိစေရဘူး။ ဟုတ်လား"

"ကောင်းပါတယ်၊ ငါတို့ချင်း လွတ်လွတ်လပ်လပ်သွားတာပေါ့၊ ငါလည်း ပုဂံကိုသွားချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး, စကားပြောတာ ကြည့်ပြောနော်။ ခေတနားပျက်အောင်မလုပ်နဲ့၊ ဘာ ငါတို့ချင်း လွှတ်လွှတ်လပ်လပ်လဲ"

"အမှန်က မပုံက ယောကျ်ားလေးဖြစ်ရမှာဗျ"

"တော်ပါပြီဟယ်၊ ငါ့ဘဝနဲ့ငါ ကျေနပ်နေပါပြီ။ ဘာလဲ မင်းတို့က ယောကျ်ားလေးမန်နေရှာပဲ လိုတာလား"

"ဟာဗျာ... မဟုတ်ပါဘူး။ ချစ်မကြီးကလည်း"

မပုံက စိတ်ဆိုးဟန်နှင့်ပြောတော့ သူတို့သုံးယောက်လုံးမှာ ပြုံးဖြီးဖြီးဖြစ်သွားရပြန်ပါသည်။

မပုံ့စိတ်ဆိုးမှာတော့ သူတို့စိုးရိမ်ရပါသည်။ ဘာလို့လဲဆိုတော့ မပုံဟာ သူတို့အတွက် အာလာဒင်မီးဒါ။



## အခန်း (၆)

"မယ်ဖုရား... ကျန်းခန့်သာလို့ မာပါလေစ"

"ပို့သတဲ့မေတ္တာကြောင့် ကျန်းမာရွှင်လန်းလျက်ပါပဲ"

အချင်းချင်းနှုတ်ဆက်ကာ ခုံပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်မိကြပါသည်၊

"အကြီးတော် သစ္စဒါပတီက နိုင်ငံခြားခရီးထွက်သွားတယ်လို့ကြားပါတယ်"

"စက်ရုံအတွက် အထည်တွေကိစ္စပါ၊ ဒါနဲ့ ရာဇလက္ခဏာက မန္တလေးမှာရှိတဲ့ဘိုးတော်ဘုရားဆီ သွားမှာဆို"

"နောက်နှစ်ရက်နေမှပါ၊ အခုတော့ ဒီမှာကိစ္စလေးတွေ မပြတ်သေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွယ် ကောင်းတယ်၊ မင်းပေါက်ချားဆိုတာက အဖက်ဖက်ကဝတ္ထုချွန်တာကောင်းတယ်။ စာပေကျွမ်းဝန်သူရသတ္တိ အားလုံးပဲ။ ဒါပေမဲ့ ဒီခေတ်တော့ တစ်မျိုးထင်တိုးပြန်ရော။ စီးပွားရေးဒါအမြင်ရှိရတာ ပြည့်စုံပါတယ်။ ရာဇလက္ခဏာက အနွယ်ဝင်များရဲ့အကြီးတော်ရာထူးကိုရဖို့ အတိုက်အခံဆုံးလူပါ။ အဲဒါမှ အနွယ်ဝင်ထဲမှာ ဆင်းရဲနိမ့်ပါးသူ ရှိမှာကို။ ဒါနဲ့ ရာထူးကို ဘယ်တော့အပ်နှင်းမယ်လို့ ဘိုးတော်ဘုရား အမိန့်ရှိသလဲ"

"စန္ဒြမာတုလျာနဲ့ထိမ်းမြားတဲ့နေ့လို့ ဆိုပါတယ်"

"ကောင်းပါတယ်၊ ဘကယ်တော့ မယ်ဖုရားတို့လည်း သမီးတော်အတွက် စိတ်အေးချင်လှပြီ။ ရာဇလက္ခဏာနဲ့ဆိုရင်တော့ စိတ်ချရပါပြီ။ အမှန်ကိုမကွယ်ဝှက်တမ်းဆိုရရင်တော့ မျိုးဆက်ပြတ်မည့်အရေး တွေးပူထိတ်လန့်မိတယ်။ ကုန်းဘောင်မင်းဆက်ထဲမှာတော့ စန္ဒြမာတုလျာမင်းသမီးက နောက်ဆုံးပဲ။ ကံကြောင့်ဆိုလေမလားပဲ၊ မျိုးဆက်များက သက်ဆိုးမရှည်ကြဘူး။ ကျိန်စာများ မိလေသလားလို့တောင် သံသယဝင်မိခဲ့ပါတယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ မယ်ဖုရား။ ဒီအကြောင်းကို ကျွန်တော်လည်း စိတ်ဝင်စားပါတယ်"





"ဘိုးတော်ဘုရားက မင်းတုန်းမင်းတရားကြီးရဲ့မြေးတော်ဆိုတာ ရာဇလက္ခဏာသိပြီးသားပါ"

"ဟုတ်ကဲ့"

"ဘိုးတော်ဘုရားထံ သားနှစ်ပါးဖွားမြင်ခဲ့တယ်၊ တစ်ပါးက ခေတ်မကောင်းချိန်မို့ မိုင်းထိသေဆုံးခဲ့ပြီး တစ်ပါးနဲ့နေလာခဲ့ရာက အနွယ်တော်ဝင်တစ်ဦးနဲ့ ဘိသိက်ခံပြီး သုံးရက်မျှ ပေါင်းသင်းရပါသေးတယ်။ ခေတ်မကောင်းချိန်မို့ မိုင်းထိပြန်ရော။ ဘိုးတော်ဘုရားမှာ သောကဝေခဲ့ရတာပေါ့ကွယ်။ မျိုးဆက်ပြတ်ပြီဆိုပြီး စိတ်မကောင်းဖြစ်နေရာက ကံကောင်းချင်တော့ မောင်တော်သစ္စဒါပတီကို ပဋိသန္ဓေတည်ခဲ့ပြန်ရော။ ခက်တာက သားဆက်နည်းတော့ မယ်ဖုရားတို့မှာ သမီးတော်လေးနှစ်ပါး ဖွားမြင်ခဲ့ပါတယ်၊ ကိန္နရာရီမင်းသမီးက ငယ်ငယ်ရွယ်ရွယ်နဲ့ လွန်ပြန်ရော။ အဲဒီအချိန်မှာ စန္ဒြမာတုလျာက အသက်ငါးနှစ်ပဲရှိသေးတာ။ ကိန္နရရာရီနဲ့ စန္ဒြမာတုလျာက ဆယ့်သုံးနှစ်ကွာတယ်။ မျိုးဆက်ကိုတွေးပူမိတာကြောင့် ပိုးကောင်လေးနဲ့မခြား စန္ဒြမာတုလျာကို တယုတယမွေးခဲ့ရတာပဲ။ စန္ဒြမာတုလျာက သွေးသားနုတယ်၊ လေကြမ်းအထိမခံနိုင်ဘူး။ ဟွန်း. . . မြေးတော်လေးကိုမြင်ရမှပဲ သက်ပြင်းချနိုင်တော့မယ်၊ ဘိုးတော်ဘုရားကလည်း တီတော်လေးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရမှ မျက်လုံးမှိတ်နိုင်တော့မယ်ထင်ပါရဲ့"

"မယ်ဖုရားတို့က အဲဒီလိုတွေးတော့ စိုးရိမ်စိတ်နဲ့ဆိုပေမယ့် စန္ဒြမာတုလျာအနေနဲ့ အနေကြပ်လှတယ်ထင်ပါရဲ့"

"ဘာကိုပြောချင်တာလဲ ရာဇလက္ခဏီ"

"နားနဲ့နေရာ ဖဝါးနဲ့နားယူတော်မူပါ မယ်ဖုရား"

"ပြောပါကွယ် ပြောပါ"

"မြင်ပလောကနဲ့ဝေးကွာလှပြီဖြစ်တဲ့ စန္ဒြမာတုလျာကို ကျွန်တော့်ထံအပ်နှံလှည့်ပါ။ စန္ဒြမာတုလျာကို မွဲတစ်ပေါက်မစွန်းစေရဘဲ စောင့်ရှောက်ပါ့မယ်"

"မင်းသားရဲ့စေတနာကို နားလည်ပေမယ့်လည်း တာဝန်ကြီးလှပါတယ်"

"စန္ဒြမာတုလျာက ကျွန်တော့်ရဲ့ကြင်ယာဖက်မို့ ခုလိုစည်းကျော်ပြီး လျှောက်ဘင်ရခြင်းဖြစ်ပါတယ် မယ်ဖုရား။ အဲဒီလို မျက်နှာပူပူနဲ့ အကြောက်တရားကင်းမဲ့စွာဆိုတဲ့ ကျွန်တော့်ရဲ့လျှောက်ထားမှုကို အလေးအနက်ထားပေးပါလို့ ထပ်ပြီးတောင်းဆိုပါရစေ။ စန္ဒြမာတုလျာကို မြင်ပလောကနဲ့ထိတွေ့ပေးစေချင်ရုံပါ မယ်ဖုရား၊ ရင်ထဲကစေတနာရင်းမြစ်ပါ"

ဟု သူက မယုတ်မလွန်ဆိုတော့ သက်ပြင်းချသံသဲ့သဲ့





ထွက်ပေါ်လာပြီးမှ. . .

"ကောင်းပြီ၊ ရာဇလက္ခဏီက အဲဒီလောက်စိတ်အားထက်သန်နေမှတော့ ဘိုးတော်ဘုရားနဲ့တိုင်ပင်ရတော့မှာပေါ့ကွယ်။ အနွယ်တော်တွေရှေ့မှောက်မှာလည်း ကြောင်းလမ်းပြီးသားဆိုတော့ ဘိုးတော်ဘုရားက ခွင့်ပြုမယ်တော့ ထင်တာပဲ။ မယ်ဖုရားအနေနဲ့တော့ သမီးတော်လေးကို ရာဇလက္ခဏီနဲ့ဆို စိတ်မချစရာအကြောင်းမရှိပါဘူး၊ ဒါနဲ့ ရာဇလက္ခဏီက သမီးတော်ကို ဘယ်သို့ပို့ဆောင်လေမလဲ"

"ပုဂံပြည်ကိုပါ"

"အလို! ပုဂံဝိတောင်"

"ဘုရားလည်းဖူးရင်း ပြီးတော့ စန္ဒြမာတုလျာနဲ့လည်း ရင်းနှီးမှုရယူချင်လို့ပါ။ ဟိုးရှေးအခါကတော့ အဲဒီခေတ်ခါဆိုပေမယ့် ခုချိန်အခါကတော့ မရင်းနှီးမကျွမ်းဝင်သူနှစ်ဦးရဲ့အိမ်ထောင်ရေးမှာ အခက်အခဲရှိမှာစိုးလို့ပါ"

"အေး. . .ဒီလိုဆိုတော့လည်း အကျိုးအကြောင်းညီညွတ်သားပဲ။ ကောင်းပြီလေ၊ ဘိုးတော်ဘုရားကို မယ်ဖုရားပြောကြည့်ပါ့မယ်။ ရာဇလက္ခဏီကို မယ်ဖုရားက စိတ်ချပေမယ့်လည်း အကာယ်၍ သွားဖြစ်ရင်တောင် သဒိုဇာကို သမီးတော်အပါး ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမှဖြစ်ခယ်"

သူဝမ်းသာသွားရပါသည်။

ရှုရှုးမိုက်မိုက်ပင် အရဲစွန့်ပြောလိုက်ရပေမယ့် သူ့ကိုယ်သူ မယုံကြည်ရဲခဲ့ပါချေ။

ကြင်ယာဖက်လို့သတ်မှတ်ထားကြပေမယ့် သူ့ဘက်က အဲဒီလိုတောင်းဆိုမှုကြီးက လွန်များသွားလေမလားဟု အကြိမ်ကြိမ်စဉ်းစားခဲ့ပါသော်လည်း အင်မတန် သနားစရာကောင်းလှသည့် လျောင်အိမ်စံတာဝနှင့် စန္ဒြာတုလျာအား ပြင်ပလောကကို တွေ့မြင်စေလိုသည့်စေတနာကိုမှု သင့်၏မသင့်၏ဆိုသည်က အနိုင်ယူသွားခဲ့ပါသည်။

ထို့ကြောင့် အမျက်တော်ရှူးဘာရှိလည်း မကြောက်ကြတော့ဘဲ ရဲရဲဝံ့ဝံ့ပင် မိုက်ရူးရဲဆန်စွာဆိုတော့ စေတနာအရင်းခံ၍ပဲလား ဤတောင်ကို မထင်မှတ်ဘဲ ကျော်လွှားသွားနိုင်သောကြောင့် ဖော်ပြမတတ်အောင်ပင် ပီတိဖြစ်ရပါသည်။

သူစိတ်လှုပ်ရှားနေခဲ့ပါသည်။ စန္ဒြာတုလျာနှင့်ခင်တွယ်ပြီး ဖြစ်ပေါ်လာမည့်ဘဝခရီးလမ်းကိုပေါ့။ ထိုသို့ အတွေးအဆမဲ့ ပီတိဖြစ်ရလေတိုင်း ဆိမ့်ဆိမ့်စိတ်ကို မိမိကြောက်မိပြန်ပါသည်။

ဘာလို့လဲဆိုတော့ စန္ဒြာတုလျာအား အဖြစ်မမြင်နိုင်





လောက်အောင်ပင် ရှုရှုးမိုက်မိုက်ချစ်မိသွားမှာစိုးသောကြောင့်ပါ။ ထိုသို့ချစ်မိသွားပါက အတွေကြီးချင်လာပေလိမ့်မည်။

တကယ်တော့ သူက မည်သည့်အတွေ့မျှမပါသည့်အချစ်မျိုးနှင့် စင်စင်ကြယ်ကြယ်ချစ်နေချင်သူပါလေ။

ဂုဏ်ဂုဏ်ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

သီရိပဗ္ဗယ်ဟိုတယ်ထဲ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ရင်ထဲအေးချမ်းသွားသလို ခံစားရပါ၏။ ကြိုတင်လွှတ်ခဲ့သော ကားကြောင့် သွားရေးလာရာမခက်ခဲပေမယ့် မြေမကျသည့်ခြေထောက်လေးများ၏အရှင်သခင်ဖြစ်သော စန္ဒြမာတုလျာကတော့ ကုရှင်ကိုမှီပြီး မှိန်းနေခဲ့ပါသည်။

ကားမှလေယာဉ်၊ လေယာဉ်မှကားဆိုတော့ သိပ်ကိုပင်ပမ်းသွားပြီနဲ့တူပါရဲ့။

"စန္ဒြမာတုလျာ၊ နေသာရဲ့လား"

အရှိန်ဘာနှင့် ဘေးချင်းယှဉ်လျက် ထိုင်နေသောသူက နောက်ခန်းသို့စောင်းငဲ့ကြည့်ကာမေးလျှင် စန္ဒြမာတုလျာက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးညိတ်ပြခြင်းဖြင့်သာ ဖြေကြားခဲ့ပါသည်။

"ထိပ်ထားလေးက ယာဉ်အစီးနည်းတော့ ပမ်းသွားတယ် ထင်ပါရဲ့မင်းသား"

"ဟိုတယ်ရောက်ရင် သံပုရာရည်ချဉ်ချဉ်လေး သောက်တော့ အမူးပြေမှာပါ"

"သအိုဇာတို့က ဒီမှာတည်းမှာလား မင်းသားလေး"

"ဟုတ်ပါတယ်၊ အခန်းကိုကြိုပြီး ဘွတ်ကင်လုပ်ပြီးနေပါပြီ"

"အို! လုလိုက်တာ၊ နန်းတော်ကြီးလိုပါပဲလား။ ထိပ်ထားလေး ထပါဦး၊ ကြည့်ပါဦး ထိပ်ထားရဲ့၊ ခမ်းနားလိုက်တဲ့နေရာကြီး"

သအိုဇာ၏အသံစာစာကို ကြားရတော့မှ မှေးစင်းနေသောသူမ၏မျက်လုံးများ ပွင့်လာခဲ့ပါသည်။ ခေါင်းထဲမှာ နောက်ကျိကျိဖြစ်နေသေး၍ စိတ်မကြည်ချင်ပါ။ ထို့ကြောင့် လှပခမ်းနားမှုကိုလည်း မခံစားတတ်လိုပါချေ။

ရာဇလက္ခဏာက သူမဆင်းရန် တံခါးဖွင့်ပေးပါသည်။ သူမက ကားပေါ်မှဆင်းချိန်၌ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားရ၍ ရာဇလက္ခဏာက အသာအယာထိန်းမထားခဲ့ပါသည်။





"ထိပ်ထားလေး နေသာရဲ့လား"

ဟုဆိုကာ သအိုဇာက သူမကိုယ်လေးကို ထိန်းမတ်လာတော့မှ သူမ၏လက်မောင်းကိုဆုပ်ကိုင်ထားသော ရာဇလက္ခဏာ၏လက်များက ဖြေလျှော့လာပါသည်။ ထိုအချိန်တွင် ဟိုတယ်ဝန်ထမ်းများ ထွက်လာကာ နောက်ဖုံးထဲမှ အဝတ်အစားအိတ်များကို သယ်သွားခဲ့ပါသည်။

"စမြွမာတုသျှာ ခေါင်းအကြည်သေးဘူးထင်တယ်၊ လေယာဉ်စီးတာ ဒါပထမဆုံးအကြိမ်မို့ပါ။ ကိုယ်လည်း ပထမဆုံးအကြိမ်တုန်းက ခေါင်းမူးတယ်"

"ရပါတယ် မောင်ကြီး၊ လုပ်စရာရှိတာကိုသာလုပ်ပါ၊ လေကောင်းလေသန့်ရှူလိုက်ရင် ကောင်းသွားမှာပါ"

"ဒါဆို သအိုဇာနဲ့အတူ လျှောက်ကြည့်ကြလေ၊ ကိုယ်အခန်းအတွက် စီစဉ်လိုက်ဦးမယ်၊ လွှတ်လွှတ်လပ်လပ်နေကြပါ။ အပျိုသင်စငှက်ကလေးလို ရဲရဲရင့်ရင့်နေပါ။ ဒါက ဟိုတယ်ဝင်းမို့ လုံခြုံပါတယ်၊ အခန်းတွေအားလုံး စီစဉ်ပြီးမှ ကိုယ်လာခေါ်ပါမယ်"

ဟုဆိုကာ ရာဇလက္ခဏာက လှပသောအဆောက်အဦးထဲဝင်သွားသဖြင့် သူမနှင့်သအိုဇာက လှပသောမြက်ခင်းစိမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဝင်ခဲ့ပါသည်။

"ရာသီဥတုက ပူတယ်နော် ထိပ်ထားလေး"

"အင်း. . . အင်္ဂလိပ်မှာတောင် ချွေးစို့ချင်နေပြီ"

"ထိပ်ထားလေး မပျော်ဘူးလား၊ သအိုဇာတော့ အရမ်းပျော်တာပဲ၊ ဒီလိုခရီးမျိုးထွက်ရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးဘူး။ ရာဇလက္ခဏာကို ကျေးဇူးတင်ရမယ်"

"ရာဇလက္ခဏာမင်းသားက အရာရာကို ချင့်ချင့်ချိန်ချိန် ဝေဖန်နိုင်သူပေပဲ ထိပ်ထားလေး ကံကောင်းမှာပါ။ ကံမကောင်းဘဲရှိပါ့မလားလေ၊ ရွှေလင်ပန်းနဲ့အချင်းခေးလာတာပဲ။ ထိပ်ထားလေးနဲ့မင်းသားလေးက သိပ်ကိုလိုက်ဖက်ညီတဲ့ ကိန္နရီမောင်နှံလို ရှေ့သွားနောက်လိုက်ညီတယ်။ မင်းသားလေးက ရုပ်ရည်ဘင်မက ပညာအရာပါ ပြည့်စုံပြီး နှလုံးရည်ပါရှိတဲ့လူ၊ အဲ. . . ထိပ်ထားလေးကျပြန်တော့လည်း ကုန္ဒြေရှိပြီး ကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့ ပြစ်မျိုးမဲ့မဝင်အလှပိုင်ရှင်။ ဟွန်း. . . သအိုဇာတော့ အားကျလိုက်တာ၊ အဘေးတော်ဘုရားက သိပ်ကိုတွဲဖက်ပေးတတ်တာပဲနော်၊ သအိုဇာကိုလည်း သင့်တော်သူနဲ့တွဲဖက်ပေးဖို့ အဘေးတော်ဘုရားကို ပြောပေးပါဦး ထိပ်ထားလေး"

"ဟယ်! သအိုဇာ၊ ဘာတွေပြောနေတာလဲ။ အခြားသူတွေကြားသွားမှဖြင့် သအိုဇာကို အမြင်စောင်းကုန်ပါ့မယ်။ ရွှေပေးလို့မရတဲ့ ကုန္ဒြေတွေက ကမ်းပြိုကုန်ပါလိမ့်မယ်"

"မကြားပါဘူး ထိပ်ထားလေးရဲ့၊ ဒီနားမှာ ဘယ်သူမှ မရှိပါဘူး။ ထိပ်ထားလေးနဲ့သအိုဇာနှစ်ယောက်တည်းရှိတယ်"

သအိုဇာက ဝဲယာကိုကြည့်ရင်းပြောတော့ သူမကပါ ဝဲယာကို လိုက်ကြည့်ဖြစ်ပါ၏။

"ထိပ်ထားလေး ကြည့်ပါဦး၊ ဒီကျောက်တုံးကြီးပေါ်မှာ ထိုင်ချင်စရာကောင်းလိုက်တာ"

"မထိုင်ပါနဲ့တော့ သအိုဇာရယ်၊ ရာသီဥတုက ပူပါရဲ့တယ်နဲ့၊ ကဲကဲ. . . ဝင်ရအောင်၊ ခုလောက်ဆို မောင်ကြီးလည်း အစီအစဉ်တွေ ပြီးလောက်ပေါ့"

ဟုဆိုရင်း ထွက်လာခဲ့ပါသည်။

ကွန်းလေး ပြီးနေမိပါ၏။ ကြားရသောစကားသံတွေက နားထဲတွင် တစ်မျိုးထူးခြားနေ၍ နားစွင့်နေမိရာမှ စိတ်ဝင်စားစရာအကြောင်းအရာတွေ ပါလာသောကြောင့် ထူးဆန်းသော ထိုအမျိုးသမီးနှစ်ယောက်ကို စိတ်ဝင်စားမိ၍ ကျောက်တုံးကြီးအကွယ်တွင် မှီထိုင်နေရာမှ ထရပ်လိုက်ရာ အမျိုးသမီးနှစ်ယောက်၏ကျောပြင်ကိုသာ တွေ့လိုက်ရပါသည်။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပိန်ပိန်သွယ်သွယ် ဖြူဖြူနုနုလေးပင် လှပသောနောက်ကျောအလှကို ပိုင်ဆိုင်ထားပါ၏။ ကြည့်စမ်းပါဦး၊ ဆံပင်ရှည်ကြီးက လှလိုက်တာ၊ တုံးခွဲထားရုံမက ပိုနေသောဆံပင်များကိုပင် ရှေ့သို့ပို့ထားပါသေး၏။ သူမရဲ့ဆံထုံးမှာ ပန်ထားသောပန်းက သဇင်ပန်းပဲဝင်ပါရဲ့။ ကြည့်စမ်းပါဦး၊ လမ်းလျှောက်နေပုံကလည်း ညင်သာသိမ်မွေ့လိုက်တာ၊ သူ့ရင်ထဲမှာ အမှတ်မထင် လှိုင်းဂယက်လေး ထသွားပါ၏။ သူမက ထိပ်ထားလေးဆိုသူထင်ပါရဲ့။ ခါးတုပ်တုပ် အရပ်ပုပုနဲ့ သူမဘေးမှအချိုးသမီးကတော့ သအိုဇာဖြစ်လိမ့်မည်ဆိုတာ ထပ်တွေးစရာမလိုလောက်အောင် သူသဘောပေါက်သွားပါသည်။

လှပသောသူမကျောပြင်လေးကို ငေးမောနေရာမှ သူမှင်တက်နေရပါသည်၊ ထိုစဉ် သူမခေါင်းမှ သဇင်ပန်းခက်လေးက ပြုတ်ကျလာရပါသည်။ ရှုတ်ချည်းဆိုသလိုပင် သူက မြင့်မားသောကျောက်တုံးကြီးကို ခုန်ကျော်ပြီး သဇင်ပန်းခက်လေးနားအမြန်ဆုံးပြေးသွားတော့ ပန်းခက်ကလေးကိုကောက်ပြီး . . .

"ထိပ်ထားလေး"

မထင်မှတ်ပါဘဲ ထိုနာမည်ကို နှုတ်မှအလွယ်တကူပင် ခေါ်မိသွားခဲ့ပါသည်။





"ထိပ်ထားလေး"

ခံတွင်းတွေ့သွား၍ပဲလား၊ နောက်ကျောအလှပိုင်ရှင်လေးကို မြင်ဖူးချင်မိ၍ပဲလား မသိပေမယ့် ဒုတိယအကြိမ်ခေါ်မိသွားပြန်ပါသည်။

"ထိပ်ထားလေး"

သုံးကြိမ်မြောက်မှာတော့ သူမက လှည့်ကြည့်လာခဲ့ပါသည်။ ကမ္ဘာမြေပေါ်ခြေချနေပါလားဆိုတာကို တခဏတော့ သူမေ့သွားခဲ့ပါသည်။ လှလိုက်တာ၊ လှရက်နိုင်လွန်းပါတယ်။

ဖူးနုတိုအိနေသော ဆေးမကူသည့်နှုတ်ခမ်းရဲရဲလေးတစ်လွှာ၊ စင်းကောနေသောမျက်တောင်မွေးများ ခြံရံထားသည့်မျက်လုံးဝိုင်းလေးတစ်စုံ၊ ကော့ညွှန်ဖြောင့်စင်းနေသောနှာတံစင်းစင်းလေးက ပါးအိုးခဲရဲလေးနှစ်ခုကြားတွင် ဘုရင်မကြီးအလား ခန့်ခန့်ထည်ထည်။ ကျယ်ပြန့်သော မဟာနဖူးပြင်ထက်တွင် ဆံစနုလေးများက မနှိုက်ရှိတင်ကျွန်ချစ်သည့် ဘဲဥပုံကျ သူမ၏မျက်နှာလေးမှာ ဝိုးစင်းလှပါသည်။

မိတ်ကပ်မကူသည့် သနပ်ခါးရေကျဲလေး လိမ်းထားသေးသည့် စင်ကြယ်သောထိမျက်နှာလှလှလေးက သူ့နှလုံးသားထဲ တံဆိပ်ရိုက်သိုက်သည့်အလားပင် တခဏအတွင်း၌ စွဲထင်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါသည်။ ကြည့်ပါဦး။ မရယ်မပြုံးနုတ်ခမ်းတစ်စုံနှင့် မျက်လုံး ဝိုင်းလေးများက ကော့ညွတ်သောမျက်တောင်များကြားမှ ကြည့်နေလိုက်တာ။

"ဒီမှာ အသဝ်၊ အသင်တာ ထိပ်ထားလေးကိုသိရဲ့လား"

သူမဘေးရှိ ခင်ပုပ္ပအမျိုးသမီးက ခပ်မာမာမေးလာတော့မှ သတိလက်လွတ်ဖြစ်နေသောသူက သတိဝင်သွားရကာ. . .

"ထိပ်ထားလေးနဲ့ သအိုဇာကတော့ ကျွန်တော့်ကိုသိမှာမဟုတ်ပါဘူး။ ဒါလေးကျနေခဲ့လို့ လာပေးတာပါ"

ဟုဆိုကာ သဇင်ပန်းခက်လေးကို လှမ်းပေးတော့ သအိုဇာက ခပ်ဆတ်ဆတ်ပင် လှမ်းယူကာ. . .

"ထိပ်ထားလေး ဝင်ကြရအောင်"

ဟုဆိုပြီး သအိုဇာဆိုသူက သူမ၏လက်ကို ညင်သာစွာဆွဲပြီးဝင်သွားတော့ သူကာ ထပ်မံ၍ငေးနေဖြစ်ပါသေးသည်။ သူမက သူ့ကိုတစ်ချက်လောက်၊ စောင်းငဲ့ကြည့်သွားရန် မျှော်လင့်ခဲ့မယ့်လည်း သူ့မျှော်လင့်ချက်တွေက ဖြစ်မလာပါချေ။ သူ့ရင်ထဲ ထိရှခံစားနေရပါသည်။ ပြီးတော့ ရင်ခုန်နေရပါသည်၊ ပြီးတော့ သူ့ကမ္ဘာက သာယာနေရပါသည်။ သူ့အပြုံးတွေက သက်ဝင်လှုပနေရပါသည်၊ ဒါသူသိချင်နေသည့်အဖြေများလား။



## အခန်း (၈)

"ဟုတ်လို့လား ကွန်းပလေးရာ"

"ဒါက ဇာတ်လမ်းထွင်ပြောတယ်လို့ ထင်နေတာလား"

"ဒီလိုအိုင်တီခေတ်ကြီးမှာ ဒါမျိုးက ရှိနိုင်လို့လား"

"ရှိလို့ပဲ ဒီဟိုတယ်ကိုရောက်နေပြီလေ"

"မဟုတ်သေးဘူး ကွန်းပလေး၊ ထားပါတော့ကွာ၊ ဟုတ်သည့်တိုင် စိတ်မအောင်တဲ့လူပဲဖြစ်ရမယ်"

"ယဉ်ယဉ်လေးရှုတယ်ဆိုတာတောင် မဖြစ်နိုင်မှန်း ငါ့မျက်လုံးနဲ့သက်သေပြခဲ့ပြီးပြီ"

"အဲဒါဆိုလည်း ထိပ်ထားလေးဆိုတာ သူ့နာမည်ပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင့်မျိုးဆက်မင်းသမီးကိုမှ ထိပ်တားလေးလို့ခေါ်တဲ့ ဝေါဟာရကို မင်းတို့က မြန်မာစစ်စစ်တွေဖြစ်ပြီး မသိကြဘူးလား"

"မြန်မာအစစ်တွေမို့ ပြောနေတာပေါ့ကွာ၊ မင်းခကြားဖူး လို့ပါ။ မင်းရှူး၊ ရှူးနေကြသူတွေ အများကြီးကွ"

"မဟုတ်ဘူး၊ အဲဒီမိန်းကလေးက မင်းတို့ထင်နေသလို မဟုတ်ဘူး"

"အဲဒီမိန်းကလေးမရှူးရင် မင်းရှူးနေလို့ပဲဖြစ်ရမယ် ကွန်း ပလေး"

"ကားပါတော့ကွာ မယုံလည်းမတတ်နိုင်ဘူး"

ဟုဆိုကာ ခပ်ကြည့်သူများအား ဆက်မပြောလိုတော့၍ ပုဂံဘုရားသမိုင်းစာအုပ်ကိုသာဆွဲယူပြီး လှန်လှောနေတော့ ကျန်နှစ်ယောက်က သူ့ကိုကြည့်ကာ ကြုံဖြန်ပါသည်။

"တကယ်ကြီးလား ကွန်းပလေး"

"ခေါင်းလောင်းလက်အင်္ကျီကို ဘော်ကြယ်တပ်ထား တယ်ကွာ။ ရင်ဖုံး၊ ချိတ်လုံချည်က အဖြူရုပ်ပေါ် အစိမ်းတင်၊ တစ်ပတ်လျှိုဆံထုံးနဲ့ သဇင်ပန်း ပန်ထားတယ်"

"ဘုရား ဘုရား၊ ခအောလေးနဲ့ အလွတ်ရသွားတာပဲ"

"အမှန်ကြီးဆိုရင်တော့ ငါတောင်စိတ်ဝင်စားလာပြီ"





ဟုနဝင်းကဆိုတော့ ထရော်နီက တွေးဆဆဖြစ်သွားပြီး

"ငါတို့နဲ့သက်တူရွယ်တူလောက်ရှိမယ်လို့ မင်းပြောတယ် နော် ကွန်းပလေး"

"အင်း. . . ငါအကဲခတ်မမှားနိုင်ဘူး"

"ဒီမိန်းကလေး စတန့်ထွင်တာရော မဖြစ်နိုင်ဘူးလား"

"ဘာလို့လဲ"

"မင်းပဲစဉ်းစားကြည့်လေ၊ လူငယ်တစ်ယောက်က တီဗွီ မကြည့်ဘူးလား။ သီချင်းနားမထောင်တဲ့လူက ရှိကောင်းရှိနိုင်လို့ ငါတို့ကိုမသိဘူးဆဲ. . . ထား၊ ငါတို့ရုပ်ပုံတွေက ကြော်ငြာထဲမှာ လှုပ်ရှားနေတာ၊ သူ မင်းကိုမသိဘူးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး ကွန်းပလေး၊ မိန်းမဆာယာ ဂါကိုးဖြာတဲ့။ ဒါ မင်းကိုချဉ်းကပ်ခြင်း နည်းလမ်းတစ်မျိုးပဲဖြစ်လိမ့်မယ်။ ဆန်းပြားတာကိုမှ လူတွေက သတိထားမိတာ ထုံးစံပဲ"

ထရော်နီက အချက်ကျကျဆိုတော့ ကွန်းပလေးမှာ အနည်းငယ်တွေဝေသွားခဲ့ပါသည်။ သို့သော် တောက်ပသောသူမ ၏မျက်ဝန်းကြည်ကြည်လေးများကို မြင်ယောင်လိုက်တော့. . .

"မဖြစ်နိုင်ဘူး၊ သူ ငါ့ကိုတကယ်မသိတာပါ။ ပြီးတော့ ဟိုင်းရှည်ကြီးက အတုမဟုတ်ဘူး. . . အစစ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတာ တွေးဆဆပြောတော့ နဝင်းက ပြုံးစိစိကြည့်နေပါသည်။

"Reception မှာ တစ်နေကုန်သွားထိုင်နေဦးမှပါပဲ။ ဘွန်းပလေးက မိန်းကလေးအကြောင်းကို စိတ်အားထက်သန်စွာ ပြောနေတော့ သူမကို ငါမြင်ဖူးမှဖြစ်တော့မယ်"

"ကဲ! ပြောနေ ကြာတယ်ကွာ။ အတည်ပြုကြရအောင်"

ဟု ဈောက်ခုံအိပ်နေရာမှ ထရော်နိုက ထရပ်တော့ နဝင်းကလည်း. . .

"ပြောမိုသာပြောတာ၊ ဖြစ်ပါ့မလားကွာ၊ ငါတို့ရုပ်ကြီးတွေနဲ့"

"ဦးထုပ်တစ်လုံးစီ ဆောင်းထားရင် ဝန်ထမ်းတာလွဲလို့ ညွှန့်သည်တွေမသိနိုင်ပါဘူး။ ညွှန့်သည်တွေထဲမှာသာ ခပ်ကဲကဲလေးတွေပါလို့တော့ မြွေပဲ"

"ဘယ်လိုလဲ၊ အိပ်ရမှာလား. . .ထရမှာလား"

"ကွန်းပလေးက ဒီလောက် အင်္ဂါရီတွေ ဝင်ထားမှတော့ အိပ်နေနိုင်ပါဦးမလား"

ဟုဆိုကာ သုံးယောက်သား ထချပ်လိုက်ကြပြီး လျှာထိုးဦးထုပ်ကို ကိုယ်စီပင် ခပ်ငိုက်ငိုက်ဆောင်း၍ မယောင်မလည်ပင်





ထွက်လာကြပြီး ညွှန့်ခန်းသက်တီတွင် အသီးသီးဝင်ထိုင်လိုက်ကြပါသည်။

"ဒီနေရာမှာ ဖင်အမြှပ်ပေါက်အောင် ထိုင်ရင်တော့ တွေ့နိုင်ပါတယ်"

"အတောင်ပေါက်ရင်တော့ မတွေ့နိုင်ဘူးပေါ့ကွာ၊ လူအစစ်ဆိုရင်တော့ ဒီနေရာကိုမကျော်ဘဲ ဘယ်မှသွားလို့မရဘူး"

ဟု သတင်းစာဟောင်းသုံးစောင်ကို ဆွဲယူလိုက်ကြပြီး မျက်နှာတွင်အခပ်လိုက်ကြတော့ ဝန်ထမ်းအချို့က သူတို့သုံးယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပါသည်။

"ဒီလိုကြီးကွယ်ထားရင်တော့ သူမမပြောနဲ့၊ ဂေါ်ဇီလာလာနေရင်တောင် ငါတို့တွေ့ဂိုက်ရမှာမဟုတ်ဘူး"

"မကွယ်လို့ရော ရမလားကွ။ သူတို့ပစ္စည်းအခိုးခံရတော့မလို ကြည့်နေကြတဲ့မျက်လုံးတွေနဲ့"

"စိတ်မပူကြပါနဲ့ကွာ၊ သူမရဲ့ကိုယ်သင်းရနံ့ကို ငါအလွတ်ရပါတယ်"

"သွားရှာပြီ ကွန်းပလေး၊ မင်းကို ငါတို့ဆေးရုံတင်ရတော့မယ်နဲ့တူတယ်"

ဟုဆိုချိန်တွင် ကွန်းပလေး၏နှာခေါင်းထက်တွင် သင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့နုံ့သာလေးကို ရှူသိုက်မိပါသည်။

"သူမ လာနေပြီ"

ဟု ပြောလည်းပြောအာ မျက်နှာတွင် အပ်ထားသော သတင်းစာကိုပါ ဖယ်လိုက်ရာ ခရမ်းရောင်ဝတ်စုံလေးနှင့် သူမကို ထင်းခနဲပင် ကားပေါ်မှဆင်းလာသည်ကို တွေ့လိုက်ရပါသည်။ သူ့ရင်ထဲ လမင်းတစ်စင်း ဖြတ်ပြေးသွားသည့်အလား အေးမြသွားရပါသည်။ ညှင်းသာစွာလှုပ်ခနေသော သူမ၏ခြေလှမ်းဆိုင်းကို သူရင်ခုန်နေမိပါသည်။ သူမဘာဖြစ်လို့ မပြုံးတာလဲ၊ သူမ ပြုံးလျှင် အဲဒီနှုတ်ခမ်းနီရဲရဲလေးများက ဘယ်လိုများနေလိမ့်မလဲ။

"ကိုယ့်ကို ကားပေါ်ကစောင့်ပါ"

ခပ်သန့်သန့်ပုဂ္ဂိုလ်ကာဘိုင်ချင် သူမက သေးဝဲယာကို မကြည့်ဘဲ ကုန်ခြေရွှေ့ပင် ညင်ညင်သာသာလေး ထွက်သွားခဲ့ပါသည်။

သူမကို သူက ကုန်ခြေပျောက်သောက်အောင် ငေးနေသော အခါ မျက်ဝန်းတစ်စုံ၏အကြည့်စူးစူးကို လက်ခံရရှိလိုက်ပါသည်။ ထိုမျက်ဝန်းကလည်း ရုန့်သိုင်းစွာကြည့်ပြီး၍ အကြည့်နှစ်ခုတို့က လမ်းခုလပ်၌ တိုက်ပွဲတစ်ခုဖြစ်ပွားနေရပါသည်။

ထိုပုဂ္ဂိုလ်က Reception တွင် သော့အပ်ပြီး ထွက်သွား





ခဲ့ပါသည်။ ကားပေါ်တွင် သူမနှင့်သအိုဇာ၊ ဒရိုင်ဘာအပါအဝင် စုစုပေါင်းသေးသောက်ဖြစ်ပါသည်။ သူ့ရင်ထဲ နာကျင်လာရမိပါ သည်။ ဘာမှန်းမသိပေမယ့်လည်း ထိုလူကို အလိုလိုမုန်းနေရင်း ဒေါသဖြစ်နေရပါ၏။

"ယောကျာ်း အသက်ရော ရှုံသေးရဲလားကွန်းပလေး"

သူပြန်မဖြေပါ။ သူ့စိတ်ထဲမကြည်လင်၍ပဲဖြစ်ပါ၏။

"ကွန့်ပလေးပြောလည်းပြောစရာပဲ၊ တော်တော်လှ တယ်နော်"

"ပိုင်ရှင်ကြီးနဲ့ပါကွာ"

"နံပါတ်ချိတ်ထားရှုံနေမှာပါ၊ တံဆိပ်ရိုက်ရသေးပုံမရ ဘူး။ ဘဲကြီးက ရေရေလည်လည်တင်းတယ်။ ငါတို့ကိုကိုင်ပေါက် တော့မလို ကြည့်သွားတယ်။ သုံးဆယ်ဝန်းကျင်လောက်တော့ ရှိလောက်ပြီထင်တယ်"

နဝင်းနှင့်ထရော်နီက အမျိုးမျိုးဝေဖန်နေကြပါသော် လည်း သူကတော့ သတင်းစာခေါက်ကိုဖြစ်သလိုပစ်တင်ကာ နေရာမှ ထထွက်လာခဲ့ပါသည်။

"ဘာဖြစ်သွားတာလဲကွ"

ကွန်းပလေး၏အော်ပြင်ကြောင့် နဝင်းက နားမလည်



www.burmeseclassic.com

www.burmeseclassic.com



သံယောင်ပြောလျှင် ဝေရော်နီက. . .

"မကြာခင်ပေါက်ကွဲတော့မယ့် ဗုံးတစ်လုံးလိုပဲ"

"အဲဒီ့ထိပ်ထားလေးကို ကွန်းပလေး ကြွေသွားပြီထင်တယ်"

"ငါတော့ အနှစ်ချုပ်အငွေ့အသက်တွေ ရှူမိနေပြီ၊ မျက်နုံးတော့ ခပ်လှုပ်လှုပ်ပဲ"

"ငါရော့ပဲ၊ အဲဒီကောင်က စိတ်ကြီးတယ်။ မဖြစ်ဘူး။ မပုံကိုစစ်ကူတောင်းရ ကွန်းပလေးရဲ့စိတ်ဓာတ်ကို ငါလည်း လန့်တယ်"

"လူအေးတွေရဲ့စိတ်က ပိုကြောက်စရာကောင်းတယ်လေ။ မယ်သီတာကို ရူးတဲ့ ဒသဂီရိလောက်ထိ ပေါက်ကွဲသွားရင်တော့ သွားပြီ။ ဟိုက ပျိုသလား အိုသလားမသိ၊ ဒီကောင်က အင်္ဂလန်သွေးတစ်ဝက်ပါတယ်။ ဒုသနသောတို့ဘာတို့. . . ဟား. . . ဦးနှောက်တွေ ခြောက်ကုန်ပြီ"

"ဟာ! မင်းကလည်း ငါတို့သူငယ်ခင်းကို အဲဒီလောက်ထိ၊ ထားပါတော့ကွာ. . . အဲဒီခေတ်က ပလပ်စတစ်ဆာဂျရီတွေ မရှိလို့။ ဒီခေတ်တော့ ငါတို့သူငယ်ချင်းကို ဒသဂီရိတော့အဖြစ် မခံဘူး။ ရာမလက်ချက်ကြောင့်လည်း အသေမခံနိုင်ဘူး၊ သီတာ





ခေါ်တွေ ပွားသစ်လိုက်လို့ရတယ်"

"ဒါကြောင့် မင်းရင်ထဲအချစ်မရှိတာထင်တယ်"

"ဘာလုပ်မှာလဲကွာ၊ အချစ်ဆိုတာ ကြားလို့သာကောင်းတာ။ တကယ်တမ်းတော့ ဘာမှမကောင်းဘူး။ ဆုတောင်းရမှာပဲ၊ ငါတို့ကွန်းပလေးရင်ထဲ အဲဒီအချစ် မဝင်ပါစေနဲ့လို့"

ထရော်နီက ထိုသို့ပြောလိုက်ရပေမယ့်လည်း ကွန်းပလေးမျက်လုံးများကို ဖတ်တတ်နေ၍ သက်ပြင်းချမိပါသည်၊ ထိုသက်ပြင်းက ဖြစ်ပေါ်လာမည့်ပြဿနာများကို ရင်ဆိုင်ဖို့ထား၊ ပြဿနာများကို စိုးရွံ့နေတာလား။

꧁꧁꧁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဘာလို့လဲ ထိပ်ထားလေး၊ အိပ်မပျော်လို့လား"

အိပ်ရာထက် လူးလွန့်နေသူ သူမအား သဒ္ဒိဇာကမေး လျှင် သူမက အိပ်ရာထက်မှလူးလွန့်ကာ ထထိုင်လိုက်ပြီး သဒ္ဒိဇာ၏ကုတင်ပုလေးကိုကြည့်ကာ. . .

"အိပ်ပါ"

"ထိပ်ထားလေး အိပ်မပျော်ရင် သဒ္ဒိဇာက စကားထိုင် ပြောပေးမယ်လေ"

"ရပါတယ်၊ နေ့ပူကျဲကျဲမှာ ဘုရားတွေစုံအောင် ဖူးရ တော့ မင်ပန်းလှပါတယ်၊ အိပ်ပါ"

ဟုဆိုတော့ အိမ်မှုန်စုံပါးဖြစ်နေသော သဒ္ဒိဇာက ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်အိပ်ပျော်သွားရပါသည်။ အချိန်အားဖြင့် သန်းခေါင်ယံဖြစ်နေပေမယ့် ဒီနေ့မှ သူမ ဘာတွေများအတွေးလွန်လို့ အိပ်မရဖြစ်နေရတာလဲ။ ရာဇလက္ခဏာကြောင့်များလား။ ခုလိုခရီးအတူတူထွက်လာကြတော့ ရာဇလက္ခဏာနှင့်သူမဟာ ရင်းနှီး၍လာခဲ့ရပါသည်။

ပြီးတော့ ရာဇလက္ခဏာက သူမကိုအရိပ်တကြည့်ကြည့် စောင့်ရှောက်နေသူမို့ အရာအားလုံးလိုလေသေးမရှိပေမယ့် သူမ မပျော်ရွှင်မိပါချေ။ ခုလိုပြင်ပလောကကိုထွက်လာတော့ ဖြတ်သွားဖြတ်လာများထဲတွင် အသံကျယ်ကြီးနှင့်ဟက်ဟက်ပက်ပက်ရယ်မောနေသူများကို သူမတွေ့မြင်နေရပါ၏။ ထိုလူများကို သူမစိတ်ဝင်စားမိပါသည်။ ဘယ်သို့သောအကြောင်းအရာကြောင့် အဲဒီလိုရယ်နေကြတာလဲ၊ သူတို့ပျော်နေကြလို့လား။ ပျော်တယ်ဆိုတာ ဘယ်လိုခံစားချက်မျိုးလဲ။ အခြားလူတွေလို သူမလည်း ဟက်ဟက်ပက်ပက်ရယ်မောချင်မိပါသည်၊ ထိုသို့ရယ်တတ်အောင်ကို ဘယ်လိုများ သင်ယူကြသလဲ။ သူမသည်၊ ထိုသို့ရယ်နည်းမျိုးကို သင်ယူချင်မိပါသည်။

သူမ၏ပတ်ဝန်းကျင်မှာတော့ ဘာကြောင့်မရယ်ကြတာလဲ။ ဘာအတွက်ကြောင့် မပြုံးကြတာလဲ၊ အတွေးများနှင့် မွှမ်း





ကျပ်လာခဲ့၍ အိပ်ခန်းထဲမှ ဝရန်တာသို့ထွက်လာခဲ့ပြီးမှ ထိန်ထိန်သာနေသောလမင်းကြီးကို ငေးကြည့်နေဖြစ်ပါသည်။ လမင်းကြီးကတော့ အေးချမ်းစွာပင် ကောင်းကင်ယံ၌ ထီးထီးကြီးတည်ရှိနေခဲ့ပါသည်၊ များစွာသောစေတီများ၏အပေါ်၌နေ၍ လမင်းကြီးက အလှတရားများအားလုံးကို မှတ်တမ်းတင်နေသယောင် တိတ်ဆိတ်ငြိမ်သက်နေခဲ့ပါသည်။

နေ့ခင်းဘက်က ပူစပ်စပ်ဖြစ်နေခဲ့ပေမယ့် လရောင်၏အောက်မှာတော့ အေးချမ်းခြင်းဟာ အစားထိုးဝင်ရောက်နေရာယူနေရပါပြီ။

"ထိပ်တားလေး"

ထိုသို့ခေါ်သံကိုကြားတော့ သူမကိုယ်လေးမှာ တောင့်ခနဲဖြစ်သွားရပါသည်။ ဒါ သခင်ဇာရဲ့အသံလည်းမဟုတ်ပါ။ ရာဇလက္ခဏာမင်းသားကတော့ သူမ၏နာမည်ရင်းကိုသာ စွဲစွဲမြဲမြဲခေါ်တတ်ပြီး စိတ်လိုလက်ရရှိချိန်မှာ နှမဟု လေးလေးစားစားခေါ်တတ်ပါသည်။ ဒါဆို ထိုအသံရှင်က ဘယ်သူလဲ။ နာနာဘာဝဆိုတာများလား။

"ထိပ်ထားလေး"

ဒုတိယအကြိမ်ကြားရချိန်မှာတော့ အသံ၏လားရာဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို သူမ ရိပ်စားမိသွားခဲ့ပါသည်။

"ထိပ်ထားလေး"

တတိယအကြိမ်ကြားရချိန်မှာတော့ ထိုအသံရှင်ကို သူမ တွေ့သွားပါသည်။ လူတစ်ယောက်ဖြစ်ပါ၏။ ပို၍တိကျစွာရှိရပါလျှင် သူမကို သဇင်ပန်းပေးခဲ့သူဖြစ်ပါသည်။

ထိုလူက သူမရင်ခုန်ရှုနှင့် ခပ်လေးလေးမှာဆိုပေမယ့် သူမက ထိုလူမှန်းသေချာပေါက်သိနေပါသည်။ ဘာလို့လဲဆိုတော့ အနွယ်ဝင်မဟုတ်ဘဲ အခြားသောလူနှင့် ဆုံမှုသည်မှာ ထိုလူက ပထမဆုံးမို့ သူမ၏မှတ်ဉာဏ်ထဲ ကောင်းစွာမှတ်မိနေခြင်းဖြစ်ပါသည်။ ထိုလူ၏အခန်းက သူမ၏အခန်းလို ဧရိယာပေါ်သောကြောင့် ထိုလူက မှန်ပြတင်းမှသစ်ခက်ဆွဲအားအခေါ်နေခြင်းဖြစ်ပါသည်။

"အိပ်မပျော်ဘူးလား"

ထိုလူက သူ့ကိုရင်းရင်းနှီးနှီးပြောဆိုလာ၍ သူမမှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားရပါသည်။ ပြန်မပြောပြန်လျှင်လည်း သူမက ယဉ်ကျေးမှုအားလျော့နည်းနေပေလိမ့်မည်။ ပြောပြန်လျှင်လည်း ဒီလိုညကြီးအချိန်ခတော်မှာ တွေ့တဲ့လူလင်တစ်ဦးသာ မဟုတ်လား။





"ဟုတ်ကဲ့"

ဟုသာ သူမက ယဉ်ယဉ်ကျေးကျေးဆိုကာ အိပ်ခန်းထဲ ပြေးဝင်မည်ကြံတော့. . .

"ခဏလေးပါ"

အသံတစ်ခုက ကသုတ်ကယက်ထွက်လာ၍ သူမ၏ခြေလှမ်းများ တုံ့ဆိုင်းသွားရပါသည်။

"ကျွန်တော့်နာမည်က ကွန်းပလေးပါ။ ကျွန်တော် ထိပ်ထားလေးကို ခင်လို့ရမလား"

သူမနားမလည်ပါ။ ချစ်ခင်သည် တွယ်တာသည် ခင်မင်သည်ဆိုကာသ္တဝကားစုများကို စာတွေထဲမှာသာ ဖတ်ဖူးခဲ့ပေမယ့် မည်သို့သောအချိန်အခါတွင် မည်သို့ခံစားရသည်ကိုခေါ်တယ်ဆိုတာ သူမမသိရှိအမှန်ပါ။ ထို့ကြောင့် ရှုစမ်းချင်မိပေမယ့် သင့်တော်ပါ့မလားဟုလည်း မိန်းကလေးပီပီ ကြောင့်ကြမိပါသေး၏။

"လုလင်ပျို၊ အသင်နဲ့တွေ့တာက ဒီလိုညအချိန်မတော့ မသင့်လျော်ပါဘူး"

ဟုသာဆိုပြီး အခန်းထဲဝင်ရန် ပြင်လိုက်သည်တွင်. . .

"ခံစားချက်အခုန်ကို လှုံ့ဆော်ပေးတာက လသာတဲ့ညပဲ ထိပ်ထားလေး"



www.burmeseclassic.com

ဟူသောအသံကို ကသုတ်ကယက်ထပ်မံကြားရချိန်မှာတော့ သူမ၏ခြေလှမ်းများက ဒုတိယအကြိမ်တုံ့ဆိုင်းသွားပြန်ပါသည်။

"အခုဘယ်လိုခံစားနေရတယ်ဆိုတာပဲ အရေးကြီးပါတယ်။ ကျွန်တော် ထိပ်ထားလေးနဲ့ခင်ချင်ပါတယ်၊ ခင်ခွင့်ပေးပါ"

"သင်က အစေခံနွယ်ဘင်မဟုတ်လို့ ထိပ်ထားလို့မခေါ်လည်း ရပါတယ်။ စန္ဒြမာဘုလျာပါ၊ လောကလည်း အေးပြီမို့ ဝင်ခွင့်ပြုပါ"

ဟုဆိုပြီး လှစ်ခနဲပြေးဝင်သွားသော ထိုအရိပ်လေးကို သူက ပြတင်းတံခါးကြား ခေါင်းလျှိုဝင်ပြီး ငေးနေလိုက်ပါသည်။ လိုက်ကာစလေး လှုပ်ခတ်သွားခြင်း ငြိမ်ကျသွားတော့မှ သူက လမင်းကိုကြည့်ပြီး ပြုံးလိုက်မိပါသည်၊

"စန္ဒြမာတုလျာတဲ့"

ကောင်းကင်ပေါ်၌ လမင်းတစ်စင်းသာရှိပေမယ့် သူ့ရင်ထဲမှာတော့ လမင်းများစွာက သာယာ၍နေခဲ့ပါသည်။ တိုက်ခတ်လာသောလေပြည်နုနုက ပူသလား အေးသလားဆိုတာ မသိနိုင်တော့လောက်အောင်ပင် သူ့ရင်ထဲ ပန်းများပွင့်နေခဲ့ပါ၏၊





"စန္ဒြမာတုလျာ"

ထိုနာမည်ကိုသာ နှုတ်မှ အကြိမ်ကြိမ်ရေရွတ်နေမိခဲ့ပါသည်။

"စန္ဒြမာတုလျာတဲ့လား"

အသံထွက်သည်အထိ ပြုံးနေမိပါသည်။ အမှောင်ထုက လွှမ်းမိုးနေပေမယ့် သူမရဲ့မျက်နှာလေးကြောင့် သူ့ကမ္ဘာကြီးက လင်းထိန်၍နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟေ့ကောင်! ကွန်းပလေး၊ မထသေးဘူးလား"

နဝင်းက လာနိုးမှ မျက်လုံးနှစ်လုံးပွင့်လာပါတော့သည်။ ညက အတွေးလွန်ပြီး ညဉ့်နက်သွား၍ထင်သည်၊ ခါတိုင်းနေရောင် ပလာသေးခင် အိပ်ရာနိုးသည့်သူက ယခုရှစ်နာရီထိုးနေတာကို တောင် သတိမရှိခြင်းဖြစ်၏။

"အခန်းပြောင်းလိုက်တော့ တော်တော်အိပ်လို့ကောင်း သွားတယ်ထင်တယ်ဟုတ်လား"

"အင်း. . .ဟုတ်တယ်"

"မင်းကို ငါတို့ သတင်းကောင်းပြောမလို့"

ဟုဆိုကာ နဝင်းနှင့်ထရော်နီတို့က သူ့ကုတင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ကြပြီး. . .

"အဲဒီပုဂ္ဂိုလ်က ထိပ်ထားလေးဆိုတဲ့မိန်းကလေးကိုဆိုင်သာဆိုင်တာ မပိုင်ရသေးတဲ့ပုံပဲ"

"ဟုတ်တယ်ကွ၊ အဲဒီထိပ်ထားလေးက ဟိုက္ကူမနဲ့ တစ်ခန်း နေတာ"

ဟုဆိုတော့ သူက လျှို့ဝှက်စွာပြုံးလိုက်ပါသည်။ ထိုအပြုံးကို ကျွန်နုစ်ယောက်က သဘောပေါက်သွားပြီး. . .

"ဘာလဲ၊ မင်းကကြိုသိနေပြီးသားလား"

"သူ့နာမည်က ထိပ်ထားလေးမဟုတ်ဘူး၊ စန္ဒြမာတဲ့လျာတဲ့"

"ဘယ်လို"

'နာမည်ကြီးကလည်းကွာ၊ ဘာကြီးလဲ"

"စိတ်ဝင်စားဖို့တော့ကောင်းသားပဲ၊ ဒါနဲ့ မင်းက ဘယ်လိုလုပ်သိလာတာလဲ။ ဝိတ်တာတောင် သူ့နာမည်မသိဘူးတဲ့"

"ဒီလိုပဲပေါ့"

သူက ဒီလိုဖြေလိုက်လျှင် ကျွန်နုစ်ယောက်က အသည်းယားလောက်အောင် သိချင်နေလိမ့်မည်ဆိုတာသိပေမယ့် ရေချိုးခန်းထဲပြေးဝင်ကာ ရေချိုးလိုက်ပါသည်။ ရေနွေးမစပ်တော့ဘဲ





ရေအေးနှင့်သာ တစ်ကိုယ်လုံးလန်းဆန်းသွားအောင် ချိုးပြီးနောက်ပြန်ထွက်လာသည်တွင် နဝင်းနှင့်ထရောနီတို့က မူလအတိုင်းပုံမပျက်ပင် ရှိနေကြသည်ကိုမြင်၍ သူအံ့ဩသွားပါ၏။

"မင်းတို့နှစ်ယောက် ငုတ်တုပ်ကြီးမေ့နေကြတာလား"

"ငါတို့ကိုသေလောက်အောင် စပ်စုချင်စရာလမ်းစ ပေးသွားပြီး ပြေးဝင်သွားတာတော့ သိပ်မကောင်းဘူး ကွန်းပလေး"

"မင်းတို့က ဘာသိချင်ကြတာလဲ"

"မင်း ညက တစ်ခုခုဖြစ်ခဲ့တယ်မဟုတ်လား၊ ငါတို့ဆက်စပ်တာ မမှားဘူးဆိုရင် ဟိုဘက်အခန်းက စန္ဒြမာတဲ့လျာ. . . ဟူးနာမည်ကြီးကလည်း ထောက်လိုက်တာ။ အဲ. . . အဲဒီမိန်းကလေးရဲ့အခန်းမဟုတ်လား"

မေးခွန်းကိုပြန်မဖြေဘဲ ပြုံး၍သာနေခဲ့ပါသည်။

"ဒါပဲပေါ့၊ ဒါ့အပြင် အကြောင်းပြချက်က ဘာရှိဦးမှာလဲ ကွန်းပလေး၊ မင်းဘာကယ်ကြီးခံစားသွားရပြီလား"

သူပြန်မဖြေဘဲ ခေါင်းမှရေစက်များကိုသာ တဘက်ကြီးနှင့်သုတ်ပြီး အကျီဝတ်နေလိုက်ပါသည်။

"ရဘယ်လေ၊ မင်းမဖြေချင်နေပေါ့။ ငါတို့လည်း မနက်ကကြားခဲ့တဲ့သတင်းကို မပြောပေးရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းမို့လဲ၊ သူမရဲ့သတင်းကလွဲရင် အခြားဘာသတင်းမဆို မသိရလည်း ကိစ္စမရှိ"

"မနက်စာဘူဖေးစားတော့ ငါတို့ခံ့တယ်"

"ဘယ်လို"

"သူတို့ပြောနေကြတာက ဘယ်ကိုသွားကြမယ်ဆိုလဲ"

နဝင်းက ရိုက်ကိုလုပ်တော့ ကွန်းပလေးမေးမသက်သာသည့်အကြည့်ကို လက်ခံလိုက်ရပါသည်။

"ထရော်နီ၊ သွားရအောင်ကွာ၊ ခရီးထွက်လာတုန်းလေးလျှောက်လည်တာကောင်းပါတယ်"

ဟုဆိုကာ နှစ်ယောက်သား ထရပ်လိုက်ကြတော့ ကွန်းပလေးက တဘက်ကြီးကိုခြစ်သလိုပြုံးချကာ နဝင်းနှင့်ထရော်နီအား ကုတင်ပေါ်ဆွဲလှဲလိုက်ပြီး. . .

"ဟောကောင်တွေ မင်းတို့ သိထားတယ် မဟုတ်လား။ ပြော"

"ထရော်နီရေ ငါတို့ထင်ထားတာထက် သူ့ရောဂါကရင့်နေပြီ"

"ဟောကောင်တွေ ပြောနော် ဒါနောက်စရာမဟုတ်ဘူး"

"ရွှေစည်းခုံဘုရားတဲ့"





ထရော်နီကဖြေတော့ ကွန်းပလေးပြုံးကာ ထရပ်လိုက်ပြီးလျှင်. . .

"ကင်မရာယူကွာ၊ ငါတို့လည်း ရွှေစည်းခုံသွားမယ်"

သူကစိတ်အားထက်သန်စွာပြောတော့ နှစ်ယောက်သားမှာ ပြုံးစိစီနှင့် ခေါင်းခါရမ်းလိုက်ကြပါသည်။

"ဟောကောင်တွေ လုပ်လေ၊ ဘာဖြစ်နေတာလဲ"

ကွန်းပလေးက ထူးဆန်းစွာပင် တက်တက်ကြွကြွပြောတော့ နှစ်ယောက်သား မပြုံးဘဲမနေနိုင်ကြတော့ချေ။

ကွန်းပလေး ရူးရင်လည်း ရူးလောက်ပါတယ်လေ။ ထိုအမျိုးသမီးက သိပ်လှတယ်ဆိုတာ သူတို့နှစ်ယောက်လုံးကလည်း မငြင်းနိုင်ကြပါချေ။ မိန်းကလေးဆိုလျှင် မြန်မာဆန်မှ၊ လုံလုံခြုံခြုံဝတ်ဆင်မှ နှစ်သက်တတ်သည့်ကွန်းပလေးကို ထိုမဟာဆန်သောအလှပိုင်ရှင်က ပြုစားသွားခဲ့ပြီထင်ပါရဲ့။

ဘယ်တတ်နိုင်ပါ့မလဲ. . .

အချစ်နှင့်တွေ့သွားသောကွန်းပလေးအတွက် ဝမ်းသာရမလားဆိုတာ မတွေးတတ်ပေမယ့် ရင်ထဲမတင်မကျဖြစ်ရတာတော့ အမှန်ပါ။

ဘာလို့လဲဆိုတော့ ကွန်းပလေးရဲ့ဘဝရပ်တည်မှုနှင့် သူမှ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပြောဆိုနေထိုင်ဟန်တွေက သိပ်ကိုခြားနားလို့ပဲဖြစ်ပါ၏။ သို့သော် ရှေ့ဆက်မတိုးရန် ကွန်းပလေးကို မတားဆီးချင်ပါ။

ဘာလို့လဲဆိုတော့ ကွန်းပလေး၏မျက်နှာပေါ်တွင် မယုံကြည်နိုင်လောက်အောင် ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေလို့ပဲဖြစ်ပါ၏။

ဂုဏ်ဂုဏ်ဂုဏ်



## အခန်း (၁၁)

"ထိပ်ထားလေး နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"အိပ်ရေးမဝလို့ထင်တယ်၊ ထိပ်ထားလေးမျက်နှာချောင်ကျနေတယ်"

ဟု သအိုဇာကဆိုတော့ ရာဇလက္ခဏာက သူမထံကြည့်လာကာ. . .

"စိတ်မပျော်လို့လား နှမ"

"မဟုတ်ပါဘူး မောင်ကြီး၊ ပျော်ပါတယ်။ စန္ဒြာဝမှာ ဒီအချိန်တွေက စိတ်ဝင်စားဖို့အကောင်းဆုံးနဲ့ အလွတ်လပ်ဆုံးပါပဲ။ မောင်ကြီးကို ဘယ်လိုကျေးဇူးစကားမျိုးဆိုရမှန်းတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး''

''အဲလိုမပြောပါနဲ့ နှမရယ်၊ ကိုယ့်စိတ်ထဲမှာ မကောင်းဘူး။ ကိုယ်တို့က တစ်နေ့တော့ ဘီးသိက်ခံရမယ့် ကြင်ယာဇက်တွေပါ''

ဟု မလွဲမသွေကြုံတွေ့ရမည့်အနာဂတ်အား ရာဇလက္ခဏာက ပွင့်ပွင့်လင်းလင်းဆိုလျှင် ဘာကြောင့်မှန်းမသိ သူမစိတ်ထဲ မျက်နှာတစ်ခုကို မြင်မိသွားပါသည်။ ကွမ်းပလေး။ နှာမည်လေးတစ်လုံးသာသိပြီး ဘယ်ဇာတိမှန်း၊ ဘယ်မျိုးနွယ်မှန်း၊ ဘယ်ဒေသကမှန်း မသိရသူပါ။

''စန္ဒြ ရေဆာတယ်''

သူမကပြောတော့ ရာဇလက္ခဏာ ထိုင်နေရာမှ ထလိုက်စဉ်. . .

''ရတယ် မင်းသားလေး။ ထိပ်သားလေးနဲ့စကားအေးအေးဆေးဆေးပြောကြပါ။ ကားထဲမှာ သအိုဇာ သွားယူလိုက်ပါ့မယ်''

ဟုဆိုကာ သအိုဇာထွက်သွားတော့ သူမက ဘာရယ်မဟုတ်ဘဲ သအိုဇာ၏ကျောပြင်ကို အမှတ်တမဲ့ငေးကြည့်နေစဉ်တွင် သူ့ထံမှအသံတစ်ခုမြည်သံ ကြားရပါသည်။ သူက ခါးကြား





မှအရာတစ်ခုကိုထုတ်ပြီး. . .

''ဟဲလို. . . ဟဲလို''

ဟုနှစ်ချက်ခေါ်ထူးကာ ဖုန်းကိုပြန်ကြည့်လိုက်ပြီး. . .

''နှမ ဒီမှာပဲနေဦးနော်၊ ဖုန်းလိုင်းသိပ်မမိလို့ ကိုယ် အပြင်မှာ ဖုန်းခဏသွားပြောဦးမယ်''

ဆိုကာ ရာဇလက္ခဏာပါ ထွက်သွားပြန်သဖြင့် သူမတစ်ယောက်တည်း ကျန်နေရစ်ခဲ့သည်တွင်. . .

''စန္ဒြမာတုလျာ''

ဒီအသံကို သူမသိပ်ရင်းနှီးနေခဲ့ပါသည်။ မှန်ပါ၏။ ဒါ သူမသိနေသော ဟိုသူလင်ပဲပေါ့။ ဒီတစ်ကြိမ်မှာတော့ သူတစ်ယောက်တည်းမဟုတ်တော့ဘဲ သူနှင့်အတူ အခြားလုလင်နှစ်ယောက်ကိုပါ တွေ့ရပါသည်။ ထိုနှစ်ယောက်ကပါ သူမကိုရင်းနှီးနေသလို ပြုံးပြနေခဲ့ကြပါသည်။

''ငါတို့ ဘုရားသွားဖူးလိုက်ဦးမယ်''

ဟုဆိုကာ သူမကိုရင်းနှီးစွာ ပြုံးပြပြီး သူ၏ပခုံးကိုပုတ်ကာ ထွက်သွားသောထိုနှစ်ယောက်ကို သူမရင်ထဲ ရင်းနှီးမိသွားပါ၏။ ဘာကြောင့်လဲ၊ ရင်းနှီးလှသည့်အပြုံးများကြောင့်လား။

''စန္ဒြမာတုလျာ. . . ကျွန်တော်ကိုမှတ်မိပါတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဟိုတယ်မှာတွေ့ခဲ့တဲ့လူလင်ပါ"

"ကျွန်တော့်နာမည် ကွန်းပလေးပါ"

"ဟုတ်ကဲ့ သိပါတယ်"

"စန္ဒြမာတုလျှာတို့က ဘုရားဖူးလာကြတာလား"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ရောပဲ ဒါနဲ့ စန္ဒြမာတုလျှာတို့က ရောက်လာတာ ကြာပြီလား။ ကျွန်တော်တို့က ငါးရက်ရှိပြီ"

အမှန်က သူပြောချင်နေတာ ထိုသို့စကားလုံးမျိုးမဟုတ်ပါချေ။ အခြေအရံများလွန်းလှသည့်သူမနားကပ်ရန် ခက်ခဲလွန်း၍ အချိန်ရခိုက်တွင် စကားများကို အလုအယက်ပြောရပေလိမ့်မည်။

"စန္ဒြမာတုလျှာက ဘယ်မှာနေတာလဲ"

"ဘာကိုမေးတာလဲ"

"မူရင်းနေတဲ့မြို့"

"သြော်. . .ရန်ကုန်ကပါ"

"ဖုန်းနံပါတ်လေး သိလို့ရမလား"

"ဖုန်းနံပါတ်ကို စန္ဒြ မသိပါဘူး"

"ဟင်"





သူနားမလည်နိုင် ဖြစ်သွားပါသည်။

"ဖုန်းလေ၊ ဆက်တဲ့ဖုန်းလေ"

"စန္ဒြ တစ်ခါမှမဆက်ဖူးဘူး"

"အိမ်မှာ ဖုန်းမရှိဘူးလား"

'ရှိတော့ရှိပေမယ့် နံပါတ်က စန္ဒြနဲ့မဆိုင်ဘူးလားလို့"

သူ့ဗိုက်ရှိဘ်ဝင်စားသွားရပါသည်။ သူမညာပြောနေတာမဟုတ်မှန်း ဗိုင်းစက်ကြည်လင်နေသောမျက်လုံးများက သက်သေခံနေ၍ ယုံရခက်ပေမယ့်လည်း သူယုံကြည်နေမိပါ၏။

"ဒါဆို Facebook သုံးသလား"

"အဲဒါ ဘာကိုပြောတာလဲ"

"ဟင်"

မေးခွန်းထုတ်လိုက်သည့်သူကိုယ်တိုင်ပင် ကြောင်နသွားရပြန်ပါသည်။ သူ့မေးခွန်းက မှားများနေလို့လား။

"Facebook လေ၊ အင်တာနက်လေ၊ အွန်လိုင်းပေါ်တက်တာလေ"

"ဟင့်အင်း. . .အဲဒီဝေါဟာရတွေ စန္ဒြမသိဘူး"

သူမညာပြောနေတာမဟုတ်မှန်းသိ၍ သူအကြံဉာဏ်ကုန်သွားရပါသည်။ သို့ပါသော်လည်း ဆုံပြီးကာမှတော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်အားမလျှော့ပစ်ချင်ပါ။

"ဒါဆို လိပ်စာ၊ မြေမြောက်ဘက်မှာ အဲဒီအိမ်ရဲ့တည်နေရာ"

အခ်ိမတန်မြုံစ်ရှိရင်းသောသူမကို အသည်းယားလွန်း၍ သူကထိုသို့ပြောလေသော်. . .

"ကန္တာရစံအိမ်ဆိုပြီး ရေးထားတယ် လမ်းမအကျယ်ကြီးတွေကိုဖြတ်ပြီး လမ်းချိုးလေးထဲ တွေ့ဆင်းရတယ်"

သူစိတ်ပျက်သွားပါသည်။ ပြီးတော့ သူမကိုမှင်တက်စွာကြည့်နေမိပါသည်။

"ကျွန်တော့်ကိုမပြောပြချင်လို့လား"

"မဟုတ်ပါဘူး"

"ကျွန်တော့်ကို မခေါ်ချင်လို့လားဟင်"

သူမ ခေါင်းရမ်းနေပါသည်။ မျက်လုံးဝိုင်းဝိုင်းစက်စက်လေးများကြောင့် သူမ တကယ်ကိုမသိတာပါဟု သူ့ရင်ထဲက အလိုလိုနားလည်သွားရပါသည်။ ထို့ကြောင့် သူမကိုပို၍စိတ်ဝင်စားလာရပါသည်။ သူမက ဘယ်လိုဘဝရောက်တည်မှုနဲ့နေတာလဲ။ ဘယ်လိုပတ်ဝန်းကျင်က လာတာလဲ။ ဘယ်လိုအုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာရသလဲဆိုတာမျိုးကို သူသိချင်လာခဲ့ရပါသည်။

"မြေမြောက်ဘက်မှာ သွားလာနေတဲ့လမ်းတစ်လျှောက်မှာ





ဆိုင်းဘုတ်တွေ မတွေ့ဘူးလား"

"တွေ့တယ်"

"အဲဒါ ကျွန်တော့်ကိုရှတ်ပြပါလား"

"တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပြီးတော့ ရွှေတောင်ကြားနှစ်"

သူ အားတက်သွားရပါသည်။ ထို့ကြောင့်. . .

"ကားက ဘယ်အထဲချိုးဝင်သွားတာလဲ"

"တက္ကသိုလ်ရိပ်သာလမ်းအတိုင်း မောင်းလာပြီး လမ်းကျဉ်းထဲကွေ့တယ်"

ဆက်မေးလို့မရတော့မှန်း သူသဘောပေါက်သွားပါ၏။ ရပါတယ်၊ ဒီလောက်သိရတယ်ဆိုရင်ပဲ သူ့အတွက်လုံလောက်နေပါပြီ။

"အသင်က ဘာလို့မေးရတာလဲ"

"အိမ်ကိုလာလည်မလို့"

"မရဘူး"

သူမအသံက ခပ်မာမာထွက်လာ၍ သူပင်လျှင် တောင့်ခနဲဖြစ်သွားရပါသည်။

"သင် လာလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စလိုက်တာပါ"

"စတယ်. . . ဟုတ်စ"

"ဘာလို့လဲ၊ မလာစေချင်လို့လား။ ကျွန်တော့်ကိုမတွေ့ချင်လို့လား"

"သင့်ကိုမတွေ့ချင်သို့တော့မဟုတ်ပေမယ့် သင်လာလို့မရဘူး"

"ဘာလို့လဲ"

"စန္ဒြရဲ့မယ်တော်က အခြားလူနဲ့စကားပြောတာမကြိုက်ဘူး။ မောင်ကြီးရာဇလက္ခဏာကလွဲရင် မည်သူနှင့်မှပြောလို့မရဘူး။ အစေခံတွေနဲ့ရောနှောတာ မကြိုက်ဘူး"

ထိုသို့စကားလုံးအသုံးအနှုန်းမျိုးတွေက သူ့ပတ်ဝန်းကျင်၌ မကြားဖူးခဲ့၍ အသစ်ဖြစ်နေရပါသည်။

"ရာဇလက္ခဏာဆိုတာ ဆောဆောကပုဂ္ဂိုလ်ကိုပြောတာလား"

"ဟုတ်ပါတယ်"

"အဲဒီပုဂ္ဂိုလ်က စန္ဒြာတူလျှာရဲ့အစ်ကိုလား"

"ငရဲတွေကြီးကုန်သော့မှာပဲ၊ မောင်ကြီးက စန္ဒြရဲ့ကြင်ယာဖက်ပါ"





"ဗျာ!"

သူ့ရင်ထဲ မိုးကြိုးပစ်သလိုခံစားရပါ၏။ ခန့်မှန်းမိခဲ့ပေမယ့်လည်း သူမ၏နှုတ်ဖျားမှ ထိုသို့ကြားလိုက်ရခြင်းကိုတော့ သူ့ရင်ထဲ ခံစားရပါသည်။

"ထိပ်ထားလေး"

ထိုစဉ် သဒိုဇာက သူမတို့အနားသို့ ရေဘူးကိုကိုင်ကာ ရောက်လာခဲ့၍ စကားစပြတ်သွားရပါသည်။ သဒိုဇာက လူစိမ်းအား စေ့စေ့ကြည့်ကာ. . .

"ဟင်! ဟိုတယ်မှာတွေ့တဲ့လူ"

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည်က ကွန်းပလေးပါ။ သဒိုဇာက ကျွန်တော့်ကိုမှတ်မိသားပဲ"

သူက မိတ်ဆွေရင်းလိုပြောတော့ သူ့အပေါ် တင်းထန်နေသောမျက်နှာကြောများပင် သဒိုဇာထံ၌ ကျဆင်းသွားရပါ၏။

"သင် ဘာကြောင့် ထိပ်ထားလေးနား ရောက်နေရပြန်တာလဲ"

"ခင်ချင်လို့ပါ၊ သဒိုဇာကိုရော ကျွန်တော်က ခင်လို့မရဘူးလား"

"ရပါတယ်၊ အဲ. . . မရပါဘူး မဖြစ်ဘူး၊ ထိပ်ထားလေး



www.burmeseclassic.com

ပြင်ပကလူတွေနဲ့ မဆက်နွယ်မိစေဖို့ သခင်မဖုရားက မှာလိုက်တယ်။ မရဘူး. . . မဖြစ်ချေဘူး၊ အမိန့်ကိုဖီဆန်ရင် ပြစ်ဒဏ်သင့်လိမ့်မယ်။ ထိပ်ထားလေး သုနဲ့ခင်လို့မရဘူးနော်၊ မဖြစ်သေးပါဘူး. . . သွားကြစို့"

"နေပါဦး သအိုဇာရယ်၊ ခဏလေးပါ"

ဟုဆိုလိုက်ပေမယ့်လည်း သအိုဇာက ဧန္ဒြမာဝုလျှာ၏ လက်ကိုဆွဲ၍. . .

"မဖြစ်ပါဘူးရှင်. . . မင်းသားလေးတွေ့သွားလို့လည်း မသင့်တဲ့မြင်ကွင်းမျိုးပါ။ ပုရိသနဲ့ ဣတ္ထိယဆိုတဲ့အချိုးဟာ ခွေးမတော်သားမစပ်ရင် ယှဉ်တွဲလို့မကောင်းပါဘူးရှင်။ တော်ကြာဘိသိက်ခံရမယ့်အချိန်တွေအတွက် အနှောင့်အယှက်ဖြစ်ပါ့မယ်၊ ထိပ်ထားလေးကိုစောင့်ရှောက်ဖို့က သအိုဇာမှာ တာဝန်ရှိနေလို့ ထိပ်ထားလေးကပဲ သအိုဇာ့ကိုနားလည်ပေးပါ"

ဟုဆိုနေသော သအိုဇာ၏စကားလုံးများက သူ့ရင်ကို မီးစနှင့်ထိုးနေသလို ခံစားရပါသည်။ ရှေးဟောင်းကမြန်မာတွေဟာ လက်ထပ်ခြင်းကို ဘိသိက်လို့သုံးနှုန်းတတ်သည်ကို နိုင်ငံခြားသာ မွေးဖွားခဲ့သည့်သူက စာပေကျေးဇူးကြောင့် သိနှင့်နေခဲ့ပါသည်၊ ဒါဆို သူမက မကြာခင်လက်ထပ်တော့မှာပေါ့။





"ဧန္ဒြမာဝုလျှာ"

သူက ကယောင်ခြောက်ခြားနှင့် ခေါ်လိုက်တော့ သူမက သူ့ထံသို့လှည့်ကြည့်လာပါသည်။ သူ့ရင်ထဲပြောစရာစကားလုံးတွေ ပြည့်သိပ်နေခဲ့ပေမယ့် သူဘာပြောချင်နေသလဲဆိုတာတော့ သူ့ကိုယ်သူ မဆန်းစစ်နိုင်ခဲ့ပါပေ။ ဒီလောက်များပြားလွန်းသည့် မြန်မာစကားလုံးများက သူ့နှုတ်တွင် ပျောက်ဆုံးနေရပါသည်။

သူ့ရင်ထဲ ထိရှစွာခံစားနေရပါသည်၊ သူမလေး မြင်ကွင်းမှပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်ရပါ၏။ သူမဟုတ်သော အခြားယောကျ်ားတစ်ယောက်နှင့် သူမ လက်ထပ်သွားမည်ကိုလည်း ထိတ်လန့်မိပါသည်။

"အဘေးတော်သုမှုး အမောဖောက်နေလို့တဲ့၊ ကိုယ်တို့ ခုပဲ ရန်ကုန်ပြန်ရအောင်။ ကိုယ် လေယာဉ်လက်မှတ်စီစဉ်ထိုင်းလိုက်ပြီ"

မလှမ်းမကမ်းမှာမို့ ထိုပုဂ္ဂိုလ်ပြောလိုက်တဲ့စကားလုံးများကို သူအတိုင်းသားကြားနေရပါသည်၊ ထိုပုဂ္ဂိုလ်၏ စကားလုံးများကြောင့် သူမစိတ်လှုပ်ရှားသွားပုံကို သူလှမ်းမြင်နေရပါ၏။

ကားပေါ်တက်သွားသောသူမက သူ့ကိုတစ်ချက်မျှစိုက်ကြည့်နေပါတယ်ဆိုလျှင်ပဲ သူကျေနပ်ပါသည်။ ခပ်ဝေးဝေးမှ ဆို

www.burmeseclassic.com



ပေမယ့်လည်း သူမနှင့်မျက်နှာချင်းဆုံရသည့်အတွက် သူအော့နှပ်ပါသည်။

သူမက သူ့အား ထိုသို့စိုက်ကြည့်သွားတယ်ဆိုလျှင်ပဲ သူမစိတ်ထဲ သူရောက်သွားပြီဆိုတာ ဖော်ပြနေသည်မို့ သူကျေနပ်ပါသည်။

သူမနှင့်ကြာရှည်စွာ မျက်နှာချင်းဆိုင်ချင်သေးပေမယ့် ထိုပုဂ္ဂိုလ်က နောက်ခန်းတံခါးကိုပိတ်လိုက်၍ သူ့ဆန္ဒမပြည့်ဝခဲ့ရှာပေ။ ထိုပုဂ္ဂိုလ်က ကားတံခါးကိုညင်သာစွာပိတ်ရင်း သူ့ထံသို့ စူးစူးရဲရဲစိုက်ကြည့်လာပါသည်။ သူကလည်း ထိုပုဂ္ဂိုလ်အား စူးစူးရှရှစိုက်ကြည့်ဖြစ်သောကြောင့် အကြည့်နှစ်ခုတို့မှာ အားပြင်းစွာ တိုက်ခိုက်မိကြပါသည်။

ဖုန်တလုံးလုံးထနေသော လမ်းကလေးပေါ်တွင် ကားလေးက မြင်ကွင်းမှပျောက်ကွယ်သွားလုလုအချိန်တွင် သူ့အနားသို့ နဝင်းနှင့် ထရော်နီတို့ ရောက်လာခဲ့ကြပါသည်။

"ဘဲကြီးရဲ့မျက်နှာကြောက အဝင်းကြီးပဲ"

"သူ့လုပ်စာ ထိုင်စားနေရသလိုပဲ"

တစ်ယောက်တစ်ချိုးပြောနေကြပေမယ့် ကွန်းပလေးကတော့ မမြင်ရတော့သည့် ကားသွားရာဖုန်လုံးများကိုသာ ရှုတည်





တည်နှင့် စိုက်ကြည့်နေခဲ့ပါသည်။

"အခြေအနေဘယ်လိုရှိသလဲ၊ သိပ်မဆိုးနိုင်ဘူးတော့ထင်တာပဲ။ ပြောသွားပုံအရတော့ ဒီနေ့ပဲ ရန်ကုန်ပြန်ကြမယ်ထင်တယ်"

"ခဏလောက်ဆုံလိုက်ရတယ်လို့ပဲ သဘောထားလိုက်ပါကွာ၊ သူ့မှာက ဆိုင်းဘုတ်ကြီးနဲ့။ မေ့ပစ်လိုက်ပါကွာ"

နဝင်းက သံဝေဂရသယောင်ဆိုတော့ သူ့ရင်ထဲမှာ ပူလောင်မှုကြီးက မီးတောက်အဖြစ် ပြောင်းလဲသွားရပါသည်။

"ခုချိန်မှာ ငါ့ကို တရားလာမဟောနဲ့ နဝင်း"

ဟု ဒေါသဖြစ်နေသယောင်ပြောသဖြင့် သူ့အား ကျန်နှစ်ယောက်မှာ အံ့သြစွာကြည့်နေကြပါသည်။ ဘာလို့လဲဆိုတော့ ဒီဘက်ကိုတစ်ဖြောင့်တည်းထားတတ်သည့် ကွန်းပလေး၏ဒေါသကို သူတို့မမြင်ဖူးခဲ့၍ပဲဖြစ်ပါသည်။

ထွက်သွားသောကွန်းပလေး၏ကျောပြင်ကိုကြည့်ရင်း,

"ဒီကောင်မရတော့ဘူး နဝင်း"

"ငါလည်း အဲဒီလိုပဲတွေးမိတယ်"

"စိတ်ဝင်စားရုံသက်သက်မဟုတ်ဘူး၊ ရင်ထဲကိုသွင်းပြီး ပုံကို ချုပ်ပစ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲ၊ တကယ့်ကိုပြဿနာကြီးပဲ၊ ဒီကောင်က လည်းကွာ. . . မဖြစ်နိုင်ဘူးဆိုတာ ကြိုသိနေသားနဲ့"

"အနုပညာသမားတွေပဲကွာ။ စိတ်ခံစားချက်ကို ဦးစားပေးတာအဆန်းမဟုတ်ပါဘူး။ နားလည်ပေးလိုက်ပါကွာ၊ ဒီကိစ္စက လုံးဝမဖြစ်နိုင်တာချည်းမှမဟုတ်တာ။ သူ့မှာ ဆိုင်သူပဲရှိသေးတာပါ၊ ပိုင်ရှင်လက်ထဲမရောက်သေးဘူး။ ကွန်းပလေးမှာ အချိန်တွေရှိဦးမှာပါ။ ဘာပဲဖြစ်ဖြစ် ဘဝမှာ ရှားရှားပါးပါးပေါ်လာတတ်တဲ့အချစ်ကိုမဆုံးရှုံးစေချင်ဘူး။ ငါသာဆိုလည်း ချစ်တဲ့မိန်းကလေးတွေ့ရင် ကွန်းပလေးလိုပဲနေမှာပါ။ အချစ်ဆိုတာ ထူးဆန်းတယ်ကွ။ ကိုယ်တိုင်မကြုံဖူးဘဲ နားမလည်ဘူး"

"မီးလောင်ရာ လေပင့်မလုပ်နဲ့ ထရော်နီ. . . ဒီကောင့်အတွက်ဆိုရင် တားသင့်တားရမှာပဲ။ နောက်မှ ဒီကောင်ရင်ကွဲနေမှာကို ငါမလိုလားဘူး။ အခု ဒီကောင့်ရောဂါ မရင့်သေးဘူး"

"ရင့်မရင့်ဆိုတာ အချိန်ကာလနဲ့မဆိုင်ဘူး။ ဥပမာ အချစ်ရောဂါက ပိုဆိုးတယ်"

"ဘာရောဂါမှန်းသိရင် ကုနိုင်တဲ့နည်းလမ်းတွေ အများကြီးပါကွာ။ ဒါက အချစ်ရောဂါမှန်းသိလျက်နဲ့"

"ကုလို့ရတယ်၊ စန္ဒြမာတုလျှာလေ"





"လောကမှာ မိန်းမတွေအများကြီးပါကွာ၊ အဲဒီလိုပုံကို ကြိုက်ရင် ကူးချလို့ရတယ်"

"အဲဒါက သိချင်းမဟုတ်ဘူး နုဝင်း၊ လူကွ။ ဒီလောက်ပေါင်းသင်းလာပြီး ခုချိန်ထိ ကွန်းပလေးရဲ့စိတ်ကို မင်းမသိသေးဘူးလား။ ဒီကောင်က အဲဒီလိုပုံစံထက် စန္ဒြမာတုလျှာကိုရင်ခုန်သွားတာကွ။ မင်းမယုံရင်ကြည့်လိုက်၊ ဒီကောင့်ရောဂါကို ကုနိုင်တာ စန္ဒြမာတုလျှာတစ်ယောက်ပဲရှိစေရမယ်၊ ငါထင်တာမလွဲဘူးဆိုရင် ကွန်းပလေးနဲ့သူမ ဇာတ်လမ်းဆက်ကြဦးမယ်"

"ဘယ်ကဘယ်လိုဆက်မှာလဲ၊ ရန်ကုန်တစ်မြို့လုံး သန်းခေါင်စာရင်းလိုက်စစ်မလို့လား"

"ကွန်းပလေးရဲ့စိတ်ကို မင်းမသိတာဘဲ ငါအံ့သြမိတာပါ၊ ကွန်းပလေးက စိတ်အားထက်သန်နေရင် မလုပ်နိုင်တဲ့အရာမရှိဘူး"

ဒါကို နုဝင်းလည်း သိပါသည်။ သို့သော် စောစောက ကွန်းပလေးအပေါ်ထားခြင်းကို ခံလိုက်ရ၍ ကန့်လန့်တိုက်ပြောနေခြင်းဖြစ်ပါသည်၊

ကွန်းပလေးကလည်း သူ့သူငယ်ချင်းပါလေ။

စိတ်ဆိုးတုန်းသာ ကန့်လန့်တိုက်ပြောလိုက်မိတာ ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကွန်းပလေးသာ လိုအပ်မယ်ဆိုရင် ဘာမဆိုကူညီရန် သူကလည်း အဆင်သင့်ဖြစ်နေပါပြီ။

ဒါကိုရော ထရော်နီကာ ရိပ်မိနေပြီလား။

ဂျူဂျူဂျူ

## အခန်း (၁၂)

"ငါတို့ မနက်ဖြန် ရန်ကုန်ပြန်မယ်"

ဟု အခန်းထဲဝင်ဝင်ချင်း ကြားလိုက်ရသောစကားသံကြောင့် နဝင်းရော ထရော်နီပါ အံ့ဩသွားရ၏။ အနေးနဲ့အမြန်သူမနောက် လိုက်မှာပဲဆိုတာ သိပေမယ့်လည်း ဒီလောက်မြန်လိမ့်မယ်လို့ ထင်မထားမိခဲ့ပါ။

"လေယာဉ်လက်မှတ်မှာပြီးပြီ၊ မင်းတို့အဝတ်အစားတွေသိမ်းကြတော့"

"မပုံအတွက် ဘွတ်ကင်လုပ်ထားတာကရော"

"Cancel လုပ်လိုက်ပြီ"

ဟူသော ပုံမှန်အသံနှင့်အနိမ့်အမြင့်မရှိဆိုရင်း အကျီများ



www.burmeseclassic.com

www.burmeseclassic.com



ကိုသိမ်းဆည်းနေသော ကွန်းပလေးကို မှင်သေသေနှင့်ကြည့်ပြီး နှစ်ယောက်သားမှာ ကုတင်ပေါ်ခြေပစ်လက်ပစ်ထိုင်ချလိုက်မိ၏။

"ဘယ်လိုအစရှာမလဲ"

"နည်းလမ်းတွေအများကြီးပါ"

"ငါတို့ဘာလုပ်ပေးရမလဲ"

"ရပါတယ်"

"ရင်ထဲမှာမြိုသိပ်ခံထားတဲ့ ငါတို့ကိုတစ်ခုခုပြောကြည့်ပါလား"

ထရော်နီကပြောလိုက်သော်လည်း အချည်းနှီးပင်ဖြစ်ရပါသည်။ ပစ္စည်းများကို တစ်ခုပြီးတစ်ခုလိုက်သိမ်းနေသော ကွန်းပလေးရဲ့ပုံက ပုံမှန်မဟုတ်သော်လည်း သူတို့နှစ်ယောက်စလုံး နှုတ်ဆိတ်နေဖြစ်ပါသည်။ ကွန်းပလေးက ပစ္စည်းများကို ရောက်တတ်ရာရာ ကောက်သိမ်းနေရာမှ အင်္ကျီကိုဆွဲချပ်ကာ ကုတင်ပေါ်ပစ်ပေါက်လိုက်ပြီး ရေချိုးခန်းထဲ ဝင်သွားခဲ့ပါသည်။

"အခြေအနေကတော့ တော်တော်ဆိုးနေပြီ"

"ဟိုဘဲကြီးလုပ်သွားပုံကြောင့် တော်တော်ခံစားသွားရပြီထင်တယ်။ မလွယ်ဘူးဘဲ။ ဘယ်လိုရှေ့ဆက်ကြမလဲ"

"ဒီမေးခွန်းကို ငါလည်းမပြောတတ်ဘူး။ ကွန်းပလေး





ဒီလိုဖြစ်နေပုံက တော်ရုံခံစားချက်မျိုးမဟုတ်ဘူး။ ငါတို့တစ်ခုခုလုပ်ရအောင်လား"

"Reception ကိုသွားရအောင်လေ၊ အဲဒီမှာ လမ်းစကိုတွေ့ရင်တွေ့နိုင်တယ်"

"သွားမယ်လေ"

ဟုဆိုပြီး နှစ်ယောက်သား ထွက်လာခဲ့ရပေမယ့် ဘယ်စကားလုံးနှင့်အစချီပြီး ဘယ်လိုမေးမြန်းရမှန်းမသိကြပါချေ။ ထို့ကြောင့်ပင် Reception ဘေးနားရပ်နေသော သူ့ရဲကောင်းပန်းပုရုပ်ကြီးနား ယောင်လည်လည်နှင့်လုပ်နေမိပါသည်။

"အစ်ကိုတို့ ဘာများအလိုရှိပါသလဲရှင်"

အလိုက်သိသောမိန်းကလေးကို ကျေးဇူးတင်မိသွားပါသည်။

"ဒီပန်းပုရုပ်က လက်ရာမြောက်တယ်နော်"

နဝင်းက အစချီလိုက်တော့ ထရော်နီက ကျော်ကြားသောအပြုံးကလေးနှင့် အမျိုးသမီးနှစ်ယောက်အား ပြုံးပြကာ,

"ပုဂံခေတ်ကတော့ မဟုတ်ဘူးထင်တယ်"

"ကျွန်မကတော့ ဟုတ်ပါတယ်၊ သူက သထုံကလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါကြောင့်ချောတာကိုး"

ဟုမြှောက်ပင့်ပင့်လေးပြောတော့ စကားလမ်းကြောင်းက လည်း တည့်သွားခဲ့ရပါသည်။

"Blue Boy ရဲ့မြှောက်ပင့်ပြောဆိုမှုကိုခံရတော့ ဒီနေ့ကို အမှတ်ရနေပါ့မယ်၊ ကျွန်မတို့က Blue Boy ရဲ့ပရိသတ်တွေလေ၊ အစ်ကိုတို့ ဒီဟိုတယ်ကိုရောက်လာတဲ့နေ့ကဆို ချောင်းကြည့်ရ တာ အမောပဲ"

"အမောပြေရဲ့လား"

"ပိုပြီးအမောဆို့သွားတယ်။ သီချင်းခွေထဲမှာထက် အပြင် မှာက ပိုချောတာကိုး"

"ညနေစာကျွေးမှဖြစ်တော့မယ်နဲ့တူတယ်"

"တကယ်ပြောတာပါနော်။ စားလို့သောက်လို့ကောင်း အောင် မြှောက်ပြောတာမဟုတ်ပါဘူး။ သူငယ်ချင်းတွေကိုတောင် Blue Boy နဲ့အပြင်မှာတွေ့ရတယ်လို့ ကြွားထားသေးတယ်။ အစ် ကိုတို့ အဆင်ပြေမယ်ဆိုရင် ဓာတ်ပုံတစ်ပုံလောက် တွဲရိုက်လို့ ရမလား"

"ရပါတယ်။ ရတာပေါ့"

နဝင်းကဆိုတော့ ထရော်နီရောနဝင်းပါ တစ်ယောက်





ကိုတစ်ယောက် အဖိပွာယ်ပါပါကြည့်ဖြစ်သွားကြပါသည်။

တောင်းဆိုတာကတော့ တစ်ပုံတည်းဆိုပေမယ့် ထိုနှစ် ယောက်က အပြန်အလှန်ရိုက်ကြတာမို့ စုစုပေါင်းနှစ်ပုံဖြစ်သွား ရပါသည်။

"ကျွန်မနာမည် နှင်းဆင်ပါ၊ သူက အေးမော်တဲ့"

"ဟုတ်ကဲ့ပါ၊ မှတ်ထားပါ့မယ်"

ဟုဆိုပြီး ပန်းပုရုပ်ကြီးကိုကြည့်ပြီး နဝင်းက. . .

"ဒီအရုပ်က ဟိုပုဂ္ဂိုလ်နဲ့မတူဘူးလား ထရော်နီ"

"ဘယ်ပုဂ္ဂိုလ်လဲ"

"တစ်ခါ ငါတို့ဆုံဖူးတယ်လေ၊ ဒီမှာပဲ မနေ့က ဘာတဲ့ နာမည်ကတော့ ခပ်ရှုပ်ရှုပ်ပဲ၊ မုဆိုးနဲ့ရုပ်အကျီနဲ့တိုက်ပုံကို လက် မှာပွေ့တဲ့လူလေ"

ဟု ထိုအမျိုးသမီးနှစ်ယောက်ကြားအောင် ပြောလိုက် ပါသည်။ နဝင်းရဲ့အထာကိုသိနေတဲ့ထရော်နီကလည်း ထိုအမျိုး သမီးနှစ်ယောက်ဘက်လှည့်ကာ . . .

"သူဘယ်သူ့ကိုရည်ညွှန်းပြီးပြောနေမှန်း သိကြလား"

"သိတာပေါ့၊ အဲဒီလိုပုံမျိုးက ဦးရာဇလက္ခဏာတစ်ဦး တည်းရှိတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရာဇလက္ခဏာ ဟုတ်လား"

"ဟုတ်တယ်"

"ဒီလူက တော်တော်သားနားတာနော်၊ မင်းတို့ ဘူ့ကို သိလို့လား"

"မန်နေဂျာပြောတာတော့ ဒီဟိုတယ်ရဲ့ရှယ်ယာဝင်လို့ ပြောတာပဲ။ ပြီးတော့ မင်းမျိုးမင်းနွယ်တဲ့"

"မင်းမျိုးမင်းနွယ်ဟုတ်လား"

"ဇမ္ဗူတ္တရအမတ်ကြီးရဲ့မျိုးဆက်တဲ့။ ဒါပေမဲ့ သူနဲ့အတူ ပါလာတဲ့ စန္ဒြမာတုလျှာဆိုတဲ့ခပ်ချောချောအစ်မကတော့ ခင်း တုန်းမင်းကြီးရဲ့မျိုးဆက်ဆိုပဲ"

"ဩော်. . . ဒီလိုရှိသလား"

"သူတို့က ပြန်သွားကြပြီလား"

ဟု နဝင်းကမေးတော့ ထိုအမျိုးသမီးနှစ်ယောက်က ဟို ကြည့်ဒီကြည့်လုပ်ကာ. . .

"မန်နေဂျာက ညှိသည့်တွေအကြောင်း မဗေစုရဘူး လို့ပြောထားတယ်၊ ဒါပေမဲ့ အခုသူမရှိဘူး. . . ဟဲဟဲ"

အရေးထဲ ကြော်ငြာက ဝင်နေသေးတယ်ဟု စိတ်ထဲက ပြောမိကြပေမယ့် စိတ်ရှည်ရှည်ထားလိုက်မိပါသည်။





"သူတို့က နန်းတွင်းထဲမှာ နေကြတာလား"

"မဟုတ်ပါဘူး။ မှတ်ပုံတင်အရဆိုရင်တော့ ရန်ကုန် အင်း လျားလမ်းထဲမှာနေတာ"

"စန္ဒြာတုလျှာလား"

"မဟုတ်ဘူး။ ရာဇလက္ခဏာ"

"စန္ဒြမာတုလျှာက ဘယ်မှာနေတာလဲ"

"အဲဒါတော့ မကြည့်မိဘူး"

ဟုသာဖြေခဲ့ပေမယ့် ထိုနှစ်ယောက်က သူတို့နှစ်ယောက် အား သံသယနှင့်ကြည့်လာ၍ မေးခွန်းများကို ဘရိတ်အုပ်လိုက် ရပါပြီ။

ရပါပြီ ဒီလောက်သိရတယ်ဆိုရင်ပဲ ရပါပြီဟုသာ ရင် ထဲတွေးလိုက်ပါသည်။ သူတို့ရဲ့သတင်းလေးကသာ ကွန်းပလေး အတွက် အထောက်အကူဖြစ်ခဲ့မယ်ဆိုရင် ထိုသံသယအကြည့် များအတွက်လည်း ကျေနပ်ပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

အဘေးတော်ဘုရား၏ ကျန်းမာရေးအခြေအနေကြောင့် ပုဂံမှ ခိုင်းမဆင့်ဖုံမခင့် ပြန်လာခဲ့ကြပါသော ရာဇလက္ခဏာနှင့် စန္ဒြမာတုလျာတို့က မိမိတို့၏နေအိမ်များဆီသို့ အသီးသီးမပြန်နိုင်ကြတော့ပါဘဲ အဘေးတော်ဘုရား၏နေအိမ်ရှိရာ ခြောက်မိုင်ခွဲသို့ပင် တန်းဝင်ခဲ့ကြပါသည်။

အနွယ်ဝင်တွေထဲတွင် အဘေးတော်ဘုရားက အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ယခုလက်ရှိမှာလည်း အနွယ်ဝင်များအား အုပ်ချုပ်သူအကြီးတော်မှူးမို့ နေမကောင်းဖြစ်နေသော အဘေးတော်ဘုရား၏နေအိမ်ဝင်းတွင် ကားများ ပြည့်နေခဲ့ပါသည်။

အဘေးတော်ဘုရား၏ကျန်းမာရေးကို စိုးရိမ်မိပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း လူအများစည်ကားနေချိန်မို့ လူဘောင်တိုးတဲ့သူမကာ မငုံ့မရဲဖြစ်ရပါ၏။ သို့သော် ရာဇလက္ခဏာဦးဆောင်မှုဖြင့်မင် စိတ်ကိုအရဲကိုးပြီး ခမ်းနားသန့်ပြန့်သောအဆောက်အဦးထဲသို့ ဝင်လာခဲ့ကြသည်တွင် ဟိုမှဒီသို့သွားလာလှုပ်ရှားနေကြပါသော လူအချို့ကို တွေ့ရပါသည်။

ထိုလူများက သူမတို့နှင့်မတိမ်းမယိမ်းအရွယ်များဖြစ်ကြပါသော်လည်း သူမအတွက်တော့ စိမ်းနေခဲ့ပါသည်။ ဘာလို့လဲဆိုတော့ ထိုမျက်နှာများကို သူမ ပထမဆုံးမြင်ဖူးခြင်းမို့ပါ။

"ဟော! မင်းသမီးတို့ရောက်လာကြပြီပဲ"

သူမအံ့သြရပါသည်။ သူမကမသိပေမယ့် သူမကိုတော့ သိနှင့်နေကြပါပြီလေ။

"သတင်းကြီးပေမယ့် မင်းသမီးဆိုတော့ ခုမှပဲ ကိုယ်တွေ့မြင်ဖူးတော့တယ်"

ရင်းရင်းနှီးနှီးပြောဆိုသံများကို သူမက ကြောင်စီစီနှင့်ပြုံးပြနေခဲ့ပါသည်။ ထိုအပြုံးကို ရာဇလက္ခဏာက သဘောပေါက်ရှိထင်ပါရဲ့၊ သူမကိုမိတ်ဆက်ပေးပါသည်။

"ဒါက ကတ္တူထစ်အိမ်ကတွေလေ၊ ဒီဘက်ကတော့ မေတ္တဒိတာကတွေ"





လူငါးယောက်အား ခြုံငုံကာ မိတ်ဆက်ပေးလေတော့မှ သူမသိရပါတော့သည်။ လူတွေကိုမမြင်ဖူးပေမယ့် မှတ်တမ်းများအရတော့ ထိုစံအိမ်တွေက သူမနှင့်သိပ်ကိုရင်းနှီးပြီးသားပါလေ။

"မင်းသမီးလေးက သတင်းထက်ပိုပါတယ်၊ ရှေးမူရေးဟန်မျိုးကို မင်းသမီးဆီမှာပဲ ပြည့်ပြည့်ဝဝတွေ့ရတော့တယ်။ ဒါကြောင့် မင်းသမီးသာလျှင် အနွယ်တော်များရဲ့သခင်မဖြစ်လာမယ်လို့ အဘေးတော်ဘုရားက မိန့်တာပေါ့။ ကဲ! ခရီးရောက်မဆိုက်ကြီး ဝင်ကြပါဦး။ အဘေးတော်ဘုရား မျှော်လှပေါ့"

ဟုဆိုတော့မှ သူမနှင့်ရာဇလက္ခဏာတို့က အဘေးတော်ဘုရားရှိရာအခန်းထဲ ဝင်လာခဲ့ကြသည်တွင် အဘေးတော်ဘုရားအား သလွန်ဝတက် လှဲနေသည်ကိုတွေ့ရပါသည်။

အဘေးတော်ဘုရားက သူမတို့ကိုမြင်တော့ ခေါင်းမတ်လာခဲ့ပါသည်။ အင်အားဖျော့တော့နေသောနှုတ်ခမ်းနှစ်လွှာမှာလည်း ဟာချည်ပိတ်ချည်ဖြစ်နေရပါသည်။

အဘေးတော်ဘုရား၏နှုတ်ခမ်းလျုလျုပုံကြောင့် သူမရင်ထဲဆို့တက်လာရကာ မျက်ရည်ပေါက်များ စီးကျလာခဲ့ရပါသည်။

"အဘေးတော်ဘုရား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ရင်တွင်းသံကြီးနှင့်ခေါ်ကာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပါတော့သည်။ သူ့ခငိုနေမိပါသည်။ ဘာကြောင့် ဝမ်းနည်းနေရသလဲဆိုတာမသိပေမယ့် သူမ ရှိုက်ခြဲချငိုရှိုက်နေမိပါသည်။ အဘေးတော်ဘုရားက နာမကျန်းဖြစ်ရုံပဲရှိသေးတာဆိုပေမယ့် ရှာပနအလားပင် ငိုနေခဲ့ပါသည်။ သူမရင်ထဲ ဝမ်းနည်းနေရပါသည်။ ဘယ်အချိန်တည်းက ဘာကိစ္စတွေ ဝမ်းနည်းနေခဲ့မှန်းမသိပါဘဲ ယခုတော့ အဘေးတော်ဘုရား၏ နွမ်းလျလျပုံကို ငြိုးခိုးငြိုး ငိုချပစ်မိပါ၏။

"နှမလေး၊ စိတ်ကိုလျှော့ပါ နှမလေးရယ်၊ ဆရာဝန်တွေကုသထားတော့ အဘေးတော်ဘုရား နေပြန်ကောင်းသွားမှာပါ။ လူကြီးဆိုတော့ ဒီလိုပါပဲ၊ အသက်ကြီးရင် အင်အားတွေက ယုတ်လျော့သွားတတ်တာ သဘာဝပဲလေ"

သူမရဲ့လက်ဖမိုးလေးများကို ဆုပ်နယ်ခြင်းမရှိဘဲ သူမဘေးတွင်သာ ဒူးထောက်ထိုင်ပြီး သူမကိုနှစ်သိမ့်လာတဲ့ ရာဇလက္ခဏာကြောင့် မျက်ရည်စများကို သုတ်လိုက်ပါသည်။ သူမက အဘေးတော်ဘုရားကိုမော့ကြည့်ဖြစ်တော့ အဘေးတော်ဘုရားက သူမနှင့်ရာဇလက္ခဏာအားကြည့်ပြီး ဖျော့တော့စွာ ပြုံးနေခဲ့ပါသည်။ ထိုအပြုံးက ပီတိပြုံးဆိုတာ သူမနားလည်နေပါသည်။





အဘေးတော်ဘုရားက လက်ကိုဆန့်ထုတ်ကာ ထိုင်ယိုကြောင်းပြသသဖြင့် ရာဇလက္ခဏာကပဲ အဘေးတော်ဘုရားအား တွဲထူကာ ထိုင်စေလိုက်ပါသည်။

"မင်းတို့နှစ်ယောက် ဒီလိုရင်းနှီးသွားကြပုံကိုမြင်ရတော့ ငါ့ရဲ့ကျန်းမာရေးလည်း တစ်ဝက်ကောင်းလာသလိုပဲ"

အဘေးတော်ဘုရား၏အသံမှာ မာလှပါ၏။

"ပုဂံကို ဘုရားပူဇော်လိုက်တာ မှန်သွားပြီထင်တယ်"

ရာဇမာန်ကြောင့် ထင်ပါသည်။ အဘေးတော်ဘုရား၏ အသံက တုန်ယင်နေပေမယ့်လည်း မာနေခဲ့သေး၏။

"ဒီလိုမြင်လိုက်တော့ ငါလည်းသဘောပေါက်သွားတယ် အေး. . . ငါခုလိုတူနိုင်ယှဉ်နိုင်တုန်းမှာ မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးသွားမှဖြစ်တော့မယ်"

တစ်နေ့တော့ ဒီလိုဖြစ်လာမှာပဲဆိုတာ သိပေမယ့် ရုတ်တရက်တော့ သူမတုန်လှုပ်သွားရပါသည်။

"မင်းတို့ကိုလက်ထက်ပေးမထားခဲ့ဘူးဆိုရင် ငါဘဝကူးကြောင့်နိုင်မှာမဟုတ်ဘူး"

ဟုဆိုတော့ သူမမျက်နှာပျက်ယွင်းသွားရပါသည်။ အမှန်တိုင်းပြောရလျှင် သူမလက်မထပ်လိုသေးပါချေ။ အရင်ကတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ကကြိုးရှုပ်မို့ ဒေါင်လိုက်ထားလျှင်လည်း ဒေါင်လိုက်၊ အလျားလိုက်ထားလျှင်လည်း အလျားလိုက်နေပေးရုံပဲ ဆိုပေမယ့် ယခုလိုလွတ်လွတ်လပ်လပ်ခရီးထွက်ပြီးတော့ အမျိုးအစားမတူတဲ့လူတွေရဲ့နေထိုင်မှုကိုတွေ့ရပြီး လွတ်လွတ်လပ်လပ် သွားလာနေကြသူများကိုလည်း တွေ့ရ၍ လက်ဘသောကြီး လက်မထပ်လိုသေးပါချေ။

သူမလည်း သူမနှင့်ရွယ်တူများလို့ လောကအလယ်တွင် ခြေဆန့်သွားလာလိုလာပါ၏။ ထို့ကြောင့်ပင် အမြဲခေါင်းငုံ့နေလာခဲ့သည့်သူမက. . .

"နတ်တော်လဆန်းကိုးရက်မှ စ၍ရဲ့အသက်က နှစ်ဆယ့်သုံးနှစ်ပြည့်မှာပါ အဘေးတော်ဘုရား။ ကနဦးကတော့ တပို့တွဲလဆန်းပိုင်းမှလို့ သတ်မှတ်ထားပြီးသားလေ"

သူမက ထူးထူးဆန်းဆန်းတောဒကာတက်လျှင် အဘေးတော်ဘုရား၏စူးစမ်းခြင်းကို ခံလိုက်ရ၍ အနေကျုံ့သွားရပြန်ပါသည်။

"မြစ်တော်လေးက ရာဇလက္ခဏာကို သဘောမကျလို့လား"

ထိုမေးခွန်းက ရာဇလက္ခဏာရှေ့မှောက်မှာ အမေးခံရတာ





မို့ သူမက ရာဇလက္ခဏာအပေါ် အားနာသွားရပါသည်။

"မဟုတ်ပါဘူး၊ အရင်စကားဆိုတဲ့အကြောင်းပြောတာပါ"

"ဘာများခြားနားဦးမှာလဲ မြစ်တော်လေးရယ်၊ တစ်နေ့တော့ ရောက်လာမှာပဲ။ ယခင်ကဆိုရင် ဆယ့်ခြောက်နှစ်ကျော်ရင်ပဲ မင်းပေဿာဆက်ကြတာ။ ခုဆို မြစ်တော်က နှစ်ဆယ်ကျော်ပြီးနေပြီ။ ဲအေး. . . အဘေးတော်ရဲ့ကျန်းမာရေးကြောင့် ကိုယ့်ကိုယ်ကိုလည်း အာမမခံနိုင်လို့ ရက်ရွှေ့ဖို့စဉ်းစားမိတာပဲ။ ပြီးတော့ ရာဇလက္ခဏာ်အသက်ကလည်း ရှိသေးတယ်လေ။ ရာဇလက္ခဏာ က နှစ်ဆယ့်ခုနစ်နှစ်ကျော်ပြီ၊ သူ့မှာသားသမီးရှိရမယ့်အရွယ်ကို ရောက်နေပြီ။ ဒါ့အပြင် ယခုကြည့်တော့လည်း မင်းတို့နှစ်ယောက်က မစိမ်းတော့ဘူးဆိုတော့ လာမယ့်သီတင်းကျွတ်မှာ ဘိသိက်ခံဖို့ပဲ စီမံပါတော့မယ်"

အဘေးတော်ဘုရား၏စကားသံကို သူမပထမဆုံးကြိမ်အဖြစ် မနှစ်မြို့နိုင်ဖြစ်သွားရပါသည်။ ရာဇလက္ခဏာကိုလှမ်းကြည့်တော့ အမိန့်တော်ကို ကောင်းစွာနာခံမည့်လူလိမ္မာတစ်ယောက်နှင့် တူနေခဲ့ပါသည်။ သူမ ဘာတတ်နိုင်ဦးမှာလဲ၊ ဘာများပြန်ပြီးတောဒကာတက်နိုင်ဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘိသိက်ခံရင်. . . အကြီးတော်ရာထူးစလွယ်တော်နဲ့ အဆောင်အယောင်ပါ အပ်နှင်းမှာမို့ ရာဇလက္ခဏာက အားလုံး အသင့်ပြင်ထားပါကွယ်"

"ဟုတ်ကဲ့ နာခံနေပါတယ် အဘေးတော်ဘုရား၊ ဆက် ပြီးအမိန့်ရှိပါ"

"ဒီကိစ္စဆွေးနွေးဘိုင်ပင်ရန် အနွယ်ဝင်တွေအားလုံး စု စည်းပါ။ မင်းတို့လက်ဆက်အရေးက အမျိုးအနွယ်ရဲ့အနာဂတ် လည်း မည်ပေလို့ ဒါကိုပေါ့ပေါ့ဆပ်ဆပ်လုပ်လို့မရဘူး။ ဒါကြောင့် အစေခံအကြီးအကဲတွေပါမကျန် သတင်းပို့ပါ"

"ဒါတွေအားလုံးကို အဘေးတော်ဘုရား နေ့ပြန်ကောင်း မှပဲ စီမံသင့်ကြောင်းအကြံပြုပါရစေ အဘေးတော်ဘုရား၊ ယခု အဘေးတော်ဘုရားအသံက တုန်ယင်နေပြီမို့ အနားယူပါ။ မနက် ဖြန် သဘာက်ခါဆိုလည်း နောက်မကျသေးကြောင်းပါ"

ရာဇလက္ခဏာက အကြံပြုတော့ အဘေးတော်ဘုရား ငြိမ်ကျသွားရပါသည်။

"အေးအေး. . . ကဲ! မင်းတို့လည်း ခရီးပန်းလာတာ နား ကြဦး"

အဘေးတော်ဘုရားကဆိုတော့ သူမအံ့သြသွားရပါ၏။





သူမစောဒကတက်စဉ်က နားထဲတောင်မဝင်ခဲ့တဲ့ အဘေးတော် ဘုရားက ရာဇလက္ခဏာရဲ့စကားကိုတော့ သိသိသာသာကြီးလက် ခံနေ၍ ရာဇလက္ခဏာရဲ့အရှိန်အဝါကို သူမသဘောပေါက်လိုက် ပါပြီ။

ရာဇလက္ခဏာဟာ အဘေးတော်ဘုရားအပေါ်ကိုတောင် လွှမ်းမိုးနိုင်မှတော့ အနွယ်တော်များကိုပါ လွှမ်းမိုးထားပြီဟု သူမ သဘောပေါက်လိုက်ပါ၏။ ပြီးတော့လည်း ဒါကြောင့် မယ်တော် က ရာဇလက္ခဏာနဲ့သူမကို တွန်းပို့နေသည်ဆိုတာ သဘောပေါက် မိတော့ သူမပို၍ကြောက်ရွံ့သွားရပါသည်။ ဘာကိုလဲဆိုတာ တပ် အပ်ကျကျမသိပေမယ့် ကြောက်နေမိတာအမှန်ပါပဲ။

ဂျဂျဂျ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ခရီးကပြန်ရောက်ကတည်းက မျက်နှာမရွှင်မလန်းနှင့်ဖြစ်နေသောထိပ်ထားလေးကို သအိုဇာ သတိထားမိနေပါသည်။ သို့သော် ဘာကြောင့်ဆိုတာကိုမူ မမေးဖြစ်သေးပါချေ။ ဘာလို့လဲဆိုတော့ ခုတလော သခင်မကြီးက ထိပ်ထားလေးကို မျက်ခြည်မပြတ်စောင့်ကြည့်နေ၍ အရောတဝင်မနေရဲခဲ့တာလည်း ပါပါ၏။ သခင်မကြီးက အစေခံနှင့်အရှင်သခင်ကြား မိတ်ဆွေလိုဆက်ဆံရေးမျိုးရှိတာ လက်မခံနိုင်သူမို့ပါ။ ထိပ်ထားလေးကလည်း ဒါကိုသဘောပေါက်နေ၍ သခင်မကြီးရှေ့တွင် သူမအား ရင်းနှီးဟန်မပြခဲ့ချေ။

သို့သော် ဒီနေ့တော့ ထိပ်ထားလေးအား လက်ထပ်ပေး



www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် အစည်းအဝေးရှိနေ၍ သခင်မကြီးရော သခင်ကြီးပါ အပြင်ထွက်သွားကြ၍ သူမက ရဲရဲဝံ့ဝံ့ပင် ထိပ်ထားလေးစံရာ အဆောင်တော်ဘက်ကို ကူးလာခဲ့ပါ၏။

"ထိပ်ထားလေး"

သူမခေါ်သံကြောင့် ထိပ်ထားလေးက လှည့်ကြည့်လာပါ၏။ သို့သော် အရောင်အဆင်းမပါသည့်မျက်လုံးမျိုးနှင့်ပါ။

"သခင်မကြီးရော သခင်ကြီးပါ မရှိကြဘူး"

"သွားကြပြီလား"

"လွတ်လွတ်လပ်လပ်ပဲ ဘုရားဖူးကြီးပါ ပါသွားတယ်။ ခုအိမ်မှာ မယ်ပရယ် ထိပ်ထားလေးရယ် သအိုဇာရယ်ပဲ ရှိတယ်။ ညနေမှပြန်ရောက်မယ်ဆိုတော့ တကယ့်ကိုလွတ်လပ်ပါတယ်"

သအိုဇာက အားတက်သရောပြောနေသော်ငြားမယ့် စန္ဒြမာတုလျာ၏မျက်နှာမှာ တည်ငြိမ်နေရပါသည်။

"ထိပ်ထားလေး ဘာဖြစ်နေတာလဲ။ ထိပ်ထားကို သအိုဇာကြည့်တာ ကြာလှပေါ့။ မျက်နှာက မရွှင်မလန်းနဲ့ ဘာကြောင့်လဲ"

"မသိပါဘူး သအိုဇာရယ် ရင်ထဲမှာ မပျော်ဘူး"

"မင်းသားရာဇလကျွဏ်နဲ့ပတ်သက်လို့လေရော့လား"

"သူ့ကြောင့်လည်းပါတာပေါ့။ လက်ထပ်တာမထပ်တာက ထိပ်ထားအတွက် ဘာမှမခြားနားသွားပေမယ့် ရင်ထဲမှာတစ်မျိုးပဲ"

"မင်းသားက ချောပါတယ်၊ ပြီးတော့ အရည်အချင်းလည်း ပြည့်ဝတယ်။ တကယ်သင့်တော်လို့လည်း အကြီးတော်တွေက စီစဉ်ကြတာပေါ့ ထိပ်ထားလေးရယ်"

"သိပါတယ်၊ ဒါပေမဲ့ ရင်ထဲမှာ လေးပင်နေတယ်။ ခါတိုင်းတော့ ပုံမှန်ပဲရှိပေမယ့် အခုလိုခရီးထွက်ဖူးသွားတော့ စိတ်ထဲမှာတစ်မျိုးပဲ"

"ဘယ်လိုဖြစ်တာလဲ ထိပ်ထားလေးရယ်၊ သအိုဇာ သိအောင်လည်း ရှင်းပြစမ်းပါဦး"

"ထိပ်ထားလည်း သူများတွေလို လွတ်လပ်ချင်တယ်"

တိုးတိုးတုပ်တုပ်စကားစုလေးပေမယ့် သအိုဇာ နားလည်သွားပါသည်။ အကျဉ်းကျနေသလို နေလာခဲ့တဲ့ထိပ်ထားလေးက မိမိကိုယ်မိမိ မြင်သွားပြီထင်ပါရဲ့။

"သူများတွေလိုရယ်မောပြီး ပြောဆိုချင်တယ်။ နေပူကျဲကျဲထဲ လမ်းလျှောက်ပြီး သွားချင်တယ်။ ပြီးတော့ လွတ်လွတ်လပ်လပ်စားသောက်ပြီး ကိုယ်ပိုင်စိတ်နဲ့ အပြင်သွားချင်တယ်"


ရွှေပဒေသာစာပေ


www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . ဘုရား. . . ဒီစကားလုံးမှာတော့ သအိုဇာ အံ့သြသွားရပါသည်။ ထိပ်ထားလေးထံသို့ ဘာကြောင့် ဒီအတွေးတွေ ဝင်လာရတာလဲ၊ ထိပ်ထားလေးက သူမထင်ထားတာထက်ပိုပြီး လောကကိုအချိန်တိုတိုအတွင်း မြင်တတ်သွားသလား။

"ရာဇလက္ခဏာက မငြင်းသင့်တဲ့ယောက်ျားကောင်းဆိုတာ သိပေမယ့် ဒီအချက်တစ်ခုတည်းနဲ့ ထိပ်ထားရဲ့ဘဝကို လွှယ်လွှယ်ပေးရတော့မှာလား"

"ထိပ်ထားလေးရယ်၊ မတွေးကောင်းတာတွေ မတွေးပါနဲ့လား"

"ဒီလောက်ကျယ်တဲ့စံအိမ်ကြီးက ထိပ်ထားအတွက် သိပ်ကျဉ်းသွားသလိုခံစားရတယ် သအိုဇာရယ်။ မွန်းကျပ်လွန်းလို့ ရူးချင်နေတော့တာပဲသိတယ်"

အမှန်တကယ်ပင် စိတ်ပျက်သံနှင့်ဆိုလာတော့ သအိုဇာ့ရင်ထဲ စိတ်မကောင်းဖြစ်ရပါသည်။

"သအိုဇာ၊ အမှန်ကိုပြောပါ။ ထိပ်ထားရဲ့ဘဝကို ကျဉ်းမြောင်းလွန်းတယ်လို့ သအိုဇာထင်နေတယ်မဟုတ်လား"

သအိုဇာက ခေါင်းမညိတ်ခေါင်းမခါဘဲ နေခဲ့ပါသည်။

"နိုင်ငံခြားသားညှော်သည်တွေကို လမ်းညွှန်နေတဲ့ကာလေး





တစ်ယောက်လောက်မှ အရည်အချင်းမရှိဘူးလို့ ခံစားနေရတယ်။ ကလေးတောင် သူ့ကိုယ်ပိုင် သူ့ရဲ့စိတ်နဲ့ သူ့ဘဝကိုရပ်တည်နိုင်သေးတယ်၊ ထိပ်ထားကတော့ ပင်မြင့်စံဆိုတဲ့စကားလုံးအောက်မှာ အဝတ်အစားတောင် သအိုဇာရွေးပေးတာကိုပဲ ဝတ်နေရတာပါ။ အချိန်တန်တော့ ရာဇလက္ခဏာနဲ့ထိမ်းမြား၊ မျိုးရိုးဂုဏ်စောင့်ထိန်းရမယ်ဆိုတဲ့စည်းကမ်းကြီးနောက်မှာ ကြိုးတုပ်ခံထားရတဲ့လူလိုပဲ"

ပြောရင်းနှင့် မျက်ရည်တွေ စီးကျလာသော ထိပ်ထားလေးကြောင့် သအိုဇာ့ရင်ထဲ စိတ်မကောင်းဖြစ်ရပါသည်။ အပျိုစင်လေးမို့ အချစ်မနှစ်သက်သူနှင့် ရုတ်တရက်လက်ထပ်ရတော့မည့်အရေးကို စိတ်ထဲကစဉ်းကလျားနှင့် ထွက်ပေါက်ပိတ်နေတာပါလားဟု သအိုဇာ နားလည်လိုက်မိပါ၏။ ထိပ်ထားလေးက ဒီလောက်ကြေကွဲနေပုံထောက်လျှင် ရာဇလက္ခဏာအား မနှစ်သက်ဘူးဆိုတာလည်း နားလည်မိသွားပါသည်။ သို့သော် ဒါက အနွယ်တော် အကြီးအကဲများရဲ့ဆုံးဖြတ်ချက်လေ။ ဘာအဆင့်မှမရှိတဲ့ သူမလိုအခစားခံက ဘာများပြောင်းလဲနိုင်မှာမို့လဲ။ သို့သော် သူမ ကတ်နိုင်တာတစ်ခုတော့ ရှိပါသည်။ အဲဒါကတော့ ထိပ်ထားလေး စိတ်သက်သာရာရအောင် လုပ်ပေးနိုင်ခြင်းပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထားလေး အပြင်သွားချင်သလား"

မဝံ့မရဲပြောလိုက်ခြင်းဖြစ်သော်ငြားလည်း ကလေးတစ်ယောက်လို မျက်လုံးပြူးလေးနှင့်ကြည့်လာသော ထိပ်ထားလေးကြောင့် အားတက်သွားရပါသည်။

"အပြင်လေးဘာလေးသွားလိုက်ရင်တော့ ရုပ်ရှင်တွေ ဘာတွေ သက်သာပြီး လန်းဆန်းသွားမယ်ထင်တယ်"

ဟုအကြံပြုပေမယ့် ထိပ်ထားလေးမျက်နှာမှာ ညှိုးငယ်သွားရပြန်ပါသည်။

"မယ်တော်က ခွင့်ပြုမှာမဟုတ်ဘူး"

"ခွင့်မပြုရင်လည်း ခိုးသွားပေါ့။ ခု သခင်မကြီးမှ မရှိတာ။ သအိုဇာမပြောရင် ဘာမှမသိဘူး၊ မယ်ပဂာ ထိပ်ထားလေးရဲ့အဆောင်တော်ထဲ ဘယ်တုန်းက ဝင်ဖူးလို့လဲ"

သအိုဇာက မိုက်ရူးရဲဆန်စွာပြောတော့ ထိပ်ထားလေး စန္ဒြမာတုလျာ၏မျက်နှာတွင် ငေးငိုသွားရပါသည်၊

"အဲလိုလုပ်လို့ရသလား"

"အဟဲ. . . ဟဲ. . . ပြောသာပြောရတာ မလုပ်ရဲရင်ပဲ၊ မိသွားရင်တော့ မလွယ်ဘူး။ မလုပ်ပါနဲ့ထိပ်ထားလေးရယ်။ စိတ်ကူးနဲ့သာ ကျေနပ်နေလိုက်ပါ"





ဟုဆိုတော့ စန္ဒြမာတုလျာက ကြာရှည်စွာ ငြိမ်သက်သွားရပါသည်၊ ရှုးရဲ့ခေါ်သောမျက်လုံးအစုံက ပြင်ပဆီသို့ကျရောက်နေသဖြင့် ဒါကြာ တစ်ခုခုကို အလေးအနက်စဉ်းစားနေတာပါလားဆိုတာ သအိုဇာ သဘောပေါက်လိုက်၍ ပေါက်ကရပြောခဲ့မိပါသော မိမိပါးစပ်မိမိ အပြစ်တင်ရပါတော့သည်။

"စိတ်ဝင်စားဖို့ကောင်းတယ် သအိုဇာ၊ တကယ်မလုပ်ရသေးဘဲ စိတ်ထဲတွေးကြည့်တာလေးနဲ့တင် သိပ်ကိုစိတ်ဝင်စားဖို့ကောင်းနေပြီ၊ ရင်တွေတုန်လာတယ်၊ ဘာဖြစ်လာနိုင်မလဲဆိုတဲ့ အကျိုးဆက်ကိုတွေးလာရတယ်။ အဲဒါတွေးနေရတော့ စောစောက ပင်ပန်းမှုတောင် ဘယ်ဆီရောက်မှန်းမသိတော့ဘူး။ ကောင်းပြီ သအိုဇာ။ ဒါကို ထိပ်ထားလုပ်ကြည့်မယ်"

အကြံပေးတုန်းကပေးပြီးမှ တကယ်လက်တွေ့လုပ်ပါတော့မယ်ဆိုပြန်တော့ ကြောက်ဒူးတုန်မိပြန်တာက သအိုဇာရယ်ပါလေ။

"သအိုဇာ လုပ်ပါ. . . ထိပ်ထားကိုကူညီပါ"

"မလုပ်ပါနဲ့ထိပ်ထားရယ်၊ သအိုဇာက စကားအဖြစ်ပဲ ပြောလိုက်တာပါ။ အိုးဘာကွဲကုန်ပါ့မယ်"

"လုပ်ပါနော် သအိုဇာ၊ ကူညီပါ။ ဒီပုံအတိုင်းဆို ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ထား ရှုံးရလိမ့်မယ်။ မောင်ကြီးရောဇလေကွဲဘီနဲ့လက်ဆက်ရရင်တောင် ပေါ့ပါးတဲ့ဘဝပျော်ရွှင်မှုကိုချိုးမှ လက်ဆက်ချင်ပါတယ်။ လောကအကြောင်းမသိဘဲ သိပ်တော်တဲ့လူနဲ့လက်ဆက်ရမှာကိုလည်း ထိပ်ထားကြောက်လန့်မိပါတယ်၊ ကူညီပါနော် သအိုဇာ''

အရှင်သခင်က တောင်းပန်ခယသံနှင့်ဆိုတော့ သအိုဇာ ထံတွင် ငြင်းဆန်နိုင်အားရှိပါ့လား။ ဖြစ်ကာမှဖြစ်ရော၊ လာမည့် ဘေား ထိပ်ထားလေးရှေ့ရပ်ပြီး ပြေးတွေ့မယ်ဆိုသည့်သတို့မျိုး က ထိပ်ထားလေးရဲ့ ခယသောမျက်လုံးအကြည့်များအောက်တွင် တဖွားဖွားပေါ်ထွက်လာခဲ့ရပါသည်။ ထို့ကြောင့်ပင် ထိပ်ထားလေး ပျော်လျှင်ပြီးရောဆိုပြီး. . .

''နေဦး၊ မယ်ပကို ထိပ်ထားလေး အိပ်စက်နေပြီဆိုကြောင်း သတင်းပို့လိုက်ဦးမယ်၊ ထိပ်ထားလေးက ညာဘက်လှေကားကဆင်းသွား။ ပြီးရင် ဥယျာဉ်တော်ထဲမှာစောင့်နေ။ သအိုဇာ သော့ယူပြီး ဆင်းလာခဲ့မယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်''

''ဘာလဲ သအိုဇာ''

''အပြင်သွားရင် ငွေကြေးဆိုတဲ့အသပြာလိုတယ်''

''ရွှေဆိုရင် ငွေမဖြစ်ဘူးလားဟင်''

''ဖြစ်တော့ဖြစ်တယ်၊ ဒါပေမဲ့ ရောင်းတာကျတော့''





''ရောင်းရမယ့်နေရာကိုသာ ခေါ်သွားပါ၊ ထိပ်ထားလေး ရောင်းပါ့မယ်။ ခေတ်စကားတွေမတတ်ပေမယ့် ရောင်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်''

''သခင်မကြီးသိသွားရင်ရော''

''မယ်တော်မသိနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ လွန်သွားတဲ့အဘွားတော်က ပေးထားတာမို့ပါ''

''ဒါဆိုရင်တော့ ရှေးပစ္စည်းဖြစ်နေတယ်၊ ဖြစ်ပါ့မလား ထိပ်ထားလေးရယ်''

''ဖြစ်ပါတယ်''

''ထိပ်ထားလေးအင်္ကျီထူထူဝတ်နော်၊ မိုးရာသီမို့ မိုးတပြက်လေတပြက်နဲ့ ထိပ်ထားလေး ဖျားနာတော့မှ အားလုံးမိကုန်ပါမယ်''

''စိတ်ချပါ၊ အင်္ကျီထူထူဝတ်ထားပါ့မယ်''

ထိပ်ထားလေးက စိတ်အားထက်သန်စွာဆိုတော့ သအိုဇာရင်ထဲ ထိရှသွားရပါသည်။ ဘာလို့လဲဆိုတော့ အရွဲဆိုသည့် ငယ်ငယ်ကတည်းက ထိပ်ထားလေးဘေး နေခဲ့ရပေမယ့် ထိပ်ထားလေးက ခုလိုတက်ကြွနေပုံမျိုး တစ်ခါမှတောင်မတွေ့ခဲ့ဖူးလို့ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ပါပြီ။ ထိပ်ထားလေးကြောင့် ကြိမ်ဒဏ်ခံရမယ်ဆို ရင်တောင် ထိပ်ထားလေးရဲ့အပြုံးကြောင့် ထိုက်တန်နေပါပြီလေ။ ထိပ်ထားလေးရဲ့မျက်နှာပေါ်မှအပြုံးကိုမြင်ရတော့ သူမရဲ့အကြံပြု ချက်က မှန်ကန်သွားပြီဟုယုံကြည်လိုက်ပြီး စားဖိုမှူးမယ်ပအား လိမ်ညာကာ ထိပ်ထားလေးနှင့်သူမက သော့အထပ်ထပ်ကိုကျော် ဖြတ်ပြီး စံအိမ်အပြင်ဘက်ကို ထွက်လာခဲ့ကြပါ၏။

အပြင်တော့ရောက်လာကြပြီဆိုပေမယ့် သူမတို့ ဘယ် သွားလို့ဘယ်လာရမည်မသိကြပါချေ။ မယ်ပနောက် ရံဖန်ရံခါ ဈေးလိုက်ဖူးသည်ဆိုတာမှလွဲ၍ သူမကိုယ်၌ကလည်း ပြင်ပလော ကနှင့် ကင်းကွာလွန်း၍ ထိပ်ထားလေးလက်ကိုဆွဲရင်း ရောက် တတ်ရာရာဖြစ်နေရပါသည်။

"ဘယ်သွားမှာလဲ သအိုဇာရဲ့"

"မသိဘူး ထိပ်ထားလေးရယ်၊ သအိုဇာလည်း ဈေးပဲ ရောက်ဖူးတာ"

"ဒါဆို ဈေးကိုသွားမယ်လေ"

"အဲဒါက ဦးဒီပရှိမှ၊ အဲ. . . ခုမှသတိရတယ်။ ဦးဒီပ မရှိတဲ့နေ့ ကားငှားပြီးသွားတယ်။ ဆိုင်းဘုတ်ပါတဲ့ကားအဖြူရောင် လေးတွေ့ တက္ကစီလို့ပြောကြတယ်"



BURMESE CLASSIC .com



"တက္ကစီဆိုတာက အင်္ဂလိပ်လိုခေါ်တာပဲ၊ မြန်မာလိုပြန် ရင် အငှားယာဉ်လို့အဓိပ္ပာယ်ရတယ်။ ဟုတ်ပြီ၊ အဲဒါငှားပြီး သွား ရအောင်"

ဟုဆိုတော့ နှစ်ယောက်သားမှာ လွတ်ထွက်သွားမည် စိုးသည့်အလား တစ်ယောက်လက်ကိုတစ်ယောက် တင်းတင်း ဆွဲလျက် လမ်းကျဉ်းလေးထဲမှတစ်ဆင့် မှန်းဆကာ လမ်းမကြီး ဆီသို့ ကူးလာခဲ့ပါ၏။

"ဒီနေရာကနေ ငှားရအောင် ထိပ်ထားလေး"

ဟုဆိုပြီး ပလက်ဖောင်းဘေးတွင် ရပ်လိုက်ကြပြန်ပါ သည်။ သအိုဇာက စန္ဒြမာတုလျှာ၏မျက်နှာကို ကြည့်လိုက်ပါ၏။ နေပူရှိန်ကြောင့် ရဲတွတ်နေသောအသားအရေပေါ်တွင် ချွေးစလေး များဖြင့် စွဲခိုနေသည်ကိုတွေ့ရပါ၏။ ဟိုမှဒီပြေးလွှားသွားလာနေ ကြသောကားများကိုငေးပြီး ကျေနပ်ပီတိဖြစ်စွာပင် ထိပ်ထားလေး က ပြုံးနေခဲ့ပါ၏၊ ထိုအပြုံးက ထိပ်ထားလေးထံမှ ရှားရှားပါး ပါးတွေ့ရခဲသောအပြုံးမျိုးပါ။

"ကြည့်စမ်းပါဦး သအိုဇာရယ်၊ သွားလာနေလိုက်ကြ တာ၊ ဘယ်တွေသွားပြီး ဘာတွေလုပ်နေကြသလဲမသိဘူးနော်"

"ဝမ်းတစ်ထွာအတွက် အလုပ်လုပ်ကြမှာပေါ့ ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့"

"ထိပ်ထားလည်း သူတို့လိုအလုပ်လုပ်ချင်လိုက်တာ"

မိမိရဲ့ဘဝကိုညည်းတွားသံနှင့်ပြောလာသော ထိပ်ထားလေးစကားသံကို သူမရင်ထဲကို နာကျင်စေသည်မှာ အမှန်ပါ။ ဟုတ်ပါတယ်။ ထိပ်ထားလေးလည်း အားလုံးနည်းတူ လူငယ်တစ်ယောက်ပဲ၊ ဘယ်လိုပဲ ဆွေကြီးမျိုးကြီးထဲကဖြစ်စေဦးတော့ လွန်ခဲ့တဲ့နှစ်တစ်ရာကျော်ခေတ်မျိုးမှမဟုတ်တော့တာ၊ အလုပ်ရှိမှ ဘဝရှိမယ်ဆိုတဲ့ခေတ်ထဲ ထိပ်ထားလေးလည်း ဘဝရှိချင်ရှာမှာပေါ့။

"သအိုဇာ၊ ဘာတွေငေးမှိုင်နေတာလဲ။ အငှားယာဉ်စီးစဉ်တော့လေ"

"ဩော်. . . ဟုတ်ကဲ့ ဟုတ်ကဲ့"

ထိပ်ထားလေးက ထိုသို့သတိပေးလိုက်တော့မှ မှင်တက်ပြီး တွေးချင်ရာတွေးမိနေသည့်အတွေးများက လွင့်စင်သွားရကာ ငှားဖို့ဟန်ပြင်လိုက်သည်တွင် သူမတို့နား လူငယ်စီး ကားပြာလေးတစ်စီးက ထိုးဆိုက်လာပါသည်။ သအိုဇာက လန့်သွားမိ၍ ခုန်ရှောင်လိုက်မိပါသည်။ ကားကိုပင် လှမ်းမတားရသေးဘဲ ကားကရုတ်ချည်းပေါ်လာ၍ လျှောခနဲဆိုက်ရပ်လာသည်မဟုတ်ပါလား။



BURMESE
CLASSIC
.com



"အမယ်လေးနော်. . . လန့်လိုက်တာ"

သအိုဇာက ရင်ဘတ်ကလေးဖိကာ ညည်းတွားခိုက်တွင် ကားတံခါးချပ်လေးမှာ ဝုန်းခနဲပွင့်သွားရပြီး ကားပေါ်မှတစ်စုံတစ်ယောက် ဆင်းလာခဲ့ပါသည်။

"ဟင်!"

သအိုဇာအပါအဝင် စန္ဒြမာတုလျာပါ အံ့သြသွားရပါ၏။ ယုံနိုင်ပါ။ ဒီလောကကျယ်ပြောတဲ့လောကကြီးမှာမှ ခုလိုတိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရခြင်းအပေါ် အံ့သြနေမိပါသည်။

"အမှန်က ကျွန်တော့်ရင်ထဲမှာ ပြောစရာစကားတွေအများကြီးပါ။ ခုလိုမထင်မှတ်ဘဲတွေ့လိုက်ရတော့ စကားတွေ ဘယ်ရောက်ကုန်မှန်းတောင်မသိတော့ဘူး"

သူ့စကားကြီးက ထူးဆန်းနေ၍ စန္ဒြမာတုလျာ ပြုံးလိုက်မိပါသည်။ စန္ဒြမာတုလျာအပါအဝင် သအိုဇာပါ ထိုစကားလုံးကို ပြုံးနေမိပါသော်လည်း သအိုဇာ့ရင်ထဲ၌ အတွေးတစ်ခုဝင်လာပါ၏။ ဒါ ရေစက်ပဲဖြစ်ရမယ်ဟုဖြစ်ပါသည်။

မဖြစ်ပါ၊ ဒါ ရေစက်ဖြစ်၍ လုံးဝမရပါဆိုသည့်အတွေးက ချက်ချင်းဝင်ရောက်လာကာ. . .

"ဒီကလူ"



www.burmeseclassic.com

www.burmeseclassic.com



"ကွန်းပလေးပါသအိုဇာ၊ ကျွန်တော့်နာမည် ကွန်းပရေလး ပါ"

သူက ရင်းနှီးကျွမ်းဝင်သူလို လိုက်လိုက်လဲ့လဲ့ပြောတော့ နဂိုသဘောကောင်းသည့်သအိုဇာ့ရင်ထဲ အားနာစိတ်လေး ဝင်သွားပါသည်။ သိခဲ့ဖူးသည့်လူမို့ ဒီလိုတိုက်တိုက်ဆိုင်ဆိုင်ပြန်ဆုံခြင်း အပေါ် ဝမ်းသာအားရနှုတ်ဆက်လာသူကို သိပ်များရိုင်းပြသွားပြီလားဟု တွေးမိပါသော်လည်း ထိုသို့မရိုင်းပြ၍မရဘူးဆိုတာကိုလည်း သိနေ၍ ဆက်ပြီး မျက်နှာကိုတင်းကာ. . .

"ကွန်းပလေး သွားစရာရှိတာသွားပါ၊ သအိုဇာတို့လည်း သွားစရာရှိသေးတယ်"

"ကျွန်တော် သွားစရာမရှိပါဘူး။ သက်သက်ကို ရန်ကုန်အိမ်ဘက်လာတာ။ တိုက်တိုက်ဆိုင်ဆိုင်ဆုံရတာပဲ"

"ဘယ်လို. . . ဘယ်လို"

"ပုဂံကပြန်ရောက်ပြီးကတည်းက ကျွန်တော်ရှာပုံတော်ဖွင့်ခဲ့တာ၊ ကျွန်တော့်ဖွဲ့ကြောင့် ထင်ပါရဲ့၊ နောက်ဆုံးတော့ ရှာတွေ့တယ်၊ အိမ်ကိုပဲတွေ့တာပါ။ လူကိုတော့ အခိုပ်တောင်မမြင်ရဘူး။ နှတ်မြတ်တွေက ကျွန်တော့်ကိုမကြည့်နိုင်တော့ဘူးထင်ပါရဲ့။ ဒါကြောင့်လည်း ခုလိုဆုံပေးခဲ့တာပါ"





"ဒီမှာ အသင်၊ အသင့်စကားတွေက ထိပ်ထားလေး အပေါ် ရိုင်းလွန်းနေပြီ"

"ဗျာ!"

မြန်မာစကားဆိုပေမယ့် နားမလည်နိုင်ဖြစ်သွားရပါ၏။ သူ့စကားက ဘာများမှားသွားလို့လဲ။ မယဉ်ကျေးတဲ့အသုံးအနှုန်းမျိုး ပါသွားလို့လားဟု ထပ်ပြီး မိမိစကားအပေါ် စဉ်းစားပေမယ့် အတွေးမပေါ်ပါချေ။ သေချာပါတယ်၊ သူ့စကားထဲတွင် ရိုင်းစိုင်းသည့်အဓိပ္ပာယ်မျိုး လုံးဝမရောယှက်ပါချေ။

"ထိပ်ထားလေး လာပါ၊ သွားရအောင်။ ကားက ရှေ့မှာမှတ်ထားမယ်"

ဟုဆိုကာ သအိုဇာက စန္ဒြမာတုလျာ၏လက်ကိုဆွဲပြီး ထွက်သွားဟန်ပြင်တော့ စန္ဒြမာတုလျာက သူ့ကိုအားနာသလို ကြည့်နေခဲ့ပါသည်။ တဒင်္ဂတော့ အကြည့်များအောက်တွင် ပစ္စုပ္ပန်ကိုမေ့လျော့နေခဲ့ပေမယ့် ရုတ်ချည်းပင် သတိလေးပြန်ဝင်လာပါသည်။ လိပ်စာလေးတစ်စွန်းတစ်စ သိထားရုံမျှဖြင့် အသည်းအသန်ပင် အားကြိုးမာန်တက် လိုက်ရှာခဲ့ပြီး အရိပ်လေးကိုပင် တွေ့ခွင့်မရသည့်အခြေအနေမှ ခုလိုတိုက်တိုက်ဆိုင်ဆိုင်ကြီး ဆုံတွေ့ရပြီးမှတော့ သူလွယ်လွယ်နဲ့ လက်လွှတ်မခံချင်ပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် သအိုဇာနှင့်သူမရှေ့မှ ပိတ်ရပ်လိုက်ပါသည်။

"တစ်နေရာရာသွားမလို့မဟုတ်လား၊ ကျွန်တော်ပို့ပေးပါ့မယ်။ ကျွန်တော့်ကားပေါ်တက်ပါ"

"ရပါတယ်၊ မတက်ပါဘူး"

ဟုဆိုကာ သူမ၏လက်ကိုဆွဲပြီး သွားနေသောသအိုဇာ၏ရှေ့တွင် ဆက်လက်ပြီးပိတ်ရပ်ကာ. . .

"ကျွန်တော့်ကားကိုငှားပါ"

ရုတ်တရက်ပြောချလိုက်သော သူ့စကားလုံးများကြောင့် ခြေလှမ်းများ တုန့်ဆိုင်းသွားပါသည်။ ကားကိုကိုယ်တိုင်မငှားခဲ့ဖူး၍ အကျပ်ရိုက်နေရသောသအိုဇာအတွက် ဖရုံကန်အသင့်ကြာအသင့်ဖြစ်သွားရသည်မဟုတ်ပါလား။ သို့သော် ထိုသို့လုပ်၍ခရမှန်း သိနေပါ၏။ ဇွတ်တရွတ်နိုင်ပြီး စကားကိုအဆင်အခြင်မဲ့ပြောသော ထိုလူ၏မျက်လုံးများက ထိပ်ထားလေးအပေါ် ရင်းနှီးလွန်းတာကိုလည်း မကြိုက်ပါ။

ဘယ်အနွယ်ဝင်ပြီး ဘယ်ကဇာတိမှန်းမသိသူကိုလည်း ထိပ်ထားလေးလို တော်ဝင်မျိုးနွယ်က အနေရာမပေးသင့်ဟုလည်း တွေးမိတာကြောင့်ပါ။ ထို့ကြောင့်ပင် ထိုလူ၏မဲဆွယ်မှုနောက်ကို





လိုက်ပါချင်နေသည့်မိမိ၏စိတ်ကို မိမိကိုယ်တိုင် အပြစ်တင်လိုက်မိပါသည်။

"သအိုဇာက ဘာလို့ ကျွန်တော့်အပေါ် ခါးခါးသီးသီးဖြစ်နေရတာလဲဗျာ"

သူကိုယ်တိုင်ပင် ကြိုမတွေးထားတဲ့စကားလုံးကို ပြောချလိုက်ပစ်မိပါ၏၊ သူ့စကားလုံးကြောင့် အမျိုးသမီးနှစ်ယောက်ရဲ့ခြေလှမ်းတွေမှာ ရပ်တန့်သွားရပါ၏။ သူအားတက်သွားရကာ ဆက်ပြီးပြောပြန်ပါသည်။

"ကျွန်တော့်ကို အငှားကားမောင်းသူတစ်ယောက်လို့ သတ်မှတ်ပေးပါ"

"သင်က ဘာလုပ်တဲ့သူလဲ"

"ဗျာ"

ဝင်မှတ်မထားဘဲမေးခွန်းကြောင့် သူဘာပြန်ဖြေရမှန်းမသိဖြစ်သွားရပါသည်၊ သေချာပါပြီလေ။ ထိုအမျိုးသမီးနှစ်ယောက်က နှုတ်ပြောသလို ဟန်ဆောင်နေခြင်းမျိုးမဟုတ်ပါ။ ပြီးတော့ မယုံသင်္ကာဖြစ်နေသော ထိုမျက်လုံးများက မိမိကိုယ်ကို အားကိုးပြီး ပြင်ပသို့မသွားလာဖူးမှန်းသိသာနေပါသည်။ ထိုသို့သိလိုက်တော့ ထိုအမျိုးသမီးများအပေါ် ပိုပြီးစိတ်ဝင်စားလာ



www.burmeseclassic.com

မိပါသည်။

"ကျွန်တော်က ဘာလုပ်တဲ့လူမှန်းသိရအောင် ကျွန်တော်နဲ့သွားလာကြည့်ပါ။ ဒီကထိပ်ထားလေး ဘေးမသီရန်မခအောင် ကျွန်တော်က စောင့်ရှောက်မှာမို့ပါ"

ဟုဆိုတော့ သအိုဇာက ခပ်လှမ်းလှမ်းမှသူ့ကားကိုကြည့်လိုက်၊ သူမဘေးမှထိပ်ထားလေးကိုကြည့်လိုက်၊ သူ့အားကြည့်လိုက်လုပ်နေပြီး ဖြတ်သွားဖြတ်လာပြေးလွှားနေကြသောကားများအားကြည့်ပြီး. . .

"လူကောင်းဖြစ်ပုံတော့ ရပါတယ်၊ ဒီနေ့တော့ ပထမဆုံးနေ့မို့ အခက်ရှိနေတော့ သွားကြပါစို့ထိပ်ထားလေးရယ်"

ဟုဆိုတော့ သူထခုန်ချင်မိသွားပါသည်။ ထိုသို့ဖြစ်မိသည့်သူ့အဖြစ်ကိုလည်း ရယ်ချင်မိပါ၏။ မိန်းမတစ်ယောက်က သူ့ကိုအသုံးပြုတော့မည်ကိုသိပေမယ့် ဝမ်းသာနေမိပြန်ပါသည်။ အသုံးချခံချင်နေမိပါသည်။ သူဘယ်တုန်းကမှ မထင်မှတ်ထားမိခဲ့သည်က အမျိုးသမီးများကို ကားကြုံစီးရန် ခုလို ခခယယခေါ်ရလိမ့်မည်ဆိုတာပါပဲ။ ပြီးတော့ ခုလိုခေါ်လျှင်လည်း ခက်ခဲမည်ဟု သူမတွေးဖူးပါချေ။ ပြီးတော့ ခက်ခဲစွာလုပ်ပြီး အောင်မြင်သွားချိန်တွင် ယခုလို ရင်ထဲကြည်လင်သွားလိမ့်မည်ဟုလည်း မထင်





မှတ်ခဲ့ဖူးပါချေ။

"အသင် ဘေးမသီရန်မခ ခေါ်ဆောင်ရမယ်နော်"

သအိုဇာက ရိုးသားစွာဆိုတော့ သူကပြုံး၍ ခေါင်းညိတ်ပြဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ။ သအိုဇာကိုခင်မင်မိပါသည်။ သအိုဇာလို စေ့စပ်သူမျိုး သူမအနားမှာရှိနေသည်ကို သူကျေနပ်နေမိသည်။

သူက ကားနားသို့အပြေးရပ်ကာ သူမတက်ရန် ကားတံခါးကိုဖွင့်ပေးလိုက်ပါသည်။ စကားအတိုင်း သူက အငှားကားမောင်းသူမို့ နောက်ခန်းတံခါးဖွင့်ပေးခြင်းဖြစ်ပါသည်။ သူ့ကိုတစ်ချက်မျှသာခိုးကြည့်ပြီး ကားပေါ်တက်သွားသောသူမရဲ့ညင်သာမှုကြောင့် သူ့ရင်ထဲ လမင်းအစင်းတစ်ရာ ဖြတ်သွားသည့်အလား အေးချမ်းသွားရပါသည်။

သူမမျက်နှာလေးကို ကားမောင်းရင်း နောက်ကြည့်မှန်မှတစ်ဆင့် ငေးမောရသည်မှာလည်း အမောပင်ဖြစ်သည်။ ဘယ်အချိန်ကြည့်ကြည့် အေးချမ်းနေသောသူမရဲ့မျက်နှာက ဘာမာန်မာနမှမရှိပါဘဲနှင့် သူ့နှလုံးသားကိုညှို့နိုင်လွန်းပါသည်။ ဘာစကားမှမဆိုသောသူမရဲ့နှုတ်ခမ်းလေးများက သူ့အားအမိန့်ပေးနေသည်ဟု ထင်ပါသည်။ သူမဘာလိုအပ်သလဲဆိုတာကိုကြည့်ပြီး အလို



www.burmeseclassic.com

www.burmeseclassic.com



လိုဖြည့်ဆည်းပေးချင်နေမိပါသည်။ ပြင်ပသို့ငေးနေသောသူမက အာခြောက်နေသည်ထင်၍ ရေသန့်ဘူးအသစ်တစ်လုံးအား ဆွဲယူကာ ကားမီးဖွင့်မိနေစဉ် သူမအားလှမ်းပေးပါ၏။ အဝိဗ္ဗာယ်က သူမကိုပေးခြင်းပေမယ့် အဆင့်ကျော်ရာကျမည်စိုး၍ သအိုဇာထံသို့သာ လှမ်းပေးပါသည်။

"ဘာလဲ"

"ရေလေ၊ သောက်လို့ရပါတယ်"

"ခွက်မပါဘဲနဲ့ ဘယ်လိုလုပ်သောက်မှာလဲ"

ထိုစကားကို ရုတ်တရက်ဆိုတော့ သူမှင်တက်နေမိပါသည်။ သူတွေ့ဖူးသမျှတော့ ခွက်မပါလည်း ဘူးလိုက်မော့ချနေကြသည်လေ။ သို့သော် သူပြုံးမိပါ၏။ အင်မတန်သိမ်မွေ့သော သူမက ဘူးလိုက်မော့မချတတ်ဘူးထင်ပါရဲ့ဟု တွေးမိပေမယ့် ရေသန့်ဘူးကို ဘူးအလိုက်မော့မသောက်တတ်သည်ကိုဖြင့် ဒါ ပထမဆုံးကြုံဖူးခြင်းဖြစ်ပါသည်။

သို့သော် ထိုသို့ကရိကထနိုင်ခြင်းကို သူက ရှုးမိုက်စွာ ပျော်ရွှင်နေမိပါသည်။ ထို့ကြောင့်ပင် ကားက မီးပွိုင့်မှလွတ်သည်နှင့်တစ်ပြိုင်နက် တာဝေးပြေး အပြေးသမားတစ်ယောက်လို ခပ်မှန်မှန်မောင်းပြီး မိနီမတ်တစ်ခုရှေ့တွင်ရပ်ကာ ကားပေါ်မှဆင်းပြီး





သောက်ရေခွက်တစ်လုံး ဝယ်ရပြန်ပါသည်။ သူ့ကိုသိနေကြသော အရောင်းဝန်ထမ်းအချို့က သူ့အားတရိပ်တစောင်း အကဲခတ်နေကြပေမယ့် သူကတော့ ဂရုမစိုက်နိုင်ပါ။ လည်ချောင်းခြောက်နေပုံရသောသူမရဲ့မျက်နှာလေးကသာလျှင် သူ့အား အရာရာရဲဝံ့စေခဲ့ပါသည်။

"ဘယ်လောက်လဲ"

"ထောင့်ငါးရာပါ"

လာဘ်များကောင်းလေရော့သလားဟုပြုံးပြီး ငွေထောင့်ငါးရာကို အိတ်ထဲမှထုတ်ကာ ကျသင့်ငွေကိုရှင်းတော့ ထိုမိန်းကလေးက. . .

"ဟို. . . ကွန်းပလေးမဟုတ်လားဟင်"

သူပြန်မဖြေဘဲ ပြုံးလိုက်ပါသည်။ ထိုအပြုံးကို ထိုမိန်းကလေး သဘောပေါက်သွား၍ ချက်ချင်းပင် ကောင်တာမှပြေးထွက်ကာ အိတ်ထဲတစ်စုံတစ်ခုကိုနှိုက်လိုက်ပါသည်။ သူ့ရဲ့အတွေ့ကြုံအရ သဘောပေါက်နေရပါ၏။ ဒါ သူ့အားလက်မှတ်ထိုးခိုင်းမှာပေါ့။ ပရိသတ်ကိုမလေးစား၍ မဟုတ်သော်လည်း အလကားနေရင်း လူအုံလာလျှင် သူမနှင့်တွေ့ရချိန်လေး ပွန်းပဲ့သွားမည်စိုးသောကြောင့် လစ်ပြေးရန်ကြံပြီး ခပ်သုတ်သုတ်ပြေးထွက်



www.burmeseclassic.com

ခဲ့ချိန်မှာတော့ ထိုမိန်းကလေးက အပြေးလိုက်လာကာ လက်မှတ်ထိုးခိုင်းပြီး မိတ်ဆက်နေသေးသဖြင့် သူကစကားပြန်ပြောကာ လက်မှတ်ထိုးပေးနေရပါသေးသည်။ သာမန်အချိန်ဆို သူက သူ၏အမာခံပရိသတ်များနှင့် တရင်းတနှီးရှိချင်ပါသေးသည်၊ ခုတော့ ကိုယ်ရေးကိုယ်တာက အရေးကြီးနေ၍ ထိုမိန်းကလေးအားတောင်းပန်ကာ ကားထဲပြေးဝင်ရပါတော့သည်။ သူစိတ်ချမ်းသာမိပါ၏။ ဘာလို့လဲဆိုတော့ သူ့ကိုချစ်သောပရိသတ်က သူ့ရဲ့အခက်အခဲကိုနားလည်ပေးသည့်အတွက်ကြောင့်ပါ။

"အသင်က ခပ်ရှုပ်ရှုပ်ထဲကထင်တယ်"

သအိုဇာက ထိုသို့ပြောတော့ သူက ဘာမှပြန်မပြောဘဲ လက်ထဲမှရေခွက်ကိုသာ ကမ်းပေးလိုက်ပါသည်။ သူဟာ ဘယ်လိုလူမှန်းတောင်မသိတဲ့သူမတို့က ဒီလိုထင်တာမခန့်ပါဘူးဟု ရင်ထဲတွေးမိလိုက်ပါသည်။

"ကဲ! ပြောပါ၊ ကျွန်တော် ဘယ်ကိုပို့ပေးရမှာလဲ"

သူကမေးခွန်းထုတ်တော့ နှစ်ယောက်လုံး ပြန်မဖြေကြပါဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍သာနေကြပါ၏။ ဒါကို လူရည်လည်သောသူက သဘောပေါက်မိပါသည်။ ထိုသို့ သဘောပေါက်မိခြင်းအပေါ်လည်း အံ့သြရပါသည်၊ ဒီလိုတိုက်





တွန်းကားလှတဲ့အိုင်တီခေတ်ကြီးမှာ ကွန်ပျူတာကိုမသိတာလည်း အံ့သြပြီး ခုလိုအပြင်ကို တစ်ခါတစ်ရံမှ ထွက်ဖူးပုံမရတဲ့မျက်နှာများကိုပိုင်ဆိုင်ထားသူများကိုလည်း အံ့သြမိပါသည်။

ထိုနှစ်ယောက်က အသက်ရှိမှ သူနှင့်မတိမ်းမယိမ်း နှစ်ဆယ့်သုံး နှစ်ဆယ့်လေးပေါ့၊ ဒီလိုလည်ပတ်လို့ကောင်းဆဲ၊ စူးစမ်းလို့ကောင်းဆဲအရွယ်မှာ သူမတို့က ဘယ်နားကျန်နေရစ်ကြသူတွေလဲ၊ ဒီအကြောင်းကိုသာ ထရော်နီကိုပြောပြလို့တော့ ထရော်နီလိုလက်တွေ့သမားမျိုးက ယုံမည်မဟုတ်။ နဝင်းဆိုပါက ဘယ်ခေတ်ကလာမှန်းမသိဟုပြောမှာ ဧကန်ပင်ဖြစ်သည်။ သို့သော် သူက ထိုသို့မိန်းကလေးကိုမှစိတ်ဝင်စားမိခဲ့လေပြီ။ မဟုတ်ဘူး၊ စိတ်ဝင်စားရုံပဲမဟုတ်ဘူး၊ သူမနဲ့ဆုံပြီးနောက်ပိုင်းကစလို့ သူမက သူ့ကိုစိုးမိုးနိုင်သွားတာပါ။ သူမကလွဲရင် ကျန်ဣတ္ထိယများဟာ သူ့အတွက် ဆန်ကွဲနှင့်ဖွဲများသာဖြစ်သွားရပါပြီ။ အမှန်ကန်ဆုံးနဲ့ အပွင့်လင်းဆုံးပြောရမယ်ဆိုရင် သူ့ရင်ထဲက သူမကိုလေးလေးနက်နက်ချစ်နေမိပါပြီ။

"ကားခဘယ်လောက်ပေးရမှာလဲ"

ထူးဆန်းသောမိန်းကလေးများက သူမျှော်လင့်မထားသောစကားလုံးကို ထပ်ဆိုခဲ့ကြပြန်ပါသည်၊ သူကလည်း ချော်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လဲရောထိုင်ပင်. . .

"ခရီးအကွာအဝေးပေါ် မူတည်တယ်လေ"

ဟုဆိုတော့ သအိုဇာက သူ့အားတစ်ခုခုပြောလိုဟန်ရှိသည်ကို ရိပ်မိသဖြင့်. . .

"အကူအညီတောင်းချင်ရင်ပြောပါ၊ ကျွန်တော်တတ်နိုင်ရင် ကူညီမယ်လေ"

မာနခဲလေးများမို့ စကားတန်းဆာဆင်ကာ ပြောလိုက်ရခြင်းဖြစ်ပေမယ့် သူမသာလိုအပ်မယ်ဆိုရင် ဘာလုပ်ပေးရပေးရ လုပ်ပေးမည့်အခြေအနေမျိုးပါ။

သအိုဇာက အပြောရခက်ပုံမျိုးနှင့် စန္ဒြမာတုလျာအားကြည့်နေပါသည်။ ပြီးတော့ စန္ဒြမာတုလျာက သူ့အားမျက်နှာပူပူနှင့်ကြည့်နေ၍ သူအားမလိုအားမရဖြစ်ရပါသည်။ ပြောလိုက်စမ်းပါ၊ မင်းမှာဘာအခက်အခဲများရှိနေလဲ၊ ပြောလိုက်စမ်းပါ၊ အဲဒီလိုစိတ်ရှုပ်ခံမနေနဲ့။ ပြောလိုက်ပါ စန္ဒြမာတုလျာရယ်။

"ဟို. . . ဟိုလေ. . . ဟို"

အပေါ်အပါးများသွားချင်လို့ ပြောရခက်နေတာလားဟုပင်သံသယဝင်မိပါသည်။ စကားတစ်လုံးကို နှုတ်ခမ်းများနဲ့ ထပ်နေသောသူမကို အားမလိုအားမရဖြစ်မိပါ၏. သို့သော် ထိုပုံလေး





နှင့်သူမကို အချစ်ပိုနေမိပြန်ပါသည်။

"ရွှေ. . . အဲ. . . ရွှေ"

"ရွှေဘာဖြစ်လို့လဲ"

သူကထပ်မေးတော့ သအိုဇာက လည်ချောင်းရှင်းပြီး,

"အသပြာ. . . အဲ. . . ငွေ. . . ငွေလိုတယ်လေ၊ ထိပ်သားလေးနဲ့သအိုဇာက ငွေကိုင်ဖူးတာမဟုတ်ဘူး"

"ဗျာ!"

သူအံ့သြသွားရပါသည်။ ဒီအရွယ်ကြီးနဲ့ ငွေမှမကိုင်ဖူးသေးဆိုတာ ဟုတ်ပါ့မလားဟုပင် သံသယဝင်ပြီးကြည့်လိုက်မိပါသည်။ သူမပုံက သိပ်ကိုရိုးစင်းလွန်းသောကြောင့် သူကိုယ်၌ပင် မချင့်မရဲဖြစ်ရ၏၊ သို့သော် နောက်ဆုံးတွင် သူမမျက်လုံးများကြောင့် အရာအားလုံးကို ဖွင့်မိတ်ယုံကြည်သွားမိပြန်ပါသည်။

"ရှေးယခင်ရော ယခုရော ရွှေက ငွေဖြစ်လွယ်တယ်ဆိုတာ သိမှတ်ဖူးပါတယ်"

"အဲဒီတော့"

"သအိုဇာတို့ ရွှေရောင်းချင်တယ်"

သူပြုံးလိုက်မိပါသည်၊ သူမလေး အပြောရခက်နေတာ ဒီစကားလုံးလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးတာလဲ"

"ဒါလေးပြောဖို့ကို ခက်ခက်ခဲခဲဖြစ်နေလို့ပါ။ ဟဲဟဲ. . . ကဲ! ပြော၊ ငွေဘယ်လောက်လိုသလဲ"

ဟုဆိုတော့ စန္ဒြမာတုလျာက ခေါင်းမှအရာတစ်ခုကို ဖြုတ်ပြီး သူ့ထံပေးပါသည်။ အရည်ကောင်းသောကျောက်စိမ်းနှင့်ရွှေးစိန်ပွင့်လေးများ မြှုပ်ထားသည့်ရွှေဘီးတစ်ချောင်းဖြစ်ပါသည်။

"ဒါဆိုဘယ်လောက်ရမလဲ"

ရိုးသားလွန်းတဲ့သူမကို တဒင်္ဂတော့ မှင်တက်စွာကြည့်မိသွားပေမယ့် သူမလက်ထဲမှဘီးခုံးလေးကို ယူကာကြည့်လိုက်ပါသည်။ ရတနာအကြောင်းနားမလည်သောသူပင်လျှင် ထိုပစ္စည်းက သိပ်ကိုတန်ဖိုးကြီးမှန်း ရိပ်မိပါသည်။ ဒါကိုရိပ်မိသည်နှင့် တစ်ပြိုင်နက် သူမအပေါ်စိတ်ပူသွားရပါသည်။ ဒီနေရာမှာသာ သူမဟုတ်သော သာမန်အငှားယဉ်မောင်းတစ်ယောက်သာဆိုပါလျှင် သူမအခြေအနေကို သူမတွေးရဲတော့ပါချေ။

"ဘာဖြစ်လို့ ဒါကိုရောင်းမှာလဲ"

"လည်ပတ်ရအောင်လေ၊ အ. . . အဲ. . . ငွေဆိုဘာလိုတယ်ဆိုလို့ပါ။ စန္ဒြမှာလည်း အဲ. . . ရှိပါတယ်၊ ဒါကိုရောင်း





လို့ရမယ့်နေရာကိုသာပြောပါ"

"ကျွန်တော်က ရွှေတွေလည်း ဝယ်စုတတ်တယ်"

ဟုသာပြောချလိုက်ရပါတော့သည်။ မတတ်နိုင်ပါ။ ငွေကိုအာလကားပေးရင်လည်း ယူမည့်သူမျိုးတွေမဟုတ်၍ သူကထိုသို့ပြောလိုက်ခြင်းပါ။ သူက ထိုစကားကိုအလွယ်တကူပြောလိုက်ခြင်းဖြစ်ပေမယ့် ထိုအမျိုးသမီးနှစ်ယောက်ရဲ့မျက်နှာပေါ်တွင် စိတ်သက်သာရာရသွားခြင်းများ တွေ့လိုက်ရပါသည်။

"အဆင်သင့်လိုက်တာ၊ ဒါနဲ့ အသင်က ရတနာကုန်သည်လား"

သအီစာရဲ့မေးခွန်းက ပေါ့ပေါ့လေးဆိုပေမယ့် သူ ဟက်ခနဲရယ်မိလိုက်ပါသည်။ သူက ရတနာကုန်သည်တဲ့လား။ ဒီစကားလုံးကို စိတ်ကူးထဲမှာတောင် တွေးမကြည့်ဖူးတာအမှန်ပါ။

"အဲဒါ ဘယ်လောက်ရမလဲ"

"တကယ်တော့ ဒါကို ကျွန်တော်မဝယ်နိုင်ဘူး"

သူက ညစ်ကျယ်ကျယ်ပြောလိုက်ခြင်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ သူက ဥာဏ်လေးကူပါမှ သူမနဲ့ရေရှည်တွေ့ဖြစ်နိုင်မှာလေ၊ သူမကိုမမြင်ရတဲ့အိမ်အိုကြီးကို ငေးကြည့်နေရသည်မှာ စိတ်ကုန်လှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြီးများတောင် တန်ဖိုးမြင့်နေလို့လဲ"

"မြင့်တယ် များတယ်၊ ဒါကိုရောင်းပြီး နိုင်ငံခြားကို ရှော့ပင် ထွက်လို့တောင်ရတယ်"

"ရှော့ပင်. . . ဘာလဲ အဲဒါက"

"ရှော့ပင်ဆိုတာ ဈေး. . . ဈေးဝယ်တာကိုပြောတာ မဟုတ်လား"

စန္ဒြာတုလျာက ကလေးတစ်ယောက်လို ပြောပြန်တော့ သူသဘောကျသွားပြန်ပါသည်။ နည်းနည်းခွကျပေမယ့် ဒီလောက်ဆို မဆိုးဘူးဟူသောအတွေးကြောင့်ပါ။

"အင်း. . . ဟုတ်တယ်၊ ဒီလိုဗျာ. ကျွန်တော်က အရမ်းလည်းမချမ်းသာတော့ တစ်နေ့ကို နည်းနည်းစီပေးပြီး ဝယ်မယ်ဗျာ။ အဲလိုဆိုရင်ကော ရောင်းမလား"

ဟုဆိုတော့ အနည်းငယ်တွေဝေသွားကြ၍ သူ့ရင်ထဲ မတင်မကျခံစားရပါသည်။ ပိုကောင်းအောင် ကြံလိုက်တာမှ ဆိုးကုန်ပြီလား။

"နည်းနည်းစီပေးတာတော့ ကောင်းပါတယ်၊ ငွေပိုကို သခင်မကြီးတွေ့လို့မဖြစ်ဘူး။ ဒါပေမဲ့ သအိုဇာတို့က ဘယ်အချိန်မှအပြင်ပြန်ထွက်ရမယ်ဆိုတာလည်းမသိဘူး၊ အကာယ်၍ ထွက်





ခဲ့ပြီးတော့၊ အသင့်တို့ ဘယ်လိုလုပ်တွေ့နိုင်တော့မှာလဲ၊ ဒီလောက် လူများနေတာ"

ဟုဆိုတော့ သူ့စိတ်ထဲ လှစ်ခနဲအကြံတစ်ခု ရသွားပါသည်။ ထို့ကြောင့် သူမတို့အား ဘာမှမပြောတော့ပါဘဲ ကမ္ဘောဇဘဏ်သို့သာ ဦးတည်လိုက်ပါသည်။ ကမ္ဘောဇဘဏ်သို့ရောက်တော့ သူက ကားကိုသင့်တော်သည့်နေရာတွင်ရပ်ပြီး သူမတို့နှစ်ယောက်ကို ကားပေါ်မှာပင် ထားပစ်ခဲ့ကာ ဘဏ်ထဲမှငွေထုတ်ပြီး သူမတို့ထံသို့ ငွေသုံးသိန်းပေးလိုက်ပါသည်။ သူ့အပြုအမူက မြန်ဆန်လွန်းနေ၍ သူ့အားကြောင်စီစီကြည့်နေကြသောမျက်လုံးများကို သူကတစ်ပန် လှစ်လျူရှုပြန်ကာ ဖုန်းဆိုင်သို့မောင်းနှင်လိုက်ပြန်ပြီး ဟန်းဆက်နှင့်ဖုန်းကို ဝယ်လိုက်ပြန်ပါသည်။ ဟိုနှစ်ကောင်သိရင်တော့ ဘာတွေလျှောက်လုပ်နေတာလဲဆိုပြီး အပြစ်တင်ဦးမှာမလွဲပင်။

"အသင် ဘာတွေလုပ်နေတာလဲ"

သအိုဇာက မေးပေမယ့် သူကဆက်မဖြေပါဘဲ 'ဗိုက်ဆာနေပြီလား'ဟုပင်ပြောကာ မိမိစိတ်ကြိုက်ပင် စားသောက်ဆိုင်သို့ဦးတည်လိုက်ပြန်ပါသည်။

စားသောက်ဆိုင်သို့ရောက်တော့ သူ့ကိုသိနေသူများ



www.burmeseclassic.com

ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပါသည်။ မိန်းကလေးတွေနှင့် ပတ်သက်လျှင် အနေရှင်းသည့်သူက ယခုအချိန် သဘင်းတောက် တစ်ယောက်ယောက်တွေ့သွားမည်ကို စိုးရိမ်မိပါသော်လည်း သူမ နှင့်အတူ ဒီလိုတွေသွားချင်မိသည့်စိတ်ကတော့ ထိန်းချုပ်လို့မရ ပါချေ။

မီးနူးစာအုပ်လေး ပေးလိုက်ပေမယ့် အရာအားလုံးကို ကြောင်အမ်းအမ်းကြည့်နေသည့်အတွက်ကြောင့် သူကပဲ ဟင်း များကို စိတ်ကြိုက်မှာလိုက်ပါသည်။ စိတ်ကြိုက်ဆိုပေမယ့် သူမ ကြိုက်လောက်သည့်အရာများကိုသာ ရွေးနှုန်းလိုက်ခြင်းဖြစ်ပါ သည်။

''စန္ဒြသိတာတွေနဲ့ သိပ်ကိုကွဲပြားခြားနားပါတယ်၊ အခု လို ဒီကမောင်ကြီးနဲ့သွားလာတော့မှ စန္ဒြာဝတာ သိပ်ကိုကျဉ်း မြောင်းနေမှန်းသိလာတော့တယ်''

မောင်ကြီးဆိုပါလား။ ဒါက ဘယ်လိုအသုံးအနှုန်းလဲ။

''ကျွန်တော်လည်း မှတ်စရာလေ့သာစရာတွေ သိပ်ကို လိုအပ်နေကြောင်း စန္ဒြမာတုလျာနဲ့တွေ့တော့မှ သိလာတာပါ၊ ကျွန်တော်တို့တွေက မတူညီတဲ့ပတ်ဝန်းကျင်ကတွေလို့ ထင် ပါတယ်''





''မတူညီတဲ့ပတ်ဝန်းကျင်''

သူနှင့်စန္ဒြမာတုလျာတို့ စကားလက်ခံကျနေကြပေမယ့် သအိုဇာကတော့ သူမတို့စကားဝိုင်းထဲပါမလာဘဲ အတိုအပြတ် လေးတွေဝတ်ထားသောမိန်းကလေးများနှင့် ဖြတ်သွားဖြတ်လာ စားပွဲထိုးများ၊ အများသူငါ စားပွဲပေါ်မှစားသောက်ဖွယ်ရာများကို သာ ငေးနေခဲ့ပါသည်။

''ကျွန်တော်က ဒီနိုင်ငံနဲ့သိပ်ကိုဝေးတဲ့ အင်္ဂလန်နိုင်ငံ က လာတာပါ''

''အင်္ဂလန်က ဟုတ်လား''

''ဟုတ်ပါတယ်။ စာပေနဲ့စပ်ဆိုင်ရတဲ့ စန္ဒြမာတုလျာ သိ မယ်လို့ယုံကြည်ပါတယ်''

''ဥရောပတိုက်သားပဲ၊ ဒါဆို သင်က တိုင်းတစ်ပါးသား ပါလား''

''အမေကတော့ မြန်မာလူမျိုးအစစ်ပါ၊ အဖေကတော့ အင်္ဂလန်နိုင်ငံသားပါ''

''ဘုရား! ဘုရား! ဒီခေတ်က အဲဒီလိုလူမျိုးခြားနဲ့လည်း လက်ဆက်လို့နေပြီလား''

အမှတ်မထင်ကြားလိုက်ရသောစကားဆိုပေမယ့် သူ့မှာ

www.burmeseclassic.com



အံ့ဩသွားရပါသည်။ စန္ဒြမာတုလျာရဲ့အတွေးက ဘယ်လိုအတွေးလဲ။ တကယ်ပဲ သမိုင်းတွေထဲမှာ ဖတ်ဖူးမှတ်ဖူးတဲ့မြန်မာလူမျိုးအစစ်လား။ နန်းဆန်တဲ့မိန်းကလေးပဲလား။ တကယ်ပဲ သူ့အတွေးထဲက မြန်မာဆန်လွန်းတဲ့မိန်းကလေးနဲ့ ယခုတွေ့နေရတာလား။

သေချာတာကတော့ စန္ဒြမာတုလျာဟာ သူတွေ့ဖူးတဲ့မိန်းကလေးများနှင့် လုံးလုံးကွဲပြားခြားနားနေတာပဲဖြစ်ပါသည်။ သူတဖြည်းဖြည်းနားလည်လာရပါသည်။ စန္ဒြမာတုလျာနဲ့ပတ်သက်ချင်လျှင် ရှေးစာပေနှင့်အသုံးအနှုန်းကို ပြန်လေ့လာရမယ်ဆိုတာပေါ့။ မြန်မာစာပေတောင် ဒီလောက်လေ့လာထား၍ ဒီလိုမြန်မာတစ်ယောက်အစစ်ကြီးလိုပြောနိုင်နေတာပါ။ တကယ်လည်း မြန်မာပြည်တွင်ကြီးပြင်းခဲ့ရသူမဟုတ်၍ စန္ဒြမာတုလျာ၏စကားလုံးအသုံးအနှုန်းများက သူ့အတွက်ခက်ခဲစေတာအမှန်ပါ။ သို့သော်ရင်းနှီးနေသောနှလုံးသား၏ ကူညီထောက်ပံ့မှုနှင့် စန္ဒြမာတုလျာကို သူနားလည်နေမိပါသည်။

''ဘာလို့လဲ၊ အရင်တုန်းက မရလို့လား''

''မရတော့မရှိပါဘူး၊ ဒါပေမဲ့ မြန်မာမိန်းကလေးတွေက အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းရမယ်လေ''

''ကျွန်တော့်ကို စိတ်တတ်ကျအောင်မပြောပါနဲ့လား၊ စန္ဒြ





မာတုလျာ။ ဒီခေတ်ကြီးက လူမျိုးရေးခွဲခြားတဲ့ခေတ်မဟုတ်တော့ပါဘူး။ အိမ်ထောင်ရေးဆိုတာ အဓိကနားလည်မှုသာ အရေးကြီးဆုံးပါ''

''နားလည်မှု!. . . ဟုတ်ပါတယ်လေ၊ ဖတ်ဖူးမှတ်ဖူးသလောက်ကို တွေးခေါ်ကြည့်ရင်တော့ ကွန်းပလေး၊ အဲ. . . ဘယ်လိုခေါ်ရမှန်းမသိတော့ပါဘူး''

''ရပါတယ် အဆင်ပြေသလိုခေါ်ပါ''

''ကိုရင်လို့ပဲခေါ်မယ်လေ၊ ကွန်းပလေးလို့ခေါ်လည်း နှုတ်က ရိုင်းသယောင်ပြုလို့ အဆင်မချောလှဘူး။ သက်တူရွယ်တူ မတိမ်းမယိမ်းပဲလို့ခန့်မှန်းမိလို့ ကိုရင်လို့ပဲခေါ်ပါ့မယ်''

''ကျွန်တော်နှစ်သက်ပါတယ်''

ဟုဆိုကာ အိတ်ထဲမှဖုန်းကိုထုတ်လိုက်ပြီး သူမထံ ကမ်းပေးလိုက်၏။

''ယူလေ''

''ဘာလို့လဲ''

''ဒါက ရွှေရောင်းတဲ့အထဲက မြတ်ထားတာမို့ စန္ဒြမာတုလျာရဲ့ပစ္စည်းပါ။ ဒါကြောင့် ရဲရဲဝံ့ဝံ့ယူပါ''

''ဒါကဖုန်းပဲ၊ ဘာကြောင့်ပေးတာလဲ''



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကိုလိုအပ်တဲ့အချိန်မှာ ခေါ်ပါ။ ဥပမာ ခုလို အပြင်ထွက်ချင်တဲ့အချိန်မျိုးပေါ့။ အခြားကားတွေနဲ့သွားပါနဲ့။ လူတွေက အမျိုးမျိုးရှိကြတယ်။ ဒါကြောင့်ပါ"

"အားနာဖို့တော့ အရမ်းကောင်းနေပြီ"

"အားမနာပါနဲ့၊ ဘာလို့လဲဆိုတော့ ဒီစားပွဲပိုင်ရှင်ရဲ့ကုန်ကျငွေကို စန္ဒြမာတုလျာတို့ပဲရှင်းရမှာမို့ပါ"

သူ့စကားကြောင့် ပြုံးသွားသောသူမရဲ့အပြုံးလေးက သူ့ရင်ထဲ အေးမြစေပါသည်။

"တူ. . . တူ. . ."

ထိုစဉ် သူ့ဖုန်းက မြည်လာ၍ သူကဖုန်းကိုဖွင့်ကြည့်လိုက်ရာ မပုံ့ထံမှဖြစ်ပါသည်။ သူကဖုန်းကိုမကိုင်ဘဲ ပိတ်ချပစ်လိုက်မိပါ၏။ အသံသွင်းရန်ကိစ္စရှိနေသည်လေ၊ သို့သော် ဘာကိစ္စပဲရှိရှိ အရာအားလုံးကိုလက်လွှတ်ပစ်ဖို့ သူကြိုတွေးထားပြီးသားပါ။

"ဖုန်းကိုင်လိုက်လေ၊ စန္ဒြာဒ့်နဲ့စကားပြောတာ မလွတ်လပ်လို့လား"

"မဟုတ်ပါဘူး၊ မကိုင်လည်းရလို့ပါ"

ဟုသာ တိုတိုတုပ်တုပ်ပြောကာ စားပွဲထိုးလျှာသာသမျှ ဟင်းများအား သူမတို့ရှေ့နားအရောက် ထိုးပေးလိုက်ပါသည်။ သူက ဟန်ပြလေးစားပြီး သူမကိုသာ မသိမသာခိုးကြည့်နေမိပါသည်။ သိသိသာသာကြည့်ရန်အတွက် သူမအနေခက်မည်ကို စိုးရိမ်မိပါသည်။

သူမက ထမင်းနှင့်ဟင်းကို စည်းချက်ညီညီပင် သက်တောင့်သက်သာစားပြီး သခိုဇာထည့်ပေးသမျှသာ စားနေပါ၏။ သူမက အသီးအရွက်သာများများစားပြီး ငါးဟင်းကလွဲလို့ အခြားစားတာ မမြင်ပါချေ။ ထမင်းကိုသယ်ပွန်းမျှသာစားပြီး ရေကိုလည်း အနည်းငယ်သောက်တယ်ဆိုလျှင်ပဲ သူမရဲ့စားသုံးခြင်းက ပြီးဆုံးသွားပါပြီ၊ သူမစားပြီးမှ သခိုဇာက ထမင်းစစားနေ၍ သူ့ရင်ထဲ တစ်မျိုးတစ်မည်ကြီးခံစားရပါသည်။

အနေအထိုင်ခမ်းနားလွန်းလှတဲ့သူ့အပေါ်လည်း မဝံ့မရဲဖြစ်ရပါသည်။ သူမက သိင်ကိုကျက်သရေရှိသောမိန်းကလေးဖြစ်ပါသည်။ ပြီးတော့ မျက်လုံးတွေကတည်ငြိမ်ပြီး အေးချမ်းနေခဲ့ပါသည်။ သူမကို ခုလိုလေး တိတ်တဆိတ် ခိုးငေးနေခဲ့ရလျှင်ပဲ သူ့နှလုံးသားမှာ အေးချမ်းလာပါပြီ၊ လှပ်ရှားပုံညင်သာသောသူမရဲ့ပုံလေးကို သူ့ရင်ထဲမြင်ယောင်နေမိပါသည်၊ ထိုသို့လှပသောစန္ဒြာတုလျာဆိုသည့်မိန်းကလေးကို ဒူးလည်းမထူရက်၊ ခြွေလည်းမခြွေ







www.burmeseclassic.com

www.burmeseclassic.com

ရက်သလို မထိရက်မနမ်းရက်ဘာလေးပင် ငေးကြည့်ချင်နေမိတာက သူ့ရဲ့ဆန္ဒဖြစ်ပါသည်။ အချစ်ဆိုတာ ဒီလိုပဲလား။ ဒီသိလိုက်ခင်မှာပဲ ညင်သာစွာ မိမိစိတ်ကိုပမ်းစားပြီးနေတာက အချစ်လား။ စန္ဒြမာတုလျာရယ်. . . မင်းကိုချစ်ရလွန်းလို့ ငါတော့ရူးတော့မယ်ထင်ပါရဲ့။

သူမကိုတစ်ချိန်လုံးငေးကြည့်ချင်နေပေမယ့် သအိုဇာဇ်သတိပေးစကားကြောင့် ပြန်ရန်အချိန်သို့ရောက်လာခဲ့ပြန်ပါသည်၊ သူ့ရင်ထဲကဆန္ဒအတိုင်းသာဆိုလျှင်တော့ ဘယ်လိုပြဿနာမျိုးကိုရင်ဆိုင်ရပါစေဦးတော့၊ သူ စန္ဒြမာတုလျာအား ပြန်မပို့ချင်တော့ပါချေ။ သို့သော် သူစောင့်စည်းထိန်းသိမ်းရမည်လေ။ စန္ဒြမာတုလျာက သူ့အပေါ်ယုံကြည်နေမှုကို သူအလွဲသုံးစားမလုပ်ချင်ပေ။ အမြတ်တနိုးငေးနေရသည့်ပန်းကလေးကိုလည်း သူကိုယ်တိုင်မဆုပ်ချေရက်ပါချေ။ ပြီးတော့ စန္ဒြမာတုလျာ၏ဘွဲ့ခြွေသိက္ခာကိုသူ့ကြောင့် အစွန်းအထင်းမဖြစ်စေလိုပါချေ။ ထို့ကြောင့်ပင် သူမကို မခွဲချင်ပါဘဲ သူမ၏နေအိမ်သို့ ပြန်ပို့ပေးခဲ့ရပါသည်၊

သူမက သူ့ကိုနူတ်ဆက်တာ ဖုန်းအသုံးပြုနည်းကိုမေးလာ၍ သူကထူးပြီးအံ့သြမနေတော့ပါဘဲ ဖုန်းသုံးပုံသုံးနည်းကိုသာ ရှင်းပြခဲ့ပြီး သူ့ဖုန်းနံပါတ်သည့်ထားကြောင်းပါပြောလိုက်ပါသည်။ သူမနှင့်နှိုးကပ်နေချိန်မို့ သနပ်ခါးနံ့သင်းနေသော သူမ၏ကိုယ်နံ့ကို ရှူရှိုက်မိလိုက်ပါသည်။ သူရင်ခုန်ရပါ၏။ သေချာပါပြီ၊ စန္ဒြမာတုလျာသာလျှင် သူ့ရဲ့လက်တွဲဖော်ပါ။ ရာသက်ပန်သူ့အတွက် လိုအပ်သည့်မိန်းကလေးက စန္ဒြမာတုလျာရယ်ပါ၊ ချစ်လိုက်တာ စန္ဒြမာတုလျာရယ်။ ငါ့ရင်ထဲက နူးညံ့တဲ့အချစ်ကိုမင်းက ပေါက်ပွားရှင်သန်စေခဲ့တာပါ။ မင်းကသာလျှင် ငါ့နှလုံးသားရဲ့အရှင်သခင်ပါ၊ မင်းကို ငါသိပ်ကိုချစ်သွားမိပြီး စန္ဒြမာတုလျာရယ်. . . ။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း၊ (၀၅)

''ဟော့ကောင်! ဘာတွေကို အဲဒီလောက်တောင် အူမြူး နေရတာလဲ''

ဟုဆိုတော့မှ သူ့အာရုံထဲမှ စန္ဒြမာတုလျာက ထွက်ပြေး သွားရပါသည်။

''မင်းကို မပုံ့က တော်တော်ဒေါသထွက်နေတာနော်''

''နေစမ်းပါဦး၊ မနေ့က မင်းဘာလို့တစ်နေကုန်ပျောက် နေရတာလဲ''

တစ်ယောက်တစ်ပေါက်ပြောလာကြတော့ သူက ချိုသာ စွာပြုံးလာပါသည်။ ထိုအပြုံးက အချစ်ဆိပ်တက်နေသောအပြုံး ဖြစ်၍ ကျွန်ုပ်နှစ်ယောက်က သူ့အား စိတ်ဝင်စားစွာကြည့်လာပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရင်ထဲ ပန်းတွေပွင့်ကုန်ပြီ"

"ဘယ်လို"

"နန်းတော်ထဲက မိန်းကလေးနဲ့တွေ့လာပြီလား"

နဝင်းထက် ထရော်နီက သူ့စိတ်ကို ပိုသိနေခဲ့ပါသည်။

"ကြည့်လည်းလုပ်နော် ကွန်းပလေး၊ ဒီခေတ်မှာ ဒါတွေ မရှိနိုင်တော့ဘူး။ အင်ထုရင်တော့ မင်းခြေထောက်ကျိုးပြီ"

"သူက အဲဒီလိုမဟုတ်မှန်း မင်းတို့သိပြီးပြီပဲ"

"သိပေမယ့်လည်းကွာ၊ ခုထိမယုံနိုင်ဘူး။ ရှင်းရှင်းပြော ရရင် ယုံဖို့ခက်နေတာကွာ။ ဒါပေမဲ့ တော်တော်တော့ လှတယ် နော်"

နဝင်းကဆိုတော့ သူ့မျက်နှာက ချက်ချင်းပျက်သွားရ ပါသည်။

"ဘာဖြစ်လဲကွာ၊ မင်းမျက်နှာက အီးမှန်ထားတဲ့အတိုင်း ပါပဲလား"

"သွားမထိနဲ့ နဝင်းရေ့၊ ဒီကောင်က နွံနစ်နေပြီ"

"နစ်ချင်နေတာ၊ မင်းတို့ပြောပြတဲ့အကြံအဖန်ဖြစ်ခဲ့ရင် တောင် ငါကလည်းစင်းခံချင်နေတာ"

သူက မရှက်မကြောက်ဆိုတော့ မျက်လုံးအကြည့်တေ





က လေမုန်တိုင်းသဖွယ် ရောက်လာခဲ့ကြပါ၏။

"မင်းက တကယ့်ကိုကြွေနေပြီလား ကွန်းပလေး"

"ဘာလဲ ငါ့ပုံက ဟန်ရေးပြနေတာနဲ့တူလို့လား"

ဟု သူက မှင်သေသေပြောတော့ နဝင်းက. . .

"အပျက်အပျက်နဲ့ နာခေါင်း သွေးထွက်တော့မယ်နဲ့တူ တယ်။ ထိန်းလို့ရသေးရင် မင်းစိတ်ကိုထိန်းလိုက်ပါကွာ၊ ဟိုက ဆိုင်သူကြီးနဲ့။ ပြီးတော့ အကြံအဖန်မဟုတ်ဘဲ အမှန်အကန်ဆို ရင် မင်းပဲခံစားရလိမ့်မယ်"

"ငါက ဘာကိစ္စနဲ့ခံစားရမှာလဲ၊ ငါ့မိသားစုနဲ့ သူ့မိသားစု က ရန်သူတွေလား။ ရန်သူတွေဖြစ်တယ်ထားဦးတော့၊ ဒါတွေက ပုံဝတ္ထုတွေထဲမှာပါကွာ။ ရင်ထဲကမှန်ကန်ရင် အရာအားလုံးက အိုကေပြီ"

ဟုဆိုတော့ နဝင်းရော ထရော်နီပါ သက်ပြင်းရှိုက်လိုက် ကြပါသည်။ ထိုသက်ပြင်းကို သူနားမလည်ပါ။ ပြီးတော့လည်း ဘာကြောင့် သူ့အားညှိုးငယ်စွာ ကြည့်နေကြတာလဲ သူမသိပါ ချေ။

"မတူဘူး ကွန်းပလေး၊ မင်းနေထိုင်ခဲ့တဲ့ပတ်ဝန်းကျင် နဲ့ ဒီမှာကမတူဘူး။ သာမန်လူတန်းစားတွေအတွက်ကတော့ ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတော့။ တော်ဝင်မျိုးနွယ်တွေအတွက်ဆိုရင်တော့ မရှာဘူး၊ ကွန်းပလေး''

''တော်ဝင်မျိုးနွယ်. . . ဟုတ်လား''

''ထိပ်တားလေးဆိုတဲ့အသုံးအနှုန်းက မင်းရဲ့မျိုးဆက်တွေကိုမှခေါ်တာကွ။ သူ့ပတ်ဝန်းကျင်နဲ့သူ ကျင်လည်နေကြလို့ မဆက်စပ်မိကြပေမယ့် ငါတို့ရင်ထဲအလိုလိုသိနေတယ်။ ငါတို့က မြန်မာပြည်ဖွား မြန်မာလူမျိုးအစစ်တွေပါ။ မြန်မာတွေအကြောင်း စာအုပ်ထဲကပဲသိနေတဲ့ခင်းထက် ငါတို့နှလုံးသားက ပိုလေ့ကိုသိတယ်။ အဲဒီလိုမျိုးနွယ်တွေက မာန်ပြင်းကြတယ်။ ဘုရင်မျိုးဆက်က အမတ်တို့စစ်သူကြီး. . . ထားပါတော့ကွာ၊ မင်းမျိုးက မင်းမျိုးနဲ့ပဲဆက်ပြီး အမျိုးဂုဏ်ထိန်းကြတယ်။ မြန်မာချင်းတူပေမယ့် သူတို့ရင်ထဲစွဲနေတာက ငါတို့က အညတရအသည်သားတွေပဲ။ သေအောင်ချမ်းသာနေရင်တောင် ငါတို့ကို သူတို့က လူရာသွင်းမှာမဟုတ်ဘူး။ မင်းကို အဲဒီထိမပြောချင်ပေမယ့် ပြောရတော့မယ်။ ငါ့စေတနာကိုနားလည်ပါ၊ မင်းကို မခံစားစေချင်လို့ပါ''

''ပြောပါ၊ အဲဒီလောက်တော့ စကားပလ္လင်မခံပါနဲ့''

''မင်းက မြန်မာလူမျိုးအစစ်မဟုတ်ဘူး ကွန်းပလေး၊





ဒါကြောင့် နောက်ဆုတ်တာ အကောင်းဆုံးပဲ''

''မဆိုင်လိုက်တာကွာ၊ အိမ်ထောင်တစ်ခုမှာ နားလည်မှုက အရေးအကြီးဆုံးပါ။ ပြီးတော့ အချစ်၊ သူ့ကိုငါချစ်တယ်။ ဖြူကိုလည်း သူချစ်နေရင်ပြီပြီ''

''လူနှစ်ယောက်တည်းနဲ့ ပြီးတာမဟုတ်ဘူး၊ လက်ထပ်တယ်ဆိုတာ ဘဝနှစ်ခုပေါင်းစပ်တာပဲ။ ဒါတွေ မင်းက ငါတို့ထက်ပိုသိပါတယ် ကွန်းပလေးရား မင်းမရှုးမိုက်ချင်စမ်းပါနဲ့''

''မင်းတို့စေတနာကို ငါနားလည်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စတော့ မင်းတို့ငါ့ကိုမတားကြပါနဲ့၊ ငါက စစ်မရောက်ခင်မြားကုန်နေတဲ့လူမဟုတ်ဘူး။ ပြီးတော့ တွေးပြီးကြောက်နေမှာထက်စာရင် ပြေးပြီးရင်ဆိုင်မယ်။ သူမကိုငါချစ်တယ်။ သူမရဲ့အချစ်ကိုရအောင် ငါကြိုးစားမယ်၊ အခု ငါ့ခေါင်းထဲ ဒါပဲရှိတယ်။ ဒီ့ထက်ပိုပြီး ရှည်ရှည်ဝေးဝေး ငါမတွေးချင်သေးဘူး''

တစ်ဖွတ်ထိုးခံနိုင်စွာပြောတော့ အားလုံးမှာ အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

သူပေးခဲ့သော လေးလက်မအရွယ်ဖုန်းလေးကို ကုံလိုက်ချလိုက်နှင့် ရောက်တတ်ရာရာဖြစ်နေသော ထိပ်ထားလေး၏အရိပ်အကဲကိုကြည့်နေခဲ့သည်မှာ ကြာပါပြီ။

"ထိပ်ထားလေး"

အရိပ်အခြည်ကိုစောင့်ကြည့်ပြီး အခွင့်သာခိုက်တွင် စန္ဒြမာတုလျာနားကပ်သွားပြီး ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် စန္ဒြမာတုလျာက သအို့ဇာ၏လက်ကိုဖမ်းဆွဲကာ အတွင်းဆောင်ထဲဝင်သွားခဲ့ပါသည်။ အပြတ်တမ်း ဣန္ဒြေကြီးတစ်ခွဲသားဖြင့် နန်းမှူးနန်းဟာန်ကြွကြွနေတတ်သော စန္ဒြမာတုလျာက မြီးကောင်ပေါက်လုံမငယ်တစ်ဦးပမာ ပေါ့ပါးလန်းဆန်းနေခဲ့ပါသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုလျှင် သူမကိုပြောစရာများ ထိပ်ထားလေး ထံတွင် ပြည့်သိပ်နေပြီဆိုသည့်သဘောပေါ့။

"မနေ့က သူရောက်လာတယ်"

သဒ္ဒိဇာ အံ့ဩသွားပါ၏။ ဒီစကားအရ ထိပ်ထားလေး က သူ့ကိုလာမလာစောင့်မျှော်နေသည်ဆိုသည့်သဘောပဲပေါ့။

"သူက အကြာကြီးပဲကြည့်နေတယ်၊ မယ်တော်ရှိနေလို့ မသိဟန်ပြုလိုက်ရတာ။ ထိပ်ထားထွက်ကြည့်တော့ သူမရှိတော့ ဘူး"

"ထိပ်ထားလေးရယ်၊ မတွေးကောင်းပါဘူး။ ထိပ်ထား လေးမှာ လျာထားတဲ့ကြင်ဖက်ရှိနေပြီလေ။ ပြီးတော့ သူက မည် သည့်နွယ်ဖွားမှန်းမသိ"

"အဲလိုသွားရတာ ထိပ်ထားပျော်တယ်သိလား သဒ္ဒိဇာ"

စန္ဒြမာတုလျာ၏စကားများကြောင့် သဒ္ဒိဇာငိုင်ထဲ ထိုင်ရ သွားရပါသည်။ အမှန်တကယ်ပင် ပွင့်လန်းရွှင်ပြနေသော ထိပ် ထားလေးရဲ့ပုံကြောင့် ထိုသို့ဝန်ခံစကားမဆိုလျှင်တောင် သူမက ရိပ်စားမိနေပြီးသားပါ။

"သူနဲ့ပြောဆိုရတာ အခြားလူတွေနဲ့ပြောဆိုရတာနဲ့ မတူ ဘူး။ အခွင့်သာခဲ့ရင် နောက်တစ်ကြိမ်ထပ်တွေ့ချင်သေးတယ်"





"မလုပ်ပါနဲ့တော့ ထိပ်ထားလေးရယ်၊ အရင်တစ်ကြိမ် ကတောင်မဆီလို့။ မိများမိခဲ့ရင် သဒ္ဒိဇာ လက်ဖြတ်ခံရမလားပဲ"

"အို! အခိပ္ပာယ်မရှိလိုက်တာ၊ သဒ္ဒိဇာရှေ့မှာ ထိပ်ထား တစ်ယောက်လုံးရှိနေတာပဲ၊ သဒ္ဒိဇာက ထိပ်ထားအတွက် တန် ဖိုးမဖြတ်နိုင်တဲ့အဆွေတော်ပါ။ သဒ္ဒိဇာ့ကို ထိပ်ထားက အစေခံ လို့ ဘယ်တော့မှမသတ်မှတ်ထားပါဘူး"

လုံလောက်ပါပြီ။ အရှင်သခင်၏ဒီလောက်လေးနက်တဲ့ စိတ်ထားကိုရရှိဘယ်ဆိုရင်ပဲ လုံလောက်ပါပြီ။ ထိပ်ထားလေးရဲ့ နှုတ်ထွက်စကားလုံးလေးက သဒ္ဒိဇာ့အတွက် မျက်ရည်ဖြစ်စေ ရပါပြီ။ ကျွန်မအပေါ် ဒီလိုစိတ်ထားရှိတယ်ဆိုတဲ့ ထိပ်ထားလေး ရဲ့မေတ္တာကြောင့် အသက်ရှင်ရတဲ့ကျွန်မဘဝက လုံလောက်သွား ပါပြီ။ အဓိပ္ပာယ်ရှိသွားပါပြီထိပ်ထားလေးရယ်။ ခုချိန်ကစလို့ ထိပ် ထားလေးအတွက်သာဆိုရင် သဒ္ဒိဇာ ဘာမဆိုလုပ်ရဲပါပြီ။ အစေ ခံဆိုတဲ့ဆိုးဝါးတဲ့အမည်နာမအောက်မှာ နေလာရတဲ့ကျွန်မကို မိတ် ဆွေလို့သဘောထားပေးတဲ့ ထိပ်ထားလေးအတွက် ဘာမဆိုလုပ် ရဲနေပါပြီ။

ဒါကြောင့် လောကတွင် ထိပ်ထားလေးတစ်မျက်နှာကို ပဲကြည့်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ထိပ်ထားလေးသာလျှင် ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှင်သခင်အစစ်အမှန်ပါ။ ဒါကြောင့် ထိပ်ထားပျော်ရွှင်ဖို့ သအိုဇာက ဘာမဆိုပေးဆပ်ပါ့မယ်။

"ဘာငေးနေတာလဲ သအိုဇာရဲ့၊ ထိပ်ထားပြောတာကြားရဲ့လား။ မျက်ရည်တွေကရော ဘာ့အတွက်ကျနေတာလဲ"

အရှင်သခင်ကမေးပေမယ့် ပြန်မဖြေပါဘဲ မျက်ရည်တွေကိုသာ သုတ်နေမိပါသည်။

"ထိပ်ထားလေး စံအိမ်ထဲမှာမပျော်လို့လားဟင်"

"မေးတတ်ပါပေ့ သအိုဇာရယ်၊ အနှစ်နှစ်ဆယ်ကျော်နေလာခဲ့တာ ပျင်းတဲ့အဓိပ္ပာယ်ကိုမသိပါဘူး။ ဒါပေမဲ့ ခုတော့ လှောင်ပိတ်နေသလိုခံစားရတယ်။ စိတ်ထဲမရွှင်ဘူး။ သွားလာခဲ့တဲ့လမ်းတွေကိုပဲ ခံစားနေမိတယ်"

"ထိပ်ထားလေး အပြင်သွားချင်နေတာလား"

"အို! ဘယ်လိုမေးလိုက်တာလဲ သအိုဇာရယ်၊ သွားချင်တာပေါ့။ လေကောင်းလေသန့်လည်းရပြီး အသိပညာလည်းရတယ်လေ။ ပြီးတော့ ကွဲလွဲတဲ့လူ့သဘာဝကိုလည်း မြင်တွေ့ခံစားရတယ်။ မိန်းကလေးတွေရဲ့ထူးဆန်းတဲ့ဝတ်စားဆင်ယင် ထုံးဖွဲ့မှုတွေနဲ့။ အို. . . ထိပ်ထားတော့ သူ့ကိုချက်နာပူဒီပါရဲ့"

"သအိုဇာရောပဲ ထိပ်ထားရယ်၊ ယောကျ်ားနဲ့မိန်းမတို့





မလျော်ကန်ပါဘဲ ပူးကပ်ပြီးဖက်နေတာ သအိုဇာတော့ အမြင်နဲ့တင် ရှက်ပါရဲ့"

"လူ့ဘော်တော်များများက ဒီပုံဆိုတော့ ဒီခေတ်ရဲ့လူနေမှုအဆင့်ထင်ပါရဲ့။ ထိပ်ထားတို့သအိုဇာတို့လိုပုံမျိုးတွေ မတွေ့ရဘူး။ ဆက်ပစ္စည်းတွေလည်းကိုင်ကြတယ်။ ဟွန်း. . . ရှုးစမ်းလေ့လာလို့ကောင်းနိုင်ဘူးကွယ်"

ဟာကျေနပ်နေပုံမျိုးနှင့်ပြောကာ ကုတင်ပေါ်ပြောင်းထိုင်လိုက်ပါသည်။

"ဒီဖုန်းက အသံပြည့်လာဦးမလားလို့ စောင့်ကြည့်တာ အသံလည်းပြည့်မလာဘူး။ မယ်တော်တို့ ခမည်းတော်တို့ ကိုင်တုန်းကလည်း သေသေချာချာမကြည့်ထားမိဘူး။ နံပါတ်တွေကိုလျှောက်နှိပ်တော့လည်း ပျက်ကုန်မှာစိုးလို့ပါ။ ဟင်း. . . တကန်တကာ ရှိလှပါတယ် သအိုဇာရယ်"

ထိုသို့ညည်းညူစဉ်တော့ သအိုဇာမှာ ထိပ်ထားလေးကိုသာ ငေးကြည့်နေခဲ့ပါသည်။ သအိုဇာနှင့်ထိပ်ထားလေးတို့ အတူနေလာခဲ့သမျှကာလတစ်လျှောက်လုံးတွင် ထိပ်ထားလေးက စိတ်ဝင်တစားဖြင့် ကိစ္စတစ်ခုအပေါ်အာရုံရောက်နေသည်မှာ ဒါပထမဆုံးမြင်ဖူးခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ရော သူများလာလေဦးမလားမသိဘူး"

ဟုဆိုကာ ရုတ်တရက် အိပ်ရာပေါ်မှပြန်ထလိုက်ပြီးမှ လေသာပြတင်းဘက် မျှော်ကြည့်နေပြန်ပါသည်။

"တကယ်တော့ ထိပ်ထား ဒုတိယအကြိမ်ထပ်ပြီးစွန့်စား ကြည့်ချင်နေတယ်"

မလုပ်ပါနဲ့ဟု မတားချင်တော့ပါချေ။ ဘာကြောင့်လဲဆို တော့ ထိပ်ထားလေး၏စိတ်နှင့်သူမ၏စိတ်သည်ကား တစ်သားတည်း ကျသွားသလိုခံစားရလို့ပါ။

"ဒီနေ့ မယ်တော်နဲ့ခမည်းတော်တို့ အလုပ်ကိစ္စနဲ့အပြင် သွားကြတာမို့လား။ ထိပ်ထား. . ."

"အိမ်တော်ထိန်းဘရဏာက မလွှသ်ဘူး ထိပ်ထားလေး ရယ်။ ထိပ်ထားလေးရော သအိုဇာပါ ပျောက်သွားရင် မိုးမီးလောင် လိမ့်မယ်"

"ဟင်! ဟိုမှာ သူပါလား"

ဇာခန်းဆီးလွှာမှတစ်ဆင့် ရိုးတိုးရိပ်တိပ်မြင်နေရသော ပုံရိပ်ကို ရည်ညွှန်းပြီးပြောလျှင် သအိုဇာမှာ ကြောင်နသွားရပါ၏။ ထိပ်ထားလေးက သွက်လက်စွာပင် ဇာခန်းဆီးကိုပင့်တင်လိုက် ကာ မှန်ပြတင်းမှတစ်ဆင့် ပြင်ပသို့ပြူးပြဲကြည့်နေခဲ့ပါသည်။





"သူ ထိပ်ထားကိုရှာနေဘာထင်တယ်၊ မဖြစ်ဘူး။ သူ မြင်သာအောင် လူလုံးထွက်ပြမှပဲ။ ထိပ်ထားကိုမတွေ့ရင် အရင် နေ့ကလိုပဲ ထွက်သွားသိမ့်မယ်"

ဟုဆိုကာ လေသာဆောင်ဘက် တံခါးဖွင့်ကာ ထွက် သွားသဖြင့် သအိုဇာမှာ တားဖို့အချိန်ပင်မရလိုက်ပါချေ။

ကြည့်ပါဦး။ လူနှစ်ယောက်က အဝေးကြီးမှနေ၍ ပြုံးပြ နှုတ်ဆက်နေလိုက်ကြတာ။ သိပ်ချစ်ပြီး နှလုံးသားချင်းနားလည် နေကြသောချစ်သူများနှင့်ပင် တူ၍နေပေတော့သည်။ အိမ်ရှေ့က လူကလည်း လက်ဟန်ခြေဟန်များနှင့် ဘာပြောနေသည်မသိ။ သိပ်ကိုကျေးဇူးတင်ကြောင်းပြည့်စုံလှပါချည်ရဲ့ဟုဆိုသော သူမ ရဲ့ထိပ်ထားလေးကလည်း ထိုလူ၏အပြုအမူများကို နားလည်နေ ပုံနှင့် ပြုံး၍နေခဲ့ပါသည်။

သအိုဇာရင်ထဲ ထိုမြင်ကွင်းကြောင့် တဒင်္ဂတော့ သိမ်မွေ့ သွားမိပါသည်။ ပြီးတော့ ရာဇလက္ခဏာမင်းသားထက် ကွန်းပလေး က ထိပ်ထားလေးနှင့် ပိုလိုက်ဖက်သည်ဟုထင်မိပါသည်။ သွင် ပြင်ချင်းက ခြားနားပေမယ့် မျက်လုံးချင်းက သိပ်ကိုတူညီနေလွန်း ပါသည်။

"သအိုဇာရေ၊ သူစောင့်နေတယ်။ ထိပ်ထားသွားချင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ''

ဟုပြောလာသောထိပ်ထားလေး၏အသံက သူစိမ်းတစ်ဦးနှင့်တွေ့ရန်ပြောနေပုံမျိုးနှင့်မတူဘဲ သိပ်ချစ်သောချစ်သူကို လွမ်းဆွတ်စွာတွေ့ချင်ကြောင်းပြောနေပုံနှင့် တူပါသည်။

''ထိပ်ထားကိုကူညီပါလားဟင်၊ ထိပ်ထားသာ ထွက်မတွေ့ရင် သူပြန်မှာ''

စိတ်မပူပါနဲ့ ထိပ်ထားလေးရယ်၊ ကွန်းပလေးက အရိပ်ကိုတောင်မမြင်ရဘဲနဲ့တောင် ဖွဲကြီးကြီးနဲ့ရက်ဆက်လာနေမှတော့ ခုထိပ်ထားလေးကိုတွေ့ပြီးမှတော့ လွယ်လွယ်နဲ့လက်လျှော့ပါဦးမလားဟုပင် ရင်ထဲ၌ပြောလိုက်မိပါသည်။ ထိုသို့ရင်ထဲပြောနေမိသည်နှင့်တစ်ပြိုင်နက် သံသယလည်းဝင်လာခဲ့ပါသည်။ ဒီပုံတိုင်းဆိုရင် ထိပ်ထားလေးရဲ့စိတ်က ကွန်းပလေးအပေါ် ရိုးမှရိုးရဲ့လား။

''သအိုဇာ၊ ဘာတွေဒီလောက်ပြုံးကြည့်နေတာလဲ''

''ကူညီပါ့မယ်။ ထိပ်ထားလေးစိတ်ချမ်းသာမယ်ဆိုရင် သအိုဇာ ဘာမဆိုလုပ်ပါ့မယ်။ ခဏနေဦး၊ ထိပ်ထားလေး၊ အောက်ဆင်းပြီး ဘရဏရဲ့အခြေအနေကိုအကဲခတ်လိုက်ဦးမယ်''

''ထိပ်ထားပါ တစ်ခါတည်းလိုက်မယ်လေ''

''ထိပ်ထားတစ်ယောက်တည်း အပြင်သွားရင်ဖြစ်မလား''





''ဟင်! သအိုဇာရော မလိုက်ဘူးလား''

''လိုက်လို့မရဘူး ထိပ်ထားလေး။ အခြေအနေကြည့်ပြီးနေရမှာမို့ပါ။ အကယ်၍ ထိပ်ထားလေးသွားခဲ့ရင်တောင် လေးနာရီထက်ပိုနေလို့မရဘူးနော်။ ထိပ်ထားရဲ့အိပ်ချိန်က သုံးနာရီကျော်ပဲရှိတာမို့လို့''

''ဟင်း. . . သအိုဇာမပါတော့လည်း တစ်မျိုးပဲ''

ဟု အနားတွင်တစ်ချိန်လုံးထားနေခဲ့သော သအိုဇာ့အားလွမ်းဆွတ်သလိုပြောနေပြန်၍ သအိုဇာရင်ထဲ ပီတိဖြစ်ရပြန်ပါ၏။

''ရမှာပါ ထိပ်ထားလေးရယ်၊ ကွန်းပလေးက လူကောင်းဖြစ်ပုံရပါတယ်။ သအိုဇာထက်တောင် ထိပ်ထားကိုစောင့်ရှောက်ဦးမှာ။ ထိပ်ထားလေးဆန္ဒပြင်းပြနေလို့သာ ကူညီရတာပါ။ ပြီးတော့ ကွန်းပလေးက လူကောင်းမှန်းရိပ်မိပေမယ့် စိတ်တော့မချချင်ဘူး''

''ရပါတယ်လေ၊ တစ်ယောက်တည်းလုပ်ဆောင်ရဲတဲ့သတ္တိမွေးရမှာပေါ့။ ကဲကဲ. . . သွားရအောင်''

ဟုဆိုကာ နှစ်ယောက်သား အိမ်အောက်သို့ ခိုးကြောင်ခိုးဝှက်ဆင်းလာခဲ့ပါသည်။ ထိပ်ထားလေးကို လှေကားထိပ်တွင်ထားခဲ့ပြီး သူမက အခြေအနေအရပ်ရပ်ကို အရင်အကဲခတ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာရန် ထိပ်ထားလေးအား အချက်ပြလိုက်ပါ၏။ ပြီးနောက် ထိပ်ထား၏လက်ကိုဆွဲကာ တံခါးသော့တွဲအားဆွဲယူပြီး ထိပ်ထားလေးကို ခြံပြင်ပသို့အဆောတလျင် ပို့ရပါတော့သည်။

သူမတို့နှစ်ယောက်ကိုမြင်တော့ ကွန်းပလေးက အံ့သြဝမ်းသာသွားပုံပါ။ သို့သော်နှုတ်ဆက်စကားမပြောနိုင်တဲ့ အခြေအနေမို့. . .

"ထိပ်ထားလေးကိုဂရုစိုက်ပါ။ လေးနာရီထက် ပိုကြာလို့ မဖြစ်ဘူးနော်။ သအိုဇာက လေသာဆောင်ကနေစောင့်ကြည့်နေပါ့မယ်။ သွားတော့ မြန်မြန်၊ ထိပ်ထားလေးကိုစိတ်ချမယ်နော်"

"ကျေးဇူးတင်ပါတယ် သအိုဇာ"

အဆောတလျင်ပြောသွားသော ကွန်းပလေး၏စကားများကိုပါ အဓိပ္ပာယ်မဖော်နိုင်တော့ပါ။ ထိပ်ထားလေး ပါသွားသောကားအမြီးပိုင်းလေးကိုပင် ဆုံးအောင်မကြည့်နိုင်တော့ပါဘဲ သော့ကိုလျှင်မြန်စွာခတ်ပြီး အိမ်ထဲပြေးဝင်လာကာ သော့ကိုနေရာတကျပြန်ထားပြီး အိမ်ပေါ်သို့တိတ်တဆိတ်တက်ရန်ကြံချိန်မှာတော့. . .

"သအိုဇာ"

အိမ်တော်ထိန်းဘရဏာ၏အသံက ဟိန်း၍ထွက်လာ





သဖြင့် တီကောင်ကိုခဲတားနှင့်တို့လိုက်သလို သအိုဇာမှာ တွန့်သွားရပါသည်။

"အောက်ထပ်ကိုဆင်းလာတာ ဘာလုပ်ဖို့လဲ"

အေးစက်သောဘရဏာ၏အသံအောက်တွင် မှုမမှန်သူ သအိုဇာက ကြောက်ရွံ့တုန်၍နေခဲ့ပါပြီ။

"ဟိုလေ. . . ဟို"

ရုတ်တရက်ဆိုတော့ ဘာပြော၍ပြောရမှန်းမသိတော့ချေ။

"ထိပ်ထားလေးရော"

"ထိပ်ထား! အိပ်. . . အိပ်. . . အိပ်စက်နေပါတယ်"

"ဟင်!"

ဘရဏာက နာရီကိုလှမ်းကြည့်ပါသည်။ နံရံမှနာရီကြီးက ဆယ်နှစ်နာရီတိတိသို့ ညွှန်ပြနေခဲ့ပါသည်။

"ဒီအချိန်ကြီး ထိပ်ထားက အိပ်လေ့မရှိပါဘူး။ နေများမကောင်းလို့လား"

ဟုဆိုကာ လှေကားပေါ်တက်ညည်ကြံတော့ သအိုဇာရင်ထဲ ထိတ်သွားရပါသည်။ သူမထင်တာမလွဲဘူးဆိုရင် ဘရဏာက ထိပ်ထားရဲ့ကျန်းမာရေးအခြေအနေကို စူးစမ်းချင်ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ဘရဏရွှေ့ မဝ့်မရဲလေး ကာကွယ်ရပ်ကာ. . .

"နေကောင်းပါတယ်၊ ညကအိပ်မပျော်လို့ ခေါင်းနောက်ရုံပါ။ အိပ်နေချိန်မှာ မလာနဲ့လို့ သအိုဇာကိုမှာထားလို့ပါ။ အဲ. . . အဲဒါကြောင့် မယ်ပုကိုကူညီရအောင် ဆင်းလာခဲ့တာပဲ"

ဟုပြောပြီးမှ နောင်တရချင်သွားပါသည်၊ ဘာသို့လဲဆိုတော့ မယ်ပကိုကူညီဖို့ဆိုရင် လက်ယာဘက်လှေကားမှဆင်းရမည်လေ။ ယခုသူမရပ်နေသည်က လက်ဝဲဘက်အရှေ့လှေကားမို့ စကားက ရှေ့နောက်မညီဖြစ်သွားပေါသော်လည်း ဘရဏက သံသယကင်းသွားပုံနှင့်. . .

"ဘာမှကူစရာမရှိဘူး၊ ထိပ်ထားလေးအနားမှာပဲနေပါ။ သွားတော့၊ လိုအပ်ရင် လှမ်းခေါ်လိုက်နော်။ ထိပ်ထားလေးကိုသေသေချာချာဂရုစိုက်ပါ။ ထိပ်ထားလေးနိုးရင် လာခေါ်ဦးနော်။ မသက်သာရင် ဆရာဝန်ပင့်ရမယ်။ မနက်ဖြန် မင်းသားက စံအိမ်ကိုလာမှာမို့ ထိပ်ထားနေမကောင်းလို့မဖြစ်ဘူး"

သအိုဇာရင်ထဲ အလုံးကြီးကျသွားရပါသည်။ ထိုအလုံးကြီးက ကျသွားတယ်ဆိုပေမယ့် မရှိတော့ခြင်းတော့ မဟုတ်ပါချေ။ ဘရဏက ဘယ်အချိန်များ ဆိုင်းမဆင့်ဗုံမဆင့်ထက်လာလေမလဲ။ ထိပ်ထားလေးကို ကွန်းပလေးက ဂရုစိုက်နေရဲ့လား





သူမမပါဘဲ ထိပ်ထားလေးအဆင်ပြေပါ့မလား။ လေးနာရီကြာလို့မှ ထိပ်ထားလေးပြန်ရောက်မလာရင် သူမဘာလုပ်ရမလဲဆိုတာ စဉ်းစားနေရတာနှင့်ပင် စိတ်က အားလပ်ရသည်ဟူ၍မရှိပါချေ။

ထိုင်လိုက်ထလိုက်၊ လေသာဆောင်ဘက် ထွက်ရပ်လိုက်နှင့် ဂဏှာငြိမ်မဖြစ်နေသော မိမိရဲ့စိတ်ကြောင့် လူလည်းနွမ်းလျနေခဲ့ပါပြီ။ နံရံမှ ဘချပ်ချပ်မြည်နေသောနာရီလက်တံများက နှေးကွေးနေရှေ့သလားဟုထင်မိပါသည်။ နေကလည်း ဒီနေ့မှပို၍များ ပူပြင်းနေသလား၊ ထိပ်ထားလေးအဆင်ပြေပါ့မလား၊ ဘုရားသိကြားမလို့ ဘရဏဘက်မလာပါစေနဲ့ဟု ဆုတောင်းရတာလည်း အကြိမ်ကြိမ်အခါခါပင်။

သူမရဲ့ဆုတောင်းကလည်း ပြည့်သွားသည်ပဲလားမပြောတတ်တော့ပါ။ အချိန်လေးနာရီကုန်သွားချိန်မှာတော့ ကွန်းပလေးဇာ်ကားပြာလေးက မြင်ကွင်းထဲတန်း၍ဝင်လာခဲ့ပါသည်။ သအိုဇာရင်ထဲ လှိုက်ခနဲပေါ့်ရွှင်သွားရပါ၏၊ ယခုမှကောင်းကင်တစ်ခုလုံးလင်းကျင်းသွားသလိုခံစားလာရပါသည်။ ထိပ်ထားလေးက ကားပေါ်မှဆင်းလာသည်ကိုမြင်တော့ နေရာမှလှစ်ခနဲပြေးထွက်ကာ အရိပ်အခြည်ကိုကြည့်ပြီး နံရံမှသော့တွဲကြီးကိုဖြုတ်ယူကာ အိမ်ပေါက်ဝဆီသို့ လျှင်မြန်စွာပြေးသွားပြီး တံခါးရွက်ကြီးမှသော့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကာ ထိပ်ထားလေး၏လက်ကို ဆွဲယူလိုက်ပါသည်။

"ကျွန်တော်ဖုန်းဆက်မယ်နော်"

ဟူသောကွန်းပလေး၏စကားသံကိုပင် ဆုံးအောင်နား မထောင်နိုင်တော့ပါဘဲ တံခါးကိုသာ ညင်သာစွာပိတ်ပြီးမှ အိမ်ထဲသို့ ကြွေမပျက်ဝင်လာကာ သော့တွဲကြီးကို နံရံတွင် နေရာတကျပြန်ချိတ်ပြီးတော့မှ ဟင်းခနဲသက်ပြင်းချနိုင်ပါတော့သည်။

"ဟင်! ထိပ်ထားလေး နေမကောင်းဘူးဆို"

ဘရဏီ၏အသံက ရုတ်ချည်းပေါ်ထွက်လာ၍ စကားမစပ်မိကြသေးသော စန္ဒြမာတုလျာနှင့်သအိုဇာမှာ တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်နေလိုက်ပါ၏၊ သို့သော် စန္ဒြမာတုလျာက ဉာဏ်ထက်သူမို့. . .

"ဒါကြောင့် ဥယျာဉ်တော်ထဲ လမ်းဆင်းလျှောက်မလို့ပါ"

ထိပ်ထားလေးသာ အခြေမှားသွားလို့တော့ မိမိက ဒုက္ခပဲဟု ရင်တထိတ်ထိတ်ဖြစ်နေသောသအိုဇာက အသက်ရှူချောင်သွားရပါသည်။

"မသွားပါနဲ့လားထိပ်ထားရယ်၊ သခင်မကြီး အမိန့်မကျထားဘူး"





စန္ဒြမာတုလျာနှင့်သအိုဇာတို့က ရင်ထဲမှကြိတ်ပြုံးမိသွားကြပါသည်။

"ထိပ်ထားလေးမျက်နှာက လန်းဆန်းနေသလိုပဲ"

သခင်များ၏မျက်နှာရိပ်ကို အမြဲတစေကြည့်နေတတ်သော ဘရဏီကဆိုလျှင် စန္ဒြမာတုလျာမှာ ချက်ချင်းပင် မျက်နှာအမူအရာအားပြောင်းလဲကာ. . .

"မသွားနဲ့ဆိုလည်း မသွားတော့ပါဘူး၊ ဒါက ထိပ်ထားရဲ့ဘဝပဲ"

ဟုဆိုကာ အပေါ်သို့သာ ခြေလှမ်းမှန်မှန်ဖြင့် တက်သွားသဖြင့် ဘရဏီက စိတ်မကောင်းဖြစ်စွာ ကျန်နေရစ်ပါ၏။ သအိုဇာကတော့ ငေးမှိုင်သွားသောဘရဏီကိုကြည့်ပြီး ထိပ်ထားနောက်သာ အမြေးလေးလိုက်လာခဲ့ပါသည်။ လှေကားထိပ်ရောက်တော့မှ သအိုဇာက ပတ်ဝန်းကျင်အရိပ်အခြည်အားကြည့်ကာ ထိပ်ထားလေး၏လက်ကို ရဲဘင်ရွာခွဲခေါ်ပြီး အဆောင်တော်ထဲသို့ ဝင်လာခဲ့ပါသည်။

သို့သော် ထိပ်ထားလေးက သူမလက်ထဲမှရုန်းထွက်ကာ လေသာဆောင်ဘက် ပြေးထွက်သွားပြီး ယခုချိန်ထိ အိမ်တံခါးမ ကားတွင် ရပ်နေသေးသောကွန်းပလေးကို လက်ပြနှုတ်ဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကွန်းပလေးကလည်း လက်ပြပြီး ကားပေါ်တက်ကာ မောင်းထွက်သွားပါသည်။ သည့်တော့မှ သအိုဇာက ထိပ်ထား လေးနား ရပ်လိုက်ပါသည်။ ထိပ်ထားလေးက ထိုကားပြာလေး ကို မျက်စိတစ်ဆုံးငေးနေရင်း. . .

"ဒီလိုလက်ပြနှုတ်ဆက်ရတာ သိပ်ကိုလွတ်လပ်မှန်း ထိပ် ထားမသိခဲ့ဘူး။ လုပ်ရမှာလည်း မဝံ့ပေမယ့် သူက ထိပ်ထားကို အများကြီးသင်ပေးတယ်။ ဆရာလိုပဲ"

"ထိပ်ထားပျော်ခဲ့ရဲ့လား"

"ပျော်တာပေါ့ သအိုဇာရဲ့၊ အဲဒီလောက်ထိပဲ ဘဝက ပျော်စရာကောင်းမှန်း ထိပ်ထားမတွေးခဲ့ဖူးတာအမှန်ပဲ၊ သူနဲ့သွား လာရင်းနဲ့ ထိပ်ထားတွေးမိတယ်။ ဒီအနှစ်နှစ်ဆယ်ကျော် ထိပ် ထားဘာလုပ်နေခဲ့သလဲလို့၊ ဟင်းဟင်း. . . ခုတော့ ထိပ်ထား မျက်စိနှစ်လုံးပွင့်သွားခဲ့ပြီ"

ဟုဆိုကာ လက်ထဲမှဒန်းဘာလေးကို ဝါယာကြိုးတစ်ချိုး နှင့်တွယ်ကာ ပလပ်ပေါက်တွင် ထိုးထည့်လိုက်ပြီး. . .

"ဒါလေး အားကုန်သွားလို့မြည်တာတဲ့။ ထိပ်ထားက အရမ်းညံ့လွန်းမှန်း ခုမှပဲသိသွားတော့တယ်"

မြူးတူးနေသောပုံစံနှင့်ပြောလာ၍ သအိုဇာမှာလည်း





အလိုလိုရင်ထဲမြူးနေမိပါသည်။ ထိပ်ထားလေးရဲ့အပျော်များက သူ့ရင်ထဲ ကူးစက်လာသည်ပဲဘင်ပါသည်။ စောစောက ထိတ် လန့်စိုးရိမ်မှုများက ရင်ထဲလုံးလုံးမရှိတော့လောက်အောင် ကင်း ရှင်းသွားရပါသည်။

"သူက အဆိုတော်. . . သိလား"

"အဆိုတော်ဟုတ်လား"

"သအိုဇာကလည်း မသိဘူးလား။ သိချင်းဆိုပြီး ဖျော် ဖြေတာလေ"

"ဟင်! ဒါဆို သဘင်သည်ပေါ့"

"အနုပညာရှင်ပါ သအိုဇာရယ်၊ ဒါမှအသုံးအနှုန်းယဉ် ကျေးမှာပေါ့။ သူတို့က နာမည်ကြီးပေါ့ပ်ဂီတအဖွဲ့ဆိုလားပဲ။ လမ်း ဘေးမှာတွေ သူတို့ပုံတွေချိတ်ထားတာ အများသားပဲ။ အမှတ် တမဲ့နေခဲ့လို့ သတိမပြုခဲ့မိပေမယ့် သေသေချာချာသတိထားကြည့် မိတော့လည်း သူတို့က တကယ့်နာမည်ကြီးတွေပဲ"

"ယောကျ်ားသဘင်သည်နဲ့ပတ်သက်လို့ရော ကောင်းပါ့ မလား ထိပ်ထားလေးရယ်"

"ခေတ်တွေက ပြောင်းလဲကုန်ပြီ သအိုဇာရဲ့။ ထိပ်ထား တို့သာ မသိလိုက်တာ။ ခေတ်က အများကြီးပြောင်းလဲနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားတို့အိမ်မှာမရှိတဲ့ တိဗွိဆိုတာမျိုးတွေ အိမ်တိုင်းရှိကုန်ကြ ပြီ။ ပြီးတော့ မယ်တော်တို့ခမည်းတော်တို့အဆောင်တော်မှာရှိတဲ့ ကွန်ပျူတာဆိုတဲ့စက်ပစ္စည်းကလည်း အပြင်လောကမှာ အဆန်း သားပဲ။ ခလုတ်များပေါ်မှာ လက်ချောင်းလေးတွေ ပြေးလွှားနေ တာများ ကြည့်ကောင်းလိုက်တာ၊ လက်ချောင်းလေးလပ်လိုက် ရင် စာတွေပေါ်လာတယ် သအိုဇာရဲ့၊ သိပ်ကိုလှပပြီး ညီညာတဲ့ စကားလုံးတွေပဲ။ ပြီးတော့ သူ့ရဲ့အဆွေတော် သူငယ်ချင်းတွေ ကလည်း စိတ်ထားကောင်းလိုက်ကြတာ''

''ဩော်. . . သိပြီ၊ ပုဂံမှာဆုံဖူးကြတဲ့လူတွေလား။ ဟွန်း! ပုံတွေကတော့ ခွေးလိုလိုဝက်လိုလိုတွေပါ၊ ရှင်ရှည်ကလေးတွေ လှသားနဲ့ ဆံပင်က ခွေးမွေးလိုလို ဆိတ်မွေးလိုလို နီကြောင်ကြား နဲ့ မညီမညာတွေနဲ့''

''အဲဒါခေတ်မီတာတဲ့၊ မပုံ့ခို့ရင် သိပ်ကိုခေတ်မီတာ''

''မပုံ့. . . အဲဒါ ဘယ်သူလဲ''

''အင်း. . . ထိပ်ထားကိုချစ်လိုက်တာလည်း တုန်နေတာ ပဲ။ လူကဝပေမယ့် သိပ်စိတ်သဘောကောင်းတာ၊ မပုံ့က သူတို့ ရဲ့မန်နေဂျာတဲ့''

''မန်နေဂျာ၊ အဲဒါကြီးက ဘာကြီးလဲ''





''ထိပ်ထားလည်း ရေရေရာရာမသိပါဘူး။ သူတို့ရဲ့ ခေါင်းဆောင်နဲ့တော့ တူတာပဲ''

''ဟွန်း! မိန်းမက ယောကျ်ားတွေရဲ့ခေါင်းဆောင်ကြီး လား။ ဘုရား. . . ဘုရား. . . ဘာခေတ်ကြီးလဲ''

''ကောင်းတာပေါ့ သအိုဇာရဲ့၊ သိပ်ကိုပေါ့ပါးလွတ်လပ် တဲ့ဘဝမျိုးပါ။ တောင်ပံတွေရလိုက်တဲ့ငှက်တစ်ကောင်လိုပဲ။ သအို ဇာကိုလည်း ထိပ်ထားကျေးဇူးတင်ပါတယ်။ သအိုဇာသာမကူညီ ရင် ဒါတွေကို ထိပ်ထားသိမြင်ခံစားခွင့်ရလိုက်မှာမဟုတ်ဘူး''

''ထိပ်ထားလေးရယ်၊ သအိုဇာဖြင့် လန့်လိုက်တာ။ အချိန် စေ့သွားလို့ ထိပ်ထားလေး ရောက်မလာရင် ဒုက္ခပဲလို့ ရင်ထဲက တမြည့်မြည့်တွေးနေလိုက်ရတာ။ ထိပ်ထားဒီလိုပျော်နေတာမြင် ရတော့လည်း ရင်ထိတ်ရတာက အကျိုးရှိသွားပြန်ရော။ ဟော ထိပ်ထားလေး ခုမှသတိရတယ်။ မနက်ဖြန် မင်းသားရာဇလက္ခဏာ စံအိမ်ကိုလာမယ်လို့ သတင်းပါးထားတယ်''

''ဘာရယ်။ ပြောတာလား''

''ဟုတ်တယ်''

''ဟွန့်. . . ရှင်လေးပါတယ်''

''ဘာလို့လဲ ထိပ်ထားလေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ခုလိုသွားလာရတော့လည်း စိတ်မဝင်မိမ့်တော့လို့ပါ။ ရာဇလက္ခဏာနဲ့သာလက်ဆက်ပြီးရင် ခုလိုတွေ့ကြရတော့မှာမဟုတ်ဘူး။ ပြီးတော့ အိမ်ထောင်ရှင်မဟာ ခုလိုလုပ်တာမသင့်တော်တော့ဘူးလေ။ ဖြစ်နိုင်ရင် ဒီဘီသိက်ပွဲကို ရက်ဆိုင်းလိုက်ချင်တယ်''

''ထိပ်ထားလေးရယ်၊ မပြောကောင်းတာတွေ၊ ရာဇလက္ခဏာမင်းသားက အိမ်ဦးနတ်အဂ်ါရုပ်နဲ့ကိုက်ညီသူပါ။ မျိုးရိုးချင်းလည်း သင့်သောသူလေ''

''သိပါတယ် သဒ္ဒိဇာရယ်၊ ထိပ်ထားရဲ့ဆန္ဒကိုပြောမိရုံလေးပါ''

ဩော်. . . ထိပ်ထားလေးဟာ ခုလောက်ထိပဲ ဆန္ဒကို အလွယ်တကူဖော်ထုတ်ပုံသွားပြီလား။ မသိမသာဆိုပေမယ့် ထိပ်ထားလေးပြောင်းလဲစပြုလာပြီဆိုတာတော့ သဒ္ဒိဇာ ရိပ်မိနေပါပြီလေ။

ဂျဂျဂျ



အခန်း (၁၅)

''သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာ မိဘတိုင်းရဲ့ဆန္ဒပဲ သမီးတော်''

စကားလေးပြောရင်း သူမ၏ဆံနွယ်ရှည်ရှည်များအား ဖြီးသင်ပေးနေသော မယ်တော်၏ခန့်ငြားသောရုပ်သွင်ကို မှန်ထဲမှတစ်ဆင့် သူမတွေ့မြင်နေရပါသည်။

''အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့သမီးတော်ရဲ့၊ ပြုပြင်ပြောင်းလဲဖို့မဖြစ်နိုင်တဲ့အရာတွေပါ။ သမီးကညာ အခါမလင့်စေနဲ့ဆိုရိုးအတိုင်း နေရာချပေးဖို့စီစဉ်ရပေမယ့် ရင်ထဲလည်းမကောင်းပါဘူး''

မယ်တော်ရဲ့ရင်ထဲက စစ်မှန်တဲ့စကားဆိုတာ ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုသိနေ၍ သူမနှလုံးသားနှင့်မယ်တော်၏နှလုံးသားက နီးစပ်သွားသလို ခံစားရပါသည်။ သူမမျက်ဝန်းမှမျက်ရည်များက အလိုလိုပြည့်အိုင်ချင်လာရပါပြီ။ မျက်ရည်က မိန်းမသားတစ်ဦး အတွက် လက်နက်လား။ ဒါမှမဟုတ် ခံစားချက်ရဲ့အငွေ့ခံသက်သက် အသုံးချခံအစိတ်အပိုင်းတစ်ခုလား။

''သမီးတော်ကို လှောင်ပိတ်ထားသလိုဖြစ်ခဲ့တဲ့အတွက် မယ်တော်ဝမ်းနည်းမိပါတယ်''

ထိုစကားလုံးအဆုံးမှာတော့ သူမကိုယ်လေး တောင့်ခနဲ ဖြစ်သွားရပါသည်။

''ကိန္နရာရီလိုသမီးတော်ကို အဖြစ်မခံနိုင်လို့ပါ''

အစ်မတော်က ဖျားနာပြီးဆုံးပါးသွားတယ်လို့ ရိုးရိုးပဲ သူမသိထားခဲ့တာပါ။ သူမသိတာတွေ များများနေပြီလား။

''အများနဲ့အတူ ကျောင်းသာက်ရတော့ ငယ်ငယ်ရွယ်ရွယ် နဲ့ ဘာမှမဟုတ်တဲ့အသည်းသားတွေနဲ့ ပတ်သက်ချင်တယ်လေ။ မယ်တော်တို့က ဘော်ဝင်မျိုးနွယ်တွေပါ။ သာမန်အသည်းသား တွေနဲ့ သွေးမစပ်ပေဘူး။ ကိန္နရာရီက စိတ်လည်းတင်းသကိုး၊ ရာဇမာန်ဝင်တဲ့စိတ်ကို မင်းမှုပိုကြီးတာချင်းဖြစ်လာရတဲ့ အဲဒီစိတ် ကြောင့် အစာငတ်ခံဆန္ဒပြခဲ့တာပဲ။ နောက်ဆုံးမှာ အသက်





ဆုံးပါးသွားတဲ့အထိပဲလေ။ သမီးတော်ရဲ့ခမည်းတော်အကြောင်း လည်း သမီးတော်သိမှာပါ။ ရာဇမာန်က ပြည့်ပါဘိ။ မယ်တော်က ကိန္နရာရီ ဆုံးပါးပြီးကတည်းက နောင်တရမိခဲ့တယ်။ ပူဆွေးခဲ့ ရတယ်။ ဒါက သမီးတော်တို့ခမည်းတော်ရဲ့ဆန္ဒကိုလွန်ဆန်ပြီး အများနည်းတူ စာသင်ကျောင်းမှာ အပ်နှံခဲ့လို့ဖြစ်ခဲ့ရတဲ့ပြဿနာ ပါ။ ခံမှန်ပူဆာတဲ့အသူငယ်က ခဲလုံးကို ကြောက်ကြတာ သဘာဝပဲ သမီးတော်။ ဒါကြောင့် မယ်တော့်ကိုနားလည်ပေးပါ''

မယ်တော်မပြောရင်တောင် မယ်တော့်အပေါ် အပြစ်တင် ရန်ဆန္ဒ သူ့မှာ ရှိနှင့်မနေခဲ့ပါချေ။ ဘာလို့လဲဆိုတော့ မယ်တော့် မေတ္တာကို နှလုံးသားထဲက ခံစားနားလည်၍ရလို့ပဲဖြစ်ပါသည်။ ဒါက မိခင်နှင့်သားသမီးကြားမှ ဆက်နွယ်မှုတစ်ခုပေပဲလား။

''ဒီပြဿနာတွေအားလုံး သမီးတော်လက်ဆက်ပြီးချိန် မှာ ပြီးဆုံးသွားပါလိမ့်မယ်။ မယ်တော့်လိုပဲပေါ့၊ မယ်တော်လည်း အပျိုစင်အခါက သမီးတော်ပမာ အိမ်ထဲမှာပဲ ပတ်ဝန်းကျင်ကို မသိခဲ့ရဘူး။ သမီးတော်ရဲ့ဘွားတော်ဖုရားရဲ့ဆင်ခြေကလည်း တစ် ခုတည်းပဲ၊ နောက်ဆုံးမျိုးဆက်မို့ အမျိုးဂုဏ်ကိုထိန်းသိမ်းရမယ် တဲ့။ နားမကျွန်းပြန်နေခဲ့တာတောင် သတိလွတ်မသွားခဲ့ဘဲ မယ် တော်နဲ့ခမည်းတော်တို့လက်ဆက်ပြီးချိန်ထိ တင်းခံထားခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com

ဘီးကိုချကာ သူမခံပင်ကိုထုံးဖွဲ့ပေးလိုက်ပြီး နှင်းဆီနီတစ်ပွင့်ကို သူမ၏ဆံထုံးတွင် ပန်ဆင်ပေးနေပါသည်။

"အဲဒီတုန်းကတော့ နားမလည်ခဲ့ပေမယ့် မိဘနေရာကိုရောက်လာတဲ့နေ့မှာတော့ နားလည်ခဲ့ရတယ်၊ သမီးလေးကို မတော်သူတွေနဲ့အိုမှာဖိုးရိမ်တာကတစ်ကြောင်းဆိုပေမယ့် မျိုးဆက်ပြတ်မှာကိုစိုးရိမ်ခဲ့တာပါ၊ ဒါကြောင့် မယ်မယ့်ကိုယ်တိုင်ကတောင် ဘာလုပ်မိမှန်းမသိခင် သမီးတော်ကို မြင်ပလေတာနဲ့ အဆက်ဖြတ်ပစ်ခဲ့တယ်။ ခေတ်ကာလက မယ်မယ်တို့တုန်းကထက် ပိုလို့မြင့်မားလာပြီမဟုတ်လား။ ဆက်သွယ်မှုကလည်း အားကောင်းလာပြီလေ။ မကြာပါဘူး သမီးတော်ရယ်၊ ရာဇလက္ခဏီနဲ့လက်ဆက်ပေးပြီးတာနဲ့ သမီးတော်ကို စိတ်ချပါပြီ။ ပိတ်နေတဲ့မျက်လုံးတွေကို ဖွင့်ပေးတော့မှာပါ။ အဲဒီအခါကျရင် လောင်ပိတ်မိခဲ့တဲ့ဘဝကိုစဉ်းစားပြီး မယ်မယ်တို့ကို မနာကြည်းပါနဲ့။ တော်ဝင်မျိုးနွယ်ဆိုတဲ့ဂုဏ်ကို အသက်နဲ့ရင်းပြီး ထိန်းသိမ်းရမယ့်တာဝန်တစ်ရပ်လို့ကို သယ်ပိုးထားရလို့ပါ"

"မနာကြည်းပါဘူး မယ်တော်၊ မယ်တော်တို့ကို သမီးတော် ဘယ်တော့မှမနာကြည်းပါဘူး"

"လိမ္မာလိုက်တာ သမီးတော်ရယ်၊ သမီးတော်က မယ်





မယ့်ထက် ပိုပြီးအသိဉာဏ်ကြွယ်ဝသူပါ။ ကဲကဲ. . . ရာဇလက္ခဏီမင်းသား စောင့်နေရော့မယ်။ မင်းသားနဲ့အတူ ဘိုးတော်ဘုရားရဲ့ဝတ်ကြီးဝတ်ငယ်ကို ပြုရပါကွယ်"

ဟုဆိုကာ သူမပခုံးလေးကိုကိုင်ကာ ထစေ၍ သူမကခပ်လှမ်းလှမ်းရှိသအိုဇာကို အဓိပ္ပာယ်ပါပါကြည့်ရင်း ထလိုက်ပါသည်။ သအိုဇာက သူမ၏အကြည့်ကိုသဘောပေါက်၍ပဲထင်သည်။ ကုတင်နားသို့တိုးကပ်သွားပြီး ခေါင်းအုံးအောက်မှ ဖုန်းလေးကို လုံခြည်ခါးစထဲထိုးထည့်ကာ ဖွက်လိုက်ပါသည်။ ထိုအရာကို သူမက လှစ်ခနဲမြင်တော့မှ စိတ်ချလက်ချပင် မယ်တော်နှင့်အတူ အိမ်ဆောင်အောက်ထပ်သို့ ဆင်းခဲ့ပါ၏။

အိမ်အောက်ရောက်တော့ ရာဇလက္ခဏီနှင့်ခမည်းတော်တို့ စကားလက်ဆုံကျနေကြပါသည်။ သူမက ခမည်းတော်အားအရိုအသေပြုနှုတ်ဆက်တော့ ခမည်းတော်က ရာဇလက္ခဏီအားသွားရန်ခွင့်ပေးသဖြင့် သူမလည်း ရာဇလက္ခဏီနှင့်အတူ အိမ်ထဲမှထွက်လာခဲ့ပြီး ရာဇလက္ခဏီ၏ကားပေါ်တက်တော့ မယ်တော်နှင့်ခမည်းတော်တို့၏ချက်နှာပေါ်မှပီတိများကို မြင်လိုက်ရပါသည်။

သူမရင်ထဲ အပြစ်မကင်းသလိုခံစားရပါ၏။ သို့ပါသော်လည်း ခြံဝင်းထဲမှထွက်သည်နှင့် ကွန်းပလေး၏ကားအပြာလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေနေမိသည်က စေခိုင်းလို့မရတဲ့စိတ်ကြောင့်ထင်ပါရဲ့။

စံအိမ်ဘက်ကိုသာမျှော်ကြည့်ပြီး ကားကိုမိုရပ်နေသော ကွန်းပလေးကို သူမတွေ့မြင်နေရပါသည်။ သူမမြင်သလို ရာဇလက္ခဏာကလည်း မြင်နေ၍ သူမမှာ ရာဇလက္ခဏာအား မျှော်နာပူနေမိပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ရာဇလက္ခဏာက ကွန်းပလေးကိုမှတ်မိနေတယ်ဆိုတာ သူမအတတ်သိနေလို့ပဲဖြစ်ပါ၏။ ကွန်းပလေးကိုကြည့်နေသော ရာဇလက္ခဏာ၏မျက်လုံးထဲတွင် ဒေါသရောင်ဟာစ်မျိုး ရောနှောနေမှန်း သူမရိပ်မိပါ၏။ သူမရင်ထဲ အလိုမကျဖြစ်ရပါသည်။ ဘာပဲဖြစ်ဖြစ် ရာဇလက္ခဏာက ကွန်းပလေးကို မမုန်းစေချင်ပါ။

"သိတင်းကျွတ်လပြည့်ကျော်သုံးရက်လို့ အဘေးတော် အကြီးအကဲက မိန့်တော်မူခဲ့ပြီ"

ရုတ်တရက် အဆက်အစပ်မရှိ ပြောလာသောရာဇလက္ခဏာ၏စကားကြောင့် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။

"ကိုယ်တော့ ကောင်းသလိုစီစဉ်ပါလို့ပြောခဲ့တယ်၊ နုမရဲ့သဘောကရော"

ဘာပြောနိုင်ဦးမှာလဲ၊ ဘဝတစ်ခုလုံးကိုခြယ်လှယ်ချုပ်ကိုင်ခွင့် အစိုးရနေတဲ့ ဆော်ဝင်မျိုးနွယ်စုရဲ့အကြီးအကဲတွေရဲ့အမိန့်အောက်မှာ သူမက ငင်တိုင်စံမင်းသမီးမို့ သူမဘဝကို သူမပိုင်လို့လား။

"နုမက အလိုမကျသလိုဘဲနော်"

"မြန်လွန်းတယ်ထင်လို့ပါ မောင်ကြီးရယ်၊ အခြားမပါပါဘူး"

"တစ်နေ့ရောက်မယ့်လမ်းပဲ နုမရယ်၊ ကိုယ်ကတော့ သဘောကျပါတယ်။ ဘာလို့လဲဆိုတော့ နုမက ကိုယ့်ရင်ထဲမှာ ရောက်နေပြီမို့ပါ"

"ရှင်!"

ရုတ်တရက် သူမရင်ခုန်ချင်သွားရပါသည်။ ဘာလို့လဲဆိုတော့ ယောကျ်ားလေးတစ်ယောက်ထံမှ မေတ္တာစကားကို သူမဘဝတွင် ပထမဆုံးကြားဖူးခြင်းမို့ပါ။

"တကယ်တော့ နုမနဲ့တွေ့ပေးတဲ့ အဘေးတော်အကြီးအကဲကို ကိုယ်သိပ်ကျေးဇူးတင်မိနေတာပါ။ ကိုယ် နုမအပေါ် မေတ္တာသက်ဝင်နေမိပြီလေ၊ နုမနဲ့လည်း ပိုပြီးရင်းနှီးချင်ပါတယ်။ နုမထံနေ့တိုင်းလာချင်ပါတယ်။ ဒါပေမဲ့ သင့်မသင့်ကိုချိန်ဆနေရတာနဲ့ အရိပ်အကဲကိုကြည့်နေရတာနဲ့ပဲ အကြောင်းပြဖို့ကိစ္စကရှားပါးလွန်းပါတယ်။ နုမရော ကိုယ့်အပေါ်ဘယ်လိုသဘောရှိပါသလဲ"







www.burmeseclassic.com

www.burmeseclassic.com



သူမဘာပြန်ဖြေရမှာလဲ၊ သူမမှာ အခြေအဆင်သင့်ရှိမနေခဲ့ပါချေ။

"ရပါတယ်၊ ရှုတ်တရက်ဆိုတော့ နုမတယ်လိုဖြေတတ်မလဲ။ ပြီးတော့ သိက္ခာကလည်းရှိသေးတာကိုး။ ဒါပေမဲ့ နုအပေါ်တောင်းဆိုချင်ပါတယ်၊ ကိုယ့်အပေါ်မေတ္တာစိတ်မွေးပေးပါလို့။ ကိုယ်ကလည်း ဘာမှန်းမသိပါဘူး။ လောဘဖြစ်နေမိတယ်၊ ဒီတစ်ခါတည်းပဲ လောဘကြီးခွင့်ပေးပါ နုမရယ်၊ ကိုယ်က နုမရဲ့မေတ္တာကို တကယ်လိုချင်နေမိလို့ပါ"

ရာဇလက္ခဏာ၏စကားလုံးများက သွားလာလှုပ်ရှားနေပေမယ့် သူမရင်ထဲ ပေါ့ပါးမှုမရှိဘဲ ခွန်းတုံ့နေရပါသည်။ မွှန်းကျပ်လွန်း၍ လမ်းဘေးဖဲယာသို့ကြည့်ဖြစ်နေမိပါ၏။ ထိုနောက် ထောင်ထားသောဆိုင်းဘုတ်များကို မျက်စိရောက်သွားခိုက်တွင် သူမအားစူးစိုက်ကြည့်နေသောကွန်းပလေး၏မျက်လုံးများနှင့် ရင်ဆိုင်မိသွားပါသည်။ သူမပြုံးလိုက်မိပါ၏၊ ကွန်းပလေးနှင့်အတူ ရရှိခဲ့တဲ့ပျော်စရာအမှတ်တရများကို အာရုံထဲမြင်မိသွားလို့ပါ။ ထိုအပြုံးကို ရာဇလက္ခဏာမမြင်စေဖို့ဆန္ဒရှိပါသော်လည်း သူမဆန္ဒမပြည့်ဝခဲ့ပါချေ။ ဘာလို့လဲဆိုတော့ ထိုပိုစတာကြီးကို ရာဇလက္ခဏာက စူးစိုက်စွာကြည့်နေခဲ့လို့ပဲဖြစ်ပါ၏။

ဂျာဂျာဂျာ



## အခန်း (၁၈)

"လပြည့်ကျော်သုံးရက်တဲ့ သအိုဇာရယ်"

"အို! မြန်လှချည်လား။ ဒါဆို တစ်လတိတိပဲ လိုတော့တာပဲ"

"ထိပ်ထားတော့ အချိန်တွေကိုဆုံးရှုံးရပြီနဲ့တူပါတယ်"

သအိုဇာ သက်ပြင်းချမိပါ၏။

"ပေ့လာစရာတွေ အများကြီးကျန်သေးတယ်။ ကွန်းပလေးထံမှာ လူ့သဘာဝစရိုက်တွေ အများကြီးသင်ယူရဦးမှာ"

ဒါတင်ပဲလား ထိပ်ထားလေးရယ်။ ဒီလောက်ပဲလား။

"မနေ့က သူနဲ့တွေ့တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အုံ့ဩသွားတယ်မဟုတ်လား. . . ရင်တုန်လိုက်ရတာ အရမ်းပဲ။ ရာဇလက္ခဏာရဲ့အကြည့်တွေက ထက်မျိုးပဲ"

ဟုဆိုသော သူမ၏အသံတွေမှာ ပေါ့ပါးလန်းဆန်း၍နေပါသည်။ ခုတော့လည်း စန္ဒြမာတုလျှာထံတွင် နန်းမူနန်းဟန်တို့က လျော့ပါး၍နေခဲ့ပါသည်။

"ရာဇလက္ခဏာနားနေရတာ မသွတ်လပ်တော့သလိုပဲ၊ ပြီးတော့ မောင်ကြီးလို့ခေါ်နေမိတာလည်း ရင်ထဲတစ်မျိုးဖြစ်လာမိတယ်။ အချိန်ပြည့် ကိုရင်. . . အဲ၊ ကွန်းပလေးကိုပဲသတိရနေမိတယ်။ သူနဲ့ဆိုလွတ်လပ်ပြီး ငှက်ကလေးဖြစ်သွားသလိုခံစားရတယ်"

ဟုဆိုပြီး တစ်ခုခုကိုအာရုံစိုက်မိသလိုဖြစ်ပြီးမှ. . .

"ဖုန်းမြည်နေတာထင်တယ်"

ဟုဆိုကာ လုစ်ခနဲပြေးထွက်ပြီးမှ ခေါင်းအုံးကိုလှန်ကာ တစ်စုံတစ်ခုကို နှိုက်လိုက်ပြန်ပါ၏။

"အဲ. . . ဟုတ်တယ်၊ သူအကြိမ်ကြိမ်လှေ့ကျင့်ပေးထား ပေမယ့် သူမရှိချိန်မှာ ဖုန်းကိုင်ရမှာ ရင်ထဲတစ်မျိုးပဲ"

မြီးကောင်ပေါက်လေးသို့ ပြောချင်ရာပြောပြီး ဖုန်းကို ဖွင့်နေသော စန္ဒြမာတုလျှာအား သဒ္ဒိုဇာ ငေးနေဖြစ်ပါသည်။





သဒ္ဒိုဇာ၏မျက်ဝန်းထဲတွင် ပျော်ရွှင်နေသောစန္ဒြမာတုလျှာကြောင့် ပီတိတို့ကာပြီးနေသည်ကိုတော့ အထင်သားတွေမြင်နေရပါသည်။

"ဟုတ်ကဲ့"

"အခုမှပဲ ရင်အေးသွားတော့တယ်"

သူမပြုံးမိပါသည်၊ ကျေနပ်မှုမျိုးနှင့်ပါ။

"ကျွန်တော်တစ်ချိန်လုံး စန္ဒြကိုသတိရနေမိတယ်။ စန္ဒြရော ကျွန်တော့်ကိုသတိမရဘူးလား"

"ရတယ်"

ကွန်းပလေးရဲ့အသံက လွမ်းဆွတ်နေရာမှ ရုတ်ချည်း ယန်းဆန်းသွားရကာ. . .

"ကျွန်တော် အခုပဲ စန္ဒြမာတုလျှာကိုတွေ့ချင်နေမိပြီ။ ဘွဲ့ကနန်းကိုထွက်ခဲ့ပါလား။ ကျွန်တော်ရှေ့မှာရောက်နေတယ်"

စန္ဒြမာတုလျှာက တောင်းဆိုမှုကိုလျစ်လျူမရှုနိုင်ပါချေ။ ညောင့်ချင်းပင် ထရပ်ကာ လေသာဆောင်တွင် ထွက်ရပ်လိုက်၏။

ခပ်လှမ်းလှမ်းမှာဆိုပေမယ့် ကွန်းပလေး၏အပြုံးကို မြင်နေရပါသည်။ ဒါက နှလုံးသားချင်းနီးစပ်နေ၍ပဲလား။

"စန္ဒြ အပြင်ထွက်လာလို့ရေဘူးလားဟင်"

"ဟင့်အင်း. . . ဒီနေ့ ဝံအိမ်ထဲမှာ မယ်တော်ရော ခမည်း



www.burmeseclassic.com

www.burmeseclassic.com



တော်ပါ ရှိနေကြတယ်"

"ကျွန်တော်နဲ့ လျှောက်မလည်ချင်ဘူးလားဟင်"

"လည်ချင်မိပေမယ့်"

"ကျွန်တော် ဒီနေ့ည ကန်တော်ကြီးမျှော်စင်ကျွန်းမှာ ရှိုးပွဲရှိတယ်။ စန္ဒြလာရင် သိပ်ကောင်းမှာပဲ"

"အဲဒါက ဘယ်လိုပွဲမျိုးလဲဟင်"

"ကျွန်တော်တို့က စင်ပေါ်မှာ ဆိုကြကကြမယ်။ စင်အောက်မှာ ထောင်ချီတဲ့ပရိသတ်တွေက ကျွန်တော်တို့နဲ့အတူ ဆိုကြကကြမယ်"

"ဒါဆို ဆူညံနေမှာပဲ"

"အရမ်းပျော်ဖို့ကောင်းတယ်။ မွန်းကျပ်နေတဲ့စိတ်တွေ ပွင့်ထွက်သွားပြီး လွတ်လပ်သွားတယ်။ အော်ချင်ရာအော်ပြီးတော့ ရင်ထဲနေလို့ကောင်းသွားတယ်"

"ဟုတ်လို့လား"

"တကယ်ပါဆို"

"အဲဒီလိုခံစားမှုမျိုးကို စန္ဒြသိချင်လိုက်တာ"

"စန္ဒြ လာခဲ့ပါလား"

"ညလား"





"အင်းလေ"

"ဟင့်အင်း. . . လာလို့မရဘူး ပြီးတော့ မှောင်ထဲအခါမျိုးမှာ စန္ဒြကြောက်တယ်"

"ညဆိုတာ လွတ်လပ်ခြင်းရဲ့တံခါးပေါက်တစ်ခုပဲ စန္ဒြရဲ့၊ စန္ဒြက ဒီခံစားချက်ကိုမသိဖူးလို့ပါ"

မဲခွယ်တဲ့လူကပဲ တော်ရှိလား၊ သူမကိုယ်၌ကပဲ စူးစမ်းလေ့လာချင်တာများရှိလားဆိုတာ မသိပေမယ့် တကယ်ပဲ ထွက်သွားချင်မိတာတော့ အမှန်ပါ။

"စန္ဒြလာချင်ရင် ကျွန်တော်လာကြိုမယ်လေ၊ ခါတိုင်းလို နိုးထွက်လာလို့မရဘူးလား"

"ဟင့်အင်း. . . စန္ဒြကြောက်တယ်"

"ကျွန်တော်ကတော့ စန္ဒြကိုအရမ်းတွေ့ချင်နေမိတယ်။ ခုဆိုမတွေ့ရတာ သုံးရက်တောင်ရှိသွားပြီ။ အရမ်းလွမ်းနေတယ်၊ ဒီနေ့ Studio မှာ မပုံ့နဲ့ စန္ဒြအကြောင်းပြောဖြစ်ကြသေးတယ်။ မပုံ့က စန္ဒြကိုအရမ်းလှတယ်တဲ့။ ဒီခေတ်မှာ အဲဒီလိုဖက်ရှင်မျိုး မရှိတော့ပေမယ့်လည်း စန္ဒြနဲ့ဒီဖက်ရှင်က သိပ်လိုက်တယ်တဲ့။ ကျက်သရေရှိလို့ဆိုပြီး ဒီနေ့ မပုံ့က စန္ဒြလိုအင်္ကျီဝတ်စုံမျိုး ဝတ်လာတာ စာခြောက်ရုပ်နဲ့တူနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကွန်းပလေးစကားကြောင့် သူမ အသံလေးထွက်သည့်အထိ ရယ်မိလိုက်ပါသည်။ သူမရယ်သံကြောင့် ကွန်းပလေး၊ထံမှ ခေတ္တမျှငြိမ်သက်ခြင်းကို ခံစားလိုက်ရပါသည်။ အတန်ကြာတော့မှ. . .

''အရမ်းနားထောင်လို့ကောင်းတာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ရယ်သံကြောင့် ပီတိဖြစ်ရလိမ့်မယ်လို့ ကျွန်တော်တစ်ခါမှမတွေးမိခဲ့ဖူးဘူး။ ကျွန်တော် စန္ဒြာကိုအရမ်းတွေ့ချင်နေမိပြီ''

''စန္ဒြာလည်းပဲ''

''ဟင်! စန္ဒြာလည်းပဲ ကျွန်တော့်ကိုတွေ့ချင်နေလား''

သူမမဖြေဘဲ တိတ်တဆိတ်လေး ပြုံးနေလိုက်ပါသည်။ သူမပွင့်ပွင့်လင်းလင်းကြီးမပြောချင်ပါပေ၊ ဘာဖြစ်လို့လဲဆိုတော့ သူမက မိန်းကလေးတစ်ယောက်လေ။ သီကွာဆိုတဲ့အလွှာက ပါးပါးလေးဆိုပေမယ့် သိပ်ကိုတန်ဖိုးမြင့်မားလှပါသည်။

''ကျွန်တော် စန္ဒြာဆီလာခဲ့ရမလား''

''ဟင်''

''ကျွန်တော်လာခဲ့မယ်လေ''

''ကိုရင်က ဘယ်လိုလာမှာလဲ၊ ဒီလောက်မြင့်မားတဲ့နံရံနဲ့ ဒီလိုတံခါးတွေကို ဘယ်လိုကျော်မှာလဲ''





''ကျွန်တော်လာချင်တယ်၊ စန္ဒြာသာ ခွင့်ပြုရင် ကျွန်တော်ရောက်အောင်လာခဲ့ပါ့မယ်''

''ကိုရင့်ကိုစိုးရိမ်ပါတယ်၊ ကိုရင်ထိခိုက်ဒဏ်ရာရသွားမှာ လဲမယ်''

''လာခွင့်ပြုမလား''

''ကိုရင့်ကို မယ်တော်တွေ့သွားလို့မရဘူး။ ပြီးတော့ အိမ်တော်ထိန်းဘရေဏာနဲ့ဆုံရင် သူက ကိုရင့်ကိုလွှတ်ပေးမှာမဟုတ်ဘူး''

''သူတို့မသိအောင် လာရင်ရော''

''ဘယ်လိုလာမှာလဲ၊ တစ်ယောက်မဟုတ်တစ်ယောက်မြင်သွားလိမ့်မယ်''

''ညဆိုရင်ရော''

''ဟင်''

''ညဆယ်နာရီဆိုရင် ရှိုးပွဲကနေ ကျွန်တော်လစ်ထွက်ခဲ့မယ်''

''ဒါဆို ကိုရင့်တာဝန်တွေ လျော့ပေါ့သွားကုန်. . .''

''ကျွန်တော်အရမ်းဝမ်းသာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စန္ဒြာရဲ့နှလုံးသားကိုခံစားမိသွားတယ်။ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ စိတ်ပူပေးနေတာလား"

"အို! ကိုရင်ကလည်း"

အပျိုစင်လေးမို့ ရှက်စရာမရှိ ကြဲဖန်ရှက်နေမိပါသည်။

"စခြွ ဖုန်းချလိုက်တော့မယ်နော်၊ ကိုရင်လည်း သွားတော့လေ။ ဘုရားက ကိုရှင့်ကိုသတိပြုမိသွားရင် ခက်ချေမယ်"

"ဟုတ်ကဲ့ပါ ကျွန်တော်မျိုး နာခံပါ့မယ်။ သခင်မအလိုကျပါပဲ။ ဘိုင့်! "

ဟုဆိုကာ ဖုန်းကိုပိတ်ပြီး သူမအား လက်ရမ်းပြနေ၍ သူမက ပြုံးကြည့်နေဖြစ်ပါသည်။ သူက ကားပေါ်တက်ကာ ကားကိုမောင်းထွက်သွားသည်အထိ ငေးနေမိပါသည်။

"သမီးတော်လေး ဒီမှာဘာလုပ်နေတာလဲ"

သူမရင်တုန်သွားပါ၏။ ဒါ မယ်တော့်အသံမှန်းသိလိုက်တော့ လက်ထဲမှဖုန်းကို ဘယ်မှာပွက်ရမလဲနှင့် ယောက်ယက်ခတ်ဖြစ်နေမိပါသည်။

"နေရောင်က ထိုးပါဘိနဲ့ သမီးတော်ရယ်"

ဟုဆိုကာ သူမအနားရောက်လာတော့မှ သူမက ဖျက်ယွင်းနေသောမျက်နှာကို ကြိုးစားပြင်ဆင်ကာ. . .

"မွန်းကျပ်လို့ပါ မယ်တော်"





"အင်း. . . သမီးတော်လည်း လေကောင်းလေသန့်ရှူချင်ရှာပေါ့လေ၊ အိမ်း. . . မဖြစ်ချေဘူး၊ မင်းသားရာဇလက္ခဏာကိုအကုတောင်းပြီး သမီးတော်ကို ပြင်ပထွက်စေဦးမှပါပဲ"

သူမဝမ်းသာသွားရပါသည်။ ဘာလို့လဲဆိုတော့ အပြင်ထွက်ရသည်ကို သူမနှစ်မြို့က်နေမိပြီလေ၊

"ရာသီဥတုက ပူလှပါတယ် အေးတဲ့အရိပ်မှာ နိုပါလား သမီးတော်ရယ်"

ဟုဆိုကာ မယ်တော်က သူမ၏လက်မောင်းကို ဆွဲလိုက်ချိန်မှာတော့ သူမတွန့်သွားရပါသည်၊ မိခင်နှင့်သမီးမို့ ရှုန်းရန်မသင့်၍ ငြိမ်နေရပေမယ့် ရင်ထဲတွင်တော့ ဒိတ်ဒိတ်တုန်လှပါပြီ။ သူမရဲ့လက်ကိုဆွဲကိုင်လိုက်လျှင်ဖြစ်စေ ခုချိန်ခါတွင် ဖုန်းသံက ထမြည်လာသည်ဖြစ်စေ တစ်ခုခုသာဖြစ်ခဲ့လျှင်ဆိုသည်ကို သူမ ဆက်မတွေးရဲတော့ပါချေ။ သူမရင်ထဲက ဒိတ်တဆိတ်တောင်း ဆုပြုနေမိပါသည်၊

"ဘုရား. . . ဘုရား. . . မယ်တော် ငါ့လက်ကိုမကိုင်ပါစေနဲ့၊ ဖုန်းသံမြည်မလာပါစေနဲ့"

ချွေးစေးတို့ပျံ့ချင်နေသော သူမ၏နဖူးဆံစပ်များကို မယ်တော်မြင်သွားလျှင် ဘာဆက်ဖြစ်မလဲ၊ သို့သော် ကျောနောက်



www.burmeseclassic.com

www.burmeseclassic.com



တွင်ဝှက်ထားသော သူမဖါလက်ကို တစ်စုံတစ်ယောက်က ဆွဲကိုင်ခြင်းခံလိုက်ရပါသည်။ ရင်ထဲလှိုက်ခနဲဖြစ်သွားပေမယ့် အလုံးကြီးကျသွားရပါသည်။

မှန်ပါ၏၊ သအိုဇာက မယောင်မလည်နှင့် သူမနားကပ်ကာ သူမလက်ထဲမှဖုန်းကိုဆွဲယူလိုက်ခြင်းဖြစ်ပါသည်။ သအိုဇာ၏လက်ထဲဖုန်းက ရောက်လာခဲ့စဉ်မှာပဲ သအိုဇာက လုံချည်ကိုဖြန့်ဝတ်လိုက်ပါသည်။ အကြောင်းမှာ ခါးတွင်လိပ်တင်မိနေသော လုံချည်ခေါက်ထဲ ဖုန်းကိုညှပ်၍ပွတ်ထားလိုက်ခြင်းဖြစ်ပါသည်။

လျင်သောသအိုဇာကို သူမရင်ထဲ တိတ်တဆိတ်ချီးကျူးမိပေမယ့် သအိုဇာကတော့ သခင်မကြီးသတ္တုဒေဝီ၏အကြည့်ဆူးစူးကို လက်ခံလိုက်ရပါသည်။ လက်ခံရပေမယ့်၊ အဆစခံတို့မည်သည် သခင်များ၏ရှေ့မှောက်၌ လုံချည်ဖြန့်ဝတ်ခြင်းသည် သခင်အား မလေးစားရာရောက်ပေ၏။ ဒါကို သအိုဇာကလည်း မသိ၍တော့မဟုတ်ပါ။ ဒါကလွဲသာသည့်အခြေအနေမဟုတ်ပါလား။

"သအိုဇာ၊ မယ်မင်းလည်း မလျှော်ကန်တဲ့အကျင့်မျိုးတွေ ကျင့်သုံးလာပြီကော"

"မဝံ့ပေမယ့် တောင်းပန်ပါတယ် သခင်မကြီး၊ အဲလိုမှမဝတ်ရင် သအိုဇာ အရှက်မဲ့ရတော့မှာမို့ပါ"





"ကဲကဲ. . . ရှိစေတော့၊ သမီးတော်အပါး မယုတ်မလွန်စောင့်ရှောက်ခဲ့တာနဲ့ပဲ ချေသိမ့်ရတော့မယ်။ ကဲကဲ. . . နားချည်တော့လေ၊ မယ်မယ်က သမီးတော်နဲ့စကားပြောဦးမယ်"

သခင်မတော်းကြောင့် သအိုဇာမှာ ကုန်းကုန်းလေးထွက်လာခဲ့ပေမယ့် ခိုးကြောင်ခိုးဝှက်ပင် စန္ဒြမာတုလျာနှင့် မျက်လုံးချင်းစကားပြောဖြစ်အောင် ပြောလိုက်ပါသေးသည်။

"သမီးတော်ကိုကြည့်ရတာ ခုတလော မျက်နှာရွှင်တယ်"

"မယ်တော့်မေတ္တာကြောင့်ထင်ပါတယ်၊ မယ်တော်က ဆံထုံးပြင်ပေးပြီး အဆောင်တော်ထဲ မကြာခဏရောက်လာတတ်လို့ပါ"

"အင်း. . . တစ်ပါးသူထံ ထည့်ရတော့မယ်ဆိုတော့လည်း နှမြောမိသား။ တကယ်တမ်းတွေးကြည့်ရင် သမီးတော်ကို မယ်မယ် လုပ်မပေးရတာတွေ သိပ်ကိုများလွန်းလှပါတယ်။ လုပ်မပေးခဲ့တဲ့အပြင် မျက်စိရောနားပါပိတ်ထားခဲ့တယ်။ ခုချိန်ထိ ရုပ်မြင်သံကြားဆိုတာလည်းမသိသလို အင်တာနက်ရော ကွန်ပျူတာရော ဖုန်းပါ မသိအောင် မျက်စိရောနားပါပိတ်ထားခဲ့တယ်။ သမီးတော်ကို အဆုံးရှုံးမခံနိုင်ခဲ့ဘူး။ မယ်မယ်ကိုယ်၌ကလည်း အနှစ်နှစ်ဆယ်ကျော်ကျော် သမီးတော်လိုပဲ နေလာခဲ့ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်တော့ တစ်ခုတည်းပါကွယ်၊ မျိုးရိုးဂုဏ် ဇာတိဂုဏ်လေ။ မကြာခင် မယ်မယ့်ရဲ့တာဝန်တွေကို သမီးတော်ထံလွှဲအပ်ရတော့မယ်။ ရာဇလက္ခဏာနဲ့လက်ဆက်ပြီး ပြင်ပလောကကို စပြီးသိမြင်ရချိန်မှာ သမီးတော်က မယ်မယ့်ကိုစိတ်နာကောင်းနာလိမ့်မယ်။ ဒါပေမဲ့ သားသမီးဖွားမြင်လာချိန်မှာတော့ သမီးတော်ဟာ အလိုလိုနားလည်လာပါလိမ့်မယ်"

သူကိုယ်တိုင် ဖြတ်ကျော်ခဲ့ရ၍ သံဝေဂရပုံမျိုးနှင့်ဆိုလျှင်ကျက်သရေအပေါင်းပြည့်စုံသည့်မယ်တော့်မျက်နှာကိုသာ ငေးနေဖြစ်ပါသည်။

"သမီးတော်က လိမ္မာသူလေးပေမယ့် မယ်မယ့်ရင်ထဲပူလှပါတယ်။ စာပေတွေထဲမှာလိုမဟုတ်ဘဲ ခေတ်ကြီးက တမှုဟုတ်ချင်းတိုးတက်နေတော့ လူတန်းစားကလည်း ခုံခဲပေ့။ တိုင်းတစ်ပါးသားလည်း ပေါပါပေ့"

ဟူသောမယ်တော့်စကားကြောင့် ရုတ်တရက် ကွန်းမလေးအား သတိရမိသွားပါသည်။ ကွန်းမလေးရဲ့ဖခင်ကလည်း တိုင်းတစ်ပါးသားမဟုတ်ပါလား။

"ကဲကဲ. ... သမီးတော်လည်း နားပါတော့၊ မယ်မယ်လည်း အသက်ကြီးလာလို့နဲ့တူတယ်၊ ဒီပိုက်စကားများခုင်လာ





တယ်။ ရာဇလက္ခဏာနဲ့လက်ဆက်ပြီးရင် မင်္ဂလာဦးခရီးထွက်ကြဖို့ ဘိုးတော်ဘုရားက ကိစ္စအဝဝကိုစီစဉ်ထားပြီဆိုတော့ သမီးတော်လေးက အခင်အားပြည့်မှုဖြစ်မယ်။ ဘိုးတော်ဘုရားက မလွန်ခင်မှာ အကြီးတော်ရာထူးဆက်ခံနိုင်မယ့်ယောက်ျားသား တို့တော်လေးကို မြင်ပူးသွားချင်ပုံရတယ်"

သူမရင်ထဲ ဟာခနဲဖြစ်သွားရပါသည်။ အဲဒီအခြေအနေထိ တွေးမထားခဲ့ဖူးတာအမှန်ပါ။ တကယ်ပဲ သူနှင့်ရာဇလက္ခဏာတို့က မဆွဲမဆွလက်ထပ်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ထိပ်ထားလေး အိပ်မပျော်လို့လားဟင်"

ကုတင်ဘေးတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း နံရံမှနာရီကြီးအား တကြည့်ကြည့်လုပ်နေသော စန္ဒြမာတုလျာကြောင့် သအိဇာမှာ မနေနိုင်တော့ဘဲ မေးလိုက်ရခြင်းဖြစ်ပါသည်။

"သအိဇာ"

စန္ဒြမာတုလျာ၏ခေါ်သံမှာ ရင်ထဲ၌လျှို့ဝှက်သောကိစ္စတစ်ခုကို ဖွင့်အံတော့မယောင်ပင်။ ပြောလိုက်ပါ ထိပ်ထားလေးရယ်။ သအိဇာ ရင်ထိတ်သွန်းလို့ပါ။

"သူ တကယ်ပဲလာမယ်ထင်တယ်"

"ဘာကိုပြောတာလဲ ထိပ်ထားလေး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ရှိုးပွဲကနေ လစ်ထွက်လာမယ်လို့ပြောတယ်"

"ရှိုးပွဲ!"

မြန်မာစာပင် ကောင်းကောင်းမတတ်သော သဒိုဇာက အဲဒီရှိုးပွဲဆိုတာကြီးကို မသိတာအမှန်ပါ။

"သူလာခဲ့ရင်ရော ထိပ်ထားရဲ့အဆောင်တော်ဆီ ရောက်မယ်လို့ထင်သလား"

"ရှင်! ကွန်းပလေးက ဒီအပေါ်ဆီ"

"သူလာလိမ့်မယ်လို့ ထိပ်ထားယုံကြည်နေမိတယ်"

"ဘုရား. . . ဘုရား"

"ဖြစ်နိုင်ရဲ့လား သဒိုဇာ"

"အို! မဖြစ်နိုင်တာ၊ ဒီလောက်မြင့်မားတဲ့နံရံကို တန်ခိုးရှိပေမှ ခုန်ဝင်နိုင်လိမ့်မယ်"

"ကျွန်တော် တကယ်ပဲ တန်ခိုးရှိပါတယ် သဒိုဇာ"

"ဟင်"

အမျိုးသမီးနှစ်ဦးမှာ တအံ့တသြပင် မှင်တက်သွားရပါ၏။ မှန်ပါသည်။ ကွန်းပလေးပါ။ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိတဲ့ ကွန်းပလေးပါ။ ခက်ခဲသည့်ကြိုးပမ်းမှုမျိုးက မျက်နှာမှာ စိုးစဉ်းမျှထင်ကျန်မနေဘဲ ကြည်လင်သောမျက်နှာအေးလေး





နှင့် ကွန်းပလေးပါ။

"ဟယ်! အသင် ဘယ်ကဘယ်လိုလုပ်. . . အို! အသင် အတင့်ရဲလှချည်လား"

သဒိုဇာက စိတ်ဆိုးပုံနှင့်ဆိုပေမယ့် စန္ဒြမာတုလျာကတော့ တကယ်ပဲ သူ့ခဝံ ကွန်းပလေးရောက်လာ၍ အံ့သြပြီး ကြည်နူးပီတိဖြစ်နေပုံပါ။ ဘာစကားမျှမပြောဘဲ ကွန်းပလေးကိုသာ ငေးကြောင်ပြီးကြည့်နေသော စန္ဒြမာတုလျာ၏မျက်လုံးများကို သဒိုဇာ ဖတ်တတ်နေရှာသလားမသိ။ ကွန်းပလေးအား ဆက်ပြီးအပြစ်မဆိုတော့ပါချေ။

"အရမ်းလွမ်းတာပဲ"

ဟုဆိုကာ စန္ဒြမာတုလျာနှင့်မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်လာသောကွန်းပလေးအား သဒိုဇာမှာ အံ့အားသင့်ကာ ကြည့်နေမိပါသည်။ ပြီးနောက် ကွန်းပလေးအား လွမ်းဆွတ်စွာကြည့်နေသောစန္ဒြမာတုလျာကိုလည်း မယုံနိုင်စွာပင်ကြည့်နေမိပါသည်။

ကွန်းပလေးနဲ့ထိပ်ထားလေးက ဘယ်လိုတွေလဲ။ ဘယ်အချိန်တုန်းကများ ဒီလောက်ထိ ရင်းနှီးသွားကြတာလဲ။ ကြည့်စမ်းပါဦး၊ အရမ်းကိုချစ်ကြသောချစ်သူနှစ်ဦးနှင့်တူလိုက်တာ။

"ကိုရင်ရဲ့မျက်နှာက ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွင် ဆိုးထားသောအနက်ရောင်များကို ရည်ညွှန်းပြီး ပြောနေသည်ဆိုတာ ကွန်းပလေးသိလိုက်ပါ၏။ ကွန်းပလေး ပြုံးလိုက်ပါသည်။ မီးရောင်က မှိန်ဖျော့ဖျော့လေးမို့ သူ၏ မျက်နှာကို စန္ဒြမာတုလျှာ ကောင်းကောင်းမတွေ့ရ၍ပါ။ မီးများသာ လင်းထိန်နေမည်ဆိုပါက မိတ်ကပ်နှင့်နှုတ်ခမ်းဆိုးဆေးပါးပါးကိုပါ မြင်တွေ့ရပေလိမ့်မည်။

"ကိုရင့်ရဲ့အကျီကရော ထူးဆန်းနေသလိုပဲ"

ဟုဆက်လက်၍ဆိုပြန်တော့ သူက ရှုပ်ယှက်ခတ်နေသောကြိုးများနှင့် စင်တက်သည့်သူ့ဝတ်စုံကိုငုံ့ကြည့်ကာ. . .

"ရှိုးဆိုနေတုန်း ပြေးထွက်လာတာနဲ့ လဲချိန်မရလိုက်ဘူး"

"အဲဒီအချိန်မှာ ဒီလိုပုံတွေဝတ်တာလား"

"ဘာလဲ၊ စန္ဒြက မကြိုက်လို့လား"

"မသိပါဘူး"

"ရှိုးပွဲက မပြီးသေးဘူး၊ စန္ဒြအိပ်ပျော်သွားမှာစိုးလို့ ပြေးလာတာ။ စန္ဒြကိုအရမ်းတွေ့ချင်လွန်းလို့"

"ဘာပြောစရာရှိလို့လဲဟင်"

"ဟင့်အင်း. . . ရေရေရာရာမရှိဘဲ တွေ့ချင်ရုံပါ"

နှစ်ယောက်သား စကားလက်ဆုံကျနေကြသည်မို့ သဒ္ဒါ





စာကို အနားတွင်ရှိသည်ဟုပင်ထင်ပုံမရ၍ သဒ္ဒါဇာမှာ အလိုလိုနေရင်း ချောင်ထဲရောက်သွားရပါသည်။

"ရှိုးဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

ဟုမေးလာသောမိန်းမချောအား ကွန်းပလေးက တွေတွေလေးစိုက်ကြည့်နေမိခဲ့ပါသည်။ အင်တာနက်နှင့်ဖုန်းဆိုတာကိုပင် မသိသောသူကော ရှိုးပွဲဆိုတာကိုမသိခြင်းမှာ အဆန်းကြီးဟုတ်မနေပါတော့ချေ။

ရင်ပုံးအကျီလက်ရှည်လေးနှင့် ချိတ်လုံချည်လေးများကိုသာ စွဲစွဲမြဲမြဲဝတ်ဆင်တတ်ပြီး ဆံပင်ရှည်ကြီးကိုဖြန့်ချမထားဘဲ ထုံးဖွဲ့၍ တစ်ပွင့်ပန်းပန်ကာ ရိုးရိုးနှင့်ယဉ်ယဉ်လေး လှပါနေပါသော ချစ်ရသူကို မြတ်နိုးစွာကြည့်နေခဲ့ပါသည်၊ ဒီမိန်းကလေးကို ရင်ထဲက နူးညံ့သိမ်မွေ့စွာ ချစ်နေခဲ့ပါသည်၊ လောကကြီးကိုကျယ်ကျယ်ပြန့်ပြန့်မသိသေးသောသူမလေးကို မျက်လုံးဖွင့်ပေးချင်လှပါသည်။ လမ်းမရှိသေးသောသူမ၏ဘဝလေးကို လမ်းများစွာပြပေးချင်နေမိပါသည်။ ပြီးတော့ သူကျင်လည်ရာပတ်ဝန်းကျင်ကိုလည်း ခေါ်ချင်နေမိပါသည်။

ကျောက်သဗေ့ရှိစွာပင် တည်တည်ငြိမ်ငြိမ်လေး ပြုံးတတ်သည့်သူမအပြုံးကို မြတ်နိုးမိပေမယ့် ထပ်မံ၍ လောဘတက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ မောဟကင်းသောအပြုံးထက် ပျော်ရွှင်နေသောမျက်နှာလေးကို မြင်ချင်မိပါသည်။ ပြီးတော့ သူမနှင့်အတူ နှစ်ယောက်လျှောက်လည်ပြီး မျက်နှာချင်းဆိုင် အသံထွက်ရယ်မောချင်မိပါသည်။ ဒါဟာ ကျွန်တော်သိပ်ပြီးချစ်မြတ်နိုးရသူလေးပါလို့ တစ်လောကလုံးသိအောင် ကြေငြာပစ်လိုက်ချင်ပါသည်။

"ကိုရင်၊ ဘာကြောင့် အဲဒီလောက်တောင် ကြည့်နေရတာလဲ"

"အရမ်းလှတယ်၊ စန္ဒြာမာတုလျာကို ခုလိုလေးကြည့်ရတာနဲ့တင် ကျွန်တော့်ဘဝက ပြည့်စုံသွားသလိုခံစားရတယ်"

"အို! ကိုရင့်စကားက စန္ဒြာအပေါ်တစ်မျိုးပဲ"

ရှက်သွေးဖြာသွားပုံလေးကြောင့် အားတုံ့အားနာဖြစ်ရပြန်ပါသည်။ သူ့အကြည့်နှင့်သူ့စကားများကြောင့် စန္ဒြာမာတုလျာအနေခက်စေခြင်းကို သူမလိုလားပါချေ။ စန္ဒြာမာတုလျာက သူ့အပေါ်ရင်းနှီးပွင့်လင်းနေခြင်းမျိုးကိုသာ သူအလိုရှိခဲ့တာပါ။

"စန္ဒြာကို ကျွန်တော်သင်ပေးစရာတွေ အများကြီးရှိတယ်"

ချက်ချင်းဆိုသလို စကားလမ်းကြောင်းပြောင်းပစ်လိုက်ပါသည်။ သူ့စကားကြောင့် မျက်ဝန်းအရောင်တောက်လာသောသူမကြောင့် သူကြည်နူးရပြန်ပါသည်။





"ဘာတွေလဲဟင်"

"ချပ်ရှင်ကြည့်နည်း ကွန်ပျူတာသုံးနည်း ပြီးတော့ စန္ဒရားတီးခတ်နည်း။ ပြီးတော့ ရှိုးပွဲတွေ၊ ပြီးတော့ လှတ်လပ်ပေါ့ပါးတဲ့ကခုန်နည်း"

"ကခုန်နည်း. . . ဟုတ်လား"

"အင်း. . . စိတ်ဝင်စားလို့လား"

"ကခုန်နည်းကတော့ စန္ဒြာတတ်တယ်"

သူအံ့ဩသွားရပါသည်။ အင်မတန်တည်ငြိမ်သောသူမက ဘယ်လိုကခုန်နည်းမျိုးကို တတ်နေတာလဲ။

"မယုံဘူးလား"

"အမှန်အတိုင်းပြောရရင် ယုံဖို့ခက်နေတယ်"

သူ့စကားကြောင့် သူမက ပြုံးပါ၏။

"ကိုရင့်ထံက အဲဒါတွေကို သင်ချင်လိုက်တာ။ ဒါပေမဲ့ စန္ဒြာက ကိုရင်နဲ့တွေ့လို့မရဘူး။ ကိုရင်က ခုလိုလာပြီးသင်ပေးလို့ရသလား"

"မရဘူး။ အဲဒါတွေသင်ဖို့ဆို ပစ္စည်းတွေလိုတယ်။ အဲဒီပစ္စည်းတွေက ဒီမှာမှမရှိတာ"

"စန္ဒြာရဲ့ကံပဲပေါ့၊ စန္ဒြာက အပြင်ထွက်လို့မှမရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အားမလျော့ပစ်လိုက်ပါနဲ့လား စန္ဒြရယ်၊ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်ပါတယ်။ လူ့ရဲ့ခေါင်းက အကြံမျိုးစုံထွက်တတ်တယ်လေ"

သူကဆိုပြန်တော့ စန္ဒြမာတုလျှာ၏မျက်ဝန်းထဲ အရောင်ပြန်တောက်လာခဲ့ရပါသည်။ ထိုအရောင်က သူ့အပေါ်အားကိုးယုံကြည်ခြင်းဟု သူဖတ်လိုက်မိပါသည်။

"စန္ဒြ အပြင်ထွက်လို့ရအောင် ကျွန်တော်ကူညီမယ်"

ဘယ်လိုစကားမျိုးထပ်ဆိုရမှန်းမသိအောင် ရင်ထဲကြည်စင် ဝင်းပသွားသည့်သူမ၏ခံစားချက်ကို သူမှန်းသိလိုက်ပါလေ၏။

"ညတွေမှာ လျှောက်လည်ချင်သလား"

"အင်း"

အမှန်ပါ။ ရောင်စုံပြေးသွားနေသော ကားတန်းကြီးကို သူမ လေသာဆောင်မှနေ၍ တွေ့ခဲ့ဖူးပါသည်၊ ပြီးတော့ လမင်းရဲ့အလင်းရောင်အောက်တွင် လှုပ်ရှားရှင်သန်နေကြသူများကို စူးစမ်းချင်မိပါသည်။

"ကျွန်တော် မနက်ဖြန်လာခေါ်မယ်လေ၊ ကျွန်တော့်ကို ယုံတယ်မဟုတ်လား"

သူမ ခေါင်းညိတ်လိုက်ပါသည်၊ သအိုဇာ သက်ပြင်း





ချမိပါသည်။

"ဒီနေ့တော့ ပထမဆုံးနေ့ဆိုတော့ ကျွန်တော်ပြန်တော့မယ်နော်"

ဟုဆိုနေသောသူ့အား စန္ဒြမာတုလျှာက မခွဲနိုင်စွာငေးစိုက်ကြည့်နေခဲ့ပါသည်။

"မှက်နှာမြင်ချင်တဲ့စိတ်က ဒီလိုစွန့်စားဖို့အမိန့်ပေးခဲ့တာပဲ။ မနက်ဖြန် ကျွန်တော်လာခေါ်မယ်နော်၊ ကျွန်တော်သွားတော့မယ်"

ဟုဆိုကာ လေသာဆောင်ဘက် လှစ်ခနဲပြေးထွက်သွားသောသူ့နောက်သို့ သူမ အပြေးလေး လိုက်ကြည့်မိပါသည်။

သူက လေသာဆောင်မှတစ်ဆင့် တွဲလျောင်းကျနေသောကြိုးပေါ် တွယ်ဆင်းသွားခဲ့ပါသည်။ ပြီးနောက် ကြိုးကိုရုပ်သိမ်းရန် အချက်ပြသဖြင့် သူမက ကြိုးကိုဖြုတ်ပြီး ခွေသိမ်းနေခိုက် သူက မြင့်မားသောတံတိုင်းခြေရင်းသို့ရောက်နေပါပြီ။

သူက နောက်ပြန်ဆုတ်ကာခုန်ပြီး တံတိုင်းပေါ် ကျွင်လည်စွာခုန်တက်ကာ ပေါ့ပေါ့ပါးပါးပင် တွက်တက်နေပါသည်။ သူ၏လှုပ်ရှားနေပုံများကို သူမ ငေးကြည့်နေဖြစ်ပါသည်။ သူက တံတိုင်းပေါ်ရောက်တော့ သူမထံလှည့်ကြည့်ကာ သူမအား လက်



www.burmeseclassic.com

www.burmeseclassic.com

ရမ်းပြပြီး ခုန်ဆင်းသွားပါ၏။

သူမ ဆက်ငေးနေလိုက်ပါသည်။ သူ၏ကားပြာလေးနား ရောက်လျှင် သူမအား ထပ်ကြည့်သေးဦးမည်ဆိုတာ သူမရင်ထဲ က အလိုလိုသိနေပါသည်။

သူမထင်ထားသည့်အတိုင်းပင် သူမအားလှည့်ကြည့်ပြီး လက်ဝှေ့ယမ်းပြပြီး သူကကားထဲဝင်ကာ မောင်းထွက်သွားခဲ့ပါ သည်။

"ထိပ်ထားလေး အဆောင်ထဲဝင်ပါတော့"

"ရင်ထဲမှာ ပေါ့ပါးနေတာပဲ သအိုဇာရယ်"

ဟုဆိုလိုက်သော သူမရဲ့အသံထဲတွင် ဆွတ်ပျံ့မှုတွေ နှောယှက်နေတယ်ဆိုတာ သအိုဇာ ကောင်းကောင်းသိနေပါပေ လိမ့်မည်။

ဂုဏ်ဂုဏ်ဂုဏ်



အခန်း (၂၈)

ညကိုးနာရီတိတိရှိသွားချိန်မှာတော့ စံအိမ်ကြီးတစ်ခုလုံး တွင် မည်သည့်အသံမှမကြားရလောက်အောင် တိတ်ဆိတ်နေခဲ့ ပါသည်။ မယ်တော်နှင့်ခမည်းတော်တို့ကလည်း စက်လောက် ရောပေါ့။ တစ်နေကုန်ချက်ပြုတ်လျှော်ဖွတ်နေရတဲ့ မယ်ပရော ဘာရဏာရော ဦးဒီပပါ စက်လောက်ရောပေါ့။ သူမနှင့်သအိုဇာသာ မျှော်တော်ယောင်လုပ်နေရ၍ မစက်နိုင်မနားနိုင်ဖြစ်နေရသည်လေ။

ခုဆို ကိုးနာရီတီထိုးသွားပြီလေ။ သူ့ကို သူမယုံကြည် မိပါသည်။ သူ တကယ်ကို သူမထံရောက်အောင်လာမှာပါ။

"ထိပ်ထားလေးရယ်၊ အိပ်ပါတော့"

"သအိုဇာအိပ်ချင်အိပ်လေ၊ ထိပ်ထား မအိပ်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ကွန်းပလေးကို မျှော်ရှာသလား ထိပ်ထားလေးရယ်''

သူမပြန်မဖြေပါဘဲ မှန်ပြတင်းပေါ်ထိုးကျလာသည့် ကား မီးရောင်ကိုသာ ငုံ့လင့်နေမိသည်။

''သူလာလိမ့်မယ် သအိုဇာ၊ ထိပ်ထားကိုအပြင်ထွက်လို့ ရအောင် သူကူညီလိမ့်မယ်''

''မဖြစ်နိုင်တာ ထိပ်ထားရယ်၊ သူ့လို အကျော်အခွမ်း ထိပ်ထားလေးမှမလုပ်နိုင်တာ။ ဒီလို တံခါးအဝဝပ်ထပ် သော့ အသွယ်သွယ်ကို သူတန်ခိုးရှိမှသာ ထိပ်ထားကိုခေါ်သွားနိုင်မှာ ပေါ့''

''သူ တန်ခိုးရှိတယ်လေ သအိုဇာရဲ့၊ တန်ခိုးရှိလို့လည်း ဒီအဆောင်တော်ထဲထိ ရောက်လာခဲ့ပြီးပြီပဲ။ ထိပ်ထားတော့ သူ့ ကိုယုံတယ်။ သူသေချာပေါက်လာမှာပါ''

သအိုဇာ သက်ပြင်းရှိုက်မိပါသည်။ ဒီပုံအတိုင်းဆိုလျှင် ဖြစ်လာတော့မည့်ပြဿနာများကို မတွေးဝံ့တော့လို့ပါ။ ဖြူစင်သော ထိပ်ထားလေးနှလုံးသားမှာ ကွန်းပလေးဆိုတဲ့အရောင်များ တင် နေရစ်ပြီလား ထိပ်ထားလေးရယ်။

''ဖြုတ်! ''





စကားသံများတိတ်ဆိတ်သွားချိန်၌ လေသာဆောင်ဆီ မှ အသံတစ်ခုက လွင့်လာခဲ့ပါသည်။ ထို့ကြောင့်ပင် ချက်ချင်းဆို သလို သအိုဇာရော စန္ဒြပါ လေသာဆောင်သို့ ပြေးထွက်လာခဲ့ ကြပါသည်။

မှန်ပါသည်။ ကွန်းပလေးပါပဲ။ စောစောကကြားလိုက် ရသောအသံက ကြိုးပစ်တင်လိုက်သောအသံပါ။ ကွန်းပလေးက ကြိုးမှတစ်ဆင့် နံရံကိုခြေကန်ကာ လေသာဆောင်သို့ကျင်လည် စွာရောက်လာခဲ့ပါပြီ။ အပေါ်သို့ရောက်တော့ ကွန်းပလေးက တွဲ လျောင်းကျနေသောကြိုးကို ခွေသိမ်းနေပါသည်။ ကြိုးကိုခွေသိမ်း ပြီးချိန်မှာတော့ ဝရန်တာတွင်ညပ်နေသော ကြိုးထိပ်ဖျားရှိအချည် ခံသတ္တုချောင်းတစ်ခုကို ဖြုတ်နေပြန်ပါသည်။

''ကိုရင်က ဉာဏ်သိပ်ကောင်းတာပဲ၊ တောက်ပြားလုပ် လို့ရနေပြီ''

စန္ဒြာတုလျာ၏စကားကြောင့် သူပြုံးမိပါသည်။ တောက် ပြားဆိုတာကို သူမသိပါ၊ တောက်ပြားဆိုတာ ရှေးအခေါ်နှင့် သူနိုး ဟုခေါ်တာဖြစ်ရမည်ဟု ခင်ထဲနားလည်လိုက်ပါသည်။

''ကျွန်တော်အများကြီးလေ့ကျင့်ထားရတယ်၊ အမ်တီဗီ ရိုက်ရင် လိုရမယ်ရလေ၊ လက်ဖွေ့ရော ကာရာတေးရော ရေကူး



www.burmeseclassic.com

ရော စကိတ်စီးရော ပြီးတော့ စက်ဘီး၊ မြင်း, ဘာကျန်သေးလဲ''

သူကခေါင်းမော့ကာ စဉ်းစားခိုက်. . .

''မြားပစ် ဓားခုတ် လုံထိုး နကျွတ်ပညာ တူရိယာ''

စန္ဒြမာတုလျာက မေးမြန်းပုံဆန်သောစကားရှည်အား သူ့စကား၏နောက်ယောင်ခံဆက်ပြောလျှင် သူက စန္ဒြမာတုလျာအား စိတ်ဝင်စားစွာ စိုက်ကြည့်နေမိ၏။ ရှေးအပျိုက ယောကျ်ားမှန်သမျှ ဒါတွေတတ်ရမည်ထင်ပါရဲ့။ ကြည့်ပါလား၊ ဒါတွေအားလုံးတတ်စေချင်သောစေတနာတွေ စန္ဒြမာတုလျာ၏မျက်လုံးထဲ ပြည့်လျှံနေရပါသည်။

''တူရိယာ. . . ဒါကအများကြီးပဲ၊ ဂစ်တာ စန္ဒရား အရမ်တယော ဆက်ကဆိုဖုံး အကော်ဒီယမ် ပါကက်ရှင်း အားလုံးနည်းနည်းစီပေါ့။ ပညာရှင်အဆင့်တော့မရောက်''

သူကဆိုတော့ စန္ဒြမာတုလျာ၏အကြည့်များမှာ ပြောင်းလဲသွားရပါသည်။

''အနုပညာသည်လည်း ဆိုသေးတယ်ကိုရင်ရယ်၊ ဘာတွေလိုက်သင်နေတာလဲ၊ ကိုရင်တတ်တာ ဒါအကုန်ပဲလား''

''ဩော်. . . ကျန်သေးတယ်၊ ဒီဇျေလည်း နည်းနည်းပါးပါး''





''အဲဒါကြီးက ဘာတွေလဲ''

''အသံမြည်တဲ့အရာတွေလေ၊ တူရိယာပစ္စည်းလေ''

သူကလည်း သူနားလည်သလိုပြောပေမယ့် သူမက သူ့စကားတွေကို နှစ်လိုဖွယ်ဟန်မရှိပါချေ၊

''ပတ္တလား စည်းနှင့်ဝါး ပုလွေ စောင်း ဆိုင်းဝိုင်းကြီး တီးတတ်ရမယ်မဆိုပါဘူး''

သူအနည်းငယ်တော့ အံ့သြသွားရပါသည်။ သူမပြောတာတွေကို သူသတိမမူမိတာအမှန်ပါ။ သူမပြောတာတွေက မြန်မာတူရိယာတွေမှန်း သူ့ရဲ့လေ့လာမှုအရတော့ ကြားဖူးနားဝရှိနေခဲ့ပါသော်လည်း သင်ယူဖို့ဆိုတာ သူမတွေးခဲ့ဖူးတာအမှန်ပါ။

''ပတ်ကြီးတီးရမယ်လို့ မဆိုပါဘူး၊ ကိုရင်က ဘာအနုပညာသည်မှန်း စန္ဒြတော့မသိတော့ပါဘူး၊ စန္ဒြက အနုပညာသည်ကြီးမဟုတ်ပေမယ့် ပတ္တလားနဲ့စောင်းလေးတော့ တီးခတ်တတ်သေးတယ်ရှင့်''

သူ့ကိုတရင်းတနှီးပြောနေသောသူမကို သူပြုံးကာ စိုက်ကြည့်နေဖြစ်ပါသည်။ နှုတ်ခမ်းလေးချွန်ကာ ပြောနေသောသူမက သိပ်ကိုချစ်ဖို့ကောင်းနေပါသည်။ အလိုမကျဖြစ်နေသောသူမ၏မျက်နှာလေးကိုလည်း မြတ်နိုးနေမိပါ၏၊

www.burmeseclassic.com



"ကျွန်တော်မယုံဘူး"

ယုံကြည်ပေမယ့် မုသားသုံးလိုက်မိပါသည်။ အဲဒါမှလည်း သူမရဲ့လက်သံလေးကို နားထောင်ခွင့်ရှိမယ်လေ။

"စန္ဒြ မလိမ်ပါဘူး"

မျက်လုံးပြူးလေးနှင့်ပြောလာသော သူမကြောင့် အသံထွက်သည့်အထိ ရယ်ပစ်လိုက်ချင်သည်။

"ကဲ! သွားရအောင်လေ၊ လိုက်မယ်မဟုတ်လား"

ဟုဆိုကာ စကားလမ်းကြောင်းလွှဲလိုက်တော့ သူမက သူ့အား မျက်လုံးပြူးလေးနှင့်ကြည့်ပြန်ပါ၏၊ ထိုအကြည့်ထဲတွင် မေးခွန်းများစွာပါဝင်နေသည်ကို သူသိပါသည်၊ ပြီးတော့ ထိုမေးခွန်းကိုလည်း သူဖတ်တတ်နေပါသေး၏။

"ကျွန်တော့်ကို ယုံတယ်မဟုတ်လား"

သူမ ခေါင်းညိတ်ပါသည်၊

"ဒါဆို လာ. . . သွားရအောင်လေ"

ဟုဆိုပြီး သူမ၏လက်ကိုဆွဲကိုင်တော့. . .

"ဘယ်လိုသွားကြမှာလဲ ဘရဏာက လျှင်ပါဘိသနဲ့။ မိကုန်ရင် အသင်တော့ အသားတခြားအရိုးတခြားဖြစ်ကုန်တော့မှာပဲ"





"အဲဒီလိုမဖြစ်သေးခင် အပြင်ကိုရောက်နေရမယ်လေ။ လာပါ သအိုဇာရယ်၊ ဘာတွေကြောင်ကြည့်နေတာလဲ"

တစ်ချိန်လုံးငေးကြောင်ကြည့်နေပါသော သအိုဇာ၏ လက်ကိုပါဆွဲ၍ အိမ်ရှင်တစ်ဦးနှယ် စန္ဒြမာတုလျာ၏အခန်းကျယ်ထဲမှ ဦးဆောင်၍ ထွက်လာခဲ့ပါသည်။

ကျွန်းတံခါးရွက်ကြီးကိုဖွင့်လိုက်သည်တွင် သူစတင်သိရှိလိုက်ရတာကတော့ အိမ်ကြီး၏ရှေးကျခမ်းနားမှုပဲဖြစ်ပါသည်။ ကြီးမားသောတိုင်လုံးကြီးများနှင့် ခမ်းနားသောနှစ်ဖက်ဆုံလှေကားကြီးကို သူမယုံနိုင်စွာ ငေးမိသွားပါသည်။

ရာဇဝင်စာအုပ်တွေထဲ ဖတ်ခဲ့ဖူးသည့် မင်းတို့စံရာ နန်းတော်ကြီးနှင့်တူနေပါသည်။ ပြီးတော့ နံရံများ၌ လူပုံပန်းချီကားများကိုလည်း မသဲမကွဲတွေ့နေရပါသေး၏။

"ဘာငေးနေတာလဲ၊ သွားမယ်လေ"

သအိုဇာကဆိုတော့မှ သူသတိပြန်ဝင်လာပါသည်။ သူ့မှာ ဆန္ဒတစ်ခု ကပ်ငြိသွားရပါသည်။ လင်းလင်းကျင်းကျင်း နေ့အချိန်ခါ၌ ဒီအိမ်ကြီးကို စနစ်တကျကြည့်ရှုချင်မိပါသည်။

"လာ. . . ဒီလှေကားကဆင်းမယ်၊ ဟိုဘက်လှေကားခြေရင်းက ဘရဏာရဲ့အခန်းနဲ့ကပ်လျက်ပဲ၊ ဘရဏာက နားပါးတယ်



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကို ဖော့လျှောက်နော်"

သအိုဇာဆိုပေမယ့် သူကပေါ့ပေါ့ပါးပါးပင် သအိုဇာ၏ ရှေ့မှလျှောက်နေပါသည်။ ပြီးနောက် ကျွန်းတံခါးကိုတော်ထားသောသော့ကို သူငေးနေဖြစ်ပါသည်။

"ကဲ! ဒီထိရောက်ခဲ့ပြီ ဘယ်သွားမလဲ သော့က ညဆိုဘုရားသိမ်းထားတာ။ သော့မရှိတဲ့နေရာ အပြင်မရောက်နိုင်ဘူးနော်"

"စိတ်မပူပါနဲ့ သအိုဇာ"

ဟုဆိုပြီး သူက အင်္ကျီအိတ်ထောင်ထဲမှ တစ်စုံတစ်ခုကိုနှိုက်နေပါသည်။ ပြီးနောက် သော့ကိုဖွင့်လိုက်ပါသည်။

"ဂလောက်!"

သော့ပွင့်သံကိုကြားလိုက်ရချိန်မှာတော့ သအိုဇာက သူ့ကိုမယုံနိုင်စွာကြည့်ပြီး. . .

"အသင် လူကောင်းတစ်ယောက်ရော ဟုတ်ရဲ့လား"

တဲ့လေ။ သူပြုံးပါသည်။ သအိုဇာ၏မေးခွန်းကို မတုံ့ပြန်ဖြစ်ပါဘဲ အပြင်သို့ဦးဆောင်ထွက်လာခဲ့ပါ၏။ ထိုနည်းတူပင် သော့သုံးလုံးကိုကျော်ဖြတ်ပြီးချိန်မှာတော့ လမ်းပေါ်သို့ရောက်ရှိသွားခဲ့ပါသည်။





"သင် လူကောင်းရောဟုတ်ရဲ့လား ကွန်းပလေး"

ဒီတစ်ကြိမ်မှာတော့ သူက သအိုဇာအား မျက်နှာချင်းဆိုင်ကြည့်ကာ. . .

"လူဆိုးဖြစ်အောင် ဒီနေ့တစ်နေ့တာန် ကျွန်တော်သင်ယူထားရတာပါ။ သော့ငါးသုံးယောက်ကို မပွဲတာ မကျေမနပ်ရှာပေးခဲ့တယ်။ တစ်နေ့ကုန်ပါပဲ"

ကွန်းပလေးအဖြေက ရိုးရိုးသားသားဆိုပေမယ့် စန္ဒြမာတုလျာ၏ရင်ခွင်ကို ခွဲကိုင်လိုက်သလိုခံစားရပါ၏။ မိမိအတွက်နှင့် ယောက်ျားတစ်ယောက်က အချိန်တွေကိုပုံပေးထားတယ်ဆိုမှတော့ ရင်မခုန်တဲ့မိန်းမပျိုက ဒီလောကမှာရှိပါဦးမလား။

ကွန်းပလေးက ကားတံခါးကိုဖွင့်ကာ စန္ဒြမာတုလျာနှင့် သအိုဇာအား တက်စေပါသော်လည်း စန္ဒြမာတုလျာက နောက်ခန်းတွင်မထိုင်ဘဲ မိမိကိုယ်တိုင် ရှေ့တံခါးကိုဖွင့်၍ မောင်းသူဘေးနေရာတွင် ဝင်ထိုင်ပါသည်။ ကွန်းပလေး ပြုံးသွားမိပါ၏။ စန္ဒြမာတုလျာ၏အပြုအမူလေးအား သိပ်ချစ်သွားမိပါပြီဆိုသည့်အပြုံးမျိုးပါ။

သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေပါ၏။ ကားမောင်းနေသည့်ကိုပင် မှုင်မှျင်လေး လေချွန်ပြီး သအိုဇာကိုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စန္ဒြမာတုလျာကိုကြည့်လိုက်နှင့် အမြင်များခန်းသစ်နေရပါသည်။ စန္ဒြမာတုလျာနှင့်သအိအာကတော့ ပြင်ပသို့ တောင်စဉ်ရေရာမရ ငေးမောနေခဲ့ပါသည်။

''ဒီလိုညကြီးအချိန်မတော်လည်း လူတွေ သွားလာနေကြတာပဲနော်''

''နေ့ဘက်အလုပ်တွေကြား ပိနေတဲ့လူတွေက ညဘက်မှ အပန်းဖြေရတယ်လေ''

''သူတို့က မအိပ်ကြတော့ဘူးလား၊ အိပ်စက်ခြင်းက အကောင်းဆုံးအနားယူခြင်းပဲလေ''

''မဟုတ်ဘူး စန္ဒြရဲ့ ခေတ်ကပြောင်းကုန်ပြီ''

နားမလည်သူကို ဆရာလုပ်နေတဲ့သူကလည်း လူတွေအကြောင်းသိလှတယ်တော့ မဟုတ်ပါချေ။

''ညဆယ့်နှစ်နာရီအိပ်၊ မနက်ခုနှစ်နာရီထ၊ ကိုးနာရီရုံးတက် ငါးနာရီရုံးဆင်း၊ နှစ်နာရီ အနားယူ ရှစ်နာရီမှာ စပြီးအပမ်းဖြေ။ ပုံမှန် ဆယ့်နှစ်နာရီအိပ်။ အိပ်ချိန်က ခုနစ်နာရီဆိုလုံလောက်ပြီလေ''

ဟုသူကတတ်သလောက်မှတ်သလောက်ပြောလျှင် သူမက ခေါင်းလေးညိတ်၍ နားထောင်နေခဲ့ပါသည်။ ကိုယ်ပြောသမျှကို ခုလိုမှတ်သားသင်ယူနေသူလေးရှိ၍ ခံစားရတဲ့ပီတိကို သူ ပထမဆုံးသိရှိလိုက်ခြင်းဖြစ်ပါသည်။ ပြီးတော့ ကိုယ်ပြောတာကို များ မှားသွားလေမလားဟု မိမိကိုယ်ကို မယုံမကြည်ဖြစ်မိပြီးမှ သူမကိုဆရာလုပ်ရန် သူအများကြီးလေ့လာရဦးမယ်ဆိုတာလည်း သဘောပေါက်သွားမိပါသည်။

''စန္ဒြတော့ ဆယ်နာရီလောက် အိပ်ဖြစ်တယ်ထင်ပါရဲ့''

''ဆယ်နာရီ''

''အင်း. . . ဟုတ်တယ်၊ ညဆို ကိုးနာရီမထိုးခင် အိပ်ပျော်နေပြီ''

''ကျွန်တော်လာလို့များ အိပ်ရေးပျက်သွားပြီလား''

''ဟင့်အင်း''

''ဘာလို့လဲ''

ဟုမေးတော့ သူမပြန်မဖြေပါ။ စောင့်စည်းထိန်းသိမ်းအပ်သောမိန်းမတစ်ယောက်၏ကြာခြေကြောင့်လား။

''ပြောပါ၊ စန္ဒြက ကျွန်တော့်နှလုံးသားနဲ့နီးစပ်နေသူပါ။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်။ ဘာလို့လဲဆိုတော့ စန္ဒြမာတုလျာကို ကျွန်တော်နဲ့တစ်သားတည်းကျချင်တယ်။ ပြီးတော့ နားလည်ချင်တယ်။ ကျွန်တော် ခုလိုလာနေတာကိုရော





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စန္ဒြကြိုက်ရဲ့လား။ အနောက်အယှက်များဖြစ်နေသလား"

သူလာနေတာကိုသဘောကျသော စန္ဒြမာတုလျာ၏မျက်လုံးနှင့်အပြုအမူများအရ သူသိနေပေမယ့် ဟန်လုပ်ကာ ပြောနေခြင်းဖြစ်ပါသည်။ ဒါကတော့ စန္ဒြမာတုလျာ၏နှုတ်ထွက်ချိုသော ဖြေကြားသံကို ကြားချင်လွန်း၍ပါ။ သို့သော်. . .

"ကိုရင့်သဘောပါ၊ စန္ဒြကတော့ ဘာမှမပြောလိုပါဘူး"

သူမျှော်လင့်ထားသောစကားလုံးမျိုးမဟုတ်ပါချေ။ အားရချင်စရာမကောင်းတဲ့ဖြေကြားသံကြောင့် သူ့ရင်ထဲ ထိရှသွားရပေမယ့် နောက်ဆုတ်သွားမည့်လူစာရင်းတွင် သူမပါဝင်ပါချေ။ စန္ဒြမာတုလျာ ကြိုက်သည်ဖြစ်စေမကြိုက်သည်ဖြစ်စေ သူ့ရင်ထဲ စန္ဒြမာတုလျာ ရောက်နေခဲ့ပြီမို့ သူ့ဘက်ကတော့ ကြိုးစားရပေလိမ့်မည်။ စန္ဒြမာတုလျာအား မတွေ့မြင်ရလျှင် မနေနိုင်သည့်သူ့စိတ်ကြောင့် စန္ဒြမာတုလျာက မနှစ်သက်လျှင်တောင် သူတွေ့ရပေလိမ့်မည်။

"ကျွန်တော်ကတော့ စန္ဒြမာတုလျာကို နေ့တိုင်းတွေ့ချင်တယ်။ ကျွန်တော့်သဘောဆိုရင်တော့ စန္ဒြမာတုလျာကို ကျွန်တော့်ဘေးမှာပဲ အမြဲခေါ်ထားချင်တယ်"

သူမကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သူပြော





ချင်ရာကိုပြောပြီး ကားကိုတွေ့ချကာ ရပ်ပစ်လိုက်ပါသည်။ ပြီးနောက် ကားပေါ်မှဆင်းပြီး စန္ဒြမာတုလျာဆင်းနိုင်ရန် ကားတံခါးကိုဖွင့်ပေးပါသည်။

သူနှင့်စန္ဒြမာတုလျာတို့က အပြင်ရောက်သည်ထိ သအိုဇာက ငြိမ်သက်နေ၍ နောက်ခန်းတံခါးကိုဆွဲဖွင့်လိုက်ချိန်မှာတော့ ခွေခွေလေးအိပ်ပျော်နေသောသအိုဇာကို တွေ့လိုက်ရပါသည်။

"မနိုးနဲ့တော့ ကိုရင်"

သအိုဇာအားနှိုးမည့်ဟန်ပြင်နေသောသူ့အား သူမက ဟန့်တားလိုက်ပါသည်။

"သအိုဇာလည်း အိမ်မှုကိစ္စတွေနဲ့ပင်ပန်းပြီး ငိုက်မည်းနေရှာရော့မပေါ့"

ဟု ကရုဏာနှင့်သူမကဆိုလျှင် သူက အပေါ်ဝတ်အင်္ကျီကိုချွတ်ကာ သအိုဇာထံ လွှမ်းခြုံပေးပြီးမှ ကားတံခါးကိုညင်သာစွာ ပိတ်လိုက်ပါသည်။

"မီးတွေက ထိန်လင်းနေတာပဲ၊ ဒါက ဘယ်လိုနေရာမျိုးလဲဟင်"

"စတူဒီယိုပါ၊ ဒါက စင်တာကြီးတစ်ခုလေ။ ဒီအထဲမှာ တူရိယာမျိုးစုံရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တံခါးတွေပိတ်ထားတယ်ကိုရင်ရဲ့ ဝင်လို့ရပါ့မလား"

"အစောင့်က ကျွန်တော်နဲ့သိပါတယ်။ ပြီးတော့ ပိုင်ရှင်နဲ့လည်းသိတယ်။ ခဏနော်"

ဟုဆို၍ သူက အိမ်ပုံသဏ္ဌာန်အဆောက်အဦငယ်လေးနားရပ်ကာ တစ်ခုခုပြောတော့ အထဲမှလူတစ်ယောက် ထွက်လာကာ တံခါးဖွင့်ပေးပါသည်။ သူက သူမလက်ကိုဆွဲပြီး အဆောက်အဦးထဲဝင်လာခဲ့ပါသည်။

မီးရောင်ကြောင့် ထိန်လင်းနေခဲ့ပေမယ့် မည်သူတစ်ဦးတစ်ယောက်မျှမရှိသည့်တိတ်ဆိတ်ခြင်းကြောင့် သူမခြေလှမ်းတို့က မဝံ့မရဲဖြစ်မိ၍ ရုတ်တရက်ရပ်လိုက်မိပါသည်၊ ထိုအချင်းအရာသူများသဘောပေါက်သွားလေသလော့လား၊

"ကျွန်တော့်ကိုယုံတယ်မဟုတ်လား"

သူမခေါင်းညိတ်မိပါသည်။ သူမ သူ့ကိုယုံကြည်ပါ၏။ အရာအားလုံးထက်ပိုပြီး ယုံကြည်မိပါသည်။ ထို့ကြောင့်ပင် သူဆွဲခေါ်ရာနောက်သို့ လိုက်ပါဖြစ်ပါသည်။

သူက မီးခလုတ်များကိုဖွင့်နေပါသည်။ သူမနှင့်သူကမှန်များကာရံထားသောအခန်းများစွာကို ကျော်ဖြတ်လာခဲ့ပါသည်။ နောက်ဆုံးတွင် သူက အခန်းတစ်ခုတွင်ရပ်ကာ တံခါးကိုဖွင့်လိုက်





ပါသည်၊ ထို့နောက် အခန်းတွင်းဝင်ကာ မီးခလုတ်ကိုဖွင့်လိုက်ပါသည်၊ သူမမျက်လုံးကို သူမပင် မယုံကြည်နိုင်ဖြစ်သွားရပါသည်။ မှန်ပါသည်၊ ကျယ်ဝန်းသောထိုအခန်းကျယ်ထဲ များပြားလှသောတူရိယာများက နေရာတကျရှိနေကြပါသည်။

သူက သူမလက်ကိုလွှတ်ကာ ကြီးမားသောတူရိယာနားသွားပြီး ကွဲနိမ့်မြူးကာခလုတ်နှင့်မတူသောခလုတ်များကို နှိပ်လိုက်သည်တွင် သာယာသောအသံက ထွက်ပေါ်လာရပါသည်။ သူမမျက်လုံးကိုမှိတ်ပြီး ထိုဂီတသံထဲ စိတ်ကိုနှစ်ထားမိပါသည်။ သူကချိုသာပြီးအေးချမ်းသောတေးသွားတစ်ပုဒ်ကို တီးခတ်နေပါသည်။ ထိုတေးသွားက စမ်းရေအလား အေးချမ်းလှပါသည်။

"နားထောင်ကောင်းရဲ့လား"

တေးသွားပြီးဆုံးချိန်မှာတော့ သူကမေးခွန်းထုတ်လာပါသည်။ သူမက သူ့အနားသွားပြီး သူတီးခတ်နေသောတူရိယာကြီးကို လက်ဖြင့်ထိကာ. . .

"ဒါဘာတူရိယာလဲဟင်"

"စန္ဒရားလို့ခေါ်တယ်၊ စောစောက တီးခတ်လိုက်တာက မိုးဇက်ရဲ့တေးသွားတစ်ပုဒ်ပဲ"

ဟုဆိုတော့ သူမသဘောကျပုံနှင့် သူပြောသမျှကို မှတ်



www.burmeseclassic.com

www.burmeseclassic.com



သွားနေပါသည်။

"ကျွန်တော် လက်စွမ်းပြပြီးပြီ၊ စန္ဒြမာတုလျာရော ကျွန်တော့်ကိုဘယ်လိုလက်စွမ်းပြမလဲ"

ဟုဆိုတော့ သူက အခန်းတစ်ပိုက် မျက်လုံးဝေ့ကြည့်လိုက်ပါသည်။ သည်တွင် သူမ၏မြင်ကွင်းထဲသို့ ကတ္တီပါခင်းပြင်ပေါ်ရှိ ပတ္တလားကြီးက တန်းခနဲဝင်လာရပါသည်။ သူမက ထိုပတ္တလားကြီးနား ညင်သာစွာတိုးကပ်သွားပြီး သူတီးပြသွားသောတေးသွားများနှင့်ခပ်ဆင်ဆင် တီးခတ်ပြလိုက်ပါသည်။ လက်ခုပ်မတီးနိုင်တော့လောက်အောင် မှင်တက်သွားမိပါသည်၊ ပတ္တလားကိုပိုင်နိုင်စွာ စိတ်ရှိလက်ရှိတီးခတ်နေသောစန္ဒြမာတုလျာက သူ့နှလုံးသားရော သူ့စိတ်ကိုပါ ပိုင်ဆိုင်သွားသည်ထင်ပါသည်၊ ကြည့်ပါဦး၊ စန္ဒြမာတုလျာ၏အသွင်က ဝါရင့်မြူးဇစ်ရှန်ကြီးနဲ့တူလိုက်တာ။

"ဘယ်လိုလဲ ကိုရင်၊ ကိုရင့်ကို စန္ဒြလိုက်တုနိုင်ရဲ့လား"

လို့ဆိုတော့မှ သူကသတိပြန်ဝင်လာရကာ လက်ခုပ်တီးလိုက်မိပါသည်။

"စန္ဒြက တကယ့်ပါရမီရှင်ပဲ၊ ဒီလိုပါရမီရှင်မျိုးကို ကျွန်တော်တွေ့ဖူးချင်တာ၊ ခုမှပဲ ဆန္ဒပြည့်ဝတော့တယ်"





"ဘာဖြစ်လို့တွေ့ဖူးချင်ရတာလဲ"

"ပညာချင်း ဖလှယ်ချင်လို့လေ"

"ဒါဆို ကိုရင်လည်း ပါရမီရှင်ပဲထင်တယ်"

"မပိုကတော့ အဲလိုပြောတာပဲ"

သူကဆိုတော့ စန္ဒြမာတုလျာက သူ့ကိုကြည့်ပြီး ပြုံးနေပါသည်။

"ဘာလဲ စန္ဒြက မယုံလို့လား"

သူမပြန်မပြောပါ။ နှုတ်ဆိတ်နေခြင်းက ဝန်ခံခြင်းတဲ့။ သူထိုင်နေရာက ထရပ်လိုက်ပါသည်။ ပြီးနောက်. . .

"စန္ဒြကြိုက်တဲ့တူရိယာကိုရွေးပါ၊ ကျွန်တော်တို့အတူတူ တီးခတ်ကြရအောင်"

ဟုဆိုတော့ သူမက သူ့ကိုနားမလည်နိုင်စွာ ကြည့်နေခဲ့ပါသည်။ ရွေးလေဟုသောသဘောနှင့် မျက်ခုံးလေးပင့်ကာ လက်ကိုဆန့်ပြတော့ သူမက ထိုင်နေရာမှထရပ်ကာ ကတ္တီပါစားပွဲပေါ်စနစ်တကျခင်းထားသည့်စည်းနှင့်ဝါးနားသို့ တဖြည်းဖြည်းလျှောက်သွားပြီး သူ့ထံလှည့်ကြည့်လိုက်ပါသည်။ ပြီးနောက် စည်းနှင့်ဝါးကိုကိုင်ပြီး နှစ်ချက်မျှအရင်တီးပြလိုက်ပါသည်။

သူက ကျေနပ်စွာပြုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမက မျက်လုံးတွေကိုမှိတ်ထားပြီး နှုတ်မှလည်း သံစဉ်တစ်ခုကို ညည်းနေမိပါသည်။

စိတ်ဝင်စားဖွယ်ကောင်းလှသော သူမနှုတ်ခမ်းလေးကို သူက ငေးကြည့်နေရင်းမှ ရုတ်တရက်ဆိုသလို အရမ်းထားရာနေရာကိုလျှောက်သွားပြီး သံစဉ်တစ်ခုကို စတင်၍ ဖော်ကျူးပါတော့၏။

ရုတ်တရက်ဆိုသလို သူမထံမှ သီချင်းညည်းသံက ရပ်တန့်သွားရပါသည်။ သူမ သူ့အားလှမ်းကြည့်လိုက်ပါသည်။ ဆက်ဆိုလေဆိုသည့်ပုံမျိုးနှင့် မျက်ခုံးပင့်ပြ၍ သူမက ညည်းလက်စသီချင်းကို ဆက်ဆိုဖြစ်ပြီး စည်းနဲ့ဝါးကို ဟန်ချက်ညီညီတီးခတ်နေပါသည်။ သူကလည်း သူမနည်းတူပင် ဒရမ်ကို စည်းချက်မှန်မှန်ရိုက်ခတ်နေဖြစ်ပါ၏။

ထိုတဒင်္ဂလေးအတွင်းတွင် သူက သူမ၏နှလုံးသားကို ညှို့ယူသွားသလိုခံစားရပါသည်။ တူရိယာကိုစည်းချက်ညီညီရိုက်ခတ်နေသောသူ၏ပုံက နှလုံးသားထဲဝင်လာရပါသည်။ သူမ သူ့အားငေးကြည့်နေမိ၏။ သူက သိပ်ချောသောလူတစ်ယောက်ဟု ခံစားနေမိပါ၏။ ပြီးတော့ ပြီးပြည့်စုံသည့်ယောက်ျားတစ်ယောက်၊ ပြီးတော့ သူမနှလုံးသား၏အရှင်သခင်၊ ပြီးတော့ အပြစ်ကင်းသည့်





လူသားတစ်ယောက်။ ပြီးတော့သိပ်ကောင်းသည့်လူ။

''ဘာလို့ဆက်မတီးတော့တာလဲ''

''ဟင့်အင်း''

သူက သူမကိုပြုံး၍ ရိုဝေစွာကြည့်နေခဲ့ပါသည်။ ကြည့်စမ်းပါဦး။ သူ့မျက်လုံးတွေသိပ်လှတာပဲ။ သူ့မျက်လုံးတွေက သိပ်ကိုကြင်နာနေတာပဲ။ သူထရပ်လိုက်ပြီ၊ သူလာနေပြီ၊ သူက သိပ်ခန့်တဲ့ယောက်ျားတစ်ယောက်ပါလား။

''စန္ဒြ''

သူ၏အသံတိုးတိုးလေးက သူမနှလုံးသားဆီသို့ အရှိန်ပြင်းပြင်းရိုက်ခတ်သွားရပါသည်။

ဟင့်အင်း. . . ငါဒီလိုကြီး သူ့ကိုကြည့်နေလို့မရဘူး။ သူက ယောက်ျားသားဟု မိမိကိုယ်မိမိ သတိပေးနေမိသည်။

သူက ပြုံးလာခဲ့ပါသည်။ ထိုအပြုံးကြောင့် ငိုက်မြည်းနေသောသူမ၏နှလုံးသားမှာ လန့်နိုးသွားရပါသည်။ အသိစိတ်ဝင်လာလာချင်းတွင် သူ့ကိုထပ်မကြည့်ရဲတော့လောက်အောင်ကို ရှက်မိသွားပါသည်။ သူမဘဝတွင် ယောက်ျားတစ်ယောက်ကြောင့် သတိလက်လွတ်သွားခြင်းက ဒါပထမဆုံးမို့ပါ။

''စန္ဒြ ကျွန်တော့်ကိုရှက်မသွားပါနဲ့လား၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



စန္ဒြနဲ့အနီးဆုံးမှာ ရှိနေချင်သူပါ''

ဟုဆိုပြီး သူက သူမကိုထပ်မံစိုက်ကြည့်မနေတော့ဘဲ ဂစ်တာတစ်လက်ကိုဆွဲယူကာ တီးခတ်နေလိုက်ပါသည်။ သူမ သူ့ကိုထပ်မံ၍ငေးကြည့်မိသွားပြန်ပါသည်။ တူရိယာကိုတီးခတ်နေသောသူ့ပုံက သူမအတွက် နတ်သားလေးတစ်ပါးပါပဲ၊ သူ့ရဲ့ လက်သံက သိပ်ကောင်းတာပဲ။ ညင်သာပြီး ဆွဲဆောင်မှုရှိနေပေါ့ သည်။ မည်သည့်တူရိယာကိုမှ ခွဲမပေးချင်လောက်အောင်ကို သူ့ လက်သံကို နားဆင်ချင်နေမိပါသည်။ သူက တကယ်ပဲ ပါရမီရှင် ပါ။ သင် သိပ်ကိုတော်ပါပေတယ် ကိုရင်ရယ်၊ သင်က သိပ်ကို တော်တဲ့အနုပညာသမားကြီးပါ။

"ဒီကမ္ဘာမြေပြင်ပေါ်တလွှားမယ်× × × သူငါများတို့ရှယ်။ × × အလှ နဲ့သစ္စာကိုကွယ်။ × × မွေ့ရာမောကြတယ်× × × တကယ်ဗမာတစ် စေရန်ကိုကွယ်× × × ပြောပြောပြမယ်× × × ကိုယ့်ပွဲသ္ဘာရေဝမ်းချောင်း မှာကွယ် တကယ်ပင် အလှရှိတယ်× × × ရွှေမြို့ရှင်ရေ ဇနိုင်ခြေ တခြားမယ်× × × အတွေတွေ ဆန်းပြားတဲ့ယ် သဘာဝရဲ့အလှ ဟန်တွေရယ်× × × ထုံကြည် သင်းမျှတယ် တကယ်အလှရဲ့ရှု အမှန်တွေရယ်× × × တွေးကာငေးကြည့်ကွယ် ကမ္ဘာအတန်းအစား မိခင်မြေဝယ် ဖုံပန်းချီရေးသီကွယ်× × × ဤ်ဘုံမြေကြီးလေးသမျှ ရယ် သဘာဝတရားအလှရယ်× × × အစရဲ့သစ္စာတွေရယ် နိုင်မာ အမြဲအမြစ်တွယ်× × × တာဒါးအလှဆိုတာတွေရယ် ပေါကြွယ်လွှမ်း လှတယ်× × × တကယ့်အလှနဲ့သစ္စာမှာကွယ် သဘာဝ× × ×

သူ့အသံက တိုးတိုးလေးနဲ့ညင်ညင်သာသာလေး ထွက် လာရပါသည်။ သူမ ထိုသီချင်းကိုကြားဖူးပါသည်။ စံအိမ်တော် မှာရှိနေသည့် တယ်လီဗီးရှင်းဖွင့်သော ရှေးဟောင်းဓာတ်စက်မှတစ်ဆင့် ကြားဖူးနေသောသီချင်းပါ။ သူမလည်း ထိုသီချင်းကိုအလွတ်ရ နေပါသည်။ သူမဘဝတွင် သီချင်းများစွာကိုလေ့လာဖူးပါသည်။ ထိုအထဲတွင် ထိုသီချင်းကလည်း တစ်ပုဒ်အပါအဝင်ဖြစ်ပါသည်။ အိမ်တွင်းထဲမှာသာ မလှုပ်မယှက်နေနေရသည့်သူမက တူရိယာ ပစ္စည်းတွေကိုသာ အဖော်ပြုနေခဲ့ရသည့်ကာ ယခုတော့ သိပ်မှန် သွားပြီထင်ပါရဲ့။

"ဘယ်လိုလဲ၊ နားထောင်လို့ကောင်းရဲ့လား"

"တစ်မျိုးပဲ၊ မူရင်းသီချင်းနဲ့များစွာကွဲပြားတယ်"

"ဟုတ်တယ်၊ သံစဉ်နဲ့စာသားကိုကြိုက်တယ်။ မယ်လို ဒီလေးပြောင်းပြီး ကိုယ့်ဖာသာဆိုကြည့်နေတာပါ။ မူရင်းတေးသံ ရှင်က သိပ်ကောင်းတော့ လိုက်မမှီနိုင်ပါဘူး"







www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်ဆိုတာလည်း နားထောင်လို့ကောင်းပါတယ်။ ဖြည်းပြီးလေးနေတယ်။ အေးချမ်းသလိုခံစားရတယ်။ ဒါပြီး ရှင် ထဲဝမ်းနည်းသွားသလိုပဲ"

"စန္ဒြက အနုပညာကိုခံစားနိုင်တယ်နော်။ ကျွန်တော် နောက်တစ်ကြိမ်ဆိုပြရမလား"

"ဟင့်အင်း. . . ဒီတစ်ကြိမ် စန္ဒြအလှည့်"

သူအံ့သြပြီး ကြည့်လိုက်ပါသည်။ သို့သော် သူမက ယုံကြည်မှုအပြည့်ဖြင့် ကတ္တီပါခင်းပြင်အနီရောင်ပေါ်မှစောင်းကို ပွေ့လိုက်ပါ၏။

"စန္ဒြက အဆိုမကောင်းဘူး။ စောင်းသံကိုပဲနားဆင်ပြီး ကိုရင် ညည်းလိုက်ပါ"

"အဲဒီသီချင်းကိုပဲ တီးမှာလား"

"အင်း"

"ကျွန်တော် အရမ်းစိတ်ဝင်စားလာပြီ"

"ကိုရင်လည်း လိုက်တီးလို့ရတယ်နော်၊ အဲဒီတူရိယာနဲ့စောင်းနဲ့ပေါင်းရင် ဘယ်လိုအသံမျိုးထွက်လာမလဲမသိဘူး"

"ဒါကို ကျွန်တော်လည်း စိတ်ဝင်စားတယ်၊ ဒီလိုလုပ်ပါလား"





"ပြောလေ ကိုရင်"

"တေးသွားချင်းတူနေတာပဲ၊ တူရိယာပဲကွဲတယ်။ ကျွန်တော်တို့ နှလုံးသားနဲ့တီးကြရအောင်"

သူရောသူမပါ မျက်လုံးချင်းဆုံမိသွားပါ၏။ ဒီတစ်ကြိမ်မှာတော့ သူ့မျက်လုံးများကို သူမ မရှောင်ဖယ်ဖြစ်တော့ပါချေ။ မျက်လုံးများမှာ စကားများစွာဆိုနေကြပါသည်။ ထိုစကားများက နှလုံးသားထဲမှ ယိုကျလာသည့်စကားလုံးများဖြစ်၍ ဘာစကားလုံးမှထပ်ဆိုစရာမလိုလောက်အောင် တစ်ယောက်ကိုတစ်ယောက် နားလည်သွားမိပါသည်။

ကွန်းပလေးက ဂစ်တာကိုစတင်၍ တီးလိုက်ပါ၏။ စန္ဒြမာတုလျာကလည်း စောင်းကိုစတင်တီးခတ်လိုက်ရာ ကွန်းပလေးက လက်သံကိုလျှော့ချပြီး လစ်ခွဲလိုက်ပါသည်။ စန္ဒြမာတုလျာက စောင်းသံကိုမြှင့်လိုက်ပါသည်။ နှုတ်မှပြောနေဖို့မလိုလောက်အောင် သံစဉ်များကိုထိန်းညှိပြီးချိန်မှာတော့ ကွန်းပလေးက သီချင်းကိုဖြည်းညင်းစွာ တိုးတိုးညည်းပါတော့၏။

သီချင်းမှတစ်ဆင့် ရင်ထဲသို့ နူးညံ့သည့်ခံစားချက်များဝင်လာရပါသည်၊ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံကာ ရင်တွင်းစကားများ အသံတိတ်ပြောဆိုနေမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ချစ်တာပဲ စန္ဒြမာတုလျာရယ်' 'ကျွန်ုမရောပဲ' နလုံးသားချင်း စကားပြောမိသွားသောအခါ နှုတ်မှစကားဆိုစရာမလိုလောက်အောင် ပြည့်စုံသွားခဲ့ပါပြီ။

ရွှန်းလဲ့သောအကြည့်နှစ်ခုတို့၏ဆုံချက်၌ ကြယ်ကြွေတို့ မြေခခဲ့ရပြီလေ။

ဂ္ဂာဂ္ဂာဂ္ဂာ



## အခန်း (၂၈)

"မယ်တော်နဲ့ခမည်းတော်ထံမှာ ကြောက်ပေမယ့် ကိုရင်နဲ့ခုလိုခိုးတွေ့ရတာတော့ စန္ဒြပျော်ရွှင်မိပါတယ်"

ဟုဆိုနေသော ချစ်ရသူလေးကို သူကစောင်းငဲ့ကြည့်ကာ နောက်ခန်း၌အိပ်ပျော်နေသော သအိုဇာထံသို့ တဘက်တစ်ထည်လွှမ်းခြုံပေးလိုက်ပါသည်။

"ဒီလောက်နှစ်တွေအများကြီး ကုန်သွားအောင် စန္ဒြတို့ ဘာလုပ်နေခဲ့သလဲ ကျွန်တော်သိချင်တယ်"

ကားကိုလမ်းဘေးချရပ်ကာ ကားထဲ၌ပင် စကားပြောနေခြင်းဖြစ်ပါ၏။

"အစ်မတော် ကိန္နရာရဲ့ ဆုံးပါးချိန်ကစပြီးဆိုရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . စန္ဒြမှာ အစ်မရှိတယ်"

"အစ်မတော်က ချောတယ်လှတယ်။ ဖျားနာပြီးဆုံးပါး ခဲ့ရတယ်။ အစ်မတော်ဆုံးပါးသွားတော့ စန္ဒြဆီမှာပဲ တာဝန်က ပိကျလာခဲ့ရတယ်"

"တာဝန်"

"တော်ဝင်မျိုးနွယ်ထိန်းသိမ်းရေးလေ၊ စန္ဒြက တစ်ဦး တည်းသောနောက်ဆုံးမျိုးဆက်ပဲ။ ဒါကြောင့် ကွန်မြူနစ်လည်း မသိ၊ အင်တာနက်လည်းမသိ၊ ဖုန်းလည်းမသိနဲ့ နေခဲ့ရတာပဲ။ ရာဇလက္ခဏာမင်းသားနဲ့လက်ဆက်ပြီးရင်တော့ ဒါတွေအကုန်သိ ခွင့်ရမယ်လို့ မယ်တော်ကဆိုပါတယ်"

သူ့ရင်ထဲ ပင်ပမ်းသွားရပါသည်။ လက်ဆက်ပြီးရင်ဟု စန္ဒြမာတုလျာက ပေါ့ပေါ့လေးပြောလိုက်ပေမယ့် သူ့ရင်ထဲလေး လံစွာခံစားလိုက်ရပါသည်။

"ဆယ်နှစ်အရွယ်မှာ စာပေတွေကို အဘေးတော်ဘုရား ထံက စတင်ပြီးသင်ကြားရတယ်။ ဒါပြီး ပညာရှိဦးဝန္န၊ ဒါက စာပေပညာသင်ပေးတဲ့လူပေါ့။ တကယ်တော့ ဘုရီးယားပစ္စည်းတွေ နဲ့ ပိုပြီးနီးစပ်ခဲ့တယ်။ ပတ္တလားကိုသင်ချင်တော့ ပညာရှိကြီး ဦး ဝန္နပဲ သင်ကြားပေးခဲ့တယ်။ ပြီးတော့ စည်းနဲ့ဝါး၊ ဆောင်း ဒါကို





သင်ပေးပြီး ပညာရှိကြီးဆုံးပါးသွားရတယ်။ မနက်ငါးနာရီမှာ အိပ် ရာထ၊ ဘုရားရှိခိုး၊ ဒါပြီး မယ်တော်နဲ့ဖခမည်းတော်တို့ကို ရှိခိုး။ မနက်စာစား၊ မယ်တော်နဲ့ဖခမည်းတော်အပြင်သွားကြရင် သအို ဇာနဲ့စကားပြော၊ သအိုဇာက စာပေမတတ်တော့ ပြောစရာစကား က ရှားပါးပြီး စန္ဒြကချည်းပြောသူပါ ကိုရင်ရယ်။ နေ့လယ်ဘက် နှစ်နာရီအိပ်၊ အိပ်ပြီးရင် ရေချိုးသန့်စင်၊ ဒါပြီး တူရိယာတီးခတ်၊ မဟုတ်ရင် စာဖတ်၊ မဟုတ်ရင် သအိုဇာနဲ့စကားဆို၊ ညရှစ်နာရီ ကျော်ရင်အိပ်၊ တစ်ခါတစ်ရံမှာ ဒီလိုလင်းထိန်နေတဲ့လမ်းပေါ်က လူတွေကို လိုက်ငေးချင်မိတယ်၊ ကိုရင်က စန္ဒြရဲ့ဆန္ဒကိုဖြည့်ပေး ခဲ့တာပါ။ ခုတော့ ထူးဆန်းတဲ့တူရိယာတွေလည်း တွေ့ခွင့်ရတယ်။ နားထောင်ခွင့်ရတယ်။ ဒီလိုသီချင်းတွေလည်း သွားခွင့်ရတယ်။ ဒါ ပြီး မစားဖူးတာတွေလည်း စားခွင့်ရတယ်၊ အဲဒါတွေအားလုံးက ကိုရင့်ကျေးဇူးကြောင့်ပါ။ ကိုရင်နဲ့ခုလိုတွေ့ပေးတဲ့ကံကြမ္မာကို စန္ဒြ တကယ်ပဲကျေးဇူးတင်လှပါတယ်"

"အဲဒီကောင်! အဲဒီရာဇလက္ခဏာဆိုတဲ့ကောင်ကို တကယ် ပဲ လက်ထပ်မှာလား စန္ဒြ".

သူမချော်လဲ့မထားတဲ့မေးခွန်းမျိုးဆို့ သူမမှာ အဖြေက အဆင်သင့်ရှိမနေပါသော်လည်း ခေါင်းညိတ်မိသွားပါသည်။ ကွန်း



www.burmeseclassic.com

www.burmeseclassic.com



ပလေးရင်ထဲမှာ နာကျင်သွားမိပါသည်။ ပြီးတော့ သူမအားစိတ်ဆိုးမိပါသည်။ သူ့အချစ်ကို လျစ်လျူရှုနိုင်လွန်းသည့်သူမကြောင့် ရင်ထဲနာနာကျင်ကျင်ခံစားနေရပါသည်။

"ဟင်! ကိုရင် သင်ငိုနေတာလား"

ဟုမေးလိုက်ပေမယ့် ကွန်းပလေးထံမှ မည်သည့်အသံမျှ ထွက်ပေါ်မလာဘဲ အထူးငြိမ်သက်နေခဲ့ပါသည်။ သူမ ကွန်းပလေးကို စူးစိုက်စွာကြည့်နေခဲ့ပါသည်။ သူမမြင်နေရပါပြီ။ ကွန်းပလေး မျက်နှာပေါ်မှ မျက်ရည်အချို့ကိုပေါ့၊ သူမရင်ထဲ အောင့်ချက်သွားရပါ၏။ ကွန်းပလေး၏မျက်ရည်များက သူမရင်ကိုခွဲနေသလိုခံစားနေရပါသည်။ သူမ၏လက်များက ဆန့်ထုတ်လိုက်မိပါသည်။ သူမကိုယ်သူမ မသိလိုက်သေးခင်မှာပင် သူမ၏လက်များက ကွန်းပလေး၏ပါးပြင်ပေါ်သို့ရောက်နေရပါသည်။

ရုတ်တရက်ဆိုသလို သူမ၏လက်များမှာ ခွဲကိုင်ခြင်းခံလိုက်ရပါသည်။ ကွန်းပလေးကို လူစိမ်းတစ်ယောက်လို မခံစားရပါတော့ချေ။ နှစ်ပေါင်းများစွာရင်းနှီးနေသူများပမာ တစ်သားတည်းကျ ခံစားနေရပါသည်။ ထိုတဒင်္ဂအတွင်းမှာ အသိစိတ်တို့ လွတ်သွားသူလိုပင် ဘာလုပ်၍လုပ်မိမှန်း မသိပါတော့ချေ။

သူမသတိပြန်ဝင်လာချိန်မှာတော့ သူမက ကွန်းပလေး





ရင်ခွင်ထဲရောက်၍နေပါပြီ။ သို့သော် သူမရုန်းမထွက်မိပါတော့ချေ။

သူမ နှစ်သက်နေပါပြီ။

ကွန်းပလေးရင်ငွေ့ကို သူမသိပ်ကို သဘောကျနေမိပါပြီ။ သူမဘဝတစ်လျှောက်လုံးတွင် ဒီအချိန်ကသာ အသာယာဆုံးအချိန်ဟု ခံစားနေရပါသည်။

"စန္ဒြကို ကျွန်တော်အရမ်းချစ်တယ်"

ထိုအသံက ကွန်းပလေးနှုတ်ဖျားမှထွက်လာသောအသံပါ။ သို့သော် သူမ၏နားမှကြားလိုက်ရခြင်းမျိုးမဟုတ်ပါ။ သူမနှလုံးသားက ကြားနေရတာပါ။ သူမခေါင်းလေးမှာ ကွန်းပလေးရင်ခွင်ထဲ တိုးဝှေ့နေမိပါသည်။

ကွန်းပလေး၏နှုတ်ခမ်း၊ ကွန်းပလေး၏ပါးပြင်နုနုများက သူမနှလုံးသားထဲတွင် မှတ်ကျောက်တင်သွားခဲ့ပါ၏။

ကမ္ဘာမှာ နှစ်ဦးတည်းသာရှိနေကြသည့်ချစ်သူများပမာ ချစ်သူနှစ်ဦးက နှလုံးသားချင်းဖလှယ်နေကြသည်ကို တစ်စုံတစ်ယောက်က တွေ့မြင်နေပါသည်။

မှန်ပါသည်။ သအိုဇာပါ။

သအိုဇာမှာ အသက်ပင် ရှဲရှဲမရှူရဲလောက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သက်ထွက်သက်တို့ကာ မှုမမှန်ဖြစ်နေရပါသည်။

ဘုရား. . . ဘုရား. . .

ထိပ်ထားလေးရယ်. . .

ဂ္ဂဂ္ဂဂ္ဂ



## အခန်း (၂၂)

"နှမ. . . အနေခက်နေလို့လား"

ကားနောက်ခန်းထဲတွင် ယှဉ်လျက်ထိုင်နေရာမှ ရာဇလက္ခဏာက သူမအားလှည့်မကြည့်ဘဲ မေးလိုက်ခြင်းဖြစ်ပါသည်။

"အသက်ရှုမဝသလိုပဲ"

"ဂန္ဓ၊ အဲယားကွန်းပိတ်ပြီး ကားမှန်ချလိုက်ပါ"

ရာဇလက္ခဏာက အမိန့်သံဆန်ဆန်ပင် ယာဉ်မောင်းအား လှမ်းပြောလိုက်ခြင်းဖြစ်ပါသည်။ ယာဉ်မောင်းအား အမိန့်ပေးပြီး သည့်နှင့်တစ်ပြိုင်နက် သူမထံသို့စောင်းကြည့်လာပါသည်။

ရာဇလက္ခဏာ၏မျက်လုံးတွေက ဘာတွေလဲ. . . ဘာလဲ။ အရောင်များစွာပါနေသော ထိုအကြည့်များကို သူမ မဖတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ပါချေ။ သို့သော် ရင်ထဲမှာတော့ တစ်ခုခုကိုနားလည်နေပါသည်။ ရာဇလက္ခဏာက သူမအပေါ် မတင်မကျဖြစ်နေသည်ဟုထင်ပါ၏။ ဒါက သူမကိုယ်သူမ မယုံမလဲဖြစ်မိ၍ပဲလား။

"နှမကိုကြည့်ရတာ ခက်ခဲနေသလိုပဲ၊ ဘာကိုအလိုမကျသလဲဆိုတာ ပြောကြည့်ပါလား"

ရာဇလက္ခဏာက ကြင်နာစွာမေးတော့ သူမရင်ထဲ အပြစ်ရှိသူလိုခံစားရပါ၏၊ ကွန်းပလေးနှင့်အတူ ညတွေမှာကားလျှောက်မောင်းချိန်တွင် ကားနှုန်းတွေကိုချထားလေ့ရှိသလို ခုလိုမှန်လုံကြီးနှင့်ဆိုတော့ ရုတ်တရက်အနေခက်သွားသလိုခံစားရပါသည်။

ပြီးတော့ ကွန်းပလေးရှေ့တွင် စိတ်တွေက လေအလားပွင့်လင်းလွတ်လပ်နေခဲ့ပေမယ့် ရာဇလက္ခဏာ၏ရှေ့တွင်တော့ အနေကျဉ်းကျပ်လှပါသည်။ ကွန်းပလေးက သူမအပေါ်ဘယ်လိုမြင်သလဲဆိုသည့် လေးပင်သည့်ခံစားချက်ကြီးက ကွန်းပလေးရှေ့မှောက်တွင် ရှိမနေခဲ့ပေမယ့် ယခုရာဇလက္ခဏာရှေ့တွင်တော့ သူမအပေါ် လော်လီသူဟုမြင်မှာစိုးရိမ်မိပါသည်။ ထိုစိတ်ကြောင့် ထင်ပါသည်။ ယနေ့ရာသီဥတုက ခါတိုင်းထက်ပိုပူနေသည်ဟု ခံစားနေရပါသည်၊

"မိုးချုပ်လာပြီဆရာ၊ တံခါးမှန်ပြန်ပိတ်ရတော့မလား"





ယာဉ်မောင်းကမေးတော့ ရာဇလက္ခဏာက သူမအား ကြည့်ရင်း . . .

"ပိတ်လိုက်ပါ"

ဟုခပ်အေးအေးဆိုပြီး မျက်နှာလွှဲသွားခဲ့ပါ၏၊ အကြည့်သာလွှဲသွားခြင်းဖြစ်ပေမယ့် ရာဇလက္ခဏာ၏အာရုံတွေက သူမထံမှာပဲရှိလိမ့်မည်ဟု သူမသိနေခဲ့ပါသည်။

"ဂန္ဓ. ရှေ့က ကော်ဖီဆိုင်မှာ ကားရပ်လိုက်ပါ"

ဟုအမိန့်ပေးလိုက်ပြန်ပါသည်။

သူမအံ့သြသွားပြန်ပါ၏၊ အဘေးတော်ဘုရား၏ ကျန်းမာရေးအခြေအနေကိုကြည့်ပြီး သာကြောင်းမာကြောင်းစကားဆိုပြီး ပြန်လာသည်ဆိုပေမယ့် လမ်းတွင်စားသောက်ဆိုင်ဝင်သည့် အစီအစဉ်မျိုးက ကနဦးတွင်မရှိခဲ့ပါချေ၊ ယခုဆိုလျှင် ဒေါင်ဒေါင်မြည်ကျန်းမာနေပြီဖြစ်သည့် အဘေးတော်ဘုရားအား လူမမာပုံဖမ်းကာ သူမနှင့်ရာဇလက္ခဏာတို့ကို ပိုရင်းနှီးမှုရှိစေခြင်းအလို့ငှာ စီစဉ်နေကြသောလူကြီးများပုံကို သူမပမ်းမိပေမယ့် ရာဇလက္ခဏာနှင့်သူမက ခုချိန်ထိရင်းနှီးမှုမရှိနိုင်သေးပါချေ။ ရေနံ့တူသည့် ရာဇလက္ခဏာကပဲ မစီစဉ်ချင်လို့ပဲလား။ သူမကိုယ်၌ကပဲ မြောင်းမပေးတတ်တာလား။ အကယ်၍ ရောကစီးဖင်ချင်ပြန်ရင်ရော သူမက



www.burmeseclassic.com

www.burmeseclassic.com



မြောင်းပေးရန် အသင့်ဖြစ်နေပြီလား။

မိုးဖွဲများကျနေသည်မို့ ရာဇလက္ခဏာက ထီးဖွင့်ကာ ကား ပေါ်မှဆင်းပြီးနောက် သူမရှိရာတံခါးကိုဖွင့်ပေး၍ သူမက ကား ပေါ်မှဆင်းလိုက်ပါသည်။ ရာဇလက္ခဏာနှင့်သူမက တစ်မိုးအောက် ထဲရှိသွားခဲ့ပေမယ့် သူမ၏ရင်ခုန်သံတို့က စည်းချက်မှန်မှန်ပင်။

''Blue Boy တွေ ဒီနေ့ ဆိုင်မှာ ကော်ဖီလာသောက် မယ်တဲ့''

ဖြတ်သွားဖြတ်လာမိန်းကလေးအုပ်စု၏အသံကို သူမ နား စွန်နားဖျားကြားလိုက်ရပါသည်။ ရင်ထဲတွင် လှိုက်ခနဲပျော်သွား ပေမယ့် တည်ကြည်သောရာဇလက္ခဏာ၏မျက်နှာကဲကို ကြည့် လိုက်မိပါသည်။ အမှန်ပြောရလျှင် ကွန်းပလေးနှင့်ရာဇလက္ခဏာ တို့အား မျက်နှာချင်းမဆုံစေချင်ပါ။ ရာဇလက္ခဏာက သူမဝင်နိုင် ရန် မှန်တံခါးချပ်ကြီးကိုဖွင့်ပေးပြီး ရေစိုနေသောထီးကို ရေခံပုံး ကြီးထဲ ထည့်လိုက်ပါသည်။

ဆိုင်လေးမှာ တိတ်ဆိတ်ငြိမ်းချမ်းနေပြီး သီချင်းသံသဲ့ သဲ့ကိုကြားနေရပါသည်။ ထိုသီချင်းသံက မြန်မာသီချင်းမဟုတ် မှန်းသိပေမယ့် ဘာလူမျိုးရဲ့ဘာသီချင်းမှန်းတော့မသိပါချေ။ သို့ သော် နှလုံးသားနှင့်သီချင်းကို ခံစားလိုက်မိတော့ လွမ်းသလိုဆွေး





သလို တအုံနွေးနွေးဖြစ်လာရပါသည်။

သူမနှင့်ရာဇလက္ခဏာတို့ မှန်စားပွဲကိုတစ်ဖက်တစ်ချက် ရုံထားသည့်ခုံလုံးလုံးလေးပေါ်တွင် ထိုင်လိုက်ကြပါသည်။

"Cappuccino...Espresso..."

ဟုသာ လက်ညှိုးနှစ်ချောင်းထောင်ပြပြီး စားပွဲနားရပ် လာသူအား ရာဇလက္ခဏာက ပြောလိုက်လျှင် ထိုလူက ဦးလေး ညွှတ်ကာ ထွက်သွားခဲ့ပါသည်၊ စားစရာတစ်ခုခုမှာလိုက်မှန်း သိ နေပါသည်။ ရာဇလက္ခဏာက ဦးဆောင်တတ်သောယောကျ်ား ကောင်းတစ်ယောက်ပါ။ သူမမသိဘူးဆိုတာ သိနေသောရာဇ လက္ခဏာက သူမအတွက်သင့်တော်သော စားသောက်ဖွယ်ရာမျိုး မှာပေးမည်ကို သူမယုံကြည်ပါ၏၊

''ကော်ဖီဘယ်နခွက် ကုန်နေပြီလဲ''

''တစ်နာရီတစ်ခွက်နှုန်းနဲ့ သုံးခွက်''

''ဟူး. . .လာရောလာဦးမလားဟယ်၊ နှင့်သတင်းမှား တာ မဖြစ်နိုင်ဘူးလား''

''မမှားနိုင်ဘူး။ သူတို့ရဲ့မန်နေဂျာမပုံဆီက ရထားတာ။ ဒိုင်ယာရီခန်းဖွင့်ပွဲပြီးရင် ကော်ဖီဆိုင်မထိုင်တာကြာတဲ့သူတို့က ဒီ ဆိုင်ကိုဝင်မှာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က လူစုလူဝေးကိုကြောက်တယ်ဟဲ့၊ သတင်းတွေက ပွနေပြီ၊ လာပါဦးမလား"

နောက်နားခုံမှ ကြားနေရသောစကားလုံးများကြောင့် သူမရင်ခုန်နေပါသည်။ ဒါ ကွန်းပ ဒလေးတို့ကိုပြောနေမှန်း သူမသိနေပါသည်။ ခုံနေရာလွတ်မရှိလောက်အောင် ပြည့်နေသော စားသုံးသူမိန်းကလေးများကို သူမမျက်လုံးဝေ့ကြည့်မိပါ၏။ ရင်ထဲမနှစ်သက်သလိုခံစားရပါသည်။ အလိုမကျသလိုဖြစ်နေရပါ၏။

"ဟိုမှာတွေ့လား VIP တဲ့၊ အဲဒါ သူတို့အတွက် လုပ်ထားတဲ့နေရာပဲဖြစ်ရမယ်"

စားပွဲတွင်ကပ်ထားသောစာကြောင်းများကို ရည်ညွှန်းပြီး ပြောလာလျှင် သူမစိတ်နှင့်ကိုယ် မကပ်ချင်တော့ပါ။

"လူကြီးတွေလည်း လူကြီးတွေဆိုပေမယ့် ကိုယ် နှမနဲ့ ဒီထက်ပိုပြီးရင်းနှီးချင်တယ်"

ရာဇလက္ခဏာ၏စကားအဆုံးကို သူမကြားလိုက်ပါသဲ နားစွန်းနားဖျားကြားလိုက်ရတဲ့စကားလုံးအဆုံးမှာတော့ သူမအံ့အားသင့်ရပါသည်။ ကနဦးက ဘာပြောနေတာလဲဟု တပ်အေး၍လည်း မကောင်း၍ ဟန်မဆောင်တတ်သော်လည်း ဖာသိဖာသာပင် စားပွဲထိုးချပေးလာသော လက်ဖက်ရည်အမြုပ်များကိုသာ ယောင်





တောင်တောင်နှင့် သောက်မိလိုက်သည်။ သူမမျက်နှာကြီး ရှုံ့မဲ့သွားရပါသည်။

"ဘာဖြစ်လို့လဲ နှမ"

သူမ၏မျက်နှာကဲကို အကဲခတ်နေဟန်ရှိသောသူက မေးလျှင်...

"ဒါးလို့၊ စန္ဒြက အချိုမှတ်နေတာ"

"ကော်ဖီပဲလေ နှမရယ်၊ မနက်ခင်းဘက် လန်းဆန်းအောင် သောက်နေကျမဟုတ်လား"

"ဟင့်အင်း. . . မနက်ဘက်ဆို ထမင်းကြော်နဲ့လက်ဖက်ရည်အချိုသောက်တာပါ"

ရာဇလက္ခဏာ၏မျက်နှာပေါ်တွင် ကြင်နာရိပ်တို့ ဖြတ်ပြေးသွားရပါသည်။ အခုလိုလေျာင်ခိုင်းထဲပိတ်မိနေသော စန္ဒြမာတုလျာအား ကယ်ထုတ်ပြီး တောင်ပံတပ်ပျံသန်းစေချင်သည့်စေတနာမျိုးဖြစ်ပေါ်လာမိပါသည်။ လူကြီးများ၏စိုးရိမ်ကြောင့်ကြခြင်းများက စန္ဒြမာတုလျာ၏မျက်စိရှေ့နားပေါ် ပိတ်ထားနဲ့ကြ၍ သူ ကရုဏာသက်နေမိပါသည်။

စန္ဒြမာတုလျာက အရွယ်ရောက်နေပြီမို့ မိမိရင်ထဲက အသိနှင့် မိမိရဲ့ဘဝကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်လိမ့်လို့ သူယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိပါသည်။ ဘာကြောင့်များ လူကြီးတွေက သူ့လို စန္ဒမာတုလျာကို မယုံကြည်ကြတာလဲ။ စန္ဒမာတုလျာကလည်း တော်ဝင်မျိုးနွယ်ပီပီ ရာဇမာန်ရှိသူမို့ အရာရာတိုင်းကိုစဉ်းစားချင့်ချိန်တတ်လိမ့်မယ်ဟု သူယုံကြည်ပါသည်။

အခုလိုငယ်ရွယ်သေးသည့် စန္ဒမာတုလျာအား မျက်စိရောနှာပါ ဖွင့်ပေးပြီး တည့်မတ်ပေးချင်ပါသည်။ အလင်းရောင်ကို ဘွားခနဲမြင်လိုက်ရချိန်တွင် လှုပ်ရှားသွားမည့်စန္ဒမာတုလျာ၏စိတ်ကို နည်းလမ်းမှန်ကန်စွာ လမ်းကြောင်းပေးချင်ပါသည်။

"မောင်ကြီး ဘာတွေးနေတာလဲဟင်"

ဟုဆိုလာတော့မှ သတိဝင်လာကာ ကော်ဖီကိုငုံသောက်လိုက်ပြီး...

"စန္ဒနဲ့ခုလိုဆုံရတာ ကိုယ်ဝမ်းသာလို့ပါ။ ကိုယ်မထင်ထားဘူး။ မျိုးနွယ်စုထဲမှာတောင် စန္ဒလိုသိက္ခာတရားနဲ့ပြည့်စုံသူရှိလိမ့်မယ်လို့ ကိုယ်လုံးဝထင်မထားဘူး။ မယ်ဖုရားသတ္တုဒေဝီက သိပ်တော်ပါတယ်။ ခေတ်စကားနဲ့ဆိုရရင်တော့ နမကာ တကယ့်သမိုင်းဝင်ရှားပါးပစ္စည်းပါ"

"ဘာလို့လဲ မောင်ကြီးရယ်၊ စန္ဒကို အဲလိုကြီး အထင်မကြီးထားပါနဲ့"





"မျိုးနွယ်စုထဲက မိန်းမပျိုတွေလည်း ကိုယ်ဆုံဖူးခဲ့ပါတယ်။ ဝတ်ပုံစားပုံက မြန်မာဆန်ပေမယ့် အကြည့်တွေက ရဲတင်းလာကြပြီ၊ ပြီးတော့ ခေတ်မီလာကြပြီ၊ ပြီးတော့ မိမိနဲ့ပတ်သက်တဲ့ယောကျ်ားလေးစိတ်ဆွေကို ဒီခေတ်က မောင်ကြီးလို့မခေါ်ကြတော့ဘူး၊ ဒါကြောင့် နှမနဲ့ခုလိုဆက်နွယ်ရတာ ကိုယ် တကယ်ပီတိဖြစ်ပါတယ်။ ဒါကြောင့် ဝတ်ပုံကိုမြင်ကတည်းက ကိုယ်ဝမ်းသာခဲ့ရတယ်"

"မောင်ကြီးလို့မခေါ်ရင် ကိုရင်လို့ခေါ်ကြတာလား"

"ဟင့်အင်း... အဲဒီလိုအခေါ်အဝေါ်မျိုးတော့ မရှိကြတော့ဘူး"

သူမတွေတွေလေး ငေးနေဖြစ်ပြန်ပါသည်။

"အနောက်တိုင်းယဉ်ကျေးမှုတွေ သိပ်ကိုထွန်းကားလာတော့ မြန်မာ့မှုတွေက ပျောက်ကွယ်လုနီးနေပြီနှမရယ်။ ဒါကြောင့် လူကြီးတွေက တာဝန်ကြီးတစ်ရပ်အဖြစ် မျိုးနွယ်အနည်းစုလေးကို ခုလိုစုစည်းထိန်းသိမ်းနေတာပါ။ ကိုယ်တို့ တကယ်အဲဒီလိုလုပ်သင့်ပါတယ်"

"အနောက်တိုင်းယဉ်ကျေးမှုဟုတ်လား မောင်ကြီး။ အဲဒါက ဇစ်တာတို့ဝန္ဒရားတို့ကိုပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတဲ့အတတ်နဲ့မယူသင့်တဲ့အတတ်ဆိုတာ ရှိတယ် နုမရဲ့။ ကိုယ့်နှုတ်ကပြောရမှာ တစ်မျိုးဖြစ်ပေမယ့် နုမမသိလို့အေး သူမို့ ကိုယ်ပြောပါ့မယ်။ နုမနားနဲ့မနာ ဖပါးနဲ့နာပါ"

"ဟုတ်ကဲ့မောင်ကြီး၊ စဉ်နားထောင်နေပါတယ်"

"ပိတုန်းရောင်ကေသာကို ခြင်းငွေရောင်ပြောင်းကြ၊ လုံလုံခြုံခြုံဝတ်စုံလေးတွေကို ဖော်ဝတ်ကြ၊ အရှက်ကိုတောင် မဖုံးနိုင်ကြတဲ့ဒီခေတ်ကြီးမှာ ခုလိုနုမလို ဆံကေသာရှည်နဲ့တစ်ပတ်လျှိုဆံထုံးပေါ် တစ်ပွင့်ပန်းပန်တဲ့ပျိုမေချောက မရှိသလောက်ရှားခဲ့ပြီ။ အဘေးတော်ဘုရားက ပြောပါတယ်၊ နောင်မှာဆို မြန်မာ့ယဉ်ကျေးမှုကို ပြတိုက်မှာပဲတွေ့မြင်ရတော့မယ့်ခေတ်မျိုး ဖြစ်လာတော့မယ်တဲ့၊ ကိုယ်လည်း အဲဒီလိုပဲထင်ပါတယ်။ ဒါကြောင့် တော်ဝင်မျိုးနွယ်တွေက ပိုပြီးတာဝန်ပိုသလိုခံစားလာရပါတယ်။ လောကကို အလှမဆင်နိုင်ခဲ့ရင်တောင် ရှိရင်းစွဲအလှလေးကို တတ်နိုင်သလောက်ထိန်းထားချင်တယ်။ ခေတ်ရိုးလည်းမယယ် ဈေးသုံးလည်း မလွယ်နဲ့ဆိုပေမယ့် ကိုယ့်အနေနဲ့ကျတော့ ဖြည့်စွက်ချင်ပါတယ်။ ရှေးရိုးမှာက မျိုးနွယ်ညျာတာသူက လက်ဆက်ခွင့်ကို ကိုယ်တိုင် မပန်ခဲ့ကြပေမယ့် ကိုယ်တော့ နုမထံမှာ ကိုယ်တိုင်လက်ဆက်ခွင့်ပန်ချင်ပါတယ်။ နုမ ကိုယ့်ကိုလက်ဆက်ပါ"





"အို. . . မောင်ကြီးရယ်"

"တကယ်တော့ ကိုယ်က အလုပ်မှာတင်မဟုတ်ဘဲ နှလုံးသားရေးရာမှာပါ လောဘရှိသူနဲ့တူပါတယ်"

သူမခေါင်းမဖော်ငုံ့တော့ပါချေ။

"ကိုယ့်နေရာမှာ နုမက တစ်စုံတစ်ယောက်ကို နေရာပေးလိုက်မှာကို ကိုယ်စိုးရိမ်တယ်"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။ ညစဉ်ညတိုင်း ကွန်းပလေးနှင့်အတူရှိနေတာများ မောင်ကြီးသိသွားလေရော့လား။

"ဟော! လာပြီ လာပြီ"

ဟူသောအသံကို ခပ်အုပ်အုပ်ကြားလိုက်ရချိန်မှာတော့ သူမတို့၏စကားများက ရပ်ကန့်သွားရပါသည်။ အကြောင်းမှာ ဆိုင်တွင်းရှိမိန်းကလေးများ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၍ပါ။

အားလုံးသောသူများက တစ်နေရာတည်းသို့သာ စုပြုံပြီး ဝိုင်းကြည့်နေကြ၍ သူမပါလှမ်းကြည့်လိုက်ရာ ကွန်းပလေးကို ဝင်းခနဲတွေ့လိုက်ရပါသည်။ သူမရင်ထဲ လှိုက်ခနဲပျော်သွားမိပါသည်။ ကွန်းပလေးနှင့်အတူ မတွေ့တာကြာပြီဖြစ်တဲ့ နဝင်းနဲ့ ထရော်နီကိုပါတွေ့လိုက်ရ၍ မိတ်ဆွေများမို့ သူမကထပြီး နှုတ်ဆက်ချင်ပေမယ့် ကွန်းပလေးအနားသို့ မိန်းကလေးများစွာ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အုံသွားချိန်မှာတော့ သူမ မှိုင်ကျသွားရပါသည်။

ဓီနီးဘာလေးများစွာဘို့ကြားရှိ ကွန်းပလေးကိုငေးကြည့်ရင်း အမည်မသိသောဝမ်းနည်းမှုကြီးက ရင်ထဲသို့ တိုးဝှေ့လာရပါသည်။

''လူတွေရှုပ်လာပြီနော်မ၊ သွားရအောင်''

ဟုဆိုပြီး ရာဇလက္ခဏာက သူမ၏လက်ကိုဆွဲလိုက်ချိန်မှ သတိပြန်ဝင်လာရပါသည်။ ရာဇလက္ခဏာဆွဲခေါ်ရာနောက်ပါလာခဲ့ရသော သူမ၏ခြေလှမ်းတွေမှာတော့ အသိတို့လွတ်ကင်းနေခဲ့ရပါသည်။ သူမ၏စိတ်တွေ ဘယ်ရောက်နေပြီလဲ။

ဂျူး ဂျူး ဂျူး



## အခန်း (၂၉)

တံခါးခေါက်သံထွက်ပေါ်လာချိန်တွင်တော့ သအိုဇာက လေသာဆောင်တံခါးမကို ဖွင့်ပေးလိုက်ရာ ကွန်းပလေးက ထုံးစံအတိုင်း အဆောင်တော်တွင်းသို့ ဝင်လာခဲ့ပါသည်။

''ဟင်! စန္ဒြာရော''

''ခေါင်းမူးတယ်တဲ့၊ ကွန်းပလေးလာရင် အိပ်ပြီလို့ပြောလိုက်ဖို့ မှာခဲ့တယ်''

''ဟာ ! ဘာလို့လဲဗျာ''

''ဒီနေ့တော့ ပြန်လိုက်ပါတော့ ကွန်းပလေး၊ ထိပ်ထားလေးကြည့်ရတာ သိပ်မလန်းဘူး''

''ဒီအထိတောင်ရောက်လာခဲ့ပြီးမှတော့ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



တော့ တွေ့သွားဦးမယ်"

ဟုဆိုကာ ဖွတ်တရှုတ်ပင် တိုးဝင်လာပြီး စန္ဒြမာတုလျာ အိပ်နေရာကုတင်ပေါ်တွင် ထိုင်လိုက်ပါသည်။

"သင့်ကြောင့်လည်း ခက်ပါရဲ့ကွန်းပလေးရယ်၊ သခင်ကြီးနဲ့သခင်မသာသိသွားလို့ကတော့ မလွယ်ဘူး။ မျိုးနွယ်စုတာသာသိသွားရင် ထိပ်ထားလေးသီကွာမဖတ်ဆယ်မရဖြစ်ကုန်ပါရော့မယ်"

ဟုဆိုနေပေသည့် ကွန်းပလေးကတော့ ခင်ရဲရဲပင် စန္ဒြမာတုလျာ၏ပခုံးလေးကိုကိုင်ကာ. . .

"စန္ဒြ, မအိပ်သေးမှန်း ကျွန်တော်သိတယ်။ ဒါကြောင့် ဟန်ဆောင်မနေဘဲ ထလိုက်ပါ။ စိတ်မကျေညည်တာရှိရင်လည်း ကျွန်တော့်ရှေ့မှာ ဖွင့်ထုတ်လိုက်ပေါ့။ ဘယ်သူက စန္ဒြကိုစိတ်ညစ်အောင် လုပ်နေသလဲ။ ကျွန်တော်ငင်ရှင်းပါ့မယ်"

"အဲဒါ သင်ပဲ ကိုရင်"

သူမ ပြောလည်းပြောကာ ကုတင်ပေါ်ငုတ်တုပ်ထထိုင်လိုက်ပါသည်။ သအိုဇာမှာတော့ အလျှဉ်းသင့်သလိုပင် မလှမ်းမကမ်းမှာ ရှိနေပါသည်။

"ကျွန်တော်ဘာလုပ်လို့လဲ"





"မိန်းမတို့ဘာလေပြောသော်လည်းချစ်ခဲ့ပေမယ့် ကိုရင်နဲ့နွယ်လာရင် စန္ဒြက ရှုံ့စေးလောက်တောင် တန်ဖိုးမရှိခဲ့သူပါ"

အသံနေအသံထားက အနိမ့်အမြင့်အတက်အကျမညီနေ၍ သူသာဘောပေါက်လိုက်ပါသည်၊ စန္ဒြမာတုလျာက တကယ်ပဲ စိတ်ဆိုးနေသည်ဆိုတာကိုပေါ့။

"သို့သော်လည်း ကိုရင်က စန္ဒြကို မြူတစ်မှုန်စာလောက်တောင် တန်ဖိုးမထားခဲ့ဘူး"

"စန္ဒြဘာတွေပြောနေတာလဲ၊ ကျွန်တော်. . ."

"ကိုရင်က တစ်မြို့ကွယ်တစ်ဆယ်မေ့ လုပ်ချင်နေပေမယ့် စန္ဒြရင်ထဲမီးနဲ့မြိုက်သလို ပူလောင်လှပါတယ်"

သူနားမလည်ပါ။ စန္ဒြမာတုလျာ ဘာတွေပေါက်ကွဲနေတာလဲ။

"စန္ဒြ ဘာတွေပြောနေတာလဲ၊ ကျွန်တော်ဘယ်တုန်းက အဲဒီလိုလုပ်လို့လဲ။ ကျွန်တော့်ရင်ထဲမှာ စန္ဒြကလွဲရင် ဘယ်သူမှမရှိဘူးနော်"

"ကြော်. . .ပြောတော့မပေါ့၊ ဒါက ယခုမျက်မှောက်ခေတ်မှာ ခေတ်စားနေပါတဲ့အသုံးအနှုန်းလား"

"စန္ဒြ ကျွန်တော့်ကိုမစားနဲ့ဗျာ၊ ဒီမှာရှုတော့မယ်"



www.burmeseclassic.com

"တော်ပါပြီကိုရင်ရယ်၊ စန္ဒြာထပ်ပြီးမပူဆောင်ပါရစေနဲ့တော့။ စန္ဒြာက ရိုးသွန်းပါတယ် လေ့ညှိစားပါနဲ့တော့"

"စန္ဒြာ"

သူဘာမှဆက်မပြောနိုင်တော့လောက်အောင် ရင်ထဲ၌ နာကျင်သွားရပါသည်။ ဒီလိုအသုံးအနှုန်းမျိုးက သမီးရည်းစားတွေ ပြတ်စဲသွားမှ သုံးတဲ့စကားစုပါ၊ သူက တကယ်ပဲ စန္ဒြာမှာ တုလျာနား မရစ်ခဲ့ရတော့ဘူးလား။ သူအဲဒီလိုလုပ်နိုင်လို့လား။ မလုပ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ စန္ဒြာမာတုလျာကို မြတ်မြတ်နိုးနိုးချစ်နေမိပြီလေ။

"ကိုရင့်ထံပါးမှာ လာပေါ်ရော့ဆိုတဲ့မဒီမျိုးတွေ ဝိုင်းအုံနေတာပါ ကိုရင်ရယ်၊ စန္ဒြာက. . ."

ဆက်နားထောင်စရာမလိုလောက်အောင် သူ့သဘောပေါက်သွားရပါပြီ၊ ကောန်မလွဲ စန္ဒြာမာတုလျာက သူ့အားသဝန်တိုနေပြီလေ။ ဒါသူပျော်ရမှာပေါ့။ သူ့ကိုချစ်၍ သဝန်တိုနေတာလေ။

"ကျွန်တော့်ကို အပြင်မှာတွေ့ခဲ့ပုံရတယ်"

စောစောကတင် မှိုင်ကြီးထိုင်နှမ်းထားသည့်သူ့မျက်နှာက ရုတ်တရက်ဆိုသလိုပင် ကြည်စင်လာသွားရပြန်ပါသည်။

"အဲဒီမိန်းကလေးတွေက ကျွန်တော့်ကိုချစ်တာမဟုတ်ဘူး။ အနုပညာကိုချစ်ကြတာ"

"အို! ဒါတွေ စန္ဒြာမသိဘူး၊ ကိုရင်က လက်ပွန်းတတီးရှိတာကိုပဲသိတယ်"

"စန္ဒြာ တကယ်မသိလို့ပါ၊ ခုခေတ်က လက်ဆွဲတိုင်းချစ်သူမဟုတ်ဘူး။ ပခုံးဖက်တိုင်းလည်း ချစ်သူမဟုတ်ဘူး"

"ဘယ်လို ကိုရင်"

"ဒီလိုပဲနေကြတာပဲ၊ စန္ဒြာဖတ်နေကျစာအုပ်လိုမဟုတ်တော့ဘူး၊ ယဉ်ကျေးမှုက နည်းနည်းပြောင်းလဲသွားပြီ၊ ယောကျ်ားနဲ့မိန်းမက ထန်းတူပဲ"

"ဒါဆို ကိုရင်က စန္ဒြာကို"

"နိုး. . . နိုး. . . အယူအဆတွေလွဲနေပြီ။ ကျွန်တော်က အဲဒီလိုဆိုလိုတာမဟုတ်ဘူး။ စန္ဒြာက ကျွန်တော့်ရဲ့နှလုံးသားပါ။ ဒါကြောင့် အခြားအရာတွေနဲ့ရောထွေးမပစ်ပါနဲ့၊ ကျွန်တော်က အနုပညာသမားမို့ အပြင်မှာ ဘယ်သူတွေနဲ့ဘယ်လိုပဲနေနေ ကျွန်တော့်ရင်ထဲမှာ စန္ဒြာတစ်ယောက်တည်းရှိတာပါ။ ယောကျ်ားတွေမှာ အတွေ့ရှိတယ်စန္ဒြာရဲ့၊ ကိုယ်ကတော့ ဘယ်လိုပဲဖြစ်နေပါစေ၊ ကိုယ့်ရဲ့သက်ထားကိုတော့ အမှန်မြတ်ဆုံးဖြစ်နေစေချင်တယ်လေ။ စန္ဒြာက ကိုယ့်ရဲ့အမွန်မြတ်ဆုံးသက်ထားပါ။ အမှန်ကိုဝန်ခံရရင်

www.burmeseclassic.com



မိန်းကလေးနဲ့လက်ပွန်းတတီးရှိတာ အမှန်ပါ။ ဒါကရေစီးကြောင်းသဘောတရားမို့ နားလည်ပေးပါ။ ကျွန်တော့်ရင်ထဲမှာ စန္ဒြာတစ်ယောက်တည်းရှိတယ်ဆိုတာလည်း ယုံပေးပါ"

"အဲဒီရေစီးကြောင်းကို စန္ဒြာနားမလည်ဘူး"

"ကျွန်တော်သင်ပေးမယ်လေ၊ လာ. . . သွားကြစို့"

ဟုဆိုကာ ထုံးစံအတိုင်း စန္ဒြာမာတုလျှာ၏လက်ကို ခပ်ပိုင်ပိုင်ဆွဲပြီး မြောက်ခြားစွာသော သော့များကို လွယ်ကူစွာဖြတ်ကျော်ကာ ပြင်ပသို့ထွက်လာခဲ့ကြပါသည်။

အပါးတော်မြဲသအိုဇာလည်း ထုံးစံအတိုင်းပင် ခွေခွေလေး အိပ်ပျော်နေခဲ့ပါသည်။

သူက ကာလပ်တစ်ခုရှေ့တွင် ကားရပ်လိုက်ပါသည်။

"ဒါက ဘယ်လိုနေရာမျိုးလဲ ကိုရှင်"

"ပျော်စရာကမ္ဘာတစ်ခုပေါ့၊ ပင်ပမ်းသမျှကို ဒီအထဲမှာ အပမ်းဖြေကြတယ်။ ရင်းနှီးချစ်ခင်မှုပေးတဲ့နေရာပေါ့။ အထဲမှာ နဝင်းတို့လည်းရှိနေကြမှာ။ စန္ဒြာပျော်စေရမယ်လို့ ကျွန်တော်အာမခံတယ်"

"လူများရင် စန္ဒြာမသွားချင်ဘူး"

"ကျွန်တော်ပါနေတာပဲ စန္ဒြာရယ်"





ဟု ကားပေါ်ကဆင်းတော့ သအိုဇာပါ လန့်နိုးသွားပြီး သအိုဇာပါ ကားပေါ်မှဆင်းကာ. . .

"သအိုဇာပါ လိုက်မယ်"

ဟုဆိုပြီး ထိပ်ထားလေးတစ်ယောက်တည်း စိတ်မချ၍ လာခဲ့ပါသည်။

"ယောကျ်ားသားတွေများတယ် ကိုရှင်ရယ်၊ စန္ဒြာမသွားချင်တော့ဘူး"

ဟုငြင်းပေမယ့် သူ့မ၏ပခုံးများကို ကြင်နာစွာဖက်ပြီး သူက ခေါ်ဆောင်လာခဲ့ပါသည်။ တံခါးကိုတွန်းဖွင့်ပြီး မဝင်ခင်မှာပင် ဆူညံသောသံစဉ်များကို ကြားနေရ၍ သူ့မရောသအိုဇာပါ တစ်ယောက်လက်တစ်ယောက် ဆွဲဆုပ်ထားခဲ့ကြပါသည်။

သူက တံခါးကိုတွန်းဖွင့်ဝင်လိုက်တော့ သူ့မမျက်လုံးထဲ ပြာဝေသွားရပါသည်။ အမှန်ပြောရလျှင် ဒီလောက်များတဲ့လူအုပ်ကြီးကို သူ့မတစ်သက်မတွေ့ဖူးတာအမှန်ပါ။ သူ့မ မူးဝေချင်လှပါသည်။ တဒုန်းဒုန်းမြည်နေသောဂီတသံက သူ့မနှလုံးကိုဆွဲလှုပ်လိုက်သလို တဒိတ်ဒိတ်နှင့်ပင် နှလုံးသားတစ်ခုလုံး ပွင့်ထွက်တော့မလောက် ခံစားနေရပါသည်။ လင်းလိုက်မှောင်လိုက်မီးရောင်များကြောင့် မျက်လုံးများ ပြာဝေချင်လာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်းပလေးက လက်ခွဲခေါ်လို့သာ ထိုင်ခုံများဆီသို့ ရောက်လာရပေမယ့် ကြမ်းပြင်ကို သူမမမြင်ရပါချေ။ ခပ်လှမ်းလှမ်းမှာခုန်နေသူများကို ရိုးတို့ရိုးတိုးတွေ့နေရပေမယ့် ထိုလူများ၏မျက်နှာကို သဲသဲကွဲကွဲမတွေ့ရပါချေ။

"စန္ဒြ နေလို့ရရဲ့လား"

ကြင်နာစွာမေးနေသောအသံကို ကြားရပေမယ့် သူ့ရဲ့မျက်နှာကိုတော့ မမြင်ရပါချေ။

"ဟာ! ကွန်းပလေး၊ လာကွာ. . . စန္ဒြာတုလျှာရော ပါလာတာပါလား"

ဟုဆိုတော့မှ သူမက အသံလာရာဆီသို့ကြည့်လိုက်ရာ သူမနှင့်မျက်နှာချင်းဆိုင်တွင်ထိုင်နေသော နှင်းနှင့်ထရော်နီကို တွေ့လိုက်ရပါသည်။ စိတ်အေးမှုများဆို့ သူမကကြီးစားပြုံးပြမည် ကြံခိုက် ထိုနှစ်ယောက်၏ဘေးမှ အရှက်ကိုလုံအောင်မဖုံးထား သော အမျိုးသမီးများကိုတွေ့ရှိလာသောအခါ သူ၏အပြုံးများမှာ ရုတ်တရက်ငုပ်ထန့်သွားရပါသည်။

ထိုအမျိုးသမီးများက နှင်း၏ပါးကိုနမ်းနေကြသလို ထရော်နီ၏ရင်ခွင်ကြားမှာလည်း အမျိုးသမီးတစ်ယောက်ရှိနေပါသည်။





"ဒီကောင် ကွန်းပလေး အခုမှပဲလူဖြစ်လာတော့တယ်"

ဟိုစကားကို ဆူညံသောဂီတသံကြားမှ သူမ ပီပီသသ ကြားလိုက်ရပါသည်။ အဲဒီစကားလုံးက ဘယ်လိုအဓိပ္ပာယ်မျိုး ပါလိမ့်။

ကွန်းပလေးက စားပွဲပေါ်မှ ယမင်းရောင်အရည်များကို ဖန်ခွက်ထဲငှဲ့ကာ သောက်လိုက်ပါ၏။ ပြီးနောက် သူမထံကြည့် ကာ. . .

"ထိန်းချုပ်မထားနဲ့စန္ဒြ၊ ပေါ့ပေါ့ပါးပါးနေပစ်လိုက်ပါ၊ ရင်ထဲလန်းဆန်းသွားလိမ့်မယ်"

ကွန်းပလေး၏စကားကို သူမ ပထမဆုံးအကြိမ် အယုံ အကြည်မဲ့သွားခြင်းဖြစ်ပါသည်။

"ချစ်ခွန်းခြွေက မင်းကိုမေးနေသေးတယ်"

နှင်းက လူအများကြား၌ ကခုန်နေသောမိန်းမလှကို မျက်စပစ်ပြီးဆိုလျှင် သူမကပါ ချစ်ခွန်းခြွေဆိုသောမိန်းကလေး ကိုကြည့်လိုက်ပါသည်၊ တော်တော်လှသောမိန်းကလေးဆိုပေမယ့် သူမရဲရဲမကြည့်ဝံ့ပါချေ၊ ထိုသောထဘီကြောင့် ပြောင်လက်နေ သော သူမ၏ပေါင်လုံးများကို မြင်နေရ၍ ယောကျ်ားသားများ အပေါ် မျက်နှာပူ၍ပဲဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးကာ ကာခုန်နေရာမှ သူမတို့အနားရောက်လာကာ ကွန်းပလေးခေါင်းပေါ် တန့်ပါပါလက်တင်ပါသည်။ ကွန်းပလေးက သူမထံ ကွက်ခနဲကြည့်ပြီး ထိုလက်ကိုဖယ်ချလိုက်၏။

"မဆုံတာကြာပြီနော် ကွန်းပလေး"

မိန်းကလေးရဲ့စကားအရ ဒီနေရာမှာ ကွန်းပလေးနှင့် မကြာခဏတွေ့ဆုံကြပုံမျိုးသက်ရောက်၏။ သူမသိလိုက်ပါသည်။ ကွန်းပလေးနှင့်သူတို့တဝရဲ့ခြားနားခြင်းကိုပေါ့။ သူမတို့ဘဝနှစ်ခုက ဆက်စပ်မရအောင် ဝေးကွာလွန်းနေသည်ကို နားလည်သွား၏။ ထိုမိန်းကလေးက သူမကိုတစ်ချက်မျှကြည့်ပြီး ဆက်ပြောပါသည်။

"လက်ရှိတွဲနေတဲ့လူထင်တယ်၊ ရှားပါးပစ္စည်းပဲ။ စတိုင်ကတော့ လန့်ထွက်နေတာပဲ"

သူမအပေါ် ပမာမခန့်ဆိုလာသော ထိုစကားလုံးကြောင့် သူမဒေါသဖြစ်ရပါသည်။ ထိုအမျိုးသမီးကို ဒေါသဖြစ်မိခြင်းထက် ကွန်းပလေးအပေါ် ဒေါသဖြစ်ခြင်းက ပိုပေလိမ့်မည်၊ လက်ရှိတွဲနေတယ်တဲ့လား။

"ဒီလိုစတိုင်လ်မျိုး ငြီးငွေ့သွားရင်ပြောနော်၊ တို့က အချိန်တိုင်း လမ်းနေတယ်"





ကွန်းပလေးမျက်နှာကြီး ညိုမှောင်သွားရပါသည်။ ဒါက စန္ဒြမာတုလျှာကိုအားနာ၍လား။ စည်းမစောင့်သည့်ချစ်ခွန်းခြွေကို ဒေါသဖြစ်၍လား။

"တို့နဲ့တစ်ခါလောက် တွဲကပါလား"

"ဆောရီး . . . ချစ်ခွန်းခြွေ၊ ကိုယ့်ချစ်သူရှေ့မှာ ကိုယ် ဘယ်မိန်းကလေးနဲ့မှမတွဲဘူး"

"ဝမ်းနည်းစရာကြီးပဲ၊ ဘာလဲ၊ သူကခွင့်မပြုလို့လား"

သူမသည်းမခံနိုင်တော့ပါချေ။ ထို့ကြောင့်ပင် ထိုင်နေရာမှထရပ်ပြီး . . .

"စန္ဒြပြန်တော့မယ် ကိုရင်၊ ဒါက စန္ဒြနဲ့မသင့်တော်တဲ့နေရာပါ။ ပြီးတော့ ဒီနေရာက စန္ဒြနဲ့မလိုက်ဖက်ဘူး"

"ဘယ်လို! ကိုရင်ဟုတ်လား ဟူးဟူး . . . ဘုန်းကြီးလို့ ခေါ်ပါလား။ တုံးလိုက်တာ"

ဘီယာငွေ့လှိုင်နေသောချစ်ခွန်းခြွေ၏မျက်လုံးများက မှုန်မှိုင်းနေသော်လည်း သူက ဒီနေရာမှထွက်ခွာရန် စန္ဒြမာတုလျှာ၏လက်ကိုဆွဲရန်ကြံလိုက်ချိန်တွင် သူ့လက်ကို ပုတ်ထုတ်ခြင်းခံလိုက်ရပါသည်။

"လာ . . . နှမ ပြန်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူအုံ့ဩသွားရပါသည်။ မှန်ပါ၏၊ ရာဇလက္ခဏာဆိုသူပါ။ သူ့နည်းတူ နဝင်းနှင့်ထာရော်နီပါ အံ့ဩသွားရပါသည်။ သူတို့အားလုံး အံ့ဩနေကြစဉ်မှာပင် ရာဇလက္ခဏာက သူမ၏လက်ကိုဆွဲပြီး ထွက်သွားခဲ့ပါသည်။

ကွန်းပလေး ပြေးလိုက်သွား၍ နဝင်းတို့ပါ ရုတ်တရက် ထ၍ပြေးလိုက်ကြပါသည်။

တံခါးရှေ့၏အပြင်သို့ ရောက်ရောက်ချင်းမှာပင် ကွန်းပလေး၏မျက်နှာကြီး ပူခနဲဖြစ်သွားရပါသည်၊ မှန်ပါ၏၊ ရာဇလက္ခဏာ၏လက်သီးတစ်ချက်ဖြစ်ပါသည်။ ပြန်ထိုးဖို့အခွင့်သာပေမယ့် ကွန်းပလေးက ငြိမ်နေဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ချစ်ရသူရှေ့တွင်တော့ သူ ခိုက်ရန်မဖြစ်ချင်ပါ။

"မင်းက လူမဟုတ်တဲ့သူဘဲ"

"ခင်ဗျားစကားကိုပြင်ပြောလိုက်ပါ ရာဇလက္ခဏာ"

ဟုဆိုတော့ ရာဇလက္ခဏာက နောက်တစ်ကြိမ်ပြန်ထိုးပါသည်။ ကွန်းပလေးငြိမ်ခံနေခဲ့ပေမယ့် ရောက်လာသောနဝင်းက ဒေါသဖြစ်ပြီး ရာဇလက္ခဏာအား ပြန်ထိုးရန်ကြံသော်လည်း ကွန်းပလေးက ဟန့်တားလိုက်ပါသည်။

"ကျွန်တော် မှားသွားတယ်"





"မင်းအမှားကိုမင်းလက်ခံတာ သိပ်ကောင်းတာပဲ၊ လက်ခံလက်စနဲ့ ထပ်ပြီးလက်ခံလိုက်ပါ"

ဟုဆိုကာ စန္ဒြမာဘုလျာအားဆွဲပြီးခေါ်ရန်ကြံချိန်တွင် ကွန်းပလေးက စန္ဒြမာဘုလျာ၏လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်ပါသည်။

"စန္ဒြာကိုချစ်တဲ့အချစ်တော့ မှားတဲ့အထဲမပါဘူး"

"စန္ဒြာရဲ့လက်ကိုလွှတ်လိုက်ပါ ကွန်းပလေး"

ဟုသင် ရာဇလက္ခဏာက ရင့်ရင့်သီးသီးပင် နာမည်တပ်ပြောတော့ စန္ဒြမာဘုလျာမှာ နှစ်ယောက်ကြား မှင်တက်နေခဲ့ပါသည်၊ ကွန်းပလေးနှင့်ရာဇလက္ခဏာတို့ ဘယ်အချိန်ကတည်းက သိနေကြမှန်း သူမမသိတာအမှန်ပါ၊

"မလွှတ်ဘူး။ လွှတ်လိုက်ရင် ဘာသဘောလဲဆိုတာကို ခင်ဗျားသိပါတယ်။ ကျွန်တော် စန္ဒြာကိုချစ်တယ်"

"ချစ်တယ်ဟုတ်လား၊ ချစ်တယ်ဆိုတဲ့စကားက ခင်ဗျားနဲ့မတန်ဘူး ကွန်းပလေး"

"တန်တယ်မတန်ဘူးဆိုတာ ခင်ဗျားသတ်မှတ်ပေးဖို့မလိုဘူး"

"ညသန်းခေါင် မိန်းကလေးတစ်ယောက်ကိုခေါ်ထုတ်၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့အတင်တွေသင်ပေး ဖြူစင်နေသေးတဲ့နှလုံးသားကို အမည်းရောင်တွေဆိုးပေး မဟုတ်တဲ့ဒီနေရာရောက်အောင်ပို့ပေးခဲ့တယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်းပါ။ ဒီ က မင်းရဲ့အချစ်လား ကွန်းပလေး"

"တအုပ်အဖေါင်းကြီးသန့်ရှင်းတော့ မှန်ချင်မှန်လိမ့်ပါ လိမ့်မယ်၊ ကျွန်တော့်အချစ်ကို ဒီထက်စော်ကားလာရင်တော့ စန္ဒြ ရှေ့မှာသည်း ကျွန်တော်သည်းမခံတော့ဘူး"

"မင်းရပ်နေတဲ့ပတ်ဝန်းကျင်က ဒီလိုဆိုမှတော့ မင်းက ကိုယ့်ကိုယ်ကို မှန်တယ်ထင်တာမခံနိုင်ပါဘူး၊ မင်းတို့အနောက် တိုင်းမှာ ဘယ်လိုပဲနေလာခဲ့နေလာခဲ့ ဒါ မြန်မာပြည်၊ ဒါ မြန်မာ မိန်းကလေးကွ။ မင်းဒီလိုသွားမဆောင်သင့်ဘူး"

"ခင်ဗျား အောက်တန်းကျလှချည်လား။ ခင်ဗျားရဲ့ပတ် ဝန်းကျင်ကလည်း လူတစ်ယောက်ရဲ့နောက်ကြောင်းကို အဲဒီလို အဆင့်မရှိနည်းနဲ့စုံစမ်းနေကျလား"

"မင်းရဲ့ရှုထောင့်က အဲဒီလိုမြင်နေမှတော့ ငါက ဘာမှ ဖြေရှင်းချက်ပေးမနေတော့ဘူး။ ဒါပေမဲ့ စန္ဒြနဲ့သအိုဇာသိအောင် တော့ ပြောရလိမ့်မယ်၊ ငါတို့က သော်ဝင်မျိုးနွယ်တွေကွ၊ တော် ဝင်သူတွေကိုစောင့်ရှောက်ဖို့ တာဝန်အပြည့်ရှိတယ်။ အဲဒီတာဝန် ကိုကျေပွန်ဖို့ ဘာနည်းပြစ်ဖြစ်သုံးရမှာပဲ"





ဟုခပ်ပြတ်ပြတ်ပြောကာ စန္ဒြမာတုလျာ၏လက်ကိုဆွဲ လိုက်ပါသည်။ သို့သော် အခြားလက်တစ်ဖက်ကို ကွန်းပလေးက မလွှတ်တမ်းဆွဲထားပါ၏။ သူမကိုအလယ်မှာထားပြီး ယောကျ်ား နှစ်ယောက်က အကြည့်အားပြိုင်နေကြပါသည်။

"စန္ဒြက လူပါ၊ စန္ဒြကိုအဲဒီလိုမလုပ်ကြပါနဲ့"

ဟုဆိုပြီးရုန်းလိုက်တော့ နှစ်ယောက်သားမှာ ဖြည်လျော့ သွားရပါသည်။ ထိုအချိန်မှ စန္ဒြမာတုလျာက ချာခနဲလှည့်ကာ ရာဇလက္ခဏာဖ်၏ကားပေါ်တက်ရန် ဟန်ပြင်သည်တွင် ကွန်းပလေး က ရှေ့မှပိတ်ရပ်ကာ. . .

"စန္ဒြ"

စန္ဒြမာတုလျာက အရောင်အဆင်းကင်းမဲ့သောမျက်လုံး မျိုးဖြင့် ကြည့်လာပါသည်။

"မလိုက်သွားနဲ့ စန္ဒြ"

"ဟင့်အင်း. . . စန္ဒြလိုက်သွားမယ်"

"မလိုက်ရဘူး"

"မလိုက်ဘူးဆိုတော့၊ ကိုရင်က ဘာလုပ်မှာလဲ။ အဲဒီ အဝတ်ကိုပဲ စန္ဒြပြန်ဝင်ရမှာလား"

"စန္ဒြဆန္ဒမရှိဘဲ မခေါ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မောင်ကြီးနောက် စန္ဒြလိုက်သွားရလိမ့်မယ်"

"စန္ဒြ. . . စန္ဒြကို ကျွန်တော်အရမ်းချစ်နေတယ်လေ။ စန္ဒြ သူနဲ့လိုက်သွားပြီးရင် ကျွန်တော်က ဘယ်လိုကျန်ရစ်ခဲ့ရမလဲ၊ စန္ဒြ ကျွန်တော့်ကိုမချစ်ဘူးလား"

သူမ ပြန်မဖြေပါ။

"ကျွန်တော်နဲ့မနေချင်ဘူးလား။ နေခဲ့ပါ စန္ဒြရယ်၊ ကျွန်တော့်အချစ်တွေနဲ့ စန္ဒြအတွက် ကမ္ဘာတည်ပေးပါ့မယ်။ ကျွန်တော့် ကမ္ဘာက စန္ဒြမရှိလို့မဖြစ်ဘူး။ ကျွန်တော်တို့လက်ထပ်ရအောင်လေဗျာ"

စိတ်လှုပ်ရှားစရာကောင်းသံပူကြောင့် သူမ တဒင်္ဂမျှ တွေဝေသွားရပါသည်။

"စန္ဒြနဲ့ကျွန်တော် သိပ်ချစ်ခဲ့ကြတဲ့အချိန်တွေ ရှိတယ်လေ။ ကျွန်တော့်ရင်ထဲ စန္ဒြရှိနေမှန်း စန္ဒြသိတယ်မဟုတ်လား"

"သိတယ်"

သူပျော်သွားပါသည်။ သို့သော်. . .

"စန္ဒြ မောင်ကြီးနောက် လိုက်သွားရမယ်"

"ဟင်"





"ကိုရင်နဲ့လက်ထပ်လို့မရဘူး။ ဒီနေ့သာ မောင်ကြီးခေါ်ရာနောက် လိုက်မသွားရင် စန္ဒြရဲ့သမိုင်းက မှတ်တမ်းဆိုးသွားလိမ့်မယ် ကိုရင်။ မောင်ကြီးက စန္ဒြရဲ့ခင်ပွန်းလောင်းပါ"

သူ့ရင်ထဲ နာကျင်သွားရပါသည်။ ဒီ့ထက်ပြင်းထန်တဲ့ စကားလုံးရှိသေးရဲ့လား ချစ်သူရယ်။

"စန္ဒြပြတ်ပြတ်သားသား ဆုံးဖြတ်ရလိမ့်မယ်။ ဒီအခြေအနေကျတော့မှ စန္ဒြသတိရှိရတော့မယ်။ ရဲရင့်ရတော့မယ်။ ဒါကြောင့် မောင်ကြီးကိုလည်း စန္ဒြပေးပါ့မယ်၊ ဒီပုံအတိုင်းဆို အခြေအနေကို မောင်ကြီးတော်တော်သိနေလောက်ပြီလို့ စန္ဒြတွေးမိပါတယ်"

ရာဇလက္ခဏာ ပန့်ခံသလိုကြည့်နေပါ၏။

"မောင်ကြီးက စန္ဒြအပေါ် ရာသက်ပန်နားလည်ပေးနိုင်ပါ့မလား"

"ဖျက်အစဉ်ပြင်ခဏာပါနှမရယ် ကိုယ်နားလည်ပါတယ်။ နှမက ခုလိုရင့်ကျက်သွားပုံမျိုးကို ကိုယ်ပိုသဘောကျပါတယ်။ ဒါကြောင့် နှမ လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပါ။ ဒီကိစ္စတွေကို ဒီညပြီးရင် ကိုယ်မေ့ပစ်ဖို့စဉ်းစားလိုက်ပါပြီ၊ နှမသာဆန္ဒရှိခဲ့မယ်ဆိုရင် ကိုယ်ကကြိုဆိုမှာပါ။ စမ်းသာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုခိုင်ခိုင်မာမာဆိုတော့ သူမက ကွန်းပလေးကိုကြည့်ကာ. . .

"ပြင်ပကိုသိမြင်ခွင့်ပေးခဲ့တဲ့ ကိုရင့်ကို စန္ဒြာအများကြီး ကျေးဇူးတင်ပါတယ်"

"စန္ဒြာ"

ဆက်ပြောလာမည့်စကားလုံးတွေကို သူဆက်ပြီး နားမထောင်လိုတော့ပါချေ။

"တကယ်တော့ စန္ဒြာသိသွားပြီ၊ ရှုးမိုက်မိခဲ့ခြင်းသာပါ။ တကယ်တော့ စန္ဒြာနဲ့ကိုရင်က ပတ်ဝန်းကျင်ချင်းရောအနေအထားချင်းပါ ဆက်စပ်မရတဲ့လူတွေပါ။ ရေရှည်မဖြစ်နိုင်ဘူး ကိုရင်။ ဒါကြောင့် စန္ဒြာကိုသွားခွင့်ပြုပါ"

"စန္ဒြာ"

ဘာမှဆက်ပြောနိုင်စွမ်းမရှိတော့ပေမယ့် ကားရှေ့တွင် ပိတ်ရပ်ထားဆဲပါ။

"ကိုရင့်အပေါ် သာယာနေမိတဲ့စန္ဒြာရဲ့စိတ်ကိုလည်း စန္ဒြာ ရုတ်သိမ်းတော့မှာမို့ စန္ဒြာအပေါ်သာယာနေတဲ့ကိုရင့်စိတ်ကိုလည်း ကိုရင်ပြန်ရုတ်သိမ်းလိုက်ပါ။ အချိန်မနှောင်းခင် အိပ်မက်ဆိုးက နိုးကြပါစို့ ကိုရင်"





"စန္ဒြာ ရက်စက်လှချည်လားဗျာ၊ ကျွန်တော်က ချစ်ရတာ ဒီရင်ဘတ်ကြီးနဲ့ပါဗျ။ ရူးတော့မယ်"

"ဟင့်အင်း. . . ကိုရင်၊ ကိုရင်အချစ်သစ်ကိုထပ်တွေ့မှာပါ"

"ကျွန်တော့်ကို ဒီ့ထက်ရက်စက်တဲ့စကားမျိုး ထပ်မပြောပါနဲ့တော့ဗျာ"

"ကိုရင်နဲ့ဘယ်လောက်ပဲပျော်ရတဲ့အချိန်တွေ ရှိခဲ့ပါစေ စန္ဒြာက မောင်ကြီးကိုပဲလက်ထပ်ရမှာပါ"

"စန္ဒြာ. . . ကျွန်တော့်ကိုကစားနေတာလား၊ စန္ဒြာလည်း ကျွန်တော့်ကိုချစ်တယ်လေ။ ဒါကို ကျွန်တော်သိနေတာပဲ။ အချစ်က အရေးကြီးဆုံးလေဗျာ"

"မောင်ကြီးစိတ်မပျက်သွားခင် စန္ဒြာသွားရမယ်ကိုရင်"

"ဟာဗျာ. . ."

"စန္ဒြာ က မောင်ကြီးကိုလက်ထပ်ရမယ်ဆိုတာ ကိုရင် သိနှင့်နေတာပဲကိုရင်ရယ်။ စန္ဒြာကိုခံစားရအောင်မလုပ်ပါနဲ့"

"စန္ဒြာ မင်း. . . မင်း အသည်းမာလှချည်လား၊ ကျွန်တော့်ရင်ကို ခုလိုမျိုးကြီးအစိမ်းခွဲပြီး ဒီတိုင်းပစ်ထားခဲ့မလို့လား"

"ကိုယ့်ညီး မင်းရဲ့စိတ်ကိုမင်းထိန်းပါကွာ၊ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က ဒီလိုပြောရင် မင်းအလိုက်သိဖို့သင့်ပြီ''

ရာဇလက္ခဏာစကားကို ဒေါ်သမထွက်နိုင်လောက်အောင် ပင် စန္ဒြမာတုလျာကို မယုံနိုင်စွာ ဒိုက်ကြည့်နေခဲ့ပါသည်။

''မနေ့ကထိ အဆင်ပြေနေသေးတာပဲ၊ လွန်ခဲ့တဲ့တစ်နာရီကလည်း အဆင်ပြေနေသေးတာပဲ၊ ဘာလဲ၊ ချစ်ခွန်းခြွေကြောင့်လား။ အဲဒါ သူက တစ်ဖက်သတ်နော်။ ကျွန်တော့်ဘက်က အေးဆေးမှန်း စန္ဒြသိပါတယ်ဗျာ။ ကာလပ်ကိုမနှစ်သက်ဘူးဆိုရင် နောက်ဘယ်တော့မှမခေါ်ဘူး။ ဒါပေမဲ့ သူ့နောက်တော့ လိုက်မသွားနဲ့''

''ဘဝနှစ်ခုပေါင်းဖို့က နှစ်ယောက်တည်းနဲ့မှပြီးတာ ကိုရင်ရယ်။ ဒါကို ကိုရင်လည်းသိမှာပါ''

''မသိဘူးကွာ. . . မသိဘူး''

''စန္ဒြသွားတော့မယ် ကိုရင်''

သူဖယ်မပေးပါချေ။ သို့သော် စန္ဒြမာတုလျာ၏သခုံးကိုတော့ ရာဇလက္ခဏာက ဖက်ထားခဲ့ပါသည်။

''နှမကို အဲဒီလောက်ထိ ရင့်ကျက်လိမ့်မယ်လို့ ကိုယ်မထင်ခဲ့ဘူး။ ကျေးဇူးပါပဲနှမ''

ဟုဆိုချိန်မှာတော့ သူ့ရင်ထဲ ဒါးသက်သွားရပြီး မျက်





လုံးထဲပြာဝေသွားရကာ ရာဇလက္ခဏာအား ထိုးပစ်ပါတော့သည်။

''ကိုရင်''

သူအထိုးခံရချိန်တုန်းကတော့ တိတ်ဆိတ်နေသောသူမရဲ့နှုတ်မှ ဟန့်တားသံထွက်လာ၍ သူ ပို၍ဒေါသဖြစ်သွားရကာ နောက်တစ်ချက် ဆင့်ထိုးလိုက်ပါသည်။

''ဟေ့ကောင်! တော်ပြီဟေ့ကောင်''

ဟုဆိုကာ နငင်းနင့်ထရော်နီက ဆွဲလာတော့မှ သူနှင့်ရာဇလက္ခဏာက လုံချင်းကွဲသွားရပါသည်။ ထိုအချိန်မှာတော့ လဲကျနေသောရာဇလက္ခဏာအား သူမကတွဲထူနေပါသည်။

မြင်ကွင်းက သူ့ရင်ကို ဓားနဲ့မွှမ်းပြီး ဆားနှင့်ပက်လိုက်သလိုပါပဲ။

''ဒီသတင်းကလည်း မကြာခင် အင်တာနက်ပေါ်ရောက်ဦးမှာပဲ''

ရာဇလက္ခဏာ ပြောလိုက်ခြင်းဖြစ်ပါသည်။

''တကယ်တော့ မင်းက စန္ဒြမာတုလျာကို ချစ်တာမဟုတ်ဘူး. . . နှမ်းနေတာ''

''ဘာ!''

''ပွဲနေ့တဲ့ အွန်လိုင်းပေါ်က မင်းနဲ့ စန္ဒြမာတုလျာတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို မျိုးနွယ်စုတွေတွေ့သွားရင် စန္ဒြမာတုလျာရဲ့ဘဝက ဘာဖြစ်မယ်ထင်သလဲ။ ကျိန်းသေပေါက်ကို ဂန္ဓာရစုံအိမ်ဆိုတာ ခေါင်းဖော်စုံမှာမဟုတ်ဘူး။ ဒါကို အင်တာနက်ဆိုတာ မသိတဲ့ စန္ဒြမာတုလျာက ထားပါတော့၊ မင်းတော့သေချာပေါက်သိမှာပဲ၊ သိသိချည်းနဲ့လျှောက်သုံးနေတာ မင်းရဲ့အချစ်လား။ သူက မြန်မာမိန်းကလေးတစ်ယောက်ကွ။ သူ့ရဲ့သိက္ခာ၊ သူနဲ့ဆက်နွယ်နေတဲ့ မိသားစုရဲ့သိက္ခာကို မထည့်တွက်ဘဲ မင်းဆန္ဒအတိုင်း လျှောက်လုပ်နေတာ မင်းရဲ့အချစ်တဲ့လား"

သူဘာမှပြန်မပြောနိုင်ပါချေ၊

"ငါတော့ ငါချစ်တဲ့လူရဲ့အရှက်နဲ့သိက္ခာကို ကာကွယ်ရမယ်"

သူမှင်တက်နေပါ၏။ သူအဲလောက်ထိ အတွေးမကျယ်ခဲ့တာအမှန်ပါ။

"မြန်မာမိန်းကလေးနဲ့ အင်္ဂလန်သူက မတူဘူး ကွန်းပလေး။ နောက် မြန်မာမလေးကိုကြိုက်တော့မယ်ဆိုရင် ဒါကို သတိပြုဖို့ ကိုယ်အကြံပေးခဲ့မယ်"

ဟုဆိုကာ စန္ဒြမာတုလျာအားခေါ်ထုတ်ဖို့ ပြင်ချိန်မှာတော့

"ကျွန်တော့်လုပ်ရပ်တွေက နည်းလမ်းမကျဖြစ်ချင်ဖြစ်





မယ်။ ဒါပေမဲ့ စန္ဒြကို ကျွန်တော့်လောက် ခင်မျှားချစ်နိုင်မှာမဟုတ်ဘူး၊ ကျွန်တော်ကလည်း အညတြမဟုတ်ဘူး။ ဒါပေမဲ့ စန္ဒြကြောင့် သူခိုးလိုနေခဲ့ရတယ်။ ပြီးတော့ ခင်မျှားပြောသမျှ ခံခဲ့ရတယ်၊ ကျွန်တော် စန္ဒြကို ခင်မျှားနဲ့ဝေသွင်မပေးနိုင်ဘူး။ အဲဒီလောက်သာလွယ်မယ်ဆိုရင် အစကတည်းက ကျွန်တော် စန္ဒြကို မချစ်ခဲ့ဘူး"

ဟုဆိုပြီး စန္ဒြမာတုလျာ၏လက်မောင်းကို ဖမ်းဆွဲထားလိုက်ပါသည်။

"လွှတ်ပါ ကိုရင်၊ စန္ဒြကို အဲဒီလိုမျိုးအကြမ်းမလုပ်နဲ့"

သူ့လက်မှရုန်းနေသော စန္ဒြမာတုလျာကြောင့် သူ့ရင်ထဲ နာကျင်နေရပေမယ့် သူမလွှတ်ပါ။

"လွှတ်ပါ ကိုရင်၊ စန္ဒြသွားတော့မယ်"

သူ့မျက်ဝန်းထဲမှ မျက်ရည်တွေ ပြည့်အိုင်လာရပါသည်။ သူ့ကိုတော့ ဖြစ်ချင်ရာဖြစ် ချန်ထားပြီး ချစ်ရသူက တစ်ပါးသူ နောက်ပါသွားမည့်အဖြစ်ကို သူမခံစားနိုင်ပါ။

"လွှတ်ပါ ကိုရင်၊ စန္ဒြ ကိုရင့်ကိုမမုန်းပါဘူး။ စန္ဒြကို လွှတ်ပေးပါ"

"စန္ဒြ. . . မင်းကို. . . ကျွန်တော်သိပ်ချစ်တာ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဗျာ''

''စန္ဒြသွားတော့မယ်၊ စန္ဒြကိုလွှတ်ပေးပါ ကိုရင်''

သူ့ရင်ထဲ တုံးခါးနေအောင် နာကျင်သွားရပါသည်။

''မင်းကို ကျွန်တော်မုန်းပစ်လိုက်ချင်ပြီ စန္ဒြမာတုလျာ'' ဟုတစ်လုံးချင်းပြောမိသွားရင်း မျက်ရည်တို့က စီးကျလာရပါသည်။

''လွှတ်ပေးလိုက်ပါတော့ ကွန်းပလေး''

နဝင်း၏အသံက ခြောက်ကပ်ကပ်ထွက်ပေါ်လာရပါ၏။ မင်းက ငါပိုင်ဆိုင်လို့ရတဲ့ပန်းမှန်း ငါသိသွားပြီ စန္ဒြမာတုလျာရယ်။

စန္ဒြမာတုလျာ၏လက်မောင်းဆီမှ ကွန်းပလေး၏လက်များက ဖြည်းညင်းစွာ ပြေလျော့သွားရပါသည်။

ကွန်းပလေး ချာချာလျှောမျက်နှာလွှဲလိုက်ပါသည်။ လူအားလုံးကို ကျောခိုင်း၍နေဖြစ်ပါ၏၊

ကားစက်နိုးသံကို ကြားနေရပါသည်။ ကားထွက်ခွာသွားခြင်းကို အာရုံခံစားမိပါသည်။ ရင်ထဲမှာ နာကျင်နေရပါသည်။

စန္ဒြရယ်. . . ငါကတော့ ချစ်လိုက်ရတာ၊ မင်းက ငါ့အပေါ်သိပ်ရက်စက်တာပါလား။ ငါကျေနပ်သွားအောင် စကား





လေးတစ်လုံးတောင် ချန်မထားခဲ့တဲ့မင်းက သိပ်ကိုရက်စက်တဲ့ မိန်းမတစ်ယောက်ပါ။ ငါ မင်းကိုမုန်းပစ်လိုက်ချင်တယ်၊ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ စန္ဒြရယ်၊ ငါမင်းကိုအရမ်းချစ်နေတယ်။ မင်းအတွက် ငါ့အချစ်က နည်းလမ်းမကျဖြစ်ခဲ့ရပေမယ့် ငါက မင်းကို သိပ်ချစ်တဲ့လူပါကွာ။

ငါ့ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ ရူးအောင်ချစ်ခဲ့ရတာပါ၊ ငါ့ကိုအစိမ်းလိုက်ကြီးချန်ထားခဲ့တဲ့မင်းက မတရားဘူး စန္ဒြမာတုလျာရယ်။ ငါ့လက်ထဲကရုန်းထွက်ပြီး ငါမဟုတ်တဲ့တခြားလူနောက် ကောက်ကောက်ပါသွားတဲ့မင်းက ငါ့အပေါ် သိပ်ကိုရက်စက်နိုင်လွန်းတယ် စန္ဒြမာတုလျာရယ်။

ငါကျိန်ပြောနိုင်ပါတယ်။ ငါ့ဘဝတစ်လျှောက်လုံးမှာ မင်းက ငါ့ရဲ့အချစ်ဆုံးပါ။ ဘုရားရှင်ထံမှာ ညတိုင်း ငါဆုတောင်းနေပါ့မယ်။ ငါ့ဆုတောင်းသာပြည့်ခဲ့မယ်ဆိုရင် မင်းနဲ့ငါ ကံမကုန်ကြသေးပါဘူး၊

ငါ မင်းကိုထာဝစဉ်ချစ်နေပါ့မယ် စန္ဒြမာတုလျာရယ်။ မျှော်လင့်ရင်းနဲ့ပေါ့။ ငါ့အပေါ်စိမ်းကားနိုင်လွန်းတဲ့မင်းကို ငါသိပ်ချစ်ပါတယ်၊ ရန်သူနဲ့တူတဲ့မင်းကိုပဲ နှလုံးကွဲမတတ် ချစ်ရပါတယ်။

ဒါက အိပ်မက်မဟုတ်ဘူး စန္ဒြမာတုလျာရယ်။ မင်းချန်



www.burmeseclassic.com

www.burmeseclassic.com



ထားရစ်ခဲ့တဲ့ ရွှေဘီးခုံလေး ငါ့လက်ထဲရှိနေသရွေ့တော့ ဒါဟာ အိပ်မက်မဟုတ်ပါဘူး။ အိပ်မက်မဟုတ်မှန်း သက်သေခံနေသရွေ့တော့ ငါ မင်းကိုဆက်ချစ်နေဦးမှာပဲ စန္ဒြာမာတုလျာရယ်။ ဒါကို မင်း မနှစ်သက်ရင်တော့ ငါ့နှလုံးသားကိုသာ အပြစ်တင်ရစ်ပါတော့။ အဲဒီလိုနည်းနဲ့ပဲဖြစ်ဖြစ် မင်းရဲ့စိတ်ထဲ သေးသေးလေးဖြစ်စေဖို့ နိုကပ်နေချင်ခဲ့တာက ငါပါ။

ဒါကြောင့် ရာဇလက္ခဏာရဲ့ရင်ခွင်ထဲမှာ မပျော်တော့ဘူးဆိုရင် ငါ့ရဲ့နှလုံးသားနံပါတ်ကို အချိန်မရွေးနှိပ်လိုက်ပါ။ ငါ့ရင်ခွင်က မင်းကိုအမြဲကြိုဆိုလျက်ပါ။


ခုလို တိတ်တဆိတ်တွေ့ရမယ်ဆိုရင်တောင် ငါကကျေနပ်နေမယ့်ကောင်ပါ။

သိပ်ချစ်ပါတယ် စန္ဒြာမာတုလျာရယ်. . .။

ပြီးပါပြီ။

BURMESE CLASSIC .com

ရသတို့နှင့်ပြည့်စုံပါစေ....



ယဏေဒိုင်

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပွင့်

တကို ကြိုက်သူတိုင်းအတွက်...

မိုးစက်ပွင့် ကလောင်ခွဲ

# အလင်းသစ်

- အကြင်နာညလေး
- ရွှေမင်းသမီးရဲ့ တိုကိုစင်ဒရဲလား

၂၀၁၃၊ ဖေဖော်ဝါရီလတွင် ထွက်မည်

BURMESE CLASSIC .com

## ၂၀၁၃ ၊ ဩဂုတ်လတွင် ထွက်မည့်စာအုပ်များ

| | |
|---|---|
| ဇဇသဒ္ဒါမောင် | ရင်ထဲမှာမခန့်တခန့် |
| ကြယ်စင်မှူးဝေ | မာယာကွန်ယက် |
| ယ်ဒိုင် | အချစ်ဆုံးရန်သူ |
| မိုးစက်ပွင့် | တည်ကိန်းမဲ့စားလဒ် |

~~~~~~~~~~~~~~~

မကြာခင်ထွက်မည့်

မိုးစက်ပွင့်

ကလောင်ခွဲ

# အလင်းသစ်

ဖတ်ရပါတော့မည်.....

www.burmeseclassic.com
~~~~~~~~~~~~~~~

www.burmeseclassic.com




ရွှေပဒေသာစာပေ

# မယ်နိုင်

## အချစ်ဆုံးရန်သူ

graphic design by

www.burmeseclassic.com